HEARTBEAT OF THE NATION

၇၅၀ ကျပ်

မြန်မာတိုင်းမ်

MYANMAR TIMES

www.mmtimes.com

အတွဲ-၃၅၊ အမှတ်-၆၉၆ (၃၀၊ ၁၀ - ၆၊ ၁၁၊ ၂၀၁၇)

ဓာတ်ပုံ – စာနည်ဖြိုး

ဒီကေဘီအေဌာနချုပ်ဖြစ်သည့် ဆုံစည်းမြိုင်၌ အောက်တိုဘာလ ၂၉ ရက်နေ့က စတင်ကျင်းပသည့် ကော်သူလေး တပ်မတော်ဖွဲ့စည်းရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ဒီကေဘီအေ ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးပြောကြားနေစဉ်။အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

ကော်သူလေး တပ်မတော်ဖွဲ့ရန် ကေအင်န်ယူနှင့် သဘောထားကွဲလွဲ

ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ပေါင်းစည်းဖွဲ့စည်းကာ ကော်သူလေး တပ်မတော်ဖွဲ့စည်းရေးအတွက် ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ) က လက်ရှိတွင်မူအရသာ သဘောတူနေသည့်အတွက် အခြားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် သဘောထားများ ကွဲလွဲလျက်ရှိသည်။

လက်ရှိပြုလုပ်နေသော ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေး၌ ကော်သူလေးတပ်မတော်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အချို့ချမှတ်ခဲ့ပြီး ထိုဆုံးဖြတ်ချက်များထဲတွင် ကော်သူလေးတပ်မတော်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကေအင်န်ယူ၏ ဖွဲ့စည်းပုံ၊ နိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းစဉ်နှင့်အညီဆောင် ရွက်နိုင်ရန် ၂၀၁၆ ခုနှစ်တွင်ပြုလုပ်မည့် (၁၆) ကြိမ်မြောက် ကေအင်န်ယူ၏ ညီလာခံ၌သာ ဆုံးဖြတ်သွားမည်ဟု ကေအင်န်ယူ တပ်မဟာ(၇)စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးစောဖောဒိုက ပြောသည်။

စာမျက်နှာ ၄ သို့

ထိပ်သီးနိုင်ငံရေးခေါင်းဆောင်များ ပါဝင်မည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ သမ္မတ အိမ်တော်၌ ပြုလုပ်မည်

ထိပ်သီးနိုင်ငံရေး ခေါင်းဆောင်ကိုးဦးပါဝင်မည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကြီးကို ယခုလ ၃၁ ရက်နေ့တွင် နေပြည်တော်ရှိ သမ္မတ အိမ်တော်၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲ၌ သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌဦးသန်းတင်၊ အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းတိုင်းရင်း သားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်း အိုက်ပေါင်းတို့ တက်ရောက်မည်ဖြစ်သည်။

ဖိတ်စာများကို နိုင်ငံတော် သမ္မတရုံးက အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပေးပို့လိုက်ပြီး ဆွေးနွေးပွဲ ဖိတ်စာတွင် 'ထိပ်သီးနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ရန်'ဟု ဖော်ပြထားပြီး အဓိက ရည်ရွယ်ချက်မှာ အမျိုးသားပြန်လည် သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးအဖြေရှာရန် ဖြစ်ကြောင်း ဖိတ်စာလက်ခံရရှိထားသော

စာမျက်နှာ ၄ သို့

ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီ

စာမျက်နှာ ၁၄ သို့

တပ်မတော်က ပစ်ခတ်ဖမ်းဆီးခံရသူ ကိုပါကြီး ကေကေအိုအဖွဲ့က မဟုတ်ဟု ဒီကေဘီအေတုံ့ပြန်

ရဲမွန်နှင့် လွန်းမင်းမန်
yemon.mcm@gmail.com
lunmin.lm@gmail.com

မွန်ပြည်နယ် ရွှေဝါချောင်းကျေးရွာအနီး၌ အောက်တိုဘာ ၄ ရက်က တပ်မတော်၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် သေဆုံးခဲ့ရသော ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီးကို ကလိုထူးဘော ကရင်အမျိုးသားအစည်းအရုံး(ကေကေအို)၏ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိသူဟု တပ်မတော်က သတင်းထုတ်ပြန်မှုသည် မှားယွင်းနေကြောင်း တုံ့ပြန်ပြောဆိုလိုက်ကြသည်။

ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (ဒီကေဘီအေ)၏ ကလိုထူးဘော စစ်ဦးစီးချုပ်ရုံးမှ ဗိုလ်မှူးစောထွန်းထွန်းက ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီးသည် ကေကေအို၏ တပ်ဖွဲ့ဝင်စာရင်းတွင်မရှိသည့်အပြင် ဒီကေဘီအေ၏ တပ်ဖွဲ့ဝင်စာရင်း၌ပါဝင်ခြင်းမရှိကြောင်း အောက်တိုဘာ ၂၉ ရက်က ဒီကေဘီအေဌာနချုပ်၌ သတင်းထောက်အချို့နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တပ်မတော်က အောက်တိုဘာ ၂၇ ရက်က စာနယ်ဇင်းကောင်စီကတစ်ဆင့် ထုတ်ပြန်လိုက်သော သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသော ဓာတ်ပုံတွင်လည်း ကေကေအိုအဖွဲ့က ဗကအဆင့်ရှိကိုအောင်ကျော်နိုင်(ခ)ကိုပါကြီးကို အခြားလက်နက်ကိုင်အဖွဲ့များနှင့် တောတွင်းတစ်နေရာတွင် တွေ့မြင်ရစဉ်ဟု ဖော်ပြထားပြီး အဆိုပါဓာတ်ပုံသည် ကေကေအိုအဖွဲ့ မဖွဲ့စည်းခင်အချိန်က ရိုက်ယူထားသောပုံဖြစ်ကြောင်း ဗိုလ်မှူးစောထွန်းထွန်းကပြောသည်။

"အဲဒီဓာတ်ပုံက ၂၀၁၀ စစ်ပွဲကာလက ကျွန်တော်ကိုယ်တိုင် တာဝန်ယူနေတဲ့ အချိန် ဘုန်းကြီးကျောင်းဘေးမှာ ရိုက်သွားတာပါ။ ၂၀၁၀ တုန်းကလည်း ကေကေအိုကို မဖွဲ့ရသေးဘူး။ ၂၀၁၂ ဧပြီလကျမှ ကေကေအိုကို ဖွဲ့တာပါ"ဟု ၎င်းကပြောသည်။

ကေကေအိုအဖွဲ့သည် ဒီကေဘီအေက ဖွဲ့စည်းထားသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများကဲ့သို့ ရာထူးများလည်း မရှိကြောင်း ဒီကေဘီအေမှ သိရသည်။

ကိုပါကြီး၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဦးကိုကိုအောင်ကလည်း ကိုပါကြီးသည် ကေကေအိုအဖွဲ့ဝင် မဟုတ်ဘဲ သာမန်နိုင်ငံသားတစ်ဦးနှင့် အလွတ်တန်းသတင်းထောက်တစ်ဦးသာဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်က ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းရုံးခန်းတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တပ်မတော်က ထုတ်ပြန်သည့် ဓာတ်ပုံတွင် ကိုပါကြီးနှင့်အတူ ပါဝင်သူတစ်ဦးလည်းဖြစ်သူ ဦးကိုကိုအောင်က "အဲဒီဓာတ်ပုံကို အခုကာကွယ်ရေးဝန်ကြီးဌာနက ကြေညာတဲ့ထုတ်ပြန်ချက်ထဲမှာ ဒီပုံကိုတင်ပြီးတော့ ကိုပါကြီးဟာ ကေကေအိုအဖွဲ့အစည်းရဲ့ ဗိုလ်ကြီးအဆင့်ရှိတယ်။

ကျွန်မခင်ပွန်းသည်က လက်နက်ကိုင် ဟုတ်တယ်၊ မဟုတ်ဘူး ဆိုတာ အသိသာကြီးပါ။ အားလုံး ဖြေရှင်းစရာလည်း မလိုပါဘူး

ပြန်ကြားရေးတာဝန်ကို ယူထားပါတယ်လို့ ပြောထားပါတယ်။ ဒါလုံးဝမဟုတ်ပါဘူး။ ဒါကိုကျွန်တော် အတိအလင်း ငြင်းဆိုပါတယ်။ မဟုတ်ကြောင်းကိုလည်း ကျွန်တော် ထောက်ခံပြောဆိုပါတယ်"ဟု ပြောသည်။

အဆိုပါဓာတ်ပုံမှာ လွန်ခဲ့သည့် လေးနှစ်ခန့်က တပ်မတော်နှင့် ဒီကေဘီအေတို့ အကြား တိုက်ပွဲများဖြစ်ပွားနေစဉ်အတွင်း စစ်ပြေးဒုက္ခသည်များကို လူသားချင်းစာနာမှု အကူအညီများ သွားရောက်ပေးအပ်နေချိန်တွင် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ပြီး ယင်းနှင့်ပတ်သက်၍ သက်သေအထောက်အထားများအဖြစ် ဗီဒီယိုများလည်း ၎င်းထံတွင်ရှိကြောင်း ၎င်းက ပြောသည်။

ကိုပါကြီး၏ ဇနီးဖြစ်သူ ဒေါ်သန္တာကမူ တပ်မတော်၏ သတင်းထုတ်ပြန်ချက်ရှေ့နောက်မညီညွတ်မှုကို မေးခွန်းထုတ်ခဲ့ပြီး ၎င်းခင်ပွန်းမှာ လက်နက်ကိုင်တပ်ဖွဲ့ဝင် မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

"ကျွန်မခင်ပွန်းသည်က လက်နက်ကိုင် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ အသိသာကြီးပါ။ အားလုံးဖြေရှင်းစရာလည်း မလိုပါဘူး။ (သေဆုံးသွားတဲ့) ဘယ်လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ယောက်ရဲ့ ဇနီးကို ထောက်ပံ့ပါမယ်လို့ တပ်မတော်က ဘယ်တုန်းက စာထုတ်ပြန်ခဲ့ဖူးလို့လဲ" ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)ကလည်း ကိုပါကြီး သေဆုံးမှုတွင် သတင်းထိမ်ချန်မှုများ၊ သံသယဖြစ်စရာများ များစွာရှိနေပြီး နိုင်ငံသားတစ်ယောက်ကို တရားဥပဒေမဲ့စွာလုပ်သည့် လုပ်ရပ်မျိုးဖြစ်နေကြောင်း ကြေညာချက်ထုတ်ပြန်ထားပြီး စာနယ်ဇင်းကောင်စီ (ယာယီ)ကလည်း အဆိုပါဖြစ်စဉ်ကို ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူ အသီးသီးက ပွင့်လင်းမြင်သာမှုရှိ၍ သတင်းထုတ်ပြန်ပေးရန် တိုက်တွန်းထားသည်။

ကိုပါကြီးသေဆုံးမှုအပေါ် ဝမ်းနည်းကြောင်း သဝဏ်လွှာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၇ ရက်က မိသားစုထံပေးပို့ခဲ့သလို အခြားအဖွဲ့အစည်းများကလည်း ကန့်ကွက်ဝေဖန်ပြောကြားမှုများရှိနေသည်။

လက်ရှိတွင် ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး သေဆုံးမှုအတွက် ဇနီးဖြစ်သူ ဒေါ်သန္တာက ကျိုက်မရောမြို့နယ်၊ မြို့မရဲစခန်းတွင် အောက်တိုဘာ ၂၆ ရက်က အမှုသွားဖွင့်ခဲ့ပြီး ရဲစခန်းကလည်း အဆိုပါအမှုကို လက်ခံထားကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် ရဲစခန်းဘက်က အဆိုပါကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထပ်မံအကြောင်းကြားခြင်း မရှိတော့ကြောင်းနှင့် အလောင်းတူးဖော်ပါက မိမိမျက်မှောက်တွင်သာ တူးဖော်ရန်နှင့် မိမိမသိရှိဘဲ အလောင်းတူးဖော်ပါက ဥပဒေအရ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ဒေါ်သန္တာက ပြောသည်။ ■

ဂျပန်နိုင်ငံမှသယ်ဆောင်လာသည့် ချယ်ရီသင်္ဘောသစ်သုံးစင်း ရန်ကုန်မြစ်အတွင်းသို့ အောက်တို

ချယ်ရီသင်္ဘောသစ်သုံးစင်း

ခိုင်စဘာရှိန်
khaingsabainyein@gmail.com

ရန်ကုန်မြို့၊ ပန်းဆိုးတန်းနှင့် ဒလပြေးဆွဲနေသော သက်တမ်းရင့် ကူးတို့ရေယာဉ်ကြီးများ နေရာတွင် အစားထိုးပြေးဆွဲရန် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ နာကာတာနီသင်္ဘောကျင်း၌ တည်ဆောက်ခဲ့သော ချယ်ရီ(၁)၊ (၂) နှင့် (၃) ရေယာဉ်များမှာ အောက်တိုဘာလ ၂၉ ရက်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါသင်္ဘောများအား နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ပေးအပ်ပြီး အဖွင့်ခရီးစဉ် စတင်ပြေးဆွဲမည်ဖြစ်သည်။

"ဖွင့်ပွဲပြုလုပ်မယ့်နေ့မှာ ဂျပန်က တာဝန်ရှိသူတွေအပါအဝင် ဂျပန်ပို့ဆောင်ရေးတာဝန်ရှိသူတွေလည်း လာပါမယ်။ အဓိကကတော့ ခရီးသည်တွေ အဆင်ပြေအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီသင်္ဘောတွေပြေးဆွဲတဲ့ နေရာမှာ အသွားအပြန်အတွက် ကမ်းကပ်ဖို့ အဆင်ပြေအောင် ပန်းဆိုးတန်း-ဒလ ရေဆင်းတံတားနဲ့ ရေပေါင်တွေကို ပြန်လည်တည်ဆောက်နေတာပြီးပြီဖြစ်တဲ့အတွက် တစ်နေ့တည်းမှာပဲ ဒလဆိပ်ခံစတင်အသုံးပြုမယ့် ဖွင့်ပွဲကိုလည်း ဒလဘက်ကမ်းမှာ ပြုလုပ်မှာဖြစ်ပါတယ်။ သင်္ဘောသုံးစင်း ရေချအသုံးပြုမှုအခမ်းအနားနဲ့ ပြည်တွင်းရေကြောင်းကို အပ်နှံတာကိုတော့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှာ ပြုလုပ်မှာဖြစ်ပါတယ်"ဟု ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိမ်းကပြောသည်။

ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောလုပ်ငန်းမှာ နေ့စဉ်ခရီးသည် သုံးသောင်းနီးပါးအား ရန်ကုန်မြစ်ကို ဖြတ်ကူးသယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ အဆိုပါပြေးဆွဲမှုများအား အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီး၊ ထီးလှိုင်ရှင်စသည့် ရေယာဉ်ကြီးများနှင့် အလှည့်ကျပို့ဆောင်ပေးနေပြီး နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ကာ ယင်းသင်္ဘောများကို ခေတ္တရပ်နားထားမည်ဖြစ်သည်။

"အခုပြေးဆွဲပေးနေတဲ့ ဒလကူးတို့ဆိပ်နေရာက ဒလမြို့ရဲ့အစွန်းပိုင်းမှာကျနေပါတယ်။ ဒလအထက်ပိုင်းနဲ့ အလယ်ပိုင်းအတွက်ကတော့ သွားမယ်ဆိုရင် ဝေးနေပါတယ်။ ဒါကြောင့် ရပ်နားထားမယ့် သက်တမ်း

...ဘာ ၂၉ ရက်နံနက်က ဝင်ရောက်လာစဉ်။ ဓာတ်ပုံ - ယုယု

ဂျပန်နိုင်ငံမှ ရောက်ရှိ

ရင့် သင်္ဘောတွေကိုလည်း ဒလ အထက်ပိုင်း အဝင်အထွက်ကောင်းဖို့ နေရာတစ်ခု သတ်မှတ်ပြီး ဂျက်တီတည်ဆောက်ပေးနိုင်အောင် လုပ်သွားမှာပါ။ ဒါကနောက်ပိုင်းအတွက် ရေရှည်အစီအစဉ်ပါ။ ခုလောလောဆယ်မှာတော့ ဂျပန်ကနေရောက်လာတဲ့ သင်္ဘောတွေဟာ အရင်သက်တမ်းရင့်သင်္ဘောတွေထက် ပိုသန့်ရှင်းတယ်၊ ပိုမြန်တယ်၊ လုံခြုံရေး ပိုမြင့်တယ်။ ခရီးသည်အားလုံးအတွက် ပိုအဆင်ပြေတယ်။ အရင်က တစ်ဖက်ကမ်းကနေ တစ်ဖက်ကမ်းကို မိနစ် ၂၀ ကြာတယ်။ အခုပြေးဆွဲမယ့်သင်္ဘောကတော့ နေ့ခင်းအချိန်ကို ပုံမှန်နှစ်စင်းပြေးပေးမယ်။ ရုံးဆင်းပြန်၊ အလုပ်သွားပြန်များတဲ့ မနက်ခင်းနဲ့ ညနေအချိန်တွေမှာတော့ သုံးစင်းပြေးဆွဲပေးပါမယ်။ တစ်စင်းက ဒလမှာ ဆိုက်ကပ်နေတဲ့အချိန် တစ်စင်းက ရေလယ်ကောင်မှာ၊ တစ်စင်းက ပန်းဆိုးတန်းတပ်ကမ်းမှာ ဒီလိုမျိုး တစ်ပြိုင်နက် ပြေးဆွဲမှုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု ဦးဝင်းသိမ်းက ပြောသည်။

"တစ်ခေါက်ပြေးဆွဲမှုအတွက် ခရီးသည် ၁,၁၀၀ ခန့်တင်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အရင်က ရေယဉ်တွေက ခရီးသည် ၇၀၀ လောက်ကို သယ်ဆောင်နိုင်ခဲ့တယ်။ စီးခနှုန်းထားကိုလည်း တိုးမြှင့်ကောက်ခံသွားဖို့ အစီအစဉ်မရှိဘူး" ဟု ၎င်းကပြောသည်။

ရေယဉ်သစ်များကို မောင်းနှင်နိုင်ရန်နှင့် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ရေယဉ်မှူး သုံးဦးအပါအဝင် စက်ခန်းအုပ်များ၊ ရေကြောင်းဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၁၂ ယောက်ကို ဂျပန်နိုင်ငံ၌ သင်ကြားလေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ရေယဉ်မောင်းနှင်မှု နှစ် ၂၀ ကျော်ရှိပြီး ဖြစ်ပါတယ်။ အခုဆိုရင် ပန်းဆိုးတန်း-ဒလ သင်္ဘောသစ်ကို မောင်းနှင်နိုင်ဖို့အတွက် ဂျပန်နိုင်ငံပင်လယ်ပြင်မှာ ၁၂ ရက်ကြာ ဂျပန်နိုင်ငံက ရေယာဉ်မှူးတွေနဲ့အတူ သင်ကြားလေ့ကျင့်မောင်းနှင်ခဲ့ပြီး ဖြစ်ပါတယ်။ သင်္ဘောတွေက ကောင်းပါတယ်။ သင်္ဘောထိန်းချုပ်ခန်းမှာ ရေဒါတို့ ဂျီပီအက်စ်တို့ ရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာက ရေယာဉ်ကို တက်မကိုင်စနစ်နဲ့ ထိန်းကျောင်းတာ များတယ်။ ပန်ကာစနစ်နည်းတယ်။ အခုက ပန်ကာစနစ်နဲ့ ထိန်းကျောင်းတာ။ ကျွန်တော်အနေနဲ့ ပန်ကာစနစ်နဲ့သွားတာကိုလည်း နဂိုက မောင်းခဲ့ဖူးပါတယ်" ဟု ချယ်ရီ (၃) မောင်းနှင်မည့် ရေယာဉ်မှူးထွန်းရွှေက ပြောသည်။ ■

ဗိုလ်ရှုခံအဆောက်အအုံ တည်ဆောက်မှုအတွက် ကျပ်ခြောက်ဘီလျံခန့် သုံးစွဲရန် လျာထား

ထူးသန့်
thanhtoo.npt@gmail.com

နှစ်စဉ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတကို တပ်မတော်က ချီတက်အလေးပြုခြင်း အခမ်းအနား ပြန်လည်ကျင်းပရန်အတွက် ဗိုလ်ရှုခံအဆောက်အဦးကို တည်ဆောက်နေပြီဖြစ်သည်။

တည်ဆောက်မှုအတွက် ကျပ် ၆ ဒသမ ၄ ဘီလျံ ကုန်ကျမည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် ကျပ်သန်း ၅၀၀ ဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အောက်တိုဘာလ ၂၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။

ယခင် ဒီမိုကရေစီခေတ် အစိုးရများလက်ထက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အထိ ကျင်းပခဲ့သည့် ဗိုလ်ရှုသဘင်ကို ပြန်လည်ဖော်ထုတ်ရန် လမ်းညွှန်ချက်အရ ဗိုလ်ရှုခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့် မေလကုန်ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

အဆောက်အအုံကို နိုင်ငံတော်သမ္မတအိမ်တော်နှင့် လွှတ်တော်အဆောက်အအုံကြားတွင် တည်ဆောက်နေခြင်းဖြစ်သည်။ တည်ဆောက်သည့် နေရာအနေအထားကြောင့် လုံခြုံရေးအရလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်ရေးအတွေ့အကြုံများအရလည်းကောင်း အေစီအီး ကုမ္ပဏီအား အထူးကိစ္စရပ်တစ်ခုအဖြစ်သတ်မှတ်ကာ တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း ဦးစိုးတင့်က ပြောကြားသည်။

အေစီအီးကုမ္ပဏီသည် နေပြည်တော်တွင် လွှတ်တော်အဆောက်အအုံများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းအများအပြားလုပ်ကိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ကာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းပိုင်ဆိုင်သည်။

တည်ဆောက်ရေးအတွက် သုံးစွဲမည့် ရန်ပုံငွေကိုမူ ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အကြံပြုချက်အရ ဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် တင်ပြခြင်းမပြုတော့ဘဲ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေခေါင်းစဉ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးတင့်ကပြောကြားသည်။

ဗိုလ်ရှုခံသဘင်သည် နိုင်ငံတော်၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့များတွင် နိုင်ငံတော်သမ္မတကို တပ်မတော်က ချီတက်အလေးပြုသော အခမ်းအနားဖြစ်ကြောင်း တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သော မကွေးတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေက မြန်မာတိုင်း(မ်)ကို ပြောသည်။

"နိုင်ငံတော်သမ္မတဆိုတာက နိုင်ငံတော်ရဲ့ အထွတ်အထိပ်ပဲလေ။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်း ဒီအတိုင်းပဲပါတယ်။ အဲဒီတော့ နိုင်ငံတော်သမ္မတက ဘယ်သူပဲဖြစ်လာဖြစ်လာ တပ်မတော်က အခမ်းအနားနဲ့ ချီတက်အလေးပြုရမှာ" ဟု ဦးလှဆွေကပြောကြားသည်။

ထိုကဲ့သို့သော အခမ်းအနားများ သတ်မှတ်ကျင်းပသွားရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး ၎င်းကပင် ပြီးခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့က အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးနှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးအောင်ပွဲသဘင်နှင့် ဗိုလ်ရှုသဘင်ကို ရန်ကုန်မြို့ရှိ မြို့တော်ခန်းမရှေ့တွင် ကျင်းပခဲ့ပြီး ပထမဆုံးသမ္မတဖြစ်သည့် စဝ်ရွှေသိုက်ကို ကြည်း၊ ရေ၊ လေတပ်မတော်၊ စစ်ရဲ၊ ရန်ကုန်ရဲ၊ တပ်မတော်တီဝိုင်း၊ ပြည်သူ့သူနာပြုတပ်နှင့် အပျော်တမ်း မီးသတ်အဖွဲ့များက ချီတက်အလေးပြုခဲ့ကြသကဲ့သို့ တပ်မတော်(လေ)ကလည်း တိုက်လေယာဉ်များ ပျံသန်း၍ အလေးပြုခဲ့သည်။

အဆိုပါ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပြီး ၁၉၆၁ ခုနှစ်၊ လွတ်လပ်ရေးသဘင်အခမ်းအနားကိုမူ တရုတ်သမ္မတချူအင်လိုင်းပါ တက်ရောက်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက်လွတ်လပ်ရေး သဘင်အခမ်းအနားတွင်မူ စစ်လက်နက် အင်အားပြ ချီတက်အလေးပြုခြင်းမျိုး မလုပ်တော့ဘဲ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ စည်းလုံးညီညွတ်ရေး သရုပ်ဖော်မှုများဖြင့်သာ ချီတက်အလေးပြုခဲ့သည်။ ■

မြန်မာနိုင်ငံအောက်ပိုင်း၌ ဆောင်းအအေး လျော့နိုင်

အေးစပယ်ဖြူ
ayephyu2006@gmail.com

၂၀၁၄ ဆောင်းရာသီတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ ညအပူချိန်များသည် ပုံမှန်ထက် မြင့်တက်နေနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ အောက်တိုဘာလ ၂၈ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

မိုး/ဇလ ဌာန၏ ထုတ်ပြန်ချက်အရ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များသည် ပျမ်းမျှထက် ပိုနိုင်ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပျမ်းမျှအပူချိန်များခန့်သာ ရှိနိုင်ကြောင်း ဖော်ပြထားသည်။

"ဒီနှစ်ဆောင်းရာသီမှာ ယေဘုယျအားဖြင့် ညအပူချိန်တွေဟာ ပုံမှန်ထက် မြင့်နေမယ်လို့ ခန့်မှန်းပေမယ့် ဒီဇင်ဘာ၊ ဇန်နဝါရီလိုလတွေကတော့ ရာသီသဘာဝအရ နေနဲ့ အဝေးဆုံးမှာရှိတဲ့အချိန်ဖြစ်ပြီး အေးတဲ့ရာသီတွေပဲဖြစ်လို့ ပုံမှန်လောက်တော့ အေးမှာပါပဲ။

ဒီနှစ်ကတော့ အယ်လ်နီညိုဖြစ်နိုင်ခြေတွေလည်း ရှိနေတဲ့အတွက် ဘင်္ဂလားပင်လယ်အော် ပင်လယ်ရေမျက်နှာပြင်တွေလည်း နွေးနေလို့ ကမ်းရိုးတန်းဒေသနဲ့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာ မိုးတွေရွာဖို့ ရှိတယ်။ ဒါကြောင့် ပုံမှန်ထက် အအေးပေါ့နိုင်တယ်" ဟု မိုးဇလဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး ကပြောသည်။ ဆောင်းရာသီကာလ တိမ်ထူထပ်သော နေ့များတွင် အအေးလျော့နိုင်ကြောင်း သိရသည်။ ■

MCM

MYANMAR CONSOLIDATED MEDIA LTD.

အမှုဆောင်အရာရှိချုပ်
တိုနီချိုင်းလ်ဒ် tonychild.mcm@gmail.com

သတင်းဌာန ဒါရိုက်တာ
သီဟစော editorial.director.mcm@gmail.com

ဒု–စီမံခန့်ခွဲမှုအရာရှိချုပ်နှင့် စီးပွားရေးစာတည်း (မြန်မာ)
တင်မိုးအောင် tinmoeaung.mcm@gmail.com

စာတည်းမှူး (မြန်မာ)
ဆန်းဦး sannoo@gmail.com

စာတည်းမှူး (အင်္ဂလိပ်)
သောမတ်စ်ကင်း(န်) tdkean@gmail.com

စာတည်းမှူး (အထူးအချပ်ပို)
မျိုးလွင် myolwin286@gmail.com

သတင်းထောက်ချုပ်
ဇော်ဝင်းသန်း zawwinthan@gmail.com

ဒု–စာတည်းမှူးနှင့် လူမှုဘဝစာတည်း (မြန်မာ)
မို့မို့သော် mohthaw@gmail.com

ဒု–စာတည်းမှူး (မြန်မာ)–အေးစပယ်ဖြူ

အကြီးတန်းစာတည်း–မောင်သွေးသစ်

အတိုင်ပင်ခံစာတည်း–မသီဂီ

ဒု–စီးပွားရေးစာတည်း (မြန်မာ)–အေးသီတာကျော်

အကြီးတန်းလက်ထောက်စာတည်း–စန္ဒာလွင်

အားကစားစာတည်း–ထွန်းနေအောင်

လူမှုဘဝစာတည်း (အင်္ဂလိပ်)–ဂုစ်တနေလိုက်တ်

နိုင်ငံတကာစာတည်း–တင်စိန်

ဓာတ်ပုံဌာန (မန်နေဂျာ)–ကောင်းထက်

ဓာတ်ပုံသတင်းထောက်များ–သီရိလူ၊ အောင်ငွေးလှိုင်၊ ဇာနည်ဖြိုး

မန္တလေးရုံးခွဲ တာဝန်ခံ
စတူးဝပ်အလန်ဘက်ကာ *stuart.becker@gmail.com*

မန္တလေးရုံးခွဲ ဖြန့်ချိရေးဌာန
mdydistribution.mcm@gmail.com

နေပြည်တော်ရုံးခွဲ တာဝန်ခံ
စုလှိုင်ထွန်း hsuhlainghtun.mcm@gmail.com

နေပြည်တော်ရုံးခွဲ ဖြန့်ချိရေးဌာန
nptdistribution.mcm@gmail.com

ထုတ်လုပ်ရေးဌာန မန်နေဂျာ – ဇာနည်၊
zarnicj@gmail.com

ဒု–ထုတ်လုပ်ရေး မန်နေဂျာ – ဇော်နိုင်စိုး၊
zawna2@gmail.com

ဒီဇိုင်းဌာနဒါရိုက်တာ – တင်ဇော်ထွေး၊

ပုံနှိပ်ဌာနမှူး
ဌေးမောင် uhtaymaung@gmail.com

မန်နေဂျာ (ပုံနှိပ်စက်)–ခင်မောင်

ကြော်ငြာဌာနဒါရိုက်တာ
ဂျေဆီဝေ့(ချ်) ads.myanmartimes@gmail.com

ကြော်ငြာဌာန ဒု–ဒါရိုက်တာများ–ညီညီထွန်း၊ ချမ်းသာဦး၊ နေမျိုးဦး၊ နန္ဒာခိုင်

အရောင်းမန်နေဂျာ (Classies)-ခင်မွန်မွန်ရည်

ငွေစာရင်းမန်နေဂျာ
မွန်မွန်သာဆိုင် monmonthasaing@gmail.com

စီမံရေးရာဌာန
ခိုင်ဆုယဉ်၊ ဟန်ဦးခင် khinesu1988@gmail.com

ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြဝ၄၁၄၂)

အိုင်တီမန်နေဂျာ
ကျော်ဇေယျာလင်း kyawzayarlin@gmail.com

ဖြန့်ချိရေး မန်နေဂျာ
သူဇာဝင်း thuzarwinn@gmail.com

ကြော်ငြာနှင့် လပေးဝယ်ယူရေးကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ **ဖက်စ်** (၉၅၁) ၂၅၄ ၁၅၈

မြန်မာတိုင်း(မ်) သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်စုံမီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်) ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏ အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကို လည်းကောင်း၊ စာစောင်များတွင်ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည်ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM

MYANMAR TIMES
HEARTBEAT OF THE NATION

မြန်မာတိုင်းမ် MYANMAR TIMES

IT'S YOUR LIFE - LIVE IT UP
now!

Myanmar Consolidated Media Ltd.
www.mmtimes.com

ရန်ကုန်ရုံးချုပ် – ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈

မန္တလေးရုံးခွဲ – တိုက် စ/၁၊ မန်းမန္တလာအိမ်ရာ၊ ၃၅ လမ်း (၇၀ နှင့် ၇၁ လမ်းကြား)၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း (၀၂) ၆၅၃၉၁၊ ၇၄၅၈၅၊ ဖက်စ် (၀၂) ၂၄၄၆၀

နေပြည်တော်ရုံးခွဲ – အမှတ် ၁၅/၄၉၆၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း (၀၆၇) ၂၁၄၂၆၊ ၂၅၃၀၉၊ ၂၅၉၈၂၊ ၂၅၉၈၃။

ထိပ်သီး နိုင်ငံရေးခေါင်းဆောင်များ ပါဝင်မည့်…

မျက်နှာဖုံးမှ

နိုင်ငံရေးပါတီများက ပြောသည်။

"တွေ့ရမယ့်အချိန်ကတော့ မနက် ကိုးနာရီခွဲလို့ရေးထားတယ်။ အဓိကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးပေါ့။ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်လာဖို့ ဆွေးနွေးသွားမှာပါ"ဟု ဦးခင်မောင်ဆွေက ပြောသည်။

ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံမှုမျိုးကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၃ ခုနှစ်အတွင်း တောင်းဆိုခဲ့ပြီး နိုင်ငံတော်သမ္မတက ငြင်းဆန်ခဲ့သော်လည်း လက်ရှိ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ရွေးကောက်ပွဲစနစ် ပြောင်းလဲရေး အကျပ်အတည်းများ ဖြစ်နေချိန်၊ နိုဝင်ဘာလလယ်တွင် ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲမကျင်းပမီအချိန်တွင် ယခုကဲ့သို့တွေ့ဆုံရန် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခုတွေ့ဆုံပွဲသည် ၁၉၈၈ တပ်မတော်အာဏာသိမ်းယူပြီးနောက်ပိုင်း ပထမဆုံးတွေ့ခြင်းဖြစ်ပြီး ထိပ်သီးခေါင်းဆောင်များအကြား တွေ့ဆုံ ညှိနှိုင်းမှုက လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်မည့်ရလဒ်ကောင်းများ ပေါ်ထွက်လာရန် မျှော်လင့်လျက်ရှိသည်။

"ဆွေးနွေးပွဲအစက ဘယ်လိုပွဲထွက်မယ် မသိသေးတော့ ဘယ်လောက် သဘောတူညီမှုရမလဲ ခန့်မှန်းဖို့ခက်တယ်။ ကာကွယ်ရေးဦးစီးချုပ်မှာလည်း ပြောစရာတွေတော့ ရှိနေမှာ သေချာတယ်။ ဖွဲ့စည်းပုံပြင်ဖို့ကိစ္စကတော့ သူတို့ဘက်က ဖွင့်ဟဆွေးနွေးလာရင်တော့ ကျွန်တော်တို့ဘက်က ၄၃၆ ပြင်ဆင်ရေးတိုက်တွန်းဖို့ အဆင်သင့်ပဲ"ဟု ဦးခင်မောင်ဆွေက ပြောသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းကမူ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ပတ်သက်၍ လွှတ်တော်ကော်မတီတွင် ပါတီက သဘောထားမှတ်ချက်ပေးထားပြီးဖြစ်ရာ ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရေး အမြန်ဆုံး ဖြစ်ပေါ်လာရန် တိုက်တွန်းသွားမည်ဟု ဆိုသည်။

"ဘာကြောင့်ပဲတွေ့တွေ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် လမ်းစပဲလို့ ယူဆတယ်။ အင်မတန်အရေးကြီးတဲ့ တွေ့ဆုံမှုပါ"ဟု ၎င်းက ပြောသည်။ ■ **အိအိတိုးလွင်**

ကော်သူလေး တပ်မတော်ဖွဲ့ရန် …

မျက်နှာဖုံးမှ

"ကျွန်တော်တို့ ကေအင်န်ယူကလည်း ကရင်အမျိုးသား သွေးစည်းညီညွတ်ရေးအတွက် ဥက္ကဋ္ဌအဖြစ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီဦးဆောင်တဲ့ ကရင့်လက်နက်ကိုင်အဖွဲ့များ စည်းလုံးညီညွတ်ရေးကော်မတီက ဆောင်ရွက်နေပါတယ်"ဟု ၎င်းက အောက်တိုဘာလ ၂၉ ရက်နေ့ ကရင်ပြည်နယ် ဆုံစည်းမြိုင်ကျေးရွာရှိ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(ဒီကေဘီအေ) ဌာနချုပ်တွင် ပြုလုပ်သော ကော်သူလေးတပ်မတော် ဖွဲ့စည်းခြင်းဆိုင်ရာ အစည်းအဝေး၌ ပြောကြားသည်။

ကျန် ကရင်လက်နက်ကိုင်လေးဖွဲ့က သက်ဆိုင်ရာခေါင်းဆောင်များကမူ ကော်သူလေးတပ်မတော်သည် ကရင်တစ်မျိုးသားလုံးနှင့်သာသက်ဆိုင်ပြီး မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုနှင့်မျှ ပတ်သက်ခြင်းမရှိသည့်အပြင် လူတစ်စု၏ နိုင်ငံရေးမူဝါဒအရလည်း အသုံးချခံမည့် အဖွဲ့အစည်းမျိုးမဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

"၂၀၀၇ တုန်းက ကေအင်န်ယူကို ဒီကေဘီအေက ခိုးပြီးသွားတွေ့ခဲ့ပါတယ်။ အဖြေမရခဲ့ဘူး။ ၂၀၀၉ တုန်းကလည်း ထပ်တွေ့ခဲ့သေးတယ်။ အဖြေမရခဲ့ဘူး။ ကျွန်တော်တို့ လာမယ့်ကွန်ဂရက်ကျမှ အချေအတင်ဆွေးနွေးမယ်ဆိုရင် ဒီကြားကာလကို ယုံကြည်လို့ရမလား။ နေ့မရွှေ့ ညမရွှေ့ဘဲ ဒီအချိန်မှာဖွဲ့စည်းသင့်ပါတယ်လို့ အဆိုတင်သွင်းပါတယ်"ဟု ဒီကေဘီအေ၏ ဒုတိယ စစ်ဦးစီးချုပ် စောမူရှေးက ပြောသည်။

ကေအင်န်ယူ၊ ကေအင်န်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီက ဒေါက်တာတင်မိုးသီကလည်း ကော်သူလေးတပ်မတော်ဖွဲ့စည်းခြင်းသည် ကရင်တစ်မျိုးသားလုံး၏ တောင့်တချက်ဖြစ်ပြီး ကော်သူလေးတပ်မတော်အောက်၌ ၎င်းတို့အားလုံး ညီတူမျှတူသွားမှသာ စစ်မှန်သည့် စည်းလုံးညီညွတ်မှုကို ရရှိမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အချင်းချင်း မိသားစုစိတ်ဓာတ်မရှိရင်၊ နားလည်မှုမရှိရင် နာမည်ပဲကျန်ပြီး တကယ်ကျစ်လျစ်တဲ့ ပေါင်းစည်းမှုရှိမှာမဟုတ်ဘူး။ ကော်သူလေးသည် အဖွဲ့အစည်းတစ်ခုမဟုတ်ဘူး။ အရေအတွက် ၁၂ သန်းကျော်ရှိသော တစ်ကမ္ဘာလုံးမှာရှိတဲ့ ကရင်အားလုံးကို ကိုယ်စားပြုပြီး ဖြန့်ကြက်လွှမ်းခြုံထားတဲ့ အဖွဲ့ဖြစ်တယ်။ ကော်သူလေးဆိုတာ လူတစ်စုရဲ့ နိုင်ငံရေးမူဝါဒတစ်ရပ်အနေနဲ့သော်လည်းကောင်း၊ ပုဂ္ဂလိက အကျိုးစီးပွား ကျော်ကြားမှုအတွက် သော်လည်းကောင်း အသုံးချခံအဖွဲ့အစည်းတစ်ရပ်မဟုတ်ဘူး။ ကော်သူလေးကို ကရင်တစ်မျိုးသားလုံးက ပိုင်ဆိုင်တယ်"ဟု ၎င်းက ပြောသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော ကရင်အဖွဲ့အစည်းများကလည်း ကော်သူလေးတပ်မတော်ကို လျင်မြန်စွာဖွဲ့စည်းပေးကြရန် တင်ပြပြောဆို ဆွေးနွေးခဲ့ကြသည်။

"ဒီတပ်မတော်က နောင်လူငယ်တွေ၊ ကရင်ပြည်သူတွေရဲ့အားပါ။ ကရင်လူငယ်အများစုကတော့ ကော်သူလေးတပ်မတော်ကို မြန်မြန်ဖွဲ့စေချင်တယ်လို့ ပြောနေကြပါတယ်"ဟု ကရင်လူငယ်ကွန်ရက်က ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ဒီကေဘီအေ လက်အောက်တွင် ဖွဲ့စည်းထားသော ကေကေအိုအမည်ရှိ ကရင်အဖွဲ့အစည်းက အတွင်းရေးမှူး ဗိုလ်မှူးစောလုံ့လုံ့ကလည်း ကရင့်တပ်မတော်များ ပေါင်းစည်းဖွဲ့စည်းလိုက်ပါက လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကော်သူလေးတပ်မတော်အဖြစ် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအနေဖြင့် သွားရောက်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကော်သူလေးတပ်မတော် ဖွဲ့စည်းခြင်းဆိုင်ရာအစည်းအဝေးကို ယခင်က အောက်တိုဘာလ ၂၉ ရက်တစ်ရက်တည်းသာ ပြုလုပ်မည်ဟု ဒီကေဘီအေက ပြောဆိုခဲ့သော်လည်း ယခုအခါဆွေးနွေးမည့်ရက်ကို အောက်တိုဘာလ ၃၁ ရက်နေ့အထိ နှစ်ရက်တိုးမြှင့်ခဲ့သည်။

အစည်းအဝေး ကျန်နှစ်ရက်တွင် နိုင်ငံရေးဦးဆောင်မှုပေးမည့် အဖွဲ့အစည်းနှင့် ပတ်သက်သော သဘောထားများ၊ တစ်ခုတည်းသော တပ်မတော်တစ်ရပ်ရှိ အရာရှိ စစ်သည်တော်များနှင့် သက်ဆိုင်သော တာဝန်လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ရှေ့လုပ်ငန်းစဉ်များ အကြောင်းတို့ကို ဆွေးနွေးသွားကြမည်ဖြစ်သည်။ ■ **ရဲမွန်**

FROM BACK PAGE BEATS

ပေ့ါ။ သူငယ်ချင်းကတော့ မေးမနေဘူး၊ ကြိတ်ချက်က ရှယ်။

ကျွန်တော်တို့ရဲ့ မိုးကောင်းကင်အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ကို ဒီနွားတင်းကုပ်နားက Studio လေးမှာ စခဲ့ရချိန်တုန်းက ကိုယ့်အိပ်မက်တွေကို ကိုယ်က သိပ်ဟုတ်လှပြီ။ ကိုယ်တွေပဲ ဒါမျိုးစိတ်ကူးယဉ်တတ်တယ် ထင်နေတာ။ ဘယ်ဟုတ်မလဲ။ ဒီဆိုက်ကားဂိတ်က ဘာမှသိပ်ပြီး မလုပ်တဲ့(အမြဲတမ်း ၁၀၉၊ ၁၁၀) ရှက်ကီမန်းကြီးက တစ်ရက် ကျွန်တော်တို့ရောက်တုန်းမှာ ဘဝအကြောင်း တစ်စွန်းတစ်စကြွယ်နေလေရဲ့။ ရေချမ်းစင်က ရေကိုခပ်သောက်ပြီး ပြောနေပုံများ "ဒီတစ်သက်ကတော့ မလွယ်တော့ဘူးလေ။ မလွယ်ဘူး မလွယ်ဘူး။ ထားလိုက်တော့၊ ဒါပေမဲ့ နောက်ဘဝကျန်သေးတယ်"ဆိုတော့ နောက်တစ်ယောက်က "ဟုတ်ပ၊ လုပ်ပါဦး"ဆိုတော့ သူက "နောက်ဘဝမှာ ဒီနိုင်ငံမှာ မမွေးဘူး၊ နိုင်ငံခြားမှာ မွေးမှာ။ နိုင်ငံခြားမှာ လူလုပ်မှာ၊ နိုင်ငံခြားသူကို ယူမှာ" နဲ့ ပြောဆိုပုံကို ဒီနေ့အထိ မှတ်မိသေးတယ်။ နည်းနည်းလည်း သဘောကျသွားတယ်။ သြော်. . . သူ့ဆန္ဒလည်း မသေးပါလားပေ့ါ။ အခုပြန်စဉ်းစားကြည့်တော့ သူ့ကို မခင်ပေမယ့်လည်း တစ်ဆင့်ခံပဲဖြစ်ဖြစ် ပြောပြချင်တယ်။

သြော်. . . နိုင်ငံခြားမှာ မွေးလျက်၊ နိုင်ငံခြားသားဖြစ်လျက်၊ နိုင်ငံခြားမှာနေလျက်နဲ့ ရှာလည်နေတာ အများကြီးပါ အဘရယ်လို့။ တချို့ဆို ရှာလည်နေတာများ လူရုပ်တောင်မပေါက်ဘူး။ မြန်မာနိုင်ငံမှာပဲနေနေ၊ နိုင်ငံခြားမှာပဲနေနေ ကိုယ်သွားချင်တဲ့ ပန်းတိုင်ကို ကိုယ်ပဲသိတယ်လေ။ ကိုယ့်အိပ်မက်တွေကို ဖြိုလှဲလို့ရတာ ကိုယ်တစ်ယောက်တည်းပဲ။ ဘယ်လောက် ဩဇာအာဏာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးပဲ ဖြစ်နေ ဖြစ်နေ ကိုယ့်ဆီက လာလုယူလို့မရဘူးဆိုတာကို သိစေချင်ခဲ့မိတယ်။ ဘယ်နိုင်ငံမှာပဲမွေးမွေး မကြိုးစားလို့ ဘာမှဖြစ်မလာတဲ့လူတွေက သတ်သတ်ကိုရှိတယ်။

ကလေးဘဝတုန်းက အမေရိကန် ရုပ်ရှင်၊ ကာတွန်း၊ တေးဂီတတွေ ခံစားပြီးတော့ အမေရိကန်ရူးရူးလို့ အမေရိကကို အရမ်းသွားလည်ချင်ခဲ့ဖူးတယ်။ ပြီးတော့ အမေရိကန်ဖြစ်ချင်ခဲ့ဖူးတယ်။ ကြီးတော့မှ သိတာက ကိုယ်ရူးသွပ်နေတာ အမေရိကန် မဟုတ်ဘူး ။ အမေရိကနိုင်ငံကြီးရဲ့ ယိုယွင်းပျက်စီးမှုတွေထဲက ဖောက်ထွက်လာနိုင်တဲ့ မြို့ကြီးပြကြီး လူငယ်ထုရဲ့ တော်လှန်ရေး တေးဂီတပဲ။ ပြန်လေ့လာကြည့်ပြန်တော့ တချို့သော Stereo type American တွေရဲ့ အကျင့်စာရိတ္တကို လုံးဝသဘောမကျဘူး။ ထားပါတော့လေ၊ ဒါကကိုယ့်ခံစားမှုနဲ့ ကိုယ် ဆိုတော့။ အေး. . . ဘဝကဆန်းကြယ်ပုံများ ကျွန်တော်ကလွဲလို့ ကျွန်တော့်ဘေးမှ ရှိသမျှ အထင်ကရ ပုဂ္ဂိုလ်အများစု အကုန်ရောက်သွားတယ်။ အမေရိကကို ကျောင်းကိစ္စနဲ့ သော်လည်းကောင်း၊ ဒီဗီပေါက်လို့သော်လည်းကောင်း နည်းမျိုးစုံနဲ့ လစ်သွားလေရဲ့။

ပထမတော့ "ဟွန်း၊ ငါတစ်ယောက်တည်း မသွားရပါလား" ဆိုပြီး သိမ်ငယ်သယောင်ယောင်ရှိသပေ့ါ။ သို့သော်လည်း ထွက်လာတဲ့အဖြေက "သြော်၊ ဘုရားကင်ငါ့ကို မြန်မာနိုင်ငံမှာနေပြီး ကောင်းအောင်လုပ်စေချင်တာပဲ။ ငါရောက်သွားရင် ငါဘာဖြစ်မလဲဆိုတာ ကိုယ်တော်သိလို့ ငါ့ကိုမလွှတ်တာဘဲ"

ဟုတ်တယ်ဗျို့၊ ဖြူစင်ပါတယ်ဆိုတဲ့ အချက်အလက်တွေ အစအနတောင် ရှာမတွေ့တော့တာ။ သူငယ်ချင်းတစ်ယောက် သွားမယ်ဆိုတော့ "ဟာ၊ ဒီကောင်ဒိုးရင်တော့ ဒီကောင့် Skill က ပိုမိုက်လာမှာ၊ နေထိုင်မှု စိတ်ဓာတ်၊ ဘဝပုံစံ အကုန်ပြောင်းလဲသွားမှာပဲ" လို့ မျှော်လင့်လိုက်သေးတယ်။ အလကား၊ ပိုတောင်ဆိုးလာသေးတယ်။ အင်္ဂလိပ်က ပိုတောင်ညံ့လာသေးတယ်။ Rap ဆိုတဲ့ Skill ကလည်း ဘာမှမပြောင်းလဲဘူး။ အရင်အတိုင်းပဲ။ ဒီမှာတင် အဖြေထွက်နေပြီ။ အခုအရွယ်မှာ ဘယ်နေရာမှ မသွားချင်တော့ပါ၊ ဘယ်နိုင်ငံရဲ့ ရိုးရာ၊ ဓလေ့ဝါဒကိုမှ အထင်မကြီးတော့ပါ။ သယ်န်းကျွန်းက ရှက်ကီမန်းကြီးကတော့ အသက်ရှင်နေဦးမလား မသိပါဘူး။ ရှိနေသေးရင် ဒီစာကို ဖတ်စေချင်ပါတယ်လေ။

အိပ်မက်တွေက နောက်မကျပါဘူး။ အတွေးအခေါ်နဲ့ စိတ်တွေကသာ နောက်ကျနေကြတာ။ အဓိကအချက်က ကိုယ်နောက်ကျနေပြီထင်ရင် ချက်ချင်းထ၊ စိတ်ဓာတ်ကျပြီး အရက်ထဲ မျောနေလား၊ ရပ်လိုက်တော့။ တော်ပြီ ကျေနပ်တော့။ ခင်ဗျားဝိညာဉ်အပြည့်နဲ့ Run နိုင်ရင် ပန်းတိုင်မပျောက်ပါဘူး။ အမှောင်ကို ဖယ်ရှားဖို့ထက် ကိုယ်က အလင်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီစာကို လူကြီးမင်းတို့ ဖတ်ရတဲ့အချိန်မှာ ကျွန်တော်တို့၊ နောနော်တို့က မြစ်ကြီးနားမြို့မှာ 'ဇဝံဂေလီ' မျှဝေနေပါပြီ။ ဘာလိုလိုနဲ့ ဒီစာစောင်မှာ စာရေးတာ တစ်နှစ်တောင် ပြည့်ပြီပဲ၊ ဆောင်းလေလေးတောင် မြူးလို့ . . . . ■



ဟံသာဝတီလေဆိပ် တည်ဆောက်ရန် စင်ကာပူအခြေစိုက်ကုမ္ပဏီ တင်ဒါအောင်မြင်

အေးငြိမ်းဝင်း
ayenyeinwin.mcm@gmail.com

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းအတွက် စင်ကာပူနိုင်ငံ အခြေစိုက်ကုမ္ပဏီဖြစ်သော Yongnam CAPE-JGC Consortioum ကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်လိုက်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဆွေထွန်းက အောက်တိုဘာလ ၂၉ ရက်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

"ဟံသာဝတီလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းက လူတိုင်းစိတ်ဝင်စားခဲ့ပြီး ဒီကြားထဲမှာ စီမံကိန်းနဲ့ပတ်သက်ပြီးတော့လည်း သို့လောသို့လောဖြစ်ခဲ့တယ်။ စီမံကိန်းအတွက် ရွေးချယ်ထားတဲ့ တင်ဒါကုမ္ပဏီနှစ်ခုထဲကနေမှ အခုလိုရွေးချယ်ခဲ့ပြီး အသိပေးခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ခရီးသည် ၂ ဒသမ ၇ သန်းကိုသာ လက်ခံနိုင်ကာ ၂၀၁၃ ခုနှစ်အတွင်းက ခရီးသည်သုံးသန်းကျော်အထိ ဝင်ရောက်ခဲ့သည်။ သို့သော် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တိုးချဲ့ရန် မြေနေရာကန့်သတ်ချက်များရှိပြီး တိုးတက်များပြားလာသောလေကြောင်း ခရီးစဉ်များနှင့် ခေတ်မီလေယာဉ်ကြီးများ ဆင်းတက်ရန် လုံလောက်မှုမရှိတော့သည့်အတွက် လေဆိပ်သစ်တည်ဆောက်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီ လေဆိပ်တည်ဆောက်ရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျောက်တိုင်ကန် ကျေးရွာအနီးရှိ ၉,၆၉၀ ဧကကျယ်ဝန်းသောဂျပန်ခေတ်က လေယာဉ်ကွင်းဟောင်းကို ရွေးချယ်ထားပြီး တစ်နှစ်လျှင် ခရီးသည် ၁၂ သန်း အသုံးပြုဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းထားသည်။

လေဆိပ်သစ်စီမံကိန်း တည်ဆောက်ရေးကို ၁၉၉၄ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး လေဆိပ်အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများကို Archon & Inter Regional Investment Limited နှင့် ဆောင်ရွက်ရန် ၂၀၀၀ ပြည့်နှစ်တွင် စာချုပ်ချုပ်ခဲ့သည်။

သို့သော် အဆိုပါကုမ္ပဏီအနေဖြင့် လက်မှတ်ရေးထိုးပြီး ၄၅ ရက်အတွင်း ပေးသွင်းရမည့် Perf-orm-ance Bank Guarantee အမေရိကန်ဒေါ်လာရှစ်သန်းကို ပေးသွင်းရန် အခက်အခဲများရှိခဲ့ခြင်းကြောင့် အချိန်ပေး စောင့်ဆိုင်းခဲ့သော်လည်း ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် ၂၀၀၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော စာချုပ်ကို ပယ်ဖျက်ပြီး ၂၀၀၃ ခုနှစ်တွင် လုပ်ငန်းများအားလုံးရပ်ဆိုင်းခဲ့သည်။

စီမံကိန်းပြန်လည်စတင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီက တင်ဒါများခေါ်ယူခဲ့သည်။ ပဏာမအနေဖြင့် ကုမ္ပဏီခုနစ်ခုကို ရွေးချယ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တင်ဒါအောင်မြင်သူများအဖြစ် IncheonAirportConsortium ကိုဦးစားပေးကုမ္ပဏီအဖြစ်လည်းကောင်း၊ Yongnam-CAPE-JGC Consortium ကုမ္ပဏီကိုအရန်အဖြစ်လည်းကောင်း ရွေးချယ်ခဲ့သည်။

သို့သော် Incheon ကုမ္ပဏီဖြင့် ညှိနှိုင်းအစည်းအဝေး ခြောက်ကြိမ်လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံက တင်ဒါလိုလားချက်များနှင့် ကွဲလွဲမှုများအပြင် လေဆိပ်တည်ဆောက်ရန်အတွက် ငွေကြေးဆိုင်ရာ အာမခံချက်ပေးရန် တောင်းဆိုခြင်း၊ စီမံကိန်းရပ်စဲလျှင်သော်လည်းကောင်း၊ စီမံကိန်းကာလအတွင်း မျှော်မှန်းထားသည့် ဝင်ငွေများ မရရှိပါက ဝင်ငွေအတွက် အာမခံရန်တို့အပြင် ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုငွေ ဒေါ်လာ ၄၅၂ ဒသမ ၈၄ သန်းဟုဖော်ပြထားသော်လည်း စစ်ဆေးခံနိုင်သောငွေမှာ ၁၁၇ ဒသမ ၇၄ သန်းသာရှိခြင်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ထိန်းချုပ်ကန့်သတ်စေခြင်းများကြောင့် ညှိနှိုင်းဆွေးနွေးမှုကို ယာယီရပ်ဆိုင်းခဲ့သည်ဟုသိရသည်။

အဆိုပါကုမ္ပဏီနှစ်ခုအပြင် အခြားကုမ္ပဏီနှစ်ခုကိုပါ မူလတင်ပြချက်ကများကို ပြန်လည်ပြင်ဆင်ကာ ၂၀၁၄ ခုနှစ်အတွင်း ထပ်မံ၍ လျှောက်ထားခွင့်ပြုခဲ့သည်။ သို့သော် Incheon ကုမ္ပဏီက ၎င်းတို့၏ သဘောထားကို ပြောင်းလဲခြင်း မရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်က လိုလားချက်အကြောင်းပြောတဲ့အခါမှာလည်း သူတို့က လက်မခံချင်ဘူး။ ဒါကြောင့် Yongnam ကုမ္ပဏီကို ဦးစားပေးအဖြစ်နဲ့ ရွေးချယ်ခဲ့တယ်"ဟု ဦးဝင်းဆွေထွန်းက ပြောသည်။

စီမံကိန်းအတွက် ကုန်ကျစရိတ်အဖြစ် Yongnam ကုမ္ပဏီက ဒေါ်လာ ၁,၄၄၅ သန်းလျာထားပြီး ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၂၂၂ သန်းရှိကာ ကျန်ကုန်ကျငွေများကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ဂျိုက်ကာ)အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများထံက ချေးယူဆောင်ရွက်သွားမည် ဖြစ်သည်။ ■

ပြည်တွင်းလေကြောင်းလိုင်းသစ်နှစ်ခု ခွင့်ပြုချက် ရရှိ

ပြည်တွင်းလေကြောင်း လိုင်းသစ်နှစ်ခု ဖြစ်သည့် အက်ဖ်အမ်အိုင် လေကြောင်းလိုင်းနှင့် အေးပက်စ် လေကြောင်းလိုင်းတို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

အောက်တိုဘာလ တတိယပတ်တွင် ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အခြေပြု၍ ပြည်တွင်း ပြည်ပလေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အက်မ်အမ်အိုင် လေကြောင်းလိုင်းကို Serge Pun and Associates (Myanmar) Ltd. ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် FMI Air Ltd. က လုပ်ကိုင်မည်ဖြစ်ပြီး အေးပက်စ် လေကြောင်းလိုင်းကို တနင်္သာရီတိုင်းဒေသကြီး အခြေစိုက် လုပ်ငန်းစု တစ်ခုဖြစ်သည့် APEX Airline Public Company Limited. က လုပ်ကိုင်မည်ဖြစ်သည်။

အက်ဖ်အမ်အိုင် လေကြောင်းလိုင်းသည် ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို စတင်ပြေးဆွဲလျက်ရှိပြီး အေးပက်စ် လေကြောင်းလိုင်းက ပြေးဆွဲရန် စီစဉ်လျက် ရှိသည်။ ■စန္ဒလွင်

စစ်ဘေးဒဏ်ခံ ဒေသများ၌ မြစိမ်းရောင် စီမံကိန်း လုပ်ဆောင်မည်

ပြည့်သက်ဖြိုး
pyaethetphyo87@gmail.com

နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံတကာက ချေးငွေရရှိမှုတို့အပေါ် မူတည်၍ စစ်ဘေးဒဏ်ခံခဲ့ရသော ဒေသများတွင်လည်း 'မြစိမ်းရောင်' ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ပေးသွားမည်ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ယခုလ ၂၉ ရက်နေ့က ပြောသည်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျေးရွာပေါင်း ၁,၁၅၀ တွင် ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာအားလုံးအတွက် ကျပ် ၃၄ ဒသမ ၅ ဘီလျံကုန်ကျမည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ နိုင်ငံခြားအကူအညီနှင့် ချေးငွေများ ရရှိမှုအပေါ် မူတည်၍လည်းကောင်း ကျန်ရှိသော ကျေးရွာများတွင်လည်း စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဟု ၎င်းက အမျိုးသားလွှတ်တော်တွင် ပြောသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၂၄၇ ဒသမ ၂၇၁ ဘီလျံသုံးစွဲပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် ကျေးလက်အိမ်ရာလုပ်ငန်းများအတွက် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈၁,၅၀၅ ဒသမ ၆၁၇ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ■

အပေးအယူလုပ်ဖို့ လိုအပ်နေတဲ့

အိအိတိုးလွင်
eieitoelwin@gmail.com

လက်ရှိ မြန်မာ့နိုင်ငံရေးမှာ ဒီမိုကရေစီအင်အားစုတွေနဲ့ ပြည်သူတွေရဲ့ ကြီးမားတဲ့ မျှော်လင့်ချက်ကတော့ အငြင်းပွားဖွယ်ရာတွေပြည့်နှက်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးပါပဲ။ သို့ပေမဲ့ လွန်ခဲ့တဲ့ သီတင်းပတ်က ထွက်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြထားတဲ့ တပ်မတော်ရဲ့ သဘောထားတွေက ဒီမိုကရေစီ လိုလားသူတွေနဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်ကို ဝေဝါးစေခဲ့ပါတယ်။

စာမျက်နှာ ၁၁၆ မျက်နှာပါဝင်တဲ့ ကော်မတီရဲ့ အစီရင်ခံစာမှာ ပြည်သူလူထုငါးသန်းကျော် လက်မှတ်ရေးထိုးတောင်းဆိုထားတဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး အပါအဝင် ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ခွင့်ကို တားဆီးထားတဲ့ ပုဒ်မ ၅၉(စ)၊ မြန်မာ့နိုင်ငံရေးရဲ့ အဓိက အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ တပ်မတော်ရဲ့ ဦးဆောင်မှု၊ တိုင်းရင်းသားဒေသတွေရဲ့ လုပ်ပိုင်ခွင့် အခွင့်အရေးစတဲ့ ပုဒ်မတွေကို ပြင်ဆင်ဖို့ ကော်မတီဝင်တွေရဲ့ သဘောထားမှတ်ချက်နဲ့အတူ ပြင်ပနိုင်ငံရေးအင်အားစုတွေရဲ့ အမြင်တွေကို ပေါင်းစပ်ဖော်ပြထားပါတယ်။

အစီရင်ခံစာ တစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် အတိုက်အခံ ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ပါတီအပါအဝင် အခြားဒီမိုကရေစီ အင်အားစုတွေက တပ်မတော်ရဲ့ပါဝင်မှု အခန်းကဏ္ဍကို လျှော့ချဖို့ မှတ်ချက်ပေးကြပေမယ့် တပ်မတော်ဘက်တော့ နောက်ဆုတ်ဖို့ စိတ်ကူးမရှိတဲ့အပြင် တပ်ရဲ့ အနာဂတ်ရပ်တည်မှုကို ပိုမိုခိုင်မာစေချင်တဲ့ သဘောထားတွေ ထည့်သွင်းလာတာကို တွေ့ရပါတယ်။

ဒါပေမဲ့ ကော်မတီရဲ့ အစီရင်ခံစာဟာ သဘောထားမှတ်ချက်တွေသာ ဖြစ်ပြီး ဒီမှတ်ချက်တွေကို အတည်ပြုဖို့အတွက် လာမယ့် နိုဝင်ဘာလ ၁၃ ရက်နေ့က စပြီး ပြည်ထောင်စုလွှတ်တော်မှာ စတင်ဆွေးနွေးရတော့မှာပါ။ အစီရင်ခံစာပါ မှတ်ချက်တွေကို အတည်ပြုဆွေးနွေးနိုင်ဖို့ လွှတ်တော်နာယက သူရဦးရွှေမန်းက အချိန်ကာလ တစ်ပတ်သာသတ်မှတ်ထားတာကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေက ကိုယ်ဆွေးနွေးမယ့် ခေါင်းစဉ်အလိုက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါပြီ။ ဆွေးနွေးတဲ့အခါမှာလည်း ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတဲ့ မှတ်ချက်တွေအတွက် လွှတ်တော်တွင်းမှာ အချေအတင်ဆွေးနွေးမှုတွေလည်း ရှိလာနိုင်တယ်လို့ ကိုယ်စားလှယ်တွေက ဆိုပါတယ်။

"ကိုယ်စားလှယ် တော်တော်များတော့ ဆွေးနွေးဖြစ်မှာပါ။ အရေအတွက်တော့ တိတိကျကျပြောလို့ မရသေးဘူး။ အားလုံးကတော့ ကိုယ်ဆွေးနွေးမယ့် အကြောင်းအရာအလိုက် သေချာလေ့လာနေတယ်။ ဘယ်လိုရလဒ်မျိုးပဲ ရလာသည်ဖြစ်စေ ကျွန်တော်တို့ကတော့ ပြည်သူတွေရဲ့ စစ်မှန်တဲ့ဆန္ဒကို တင်ပြပေးရမှာပဲ"လို့ အင်န်အယ်လ်ဒီပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က ပြောပါတယ်။

ဆွေးနွေးမယ့် ကိုယ်စားလှယ်အရေအတွက်က ၇၀ နီးပါးလောက်ရှိနိုင်ပြီး အတိအကျကိုတော့ မပြောနိုင်သေးဘူးလို့ ကော်မတီအဖွဲ့ဝင်တစ်ဦးကပြောပါတယ်။

"ကျွန်တော်တို့ပါတီကတော့ ခုနစ်ယောက်လောက် ဆွေးနွေးဖြစ်မယ်ထင်တယ်။ ဘယ်သူဘာဆွေးနွေးမလဲဆိုတာကတော့ အစည်းအဝေးခေါ်ပြီး ညှိနှိုင်းကြမယ်"လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်က ဆိုပါတယ်။

လွှတ်တော်အတွင်းရှိ တပ်မတော်သား ကိုယ်စားလှယ်အချို့ကို စက်တင်ဘာလအတွင်းက

ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဆွေးနွေးမှုတွေအတွက် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေလုပ်နေပေမယ့် ဗီတိုအာဏာ ဆုပ်ကိုင်ထားတဲ့ တပ်မတော်ဘက်က ပြင်ဆင်ရေးရဲ့ အဓိကသော့ချက် ပုဒ်မ ၄၃၆ ကို မပြင်လိုဘူးလို့ မှတ်ချက်ပြုထားတာကြောင့် သူတို့ရဲ့ ဆွေးနွေးမှုတွေက ဘယ်လောက်အထိ သက်ရောက်မှု ရှိမယ်ဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။

၄၃၆ ကိုပြင်ဆင်ဖို့ တပ်ဘက်ကငြင်းဆန်နေတဲ့ အချိန်မှာ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးရေရဲ့ ၇၅ ရာခိုင်နှုန်းကျော်အစား ကိုယ်စားလှယ်အရေအတွက် သုံးပုံနှစ်ပုံ ဒါမှမဟုတ် စုစုပေါင်း အမတ်ဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်နဲ့ ပြင်နိုင်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားပါတီတွေက အကြံပြုထားပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကတော့ တိကျရေရာတဲ့ အကြံပြုချက်မပေးဘဲ "ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ အရေးပါမှုအခန်းကဏ္ဍကို အခြေအနေ အချိန်အခါနှင့် လိုက်လျောညီစွာ တိုးမြှင့်ပေးရမည်"လို့ အကြံပြုထားတဲ့အတွက် ပါတီရဲ့ အကြံပြုချက်က ပြင်ဆင်ရေးကို လက်ရှောင်နေတယ်လို့ ဝေဖန်ခံနေရပါတယ်။

အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြင်ဆင်ရေးအတွက် ဘယ်လိုပဲ ပြင်ဆင်ထားပါစေ နောက်ဆုံး မဲခွဲဆုံးဖြတ်တဲ့အခါ ဗီတိုအာဏာပိုင်ဆိုင်ထား

၄၃၆ ပြင်ဆင်ရေး

တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

တဲ့ တပ်မတော်နဲ့ ကြားနေတဲ့ ကြံ့ခိုင်ရေးပါတီတို့က တစ်သားတည်း ရပ်တည်လိုက်မယ်ဆိုရင် သေချာပေါက် အရှုံးနဲ့ ရင်ဆိုင်ရမှာတော့ မလွဲမသွေပါဘဲ။ လွှတ်တော်နာယက သူရဦးရွှေမန်းကသာ သူမကြာခင်က မိတ်ဆက်လိုက်တဲ့ ပြောင်မဲပေးတဲ့ စနစ်နဲ့သာ မဲခွဲဆုံးဖြတ်လိုက်မယ်ဆိုရင် အနိုင်၊ အရှုံး မဲရလဒ်ကလည်း အပြတ်အသတ်ကို ကွာမယ့် အနေအထားရှိပါတယ်။

"အရပ်သားတစ်ပိုင်း အစိုးရမှာ အာဏာသုံးရပ် ခွဲဝေကျင့်သုံးတယ် ဆိုပေမယ့် ပြည်သူအားလုံးနားလည်တာက တစ်ဖွဲ့တည်းလို့ပဲ မြင်တာပဲ။ အခုလွှတ်တော်မှာ ကိုယ်စားလှယ် အများဆုံးရထားတဲ့ ကြံ့ခိုင်ရေးနဲ့ စစ်တပ်ကလည်း တစ်သားတည်းပဲ။ ဒီလို လွှတ်တော်မျိုးမှာ တိုင်းပြည်အတွက် ဒီလောက်အရေးကြီးတဲ့ ကိစ္စကို မဲခွဲဆုံးဖြတ်လို့ ရှုံးတယ်ဆိုရင် ဒါ နိုင်ငံရေးအရ အင်အားနဲ့ အနိုင်ကျင့်မှုပဲ။ ဒါကြောင့် တပ်မတော်အနေနဲ့ ပြန်ပြီး သုံးသပ်စေချင်တယ်။ ပြန်ပြီး ဆွေးနွေးညှိနှိုင်းပြီးမှ ဆုံးဖြတ်သင့်တယ်"လို့ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)က ကိုမြအေးက ပြောပါတယ်။

ပုဒ်မ ၄၃၆ နဲ့ ပုဒ်မ ၆ (စ)မှာ ဖော်ပြထားတဲ့ နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်ရဲ့ အစဉ်တစိုက်ပါဝင်မှုကိုပြင်ဆင်ဖို့ ကာကွယ်နေပေမယ့် တပ်ဘက်က ကာလုံရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့ ကြိုးပမ်းတာဟာ မြန်မာနိုင်ငံရေးမှာ မတည်ငြိမ်မှုတွေကို ဖြစ်လာမှာကို စိုးရိမ်စိတ်တွေလွှမ်းကဲနေပုံရပြီး အတိုက်အခံတွေပေါ်မှာလည်း သံသယစိတ်တွေ စိုးမိုးနေတယ်လို့ နိုင်ငံရေး အင်အားစုတွေက သုံးသပ်ပါတယ်။ ပုဒ်မ ၄၃၆ ကို မပြင်နိုင်ရင်တောင် တပ်ဘက်က သဘောတူရင် ကျန်တဲ့အချက်တွေကို ပြင်ဖို့ အခွင့်အလမ်းရှိနေပေမယ့် မျှော်လင့်ချက်က အလွန်နည်းပါတယ်။

"ဖြစ်သင့်တာက ရှိနေတဲ့ သံသယတွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေး အဖြေရှာပြီး ကောင်းမွန်တဲ့ သမိုင်းကြောင်းတစ်ခုကို တည်ဆောက်သင့်တယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင် အဆိုးသံသရာထဲမှာ တဝဲလည်လည်ဖြစ်နေဦးမှာပဲ" လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ပြောပါတယ်။

ပုဒ်မ ၄၃၆ ကို ပြင်ခြင်း၊ မပြင်ခြင်းဟာ ၂၀၁၅ ရွေးကောက်ပွဲကို အကြီးအကျယ် သက်ရောက်မှု မရှိနိုင်ပေမယ့် အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ်မှာ လူထုရဲ့ ယုံကြည်မှုလျော့ကျနိုင်သလို နှစ်ပေါင်း ၂၀ ကျော်မှ ဖြစ်ထွန်းလာတဲ့ လွှတ်တော်ရဲ့ သမိုင်းပုံရိပ်ကိုလည်း ထိခိုက်စေမှာပါ။ ဒါ့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ မလွယ်နိုင်ပါဘူး။ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တွေပါဝင်တဲ့ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာကတော့ ဖွဲ့စည်းပုံဥပဒေ ပြင်ဖို့ တပ်ဘက်က အလျှော့ပေးမယ့် သဘောမရှိဘူးလို့ သုံးသပ်ပါတယ်။

"လက်ရှိ ငြိမ်းချမ်းရေး စားပွဲဝိုင်းမှာတောင် တပ်ဘက်က တင်းမာမှုတွေရှိနေတာ။ ဒါကို ပြင်ဖို့ဆိုတာ လက်ခံဖို့ ခက်လိမ့်မယ်ထင်တယ်။ ငြိမ်းချမ်းရေးကလည်း ဒီအပေါ်မှာ မူတည်နေတာပဲ။ အခြေခံဥပဒေကို မပြင်ဘဲနဲ့ စစ်မှန်တဲ့ ဖက်ဒရယ် တည်ဆောက်လို့ မရဘူးလေ"လို့ ဦးနိုင်ဟံသာက ပြောပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က တပ်ဘက်က ကာလုံရဲ့ အခန်းကဏ္ဍကို မြှင့်တင်ချင်တယ်ဆိုရင် ပုဒ်မ ၄၃၆ ကို ပြင်ဖို့ အလျှော့အတင်းလုပ်သင့်တယ်လို့ သုံးသပ်ပါတယ်။ "နှစ်ခုစလုံးတော့ မရနိုင်ဘူး။ ကာလုံမှာ သူတို့လိုချင်တာ ထပ်ဖြည့်ချင်တယ်ဆိုရင် ပုဒ်မ ၄၃၆ ကိုတော့ ပြင်ပေးရမှာပဲ။ ပြည်သူလူထု ငါးသန်းကျော်ကလည်း ပြင်ဖို့ တောင်းဆိုတာကိုလည်း သူတို့ ထည့်စဉ်းစားသင့်တယ်"ဆိုပါတယ်။

လက်ရှိအခြေအနေအရ ပုဒ်မ ၄၃၆ ပြင်နိုင်ဖို့ ရာခိုင်နှုန်း နည်းနေပေမယ့် အကယ်၍ မပြင်နိုင်ဘူးဆိုရင် နိုင်ငံရေးပါတီတွေအနေနဲ့ ဘာဆက်လုပ်မလဲဆိုတာ အခုအချိန်အထိ တိတိကျကျပြောနိုင်ခြင်း မရှိသေးပါဘူး။ နိုင်ငံရေး ပါတီတွေရဲ့ ပင်မရည်မှန်းချက်က ရွေးကောက်ပွဲဝင်ရေးဖြစ်တဲ့အတွက် ပါတီတွေအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့တော့ မစဉ်းစားလောက်ဘူးလို့ ဦးစိုင်းညွန့်လွင့်က ပြောပါတယ်။

မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာ ရန်မျိုးသိမ်းကတော့ လာမည့် ရွေးကောက်ပွဲ မတိုင်မီ ပုဒ်မ ၄၃၆ ကို ပါတီတွေက အဆိုပြုထားတဲ့အတိုင်း မပြင်နိုင်ဘူးဆိုရင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပါတီကိုသာ ရွေးကောက်ပွဲ ဝင်စေပြီး သူ့အနေနဲ့ လွှတ်တော်ပြင်ပနိုင်ငံရေးနဲ့ ပါတီတည်ဆောက်ရေးကိုသာ ခြေစုံပစ်ဝင် ဦးဆောင်သင့်တယ်လို့ အကြံပြုပါတယ်။

အစိုးရနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းမှာတော့ လက်ရှိနိုင်ငံရေး အကျပ်အတည်းတွေကို အဖြေရှာဖို့ ဒေါ်အောင်ဆန်းစုကြည် တောင်းဆိုတဲ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲလို ဆွေးနွေးမှုတွေ အောက်တိုလာလ ၃၁ ရက်မှာ ကျင်းပမယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ နိုင်ငံရေး လေ့လာသူတွေကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဒီလိုအခွင့်အရေးရခဲ့ရင်တောင် လတ်တလော အကျပ်အတည်းတွေကျော်လွှားဖို့ တဒင်္ဂသဘောတူချက်မျိုးမဟုတ်ဘဲ စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံဖြစ်လာဖို့ထိပ်ပိုင်းခေါင်းဆောင်တွေဆီက တိကျသေချာတဲ့ အပေးအယူတစ်ခု ရယူလာနိုင်ဖို့က အရေးအကြီးဆုံးဖြစ်တယ်လို့ ပြောဆိုနေကြပါတယ်။ ■

ရန်ကုန်တိုင်းဒေသကြီး၌ ဗုဒ္ဓသာသနာတော် သန့်ရှင်းရေး စီမံချက် ချမှတ်ဆောင်ရွက်နေ

အောင်ကျော်မင်း
aungkyawmin.mcm@gmail.com

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရဟန်းတုယောင်ဆောင်ကာ အလှူခံမှုများ ပြုလုပ်ပြီး သာသနာတော် ညှိုးနွမ်းစေသည့် ပြုလုပ်မှုကျူးလွန်သူများ များပြားလာခြင်းကြောင့် နိုင်ငံတော်သံဃာ့မဟာနာယက အနေဖြင့် စီမံချက်များချမှတ်ကာ ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သံဃာ့မဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဦးဂုဏာလင်္ကာရက မြန်မာတိုင်း(မ်)ကို မိန့်ကြားသည်။

"ယခင်က သာသနာတော်သန့်ရှင်းရေးဖွဲ့ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ခဲ့တာတွေ ရှိတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းလုပ်ကိုင်ဆောင်ရွက်မှုပိုင်း အားနည်းလာတယ်။ မရှိသလောက် ရှားလားတယ်။ ဒါကြောင့် ရဟန်းအတုယောင်ဆောင်တွေ များလာတယ်။ မြို့ထဲမှာ အလှူခံမှုတွေ ပိုမိုပြုလုပ်လာကြတယ်။ သူတို့တွေကြောင့် ဗုဒ္ဓသာသနာတော်လည်း အခြားဘာသာတွေရဲ့ အမြင်မှာ အထင်မြင်သေးမှုတွေ ခံရနိုင်တယ်။ အဲဒီအတွက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့အနေနဲ့ စီမံညွှန်ကြားချက်တွေချပြီး ဆောင်ရွက်နေပါတယ်" ဟု ဆရာတော်က မိန့်သည်။

သံဃာ့မဟာနာယကအဖွဲ့အနေဖြင့် အမိန့်ညွှန်ကြားချက် ၇၂ ကို စက်တင်ဘာလအတွင်းက ထုတ်ပြန်ခဲ့ကာ မြို့နယ်သံဃာ့နာယကအဖွဲ့များထံ ပေးပို့ဖြန့်ဝေပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် ထုတ်ပြန်ခဲ့သော အဆိုပါ အမိန့်ညွှန်ကြားချက်သည် ရဟန်းသံဃာတော်များအနေဖြင့် လက်ဖက်ရည်ဆိုင်များထိုင်ခြင်း၊ ရုပ်ရှင်ပွဲများ ကြည့်ရှုခြင်း၊ ဘောလုံးပွဲများ ကြည့်ရှုခြင်း၊ မြို့နယ်တွင်းရှိ စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်များတွင် လှည့်လည်ဝင်ရောက်အလှူခံခြင်းစသည့် အချက်များ အကျုံးဝင်သည်။

စီမံချက်များကို မြို့တွင်းမြို့နယ်များဖြစ်သည့် ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတားမြို့နယ်တို့တွင် အဓိက ဦးစားပေးစီစဉ်ဆောင်ရွက်ရန် စီစဉ်ထားပြီး ခရိုင်/တိုင်း သာသနာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ အကြောင်းကြားထားကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ရာတွင် အရပ်ဘက်ဆိုင်ရာ ပြည်သူများ၊ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရဲစခန်းများက သာသနာတော်သန့်ရှင်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ဆရာတော်က မိန့်ကြားသည်။

"သာသနာတော် သန့်ရှင်းရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ အရပ်ဘက်ပြည်သူတွေကို သတိပေးချင်တာက အဲဒီလိုအယောင်ဆောင်ပြီး လှည့်လည်အလှူခံနေတဲ့ ပုဂ္ဂိုလ်တွေကို အားမပေးမိစေဖို့ဘဲ။ လိုအပ်ရင် မြို့နယ်/ရပ်ကွက်သံဃာ့နာယကအဖွဲ့တွေ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်ရဲစခန်းတွေကို သတင်းပို့တိုင်ကြားပေးရမယ်။ တစ်ခုရှိတာက ရဲတွေက ရဟန်းတုယောင်တွေကို ဖမ်းဆီးတဲ့နေရာမှာ သာသနာသန့်ရှင်းရေးအတွက် လုပ်တာကို မဝံ့မရဲနဲ့ မလုပ်ချင်ကြဘူး ဖြစ်နေတယ်။ ဒါဟာ မှားတယ်၊ သာသနာသန့်ရှင်းရေးအတွက် လုပ်ကို လုပ်ကြရမယ်။ မသိချင်ယောင်ဆောင်နေလို့ မရဘူး" ဟု ဆရာတော်က မိန့်သည်။

ယခင်မြို့တွင်းသာသနာသန့်ရှင်းရေးအဖွဲ့များနှင့် လှည့်လည်ဆောင်ရွက်ခဲ့ရာတွင် အချို့သောကျောင်းထိုင်ဆရာတော်ကြီးတို့၏ ညွှန်ကြားချက်များကြောင့် သာကေတ၊ ဒေါပုံ၊ ဒဂုံမြောက်/တောင် စသော မြို့နယ်များမှ မြို့တွင်းသို့ ကိုရင်လေးများစေလွှတ်ကာ အလှူခံစေခိုင်းမှုများကိုလည်း တွေ့ရှိခဲ့ရကြောင်း၊ ထိုကြောင့် ၎င်းကိုရင်လေးများကို စိစစ်မေးမြန်းကာ သက်ဆိုင်ရာကျောင်းထိုင်ဆရာတော်များကို စိစစ်ပြီး မြို့နယ်သံဃာ့နာယကအဖွဲ့ကနေ ခေါ်ယူသတိပေးခြင်းနှင့် အရေးယူဆောင်ရွက်မှု ပြုလုပ်ခဲ့ရကြောင်း ဆရာတော်က မိန့်သည်။

အောက်တိုဘာလ ၁၈ ရက်နေ့ကလည်း သံဃာတစ်ပါးအသွင်ယူကာ ရန်ကုန်မြို့၌ လိုက်လံ အလှူခံပြီးကိုယ်ကျိုးအတွက် သုံးစွဲနေသည့် အမျိုးသားတစ်ဦးကို ကြည့်မြင်တိုင်မြို့မရဲစခန်းတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၅/ ၂၉၅ (က)၊ သာသနာတော်ညှိုးနွမ်းစေမှုဖြင့် အမှုဖွင့် အရေးယူခဲ့သည်။ ■

ထူးချွန်ဆရာဆု ချီးမြှင့်နိုင်ရန် ဆောင်ရွက်နေ

အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများ၏ အရည်အချင်း ပိုမိုမြင့်မားလာစေရေးအတွက် တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းနှင့် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့တို့ စီစဉ်ကြီးကြပ်မှုဖြင့် ယခုနှစ်မှစတင်၍ ထူးချွန်ဆရာဆုကို ရွေးချယ်သွားမည်ဖြစ်သည်။

ဆုချီးမြှင့်ပေးအပ်ရန် တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းက နှစ်စဉ် ကျပ်သိန်း ၉၀၀ အကုန်အကျခံသွားမည်ဖြစ်ပြီး ငါးနှစ်ဆက်တိုက် ချီးမြှင့်ပေးအပ်ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

"ထူးချွန်ဆရာဆုအတွက် ကျောင်းအဆင့်ကို ရွေးချယ်ပြီးသွားပါပြီ။ မြို့နယ်အဆင့်ရွေးတာကို အောက်တိုဘာလကုန်မှာလုပ်မယ်။ ပြည်နယ်နဲ့ တိုင်းအဆင့်အတွက် နိုဝင်ဘာလ ၂၂ ရက်မှာ ထပ်ပြီးရွေးမယ်။ ဒီဇင်ဘာလ ၃ ရက်နေ့မှာ ဗဟိုအဆင့်ရွေးပြီးတော့ ဇန်နဝါရီလ ၃ ရက်နေ့မှာ အခမ်းအနားနဲ့ ဆုချီးမြှင့်ပေးမှာပါ"ဟု ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး(ပညာ)ဦးတင်လှိုင်က ပြောသည်။

"အခုလောလောဆယ်မှာတော့ ပြည်နယ်နဲ့ တိုင်းအဆင့်နဲ့ ဗဟိုအဆင့်အတွက်ပဲ ဆုချီးမြှင့်သွားမယ်။ နောက်ပိုင်းမှာ အလှူရှင်တွေ ထပ်ရှိလာရင် မြို့နယ်အဆင့် ယှဉ်ပြိုင်မှုနဲ့ ကျောင်းအဆင့်တွေမှာပါ ဆုချီးမြှင့်နိုင်အောင် ဆောင်ရွက်သွားမယ်။ ဗဟိုအဆင့် ယှဉ်ပြိုင်မှုမှာ တစ်နိုင်ငံလုံးဆရာ၊ ဆရာမဦးရေ ၅၄ ဦး ရှိမယ်။ အဲဒီထဲကမှ ထက်၊ လယ်၊ မူဆိုပြီး ပထမ၊ ဒုတိယ၊ တတိယဆုတွေ ချီးမြှင့်သွားမှာပါ။ နောက်ပိုင်းမှာ တစ်ဦးချင်းအလိုက် ပေးတဲ့ ဆရာရည်ချွန်ဆုတွေပါ ချီးမြှင့်သွားဖို့ရှိပါတယ်"ဟု တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

မြန်မာတစ်နိုင်ငံလုံး၌ ယခုနှစ်အထိ အခြေခံပညာကျောင်းပေါင်း ၅၄,၀၀၀ ကျော်ရှိပြီး ဆရာ၊ ဆရာမ ရှစ်သိန်းကျော်ရှိသည်။ ■ မေသဥ္စာနိုင်

ဂေဟာစနစ် ပျက်စီးမှုများကြောင့် ရှားပါးပန်ဒါနီများ ရှင်သန်ရပ်တည်မှု ခြိမ်းခြောက်ခံနေရ

အေးစပယ်ဖြူ

ayephyu2006@gmail.com

ဂေဟာစနစ် ပျက်စီးမှုများကြောင့် ကမ္ဘာ့မျိုးသုဉ်းလုနီး တိရစ္ဆာန်စာရင်းဝင် ပန်ဒါနီများ ရှင်သန်ရပ်တည်ရန် ခက်ခဲနေသည်ကို ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များနှင့် ဂေဟာစနစ်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော Fauna & Flora International (FFI) က ရိုက်ကူးခဲ့သည့် ဗီဒီယိုမှတ်တမ်းတွင် တွေ့ရှိရကြောင်း အဆိုပါအဖွဲ့က အောက်တိုဘာလ ၂၇ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

မုဆိုးတို့သတ်ဖြတ်ထားသည့် ပန်ဒါနီနှစ်ကောင်ပုံနှင့် တရုတ်တို့၏ သစ်ထုတ်လုပ်မှုကြောင့် ကျောက်များပြိုကျနေသည့် နေရာတစ်ခုမှ တောတွင်းသို့ ဝါးရွက်များစားရန် သွားရောက်နေသည့် ပင်ဒါနီစုံတွဲအား ဗီဒီယိုဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပုံ။ ဓာတ်ပုံ - FFSS

အဆိုပါအဖွဲ့က ဝါးနှင့် ထင်းရှူးတောများပေါက်ရာ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ ကချင်ပြည်နယ်ရှိ အီမောဘွန်းဒေသတွင် ရိုက်ကူးထားသော တောတွင်းဗီဒီယိုမှတ်တမ်းတွင် ရှားပါးပန်ဒါနီစုံတွဲသည် တရုတ်တို့၏ သစ်ထုတ်လုပ်မှုကြောင့် ကျောက်များပြိုကျနေသည့် နေရာတစ်ခုမှ ပျက်စီးနေသည့် သစ်တောတွင်းသို့ ဝါးရွက်များစားသောက်ရန် ဖြည်းညင်းစွာ တွားသွားနေသည်ကို ပြသထားသည်။

"ကျွန်တော်တို့ ပန်ဒါနီနှစ်ကောင်ကို ပက်ပင်းတွေ့လိုက်တဲ့အခါ တစ်ချိန်တည်းမှာပဲ စိတ်ခံစားမှု နှစ်မျိုးကို ခံစားရပါတယ်။ မျက်မြင်တွေ့လိုက်ရတာရယ်၊ စိတ်လှုပ်ရှားစရာကောင်းတဲ့ ဗီဒီယိုမှတ်တမ်းတိုကို ရတာရယ်ကြောင့် မယုံနိုင်လောက်အောင် ပျော်ခဲ့ကြပေမယ့် သူတို့ကျင်လည်ကျက်စားရာ နေရာရဲ့ အခြေအနေနဲ့ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်ခံနေရတာတွေ မြင်ရတော့ အလွန်ဝမ်းနည်းမိတယ်"ဟု အဆိုပါ ပန်ဒါနီအထီးအမတစ်စုံကို မှတ်တမ်းတင်ခဲ့သည့် FFI ၏ ကွင်းဆင်း ဇီဝဗေဒပညာရှင်ဖြစ်သူ ကိုစောစိုးအောင်က ထုတ်ပြန်ချက်တွင် ပြောသည်။

တရုတ်ကုမ္ပဏီများက တောင်မြင့်ဒေသရှိ နုနယ်သော သစ်တောများကို ဖျက်ဆီးနေသည့်အပြင် တရုတ်တို့၏ ဝယ်လိုအားကို အထောက်အပံ့ပေးနေသည့် အမဲလိုက်ခြင်းနှင့် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှုအတွက် လမ်းများအား ဖောက်လုပ်လျက်ရှိသည်ဟုလည်း ထုတ်ပြန်ချက်ကဆိုသည်။

အမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားခြင်းနှင့်အတူ တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် သစ်တောများ ပျက်ဆီးလာခြင်းက မြန်မာနိုင်ငံရှိ ပန်ဒါနီများ အသက်ရှင်သန်ရေးအတွက် အဓိက ခြိမ်းခြောက်မှုများ ဖြစ်သည်ဟုဆိုသည်။

"ပန်ဒါနီတွေ ကျက်စားရာနေရာတွေကတော့ ဒီငါးနှစ်လောက်အတွင်းမှာ သစ်တောပြုန်းတီးမှုတွေ၊ သစ်ထုတ်ဖို့ သူတို့ကျက်စားရာဒေသတွေကိုဖြတ်ပြီး လမ်းဖောက်တာတွေ၊ ဝါးခုတ်၊ မျှစ်ချိုးတာတွေကြောင့် သိသိသာသာကို ကျဆင်းလာပါတယ်။ ပန်ဒါနီတွေက ဝါးရွက်ကို အဓိကစားသုံးကြပါတယ်"ဟု စီမံချက်မန်နေဂျာ ဦးငွေလွင်က မြန်မာတိုင်း(မ်)ကိုပြောသည်။

ပန်ဒါနီများကျက်စားရာ အီမောဘွန်းဒေသတွင် စစ်ပွဲဖြစ်ပွားမှုများမရှိသော်လည်း ဥပဒေစိုးမိုးမှုအားနည်းသည့် တရုတ်မြန်မာနယ်စပ်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဖွဲ့၏ ကွင်းဆင်းလေ့လာမှုများအရ အီမောဘွန်းဒေသသည် ပန်ဒါနီမျိုးစိတ် ရှားရှားပါးပါးရှိသည့် မြန်မာ့ဟိမဝန္တာတောင်တန်း၏ အခြားဒေသများနှင့် မတူညီဘဲ မျိုးစိတ်သိပ်သည်းမှု အလွန်မြင့်မားသည်ဟု မှတ်တမ်းတင်ထားသည်။ FFI အဖွဲ့၏ ကင်မရာထောင်ချောက်များက ၂၀၀၉ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ ဆောင်ရွက်လျက်ရှိသော ကွင်းဆင်းလေ့လာမှုများမှနေ၍ အီမောဘွန်းတောင်တန်းဒေသရှိ သစ်တောများတစ်လျှောက် ပန်ဒါနီများ၏ တည်ရှိမှုကို မှတ်တမ်းတင်ထားသည်။

သိပ္ပံနာမည် Ailurusfulgens ဟုခေါ်သော ပန်ဒါနီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် IUCN ၏ အရေးကြီးစာရင်းတွင် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသော သတ္တဝါအဖြစ် သတ်မှတ်ထားပြီး ခန့်မှန်းခြေအားဖြင့် အရွယ်ရောက်သော ကောင်ရေ ၁၀,၀၀၀ အောက်တွင်သာ တောတွင်း၌ ကျင်လည်ကျက်စားလျက်ရှိပြီး နီပေါနိုင်ငံ အနောက်ပိုင်းမှ တရုတ်နိုင်ငံအထိ တည်ရှိနေသော သမပိုင်းတောင်တန်းသစ်တောများတွင် တွေ့ရလေ့ရှိသည်။

ပန်ဒါနီ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်ကို FFI က ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ပြီး သစ်တောဦးစီးဌာန၏ သဘာဝထိန်းသိမ်းရေးနယ်မြေအသစ်တစ်ခုဖြစ်သော အီမောဘွန်းအမျိုးသားဥယျာဉ် တည်ထောင်ရေးလုပ်ငန်းများကို ကူညီပေးခြင်း၊ ပန်ဒါနီမျိုးစိတ် ကာကွယ်စောင့်ရှောက်ရေးအတွက် ဒေသခံတိုင်းရင်းသားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်ဟု ဖော်ပြထားသည်။

ယခုနှစ်မကုန်မီ အဆိုပြုဥယျာဉ်နယ်နိမိတ်ကို အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် FFI တို့က ဒေသခံအဖွဲ့အစည်းများနှင့် အပြီးသတ်ဆွေးနွေးညှိနှိုင်းရန် စီစဉ်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းက ပန်ဒါနီမျိုးစိတ်အား တရားဝင်ကာကွယ်စောင့်ရှောက်စေနိုင်မည် ဖြစ်သော်လည်း အမဲလိုက်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းတို့အား ချက်ချင်း ရပ်တန့်စေရန် မဖြစ်နိုင်သေးကြောင်း၊ သို့သော်လည်း FFI က လောဝေါနှင့် လီဆူး ဒေသခံများကို အမဲမလိုက်ရဇုန် ထူထောင်ရန်နှင့် အဆိုပါဇုန်ကို ကာကွယ်ရန်အတွက် ဒေသခံများနှင့် သဘောတူညီခဲ့စဉ်ကတည်းကပင် အမဲလိုက်ခြင်းကျဆင်းနေခဲ့သည်ဟုလည်း ရေးသားထားသည်။

"ဆော့လောရဲ့မြောက်ဘက် မော်ချောင်းတစ်ဝိုက် ဇကေနှစ်သောင်းခွဲလောက်ရှိတဲ့ နေရာလေးကို အနီးအနားရွာက ဒေသခံတွေနဲ့ ညှိနှိုင်းပြီးကာကွယ်ထားဖို့ လုပ်ဆောင်နေတာမျိုးရှိပါတယ်"ဟု ဦးငွေလွင်က ပြောသည်။

ထုတ်ပြန်ချက်တွင် တရားမဝင် သစ်ခိုးထုတ်လုပ်မှုကို ကိုင်တွယ်ဖြေရှင်းရန် FFI က နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုတစ်ခုကို စတင်ဆောင်ရွက်နေသည်ဟုလည်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံမှာ မကြာခင်က ပြည်ပကို သစ်အလုံးလိုက် တင်ပို့ခြင်းတွေကိုတားမြစ်မှုနဲ့အတူ အမျိုးသားဥယျာဉ်ကို တရားဝင်အသိအမှတ်ပြုမှုတွေက တရုတ်အစိုးရအနေနဲ့ မြန်မာနိုင်ငံအတွင်းကို စွန့်စွန့်စားစား သစ်လာရောက် ထုတ်ယူနေသူတွေကို ရပ်တန့်စေတဲ့နေရာမှာ တွန်းအားပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု FFI ၏ မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်ညွှန်ကြားရေးမှူး ဖရန့်မွန်ဘာ့(ခ်)က ပြောသည်။ ■

ရန်ကုန်တက္ကသိုလ်ကို ကျပ်သန်း ၉၀၀ ခန့်သုံးပြီး ပြင်ဆင်မည်

မေသဉ္ဇာနိုင်
maythinzarnaing.mcm@gmail.com

ရန်ကုန်တက္ကသိုလ်အတွင်းရှိ မန္တလေးဆောင်ကို ပြီးခဲ့သည့် ဩဂုတ်လအတွင်းကတွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

ရန်ကုန်တက္ကသိုလ်ကို အကြီးစားပြင်ဆင်မှုများပြုလုပ်လျက်ရှိရာ ကျောင်းတွင်းအဆောင်မြေနေရာများနှင့် ထပ်မံတိုးချဲ့မည့်အဆောင်များ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် ကျပ် ၈၈၁ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်မှ အဆင့်မြင့်အရာရှိတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

"ဒီနှစ်မှာ လာတက်ကြမယ့် ကျောင်းသားကျောင်းသူတွေအတွက်ရော၊ လက်ရှိ ကျောင်းသားကျောင်းသူတွေအားလုံးအဆင်ပြေစေဖို့ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ အဆောင်တွေကို ပြင်ဆင်မှုတွေလုပ်နေပါတယ်။ အခုလက်ရှိမှာ အင်းလျားဆောင်၊ သထုံဆောင်နဲ့ ရတနာဆောင် သုံးဆောင်ကို အကြီးစားပြင်ဆင်မှုတွေ လုပ်နေတယ်။ ကျောင်းစာသင်ခန်းတွေကိုလည်း ပိုပြီးအဆင့်မြင့်တင်ထားတယ်။ မန္တလေးဆောင်နားမှာလည်း အဆင့်မြင့်နှစ်ထပ် ကင်န်တင်းဆောက်ဖို့လုပ်နေပြီ။ ဒီမှာ နိုင်ငံခြားက ဧည့်သည်တွေလာရင် ဧည့်ခံဖို့ နေရာသီးသန့်မရှိဘူး။ ဒါကြောင့် အဆင့်မြင့်စားသောက်ဆိုင်ဆောက်ဖို့ပြင်ဆင်ရတာပါ။ နောက်ပိုင်းပြီးသွားရင် အဲဒီမှာဧည့်ခံနိုင်မယ်" ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက ပြောသည်။

ရန်ကုန်တက္ကသိုလ်ပရဝဏ်တွင် လာမည့်နှစ်အတွင်း အဆောင်သုံးခုအသစ်တိုးချဲ့တည်ဆောက်သွားရန်ရှိပြီး လက်ရှိတွင်ပိတ်ထားဆဲဖြစ်သောသိပ္ပံဆောင် ကင်န်တင်းနှင့် ရေနေသက်ရှိအဏ္ဏဝါဌာနကိုလည်း ယခုနှစ်ကုန်ပိုင်း၌ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။

"ရန်ကုန်တက္ကသိုလ်ကို အရင်ကရှိခဲ့တဲ့ပုံစံအတိုင်း ပြန်လည်စည်ကားလာအောင် လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဝိဇ္ဇာဆောင်ဘက်မှာရော၊ သိပ္ပံဆောင်ဘက်မှာပါ စားသောက်ဆိုင်တွေ ပြန်ဖွင့်မယ်။ စစ်ကိုင်းလမ်းတို့၊ ပုဂံလမ်းတို့နဲ့ အရင်ကရှိခဲ့တဲ့ ကံ့ကော်တောကိုပြန်လည်အသက်သွင်းသွားမယ်။ ကျောင်းတွင်းမှာ ကံ့ကော်ပင်တွေကို သေချာနေရာပြန်ချပြီး စိုက်ပျိုးသွားမယ်။ ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့်မတိုင်မီ ရန်ကုန်တက္ကသိုလ်ကြီးတစ်ကျောင်းလုံးကို အရင်က အရှေ့တောင်အာရှမှာရှိခဲ့တဲ့ပုံစံအတိုင်း လုပ်ဆောင်သွားမှာပါ" ဟု ဒေါက်တာအောင်သူကပြောသည်။

၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့်ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်သည်။

မာလာဆောင်နှင့် သီရိဆောင်တို့တွင်လည်း အဆောင်နေကျောင်းသူများကို ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး ၎င်းအဆောင်များ၌ ဖွင့်လှစ်သင်ကြားနေသော အင်္ဂလိပ်စာဒီပလိုမာသင်တန်းများကို တောင်ငူဆောင်သို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။

"ရန်ကုန်တက္ကသိုလ်ကို အရင်ကပုံစံအတိုင်း ပြန်အသက်သွင်းမယ်ဆိုတာ ကောင်းပါတယ်။ ရန်ကုန်တက္ကသိုလ်ဆိုတာ အရှေ့တောင်အာရှမှာ တစ်ချိန်က နာမည်ကျော်ကြားခဲ့တာပါ။ အရင်ကရှိခဲ့တဲ့ပုံစံအတိုင်း တက္ကသိုလ်ဆရာတွေရော၊ ကျောင်းသားကျောင်းသူတွေရော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ လွတ်လပ်ခွင့်တွေ ဖန်တီးပေးစေချင်ပါတယ်။ တက္ကသိုလ်ဆိုတာ အတွေးအခေါ်တွေ၊ သင်ကြားရေးတွေ၊ သုတေသနတွေ အမြဲမပြတ်လုပ်ဆောင်ရာနေရာ ဖြစ်တာကြောင့် ဒါတွေကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပေးစေလိုပါတယ်"ဟု ရန်ကုန်တက္ကသိုလ်၌ ၁၉၈၀ ပြည့်နှစ်က ကျောင်းသားဟောင်းတစ်ဦးဖြစ်ခဲ့သူ လက်ရှိတက္ကသိုလ်ဆရာက ပြောသည်။

ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသည့် ဘွဲ့ဒီဂရီများ၊ သင်ကြားရေးနှင့်သုတေသနစင်တာများ၊ နှစ်နိုင်ငံသဘောတူစာချုပ်များ မပြတ်ချုပ်ဆိုလျက်ရှိပြီး ဘာသာရပ် ၂၀ ကျော်ကို ပြည်တွင်းပြည်ပရှိပါမောက္ခဆရာ၊ ဆရာမများကသင်ကြားပို့ချပေးလျက်ရှိသည်။ ■

Kangaroo ရေပူချိုးစက် ဝယ်ယူအားပေးသူများ ကြိတ်ကြိတ်တိုးခဲ့

ရာသီဥတုက ဆောင်းရာသီထဲ ဝင်လာပါသည်။ နံနက်စောစောနှင့်ညနေပိုင်းတွင် အနည်းငယ်အေးလာသည်။ မိသားစု အများအပြားက ရေပူချိုးစက်များဝယ်ယူဖို့ ပြင်ဆင်လာကြသည်။ တစ်နှစ်တွင် လေးလ ရေပူဖြင့်ရေချိုးရန် လိုအပ်သောကြောင့် ရေပူချိုးစက်က အိမ်တိုင်း၊ အိမ်တိုင်းတွင် လိုအပ်လာသည်။ ရာသီဥတုအေးချိန်တွင် ရေနွေးဖြင့်ရေချိုးခြင်းမှာ ကျွန်ုပ်တို့၏ ကျန်းမာရေးကို ကြိုတင်ကာကွယ်ခြင်းသာမက စိတ်ဖိစီးမှုလျော့ပါးပြီး ခန္ဓာကိုယ်အဆီဓာတ်ကို ထိရောက်စွာလျှော့ချရေး နည်းလမ်းကောင်းလည်းဖြစ်သည်။ နေ့စဉ်နံနက်စောစောနှင့် ညနေပိုင်းတွင် ရေနွေးဖြင့်ရေချိုးခြင်းမှာပုံမှန်သွေးလည်ပတ်မှုအားကောင်းစေသည်။ စိတ်ပင်ပန်းနွမ်းနယ်မှုကို ထိရောက်စွာလျှော့ချပေးနိုင်သည်။ အိပ်လို့ကောင်းပြီး စိတ်ကြည်လင်လန်းဆန်းစေသည်။ အလုပ်ရှုပ်သောနေ့သစ်ကို ရင်ဆိုင်ဖို့အင်အားပြည့်လာသည်။

ရေပူချိုးစက် လိုအပ်ချက်ရှိလာချိန်တွင် မိသားစုဝင်များအားလုံးအတွက် လိုအပ်သော ရေနွေးအကြိမ်ကြိမ် ရရှိနိုင်ရန် ၅၀ လီတာ၊ ၈၀ လီတာ တိုင်ကီကြီးများဝယ်ရန် စဉ်းစားမိကြသည်။ သို့သော် ထိုမျှလောက်အမှန်တကယ် လိုအပ်ချင်မှလိုအပ်ပါလိမ့်မည်။ အကြောင်းမှာ ယခင်နှစ်များကဲ့သို့ မဟုတ်ဘဲ ယခုအခါ လျှပ်စစ်မီးတည်ငြိမ်လာပြီး တစ်နေကုန်လည်း အသုံးပြုလာနိုင်သည်။ ရှေ့တွင်လည်းထပ်မံတိုးတက်လာဦးမည်ဖြစ်သည်။ ထို့အပြင် ရာသီဥတုကလည်း ပူပြင်းသောနွေရာသီမှာပိုမိုပူပြင်းလာခဲ့ပြီး ဆောင်းရာသီမှာလည်း ပိုမို၍ အေးလာသည်။ ထို့အတွက်ကျွန်ုပ်တို့သိသာစွာလိုအပ်သောအရာမှာအချိန်အ-ကြာကြီးစောင့်ဆိုင်းစရာမလိုသော ရေချိုးရန် ရေနွေးအမြန်ဆုံးရရှိရေးဖြစ်သည်။

ယခုအချိန်မှာ ဆောင်းဥတု စောစောပိုင်းပဲ ရှိပါသေးသည်။ သို့သော်လည်း Kangaroo ရေပူချိုးစက်များမှာ ဝယ်ယူသုံးစွဲသူ အများအပြားကို ဆွဲဆောင်နိုင်ခဲ့သည်။ အကြောင်းရင်းအနေဖြင့် Kangaroo ရေပူချိုးစက်များမှာ သုံးစွဲသူများအတွက် စီးပွားရေးအရ တွက်ခြေအကိုက်ဆုံး (စွမ်းအင်ချွေတာရေးနှုန်းအသင့်တင့်ဆုံး) စရိတ်နည်းပြီး နေရာကျယ်ကျယ် မလိုအပ်၍ ဖြစ်သည်။အပြင်ပန်းအားဖြင့်ကြည့်လျှင် Kangaroo ရေပူချိုးစက်များမှာ ဈေးနှုန်းမြင့်မားသည်ဟုထင်စရာရှိသည်။ သို့သော် နှိုင်းယှဉ်ကြည့်ပါက Kangaroo ရေပူချိုးစက်များမှာ စီးပွားရေးအရ တွက်ခြေအကိုက်ဆုံးဖြစ်သည်။

ရေနွေးကန်ကြီးကြီးဖြင့် ရေပူချိုးစက်အစား ငွေကြေးချွေတာရန်၊ လျှပ်စစ်ချွေတာရန်နှင့် နေရာ အ

Hotline: 09402 666 999

သင့်အတင့်သာ လိုအပ်သော ပိုမိုသင့်တင့်လျောက်ပတ်သည့် ရေပူချိုးစက်များကိုသုံးစွဲကြည့်သင့် ပါသည်။ ရေနွေးကန်ကြီးကြီးနှင့်ရေပူချိုး စက်များမှာ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲသဖြင့် ရေနွေးအကုန်လုံးကို အသုံးမပြုဖြစ်ပါက လျှပ်စစ်ဓာတ်အားဖြုန်းတီးရာ ရောက်ပါသည်။ အထူးသဖြင့် မိသားစုအများအပြားမှာ ရေချိုးပြီးပါက ရေပူချိုးစက်ကို ပိတ်ရန် မေ့လျော့ တတ်ကြသဖြင့်စက်ကတစ်နေကုန်လိုအလျောက် ရေနွေးကိုဆူအောင် ပြန်လုပ်ပေးနေမည်ဖြစ်ရာရေနွေးကန်ကြီးသလောက် လျှပ်စစ်ဓာတ်အား အလဟဿ ဖြစ်နေပါလိမ့်မည်။

ဤသို့ဆိုလျှင် Kangaroo ရေပူချိုးစက်များမှာ အဘယ်ကြောင့် စီးပွားရေးအရ တွက်ခြေအကိုက်ဆုံး ဖြစ်သနည်း။

အသုံးပြုရအဆင်ပြေလွယ်ကူပြီး ရေချိုးခန်းအတွင်း လှလှပပတန်ဆာဆင်စရာ ဖြစ်သည်သာမက Kangaroo ရေပူချိုးစက်များတွင် လုံခြုံရေးအဆင့်ဆင့် ကာကွယ်ထားသော စနစ်ပါရှိပြီး အခြားထူးခြားသော စနစ်များလည်းပါရှိသည်။

- ရေတိုင်ကီအတွင်းပိုင်း၌ အထူ ၁ ဒသမ ၈ မီလီမီတာ စတီးန်လက်စတီးပြားကို အထူးတာရှည်ခံ စိန်ကြွေဆေး အလွှာတစ်ထပ်သုတ်ထားသည်။ ယင်းမှာ ရေတိုင်ကီ အတွင်း သံချေးမတက်၊ ယိုစိမ့်မှုမရှိ၊ မြန်ဆန်သောအပူပေးမှုနှင့်ရေအပူချိန်ကို ၂၄ နာရီအထိ ထိန်းထားနိုင်ရန်ဖြစ်သည်။
- အပူပေးဘားမှာ ၈၁၆ စတီးန်လက်စတီးဖြင့် လုပ်ထားပြီး အခြားပစ္စည်း အမျိုးအစားများထက် ဆယ်ဆတာရှည်ခံခြင်းစသော အရည်အချင်းများရှိသည်။
- ရေအပူချိန်ကို LCD display ဖြင့် ပြသထားသည်။ အဆင့်မြင့်လာသော စနစ်ဖြစ်သည်။
- ရေတိုင်ကီနှစ်ခုနှင့် အပူပေးဘားနှစ်ခု ပါဝင်သည်။ ရေတိုင်ကီတစ်ခုချင်းစီကို အပူပေးနိုင်သလို တိုင်ကီနှစ်ခုလုံးကိုလည်း တစ်ပြိုင်တည်း အပူပေးနိုင်သည်။ ဆယ်မိနစ်အတွင်းရေနွေးအဆင်သင့်ရရှိနိုင်၍ စွမ်းအင်ချွေတာနိုင်သည်။

ဈေးကွက်အတွင်းရှိ အခြားသော ရေပူချိုးစက်များထက် ထူးခြားချက်မှာ Kangaroo ရေပူချိုးစက်များတွင် အလိုအလျောက်စစ်ဆေးပေးသော အာရုံခံစနစ်နှင့် အချက်ပေးခြင်းပါရှိသည်။ ထို့အပြင် အလွန်တိတ်ဆိတ်သော အင်ဗာတာပညာသုံးရေစုပ်မော်တာ စနစ်က ၆၀ ရာခိုင်နှုန်းအထိ စွမ်းအင်ချွေတာနိုင်သည်။ ဤစနစ်နှစ်မျိုးမှာ Kangaroo Instant ရေပူချိုးစက်များ၏ အရေးအကြီးဆုံးစနစ်များဖြစ်ပြီး အလိုအလျောက်သိရှိ အချက်ပေးစနစ်မှာ အဆင့်လေးဆင့်ပါဝင်၍ လုံးဝဘေးကင်းလုံခြုံမှု ရရှိစေပါသည်။ ထို့အပြင် နောက်ထပ်ထူးခြားချက် တစ်ချက်မှာရေ ပန်းတွဲဖက်ပစ္စည်းများမှာ အလွန်လှပသည်။ ရေပန်းများကို ခရွန် (Crom) အုပ်ထားသော စတီးန်လက်စတီးဖြင့် ပြုလုပ်ထားပြီး ရေပန်းခေါင်းတွင် ရေကိုလိုသလိုထိန်းချုပ်နိုင်သောစနစ်ငါးမျိုး ပါဝင်ကာ ၃၆၀ ဒီဂရီလှည့်နိုင်သည်။

ကြော်ငြာဆောင်းပါး

သင်္ဘောသားနှင့် ကုမ္ပဏီများအကြား ပြဿနာဖြေရှင်းရန် အဖွဲ့ ဖွဲ့မည်

ရွှေကူသစ္စာ
khaingsabainyein@gmail.com

သင်္ဘောသားများနှင့် ကုမ္ပဏီများအကြား ဖြစ်ပွားလျက်ရှိသော အငြင်းပွားမှုကိစ္စရပ်များအားဖြေရှင်းရန် နှစ်ဖက်အဖွဲ့အစည်းကိုပါဝင်သည့် 'သင်္ဘောသားများနှင့် ကုမ္ပဏီများအကြား ညှိနှိုင်းဖြေရှင်းပေးရေးအဖွဲ့' ကို ယခုနှစ်မတိုင်မီ စတင်ဖွဲ့စည်းသွားမည် ဖြစ်သည်။

"ဒီအဖွဲ့ထဲမှာ သင်္ဘောသားတွေကိုကာကွယ်ပေးနေတဲ့အဓိကအဖွဲ့နှစ်ဖွဲ့နဲ့ ကုမ္ပဏီတွေကို ကာကွယ်ပေးနေတဲ့ အဖွဲ့နှစ်ဖွဲ့ ပါဝင်ပါမယ်။ ကျွန်တော်တို့ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနကလည်း ထိန်းညှိပေးဖို့ ပါပါမယ်။ အရင်လို သင်္ဘောသားကသင်္ဘောကနေ ဆင်းပြေးသွားတဲ့အမှု၊ ကြယ်ငါးပွင့်ကနေတိုင်ကြားတဲ့ ပြဿနာတွေကတော့ မရှိတော့ဘူး။ ဒီနောက်ပိုင်းမှာဖြစ်နေတဲ့ပြဿနာတွေကတော့ လေး၊ ငါးမျိုးလောက်ရှိနေသေးတယ်။ ဒါတွေကို ဖြေရှင်းပေးနိုင်ဖို့ လိုအပ်နေတယ်" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနအောက်ရှိ သင်္ဘောသားဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ပြောသည်။

လက်ရှိဖြစ်ပွားနေသော ကုမ္ပဏီများနှင့် သင်္ဘောသားများကြားရှိ ပြဿနာများမှာ ကုမ္ပဏီနှင့် သင်္ဘောသားတိုင်ကြားခြင်း၊ လက်မှတ်တုကိုင်ဆောင်ခြင်း၊ သင်္ဘောပေါ်တွင် ကွယ်လွန်ခြင်းအတွက် ထူးခြားဖြစ်စဉ်များ၊ သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာရခြင်းများအတွက် ငွေကြေးရလိုသဖြင့် တိုင်ကြားခြင်းများနှင့် လက်မှတ်အတုများပြုလုပ်၍ သင်္ဘောသားများကို လိမ်လည်ငွေညစ်မှုများမှာ အဖြစ်များလျက်ရှိသည်။ ယခုနှစ်အတွင်း တိုင်ကြားခဲ့သည့် အမှုပေါင်း ၃၀ ရှိပြီး ယခုအချိန်အထိ ငွေပြန်လည်ရရှိပြီးသော အမှုသုံးခုသာရှိသည်။

သင်္ဘောသားများကို ကာကွယ်ပေးနေသော မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (MSF)၊ မြန်မာ့ပင်လယ်ပြင်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်(MMWF)နှင့် သင်္ဘောသားစုဆောင်းရေးကုမ္ပဏီများကို ကာကွယ်ပေးနေသော မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MS-ESF)၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းစသည်တို့ပါဝင်မည့် သင်္ဘောသားများနှင့် ကုမ္ပဏီများအကြား ညှိနှိုင်းဖြေရှင်းပေးရေးအဖွဲ့တခုကို ဖွဲ့စည်းရန်အတွက် ဆွေးနွေးမှုများကို မကြာခဏပြုလုပ်နေသည်ဟု ဦးတိုးမြင့်က ပြောသည်။

> သင်္ဘောသားတွေအတွက် အကျိုးရှိမှ ကျွန်တော်တို့ ပါဝင်မယ်။ သင်္ဘောသားတွေကို တင်းကျပ်ဖို့ သက်သက်ဆိုရင်တော့ မပါတော့ဘူး

သို့သော် မြန်မာ့ပင်လယ်ပြင်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ် (MMWF) မှ အထွေထွေအတွင်းရေးမှူး ဦးတင်ကိုကိုသက်က ၎င်းတို့အနေဖြင့် ညှိနှိုင်းဖြေရှင်းပေးရေးအဖွဲ့အတွင်းသို့ ဝင်ရောက်ရန်မှာ မသေချာသေးကြောင်း၊ သင်္ဘောသားများအား တင်းကျပ်ရန်သက်သက်သာဖြစ်နေပါက ဝင်ရောက်မည် မဟုတ်ကြောင်း ပြောသည်။

"စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့နေရာမှာ သင်္ဘောသားတွေအတွက် အကျိုးရှိမှ ကျွန်တော်တို့ ပါဝင်မယ်။ သင်္ဘောသားတွေကိုတင်းကျပ်ဖို့ သက်သက်ဆိုရင်တော့ မပါတော့ဘူး။ တာဝန်ပိုင်းတိတိကျကျပေးထားဖို့ လိုတယ်။ အခုဖွဲ့မယ်ဆိုရင်တောင် ဒီအဖွဲ့က ဩဇာဘယ်လောက်ရှိမလဲ၊ ဒါအရေးကြီးဆုံးပဲ။ သင်္ဘောသားမှာတယ်ဆို သင်္ဘောသားကို အရေးယူ၊ ကျွန်တော်တို့အနေနဲ့ ဘာမှမစွက်ဖက်ဘူး။ ကုမ္ပဏီမှားရင် ကုမ္ပဏီတာဝန်ယူခိုင်းတာမျိုးတွေ တိတိကျကျလုပ်ဖို့ လိုတယ်။ အခုရှိနေတဲ့အမှုတွေ အများကြီးပဲ။ အဖွဲ့ကဘယ်လောက်ထိ ဖြေရှင်းပေးနိုင်မှာလဲဆိုတာ အရေးပါပါတယ်" ဟု ၎င်းက ပြောသည်။

ယခင်က သင်္ဘောသားနှင့်ကုမ္ပဏီအကြား အငြင်းပွားမှု ဖြေရှင်းရေးကိစ္စရပ်များကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စည်းကမ်းထိန်းသိမ်းရေးဌာနခွဲက ဖြေရှင်းပေးခဲ့သော်လည်း အဆိုပါဌာနကို ယခုနှစ် မေလအတွင်းကပင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ ■



IN PICTURES

ဓာတ်ပုံ– စင်ကာပူသံရုံး

အာဆီယံပညာသင်ဆု ပေးအပ်

အာဆီယံပညာသင်ဆု ဆွတ်ခူးခဲ့သော ကျောင်းသူကျောင်းသားများ၊ ၎င်းတို့သားစုများ၊ ဆရာများအတွက် ညစာ်ခံပွဲကို အောက်တိုဘာလ ၂၈ ရက်နေ့က ရန်ကုန်မြို့ စင်ကာပူသံရုံးတွင် ကျင်းပခဲ့ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွားက ကျောင်းသူတစ်ဦးကို ပညာသင်ဆုပေးအပ်နေစဉ်။ စင်ကာပူအစိုးရသည် ထူးချွန်ကျောင်းသူကျောင်းသားများဖြစ်ကြသော မောင်အောင်မြင့်ဦး၊ မောင်ထွန်းဝင်းအောင်၊ မနှင်းအဥ္ဇလီနှင့် မဖူးမြတ်မှူးကျော်တို့ကို အာဆီယံပညာသင်ဆုများ အပ်နှင်းလိုက်သည်။

ဘိုင်မွန်းတည့်နေအမှု အယူခံကို အနောက်ပိုင်းခရိုင်တရားရုံး ပလပ်

လွန်မင်းမန်
lunmin.lm@gmail.com

ဘိုင်မွန်းတည့်နေဂျာနယ် အဖွဲ့သားများကို ပန်းဘဲတန်းမြို့နယ်တရားရုံးက ထောင်ဒဏ်နှစ်နှစ်စီချမှတ်ခဲ့မှုကို အနောက်ပိုင်းခရိုင်တရားရုံးသို့ အယူခံဝင်ခဲ့သော်လည်း တရားရုံးက အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပလပ်လိုက်ကြောင်း လိုက်ပါဆောင်ရွက်နေသူ ရှေ့နေဦးကျော်ဝင်းက ပြောသည်။

ဇူလိုင်လ ၇ ရက်နေ့ထုတ် ဘိုင်မွန်းတည့်နေဂျာနယ်တွင် MDCF အဖွဲ့၏ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များကို ကြားဖြတ်အစိုးရအဖြစ်တင်မြှောက်ကြောင်း ကြေညာချက်ကို ယင်းကြေညာချက်မထွက်မီ တစ်ရက်စော၍ ဖော်ပြခဲ့သည်ဆိုကာ ပန်းဘဲတန်းမြို့နယ်တရားရုံးက အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဘိုင်မွန်းတည့်နေ ဂျာနယ် ထုတ်ဝေသူ ဦးကျော်မင်းခိုင်၊ ဦးယဉ်မင်းထွန်း၊ အယ်ဒီတာများဖြစ်သည့် ကိုနိုင်စိုင်းအောင်နှင့် ကိုဝင်းတင်၊ သတင်းထောက် ကိုမင်းဝဿန်တို့ ငါးဦးတို့ကို ပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်နှစ်နှစ်စီ ချမှတ်ခဲ့သည်။

"လျှောက်လဲချက်ပေးပေမယ့် ရုံးကတော့ ဒီဟာကို ပလပ်လိုက်တယ်ပေါ့ဗျာ။ လက်မခံဘူးပေါ့နော်။ အဲဒီလိုအမိန့်ချတာပေါ့။ ကျွန်တော်တို့ လျှောက်လဲချက်ကိုလည်း ဖတ်တယ်။ စီရင်ချက်မိတ္တူကိုလည်း ဖတ်တယ်။ ဒါပေမဲ့ အချည်းနှီးပလပ်တယ်လို့ ပြောပါတယ်" ဟု ဦးကျော်ဝင်းက ပြောသည်။

"ကျွန်တော်တို့က အပေါ်ရုံးတစ်ဆင့်ရှိသေးတာပေါ့နော်။ ခရိုင်ရဲ့အထက်မှာ တိုင်းဒေသကြီး တရားလွှတ်တော်တို့ ဘာတို့လည်း ရှိသေးတယ်ပေါ့လေ။ အဲဒီကိုတက်ဖို့ကိစ္စကျတော့ ကာယကံရှင်မိသားစုနဲ့ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေတဲ့ အဆင့်မှာပဲရှိနေပါသေးတယ်။ နောက်တစ်ဆင့်တက်မတက် မဆုံးဖြတ်ရသေးဘူး။ ကာယကံရှင်မိသားစုကလည်း သူတို့အထက်ရုံးတက်အယူခံဝင်မယ်ဆိုရင် ကျွန်တော့်ကို အကြောင်းကြားလာမယ်လို့ ပြောထားတယ်" ဟု ၎င်းက ပြောသည်။

ကိုကျော်မင်းနိုင်၏ ယောက္ခမဖြစ်သူ ဦးစံတင်က "အခုထိတော့ မစဉ်းစားသေးဘူး။ ဒီကိစ္စက ပေါ်လစီအမှုဆိုတော့ ဆက်တက်လည်း ဘာမှတော့ ထူးမယ်လို့ မထင်ဘူး။ အယူခံမဝင်ပေးဘူးဆိုရင်လည်း သူတို့ကို လုပ်ပေးမယ့်သူက မရှိဖြစ်နေပြန်တယ်။ အယူခံဆက်တက်မတက်ကို တစ်ပတ်၊ ဆယ်ရက်လောက်တော့ ခဏစဉ်းစားဖို့ အချိန်ယူဦးမယ်" ဟု ပြောသည်။

အယူခံတင်သွင်းရာတွင် ဘိုင်မွန်းတည့်နေဂျာနယ်မှ သတင်းသမားများအနေဖြင့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်သော MDCF အဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို ဖော်ပြရုံသာရှိပြီး ယင်းအဖွဲ့နှင့် ဘိုင်မွန်းတည့်နေအကြား မည်သို့မျှ ပတ်သက်ဆက်နွှယ်မှု မရှိကြောင်း၊ သတင်းမီဒီယာသမားများဖြစ်သည့်အတွက် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် မီဒီယာဥပဒေနှင့် အပြစ်ပေးအရေးယူသင့်ပါကြောင်း လျှောက်လဲခဲ့သည်ဟု ဦးကျော်ဝင်းကပြောသည်။ ■

တပ်မတော်က ကျည်ကာအင်္ကျီနှင့် ဦးထုပ်များ ထုတ်လုပ်နေဟုဆို

ကာကွယ်ရေးအသုံးစရိတ်၏ သုံးပုံ တစ်ပုံကို စစ်ဆင်ရေးနှင့် ပတ်သက်သော၊ တိုက်ခိုက်ရေးနှင့် ပတ်သက်သော ကိစ္စများအတွက် သုံးစွဲ

ထူးသန့်
thanhtoo.npt@gmail.com

တပ်မတော်ပိုင်စက်ရုံက နိုင်ငံတကာအဆင့်မီ ကျည်ကာအင်္ကျီနှင့် Hyper Helmet ဦးထုပ်များ ထုတ်လုပ်နိုင်သည့် အနေအထားရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အောက်တိုဘာ ၂၇ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းပြောကြားခဲ့သည်။

"မိုးရေကာဖျင်စက်ရုံမှာဆိုရင် ကျည်ကာအင်္ကျီတွေ၊ Hyper Helmet ဦးထုပ်တွေကို ကျွန်တော်တို့ယနေ့ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု ၂၀၁၄-၁၅ ဘဏ္ဍာနှစ် နောက်ဆက်တွဲ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းအပေါ် ပြန်လည်ဆွေးနွေးရာတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်တွင် ပရိဘောဂစက်ရုံ၊ လက်ဖက်ခြောက်စက်ရုံ၊ ဆီသွတ်စက်ရုံ၊ ငါးပိစက်ရုံ၊ ဘီစကွတ်စက်ရုံ၊ ဂျုံစက်ရုံ၊ ချည်မျှင်နှင့် အထည်စက်ရုံတို့အပြင် အသစ်တည်ဆောက်ထားသည့် အဆိုပါ မိုးရေကာဖျင်စက်ရုံလည်း ရှိကြောင်း ၎င်းကပြောသည်။

တပ်မတော်ပိုင် စက်ရုံများကို တပ်မတော်က တာဝန်ယူလုပ်ကိုင်နေခြင်းထက် ခေတ်နှင့်အညီ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲသင့်ကြောင်း လွှတ်တော် ကိုယ်စားလှယ်အချို့က အောက်တိုဘာ ၂၄ ရက်က လွှတ်တော်၌ ဆွေးနွေးခဲ့ကြသည်။

သို့သော်လည်း တပ်မတော်ပိုင်စက်ရုံများသည် တပ်ရိက္ခာစုဆောင်းသိုလှောင်ခြင်း၊ စစ်သည်များအတွက် စံချိန်စံညွှန်း ကိုက်ညီသော ရိက္ခာများ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် စက်မှုဖွံ့ဖြိုးစေရန် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်များရရှိစေခြင်း၊ တပ်မတော်၏ ဘဏ္ဍာငွေသုံးစွဲမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က ပြောသည်။

အဆိုပါစက်ရုံများမှ အမြတ်အစွန်းများ ရရှိနေရာ ၂၀၁၀ - ၁၁ ခုနှစ်တွင် ကျပ် ၃ ဒသမ ၉ ဘီလီယံ၊ ၂၀၁၁ - ၁၂ ခုနှစ်တွင် ကျပ် ၄ ဒသမ ၆ ဘီလီယံ၊ ၂၀၁၂ - ၁၃ ခုနှစ်တွင် ကျပ် ၇ ဒသမ ၅ ဘီလီယံနှင့် ၂၀၁၃ - ၁၄ ခုနှစ်တွင် ကျပ် ၂ ဒသမ ၁ ဘီလီယံ ရရှိခဲ့သည်။

သို့သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနသည် ယခုဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် အသုံးစရိတ်အဖြစ် ကျပ် ၂၄၈ ဘီလီယံကို ထပ်မံတောင်းခံထားသည်။ ကနဦးခွင့်ပြုငွေတွင်လည်း ကာကွယ်ရေးဝန်ကြီးဌာနအတွက် ပြည်ထောင်စုလွှတ်တော်က ကျပ် ၂,၃၆၅ ဒသမ ၈၁၃ ဘီလီယံကို ခွင့်ပြုခဲ့သည်။ ဝန်ကြီးဌာနက ဖြည့်စွက်ခွင့်ပြုငွေတွင် ထပ်မံတောင်းခံထားသောပမာဏသည် ကနဦးခွင့်ပြုငွေပမာဏ၏ ၁၀ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံထားသည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကမူ ယခုဘဏ္ဍာနှစ် ပထမငါးလအတွင်း ဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုငွေအားလုံး၏ ကိုးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသာ သုံးစွဲရသေးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင် ပစ္စည်းအတွက်ဘဏ်တွင် ငွေစာရင်းဖွင့်ပြီး ပစ္စည်းရောက်မှ ငွေချေရခြင်း ဖြစ်သောကြောင့် များသောအားဖြင့် ပထမခြောက်လအတွင်း ငွေသုံးစွဲမှုရာခိုင်နှုန်းနည်းရခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။

ကာကွယ်ရေးအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၄၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၃ ရာခိုင်နှုန်းပါဝင်သည်။

ကာကွယ်ရေးအသုံးစရိတ် ၁၀၀ ရာခိုင်နှုန်းတွင် စစ်ဆင်ရေးနှင့် ပတ်သက်သော၊ တိုက်ခိုက်ရေးနှင့်ပတ်သက်သော သုံးစွဲမှုမှာ သုံးပုံတစ်ပုံသာဖြစ်ပြီး ကျန်နှစ်ပုံမှာ လစာနှင့်စရိတ်များ၊ အုပ်ချုပ်မှုကိစ္စများ၊ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးကိစ္စများဖြစ်သည်ဟု ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ပြောကြားသည်။ ■

မြဝတီမြို့ပြင်ရှိ မင်းပဒုမ္မာဝင်းအတွင်း စခန်းချထားသည့် တပ်မတော်သားများကို အောက်တိုဘာ ၁ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ - ကောင်းထက်

ခမ်းနားသော နှစ်ကုန်ပိုင်း ခရီးစဉ်များအတွက်
ထူးခြားသော ဈေးနှုန်းများ
နိုင်ငံတကာဟင်းလျာများ | ကီလို၃၀ သယ်ယူနိုင်ခွင့် | လေယာဉ်တွင်း ဖျော်ဖြေရေးအစီအစဉ်များ

SINGAPORE
FROM USD 218 RETURN

BALI | JAKARTA
SURABAYA
FROM USD 572 RETURN

MALDIVES | MUMBAI
NEW DELHI
FROM USD 830 RETURN

ADELAIDE | BRISBANE
MELBOURNE | SYDNEY
FROM USD 1,122 RETURN

ATHENS | FRANKFURT
PARIS | ROME
FROM USD 1,148 RETURN

ယခုအချိန်မှစ၍ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ Changi လေဆိပ်တွင် ခရီးတစ်ထောက် နားသော ခရီးသည်တိုင်းအတွက် စင်ကာပူဒေါ်လာ ၂၀တန် Changi Dollar Voucher ရယူပြီး Changi လေဆိပ်တွင် ဈေးဝယ်စားသောက်ခွင့် (သို့မဟုတ်) The Ambassador Transit Lounge တွင်အနားယူခွင့် ရရှိနိုင်ပါပြီ။

singaporeair.com
SILKAIR
SINGAPORE AIRLINES
A STAR ALLIANCE MEMBER

Fares are available from these authorised travel agents:

AMTRA TRAVEL	TEL: 393 304, 393 035	HTOO TRAVEL	TEL: 860 3766, 860 3767	SAW PORN PHAN	TEL: 373 234, 224 883	THAN THAN TRAVEL	TEL: 255 034, 255 035
COLUMBUS TRAVEL	TEL: 229 245, 378 535	NICE FARE TRAVEL	TEL: 393 088, 245 378	SUN FAR TRAVEL	TEL: 243 993, 255 338	WORLD CONNECT TRAVEL	TEL: 218 181, 218 182

ယခုကြော်ငြာထားသော လေယာဉ်လက်မှတ်ဈေးနှုန်းများသည် Economy Class တွင်စီးနင်းလိုက်ပါမည့် ခရီးသည်တစ်ဦးချင်းစီအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းများဖြစ်ပြီး၊ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့တွင် ရှိသော အခွန်အခများနှင့် လေဆိပ်ခွန်များကို အခြေခံထားခြင်း ဖြစ်ပါသည်။ ဖော်ပြထားသော ဈေးနှုန်းများသည် ယခုအချိန်မှစ၍ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့အထိ ကြိုတင်ဝယ်ယူနိုင်ပြီး၊ ယခုအချိန်မှစ၍ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ရန်ကုန်မှအသွားအပြန်လုပ်နိုင်သော လက်မှတ်ဈေးနှုန်းများဖြစ်ပါသည်။ လက်မှတ်ရရှိနိုင်မှုသည် ခုံနေရာရရှိနိုင်မှုနှင့် ငွေကြေးအတက်အကျပေါ်တွင် မူတည်ပါသည်။ ၎င်းလေယာဉ်လက်မှတ်များကို အထက်ဖော်ပြပါ Singapore Airlines ၏သတ်မှတ်ထားသော ခရီးသွားအေဂျင်စီများတွင်သာ ဝယ်ယူရရှိနိုင်ပြီး၊ အပိုဝန်ဆောင်မှုစရိတ်ပေးဆောင်ရမှုအချို့ရှိနိုင်ပါသည်။ ခရီးသည်နာမည်ပြောင်းလဲခွင့်မရှိသော်လည်း ကျသင့်ငွေပေးချေ၍ လေယာဉ်လက်မှတ်နေ့စွဲကို ပြောင်းလဲနိုင်ပါသည်။ လေယာဉ်လက်မှတ်တန်ဖိုးများကို ပြန်လည်ထုတ်ယူခွင့်၊ ဆုကြေးမိုင်သုံး၍ အဆင့်တန်းသို့ပြောင်းလဲခွင့်မရှိသလို အခြားလေကြောင်းလိုင်းများနှင့်လည်း လဲလှယ်သုံးစွဲခွင့်ရှိမည်မဟုတ်ပါ။ အထူးဈေးနှုန်းဖြင့် ရောင်းချသော လက်မှတ်များအတွက် ပျံသန်းသော မိုင်ရေပေါင်း၏ ၁၀ရာခိုင်နှုန်းရရှိခံစားခွင့် ပေးထားပါသည်။ အခြားသတ်မှတ်ချက်နှင့် စည်းကမ်းချက်များလည်း လိုက်နာရပါမည်။ အခြားသော မြို့များအတွက်အထူးဈေးနှုန်းများကိုလည်း သတ်မှတ်ထားသော ခရီးသွားအေဂျင်စီများတွင် ဝယ်ယူရရှိနိုင်ပါသည်။

Views

သတင်းတို

သဘော်ဘြောက်စင်းအတွက် ၁၂ ဒသမ ဝ၁၄ ဘီလျံပေးရန်ရှိ

ပို့ဆောင်ရေးဝန်ကြီးဌာနက ဂျာမနီနိုင်ငံမှ ဝယ်ယူထားသည့် မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းရှိ သဘော်ဘြောက်စင်း အတွက် အကြွေးဆပ်ရန် ကျပ် ၁၂ ဒသမ ဝ၁၄ ဘီလျံကျန်ရှိနေသည်ဟု ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ် ထွန်းအောင်က အောက်တိုဘာလ ၂၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။ အကြွေးဆပ်မည့်ငွေ အပါအဝင် ဖြည့်စွက်ရန်ပုံငွေအဖြစ် စုစု ပေါင်းကျပ် ၉ ဒသမ ၄ ဘီလျံကို တောင်း ခံသွားမည်ဖြစ်ပြီး သာမန်အသုံးစရိတ် အတွက် ကျပ် ၆၄၆ သန်း၊ အကြွေးဆပ်ရန် ကျပ် ၄ ဒသမ ၇ ဘီလျံနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အတွက်ကျပ် လေးဘီလျံဖြစ် သည်။ **ပြည့်သက်ဖြိုး**

ကိုရီးယားဘဏ်ကဘုန်းတော်ကြီး ပညာသင်ကျောင်းအတွက်လှူဒါန်း

ကိုရီးယားစက်မှုဘဏ် (Industrial Bank of Korea) က မန္တလေးရှိ ကန်တက်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ခန်း ၁၂ ခန်းနှင့် အိမ်သာလေးလုံး ပါဝင်သော လေးထပ်စာသင်ဆောင်နှင့် စာသင်ခန်းပရိဘောဂများ၊ စာအုပ်များ အတွက် အမေရိကန်ဒေါ်လာ ၁၂၀,၀၀၀ ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ၎င်းတို့၏ဘဏ်ရုံးချုပ်မှ ဝန်ထမ်း ၆၅ ဦးသည် အဆိုပါကျောင်းသို့ နိုဝင်ဘာလ ပထမပတ်တွင် သွားရောက် လှူလာကြမည်ဖြစ်သည်။ ■

မြန်မာ့တပ်မတော် ပြောင်းလဲနေကြောင်း သက်သေပြပါ

စည်သူအောင်မြင့်
ရေးသားသည်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၄ ရက်နေ့က မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်သူ ကိုပါကြီးဟာ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အတွင်းမှာ တပ်မတော် တပ်ဖွဲ့တစ်ခုရဲ့ ဖမ်းဆီးခြင်းခံနေရာကနေ ထွက်ပြေးတယ် ဆိုပြီး အသေပစ်သတ်တာ ခံခဲ့ရပါတယ်။ ခုလိုပစ်သတ်ခံရတဲ့ကိစ္စကိုလည်း သူ ပျောက်ဆုံးနေကြောင်း သူ့ဇနီးဖြစ်သူက သတင်းမီဒီယာတွေကို တရားဝင်ပြောဆိုပြီး အတော်လေး နောက်ကျမှ တပ်မတော်ဘက် က သတင်းထုတ်ပြန်ပေးခဲ့တာ ဖြစ်ပါ တယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်တဲ့ ကိုပါကြီး ပစ်သတ်ခံရမှု နဲ့ ပတ်သက်ပြီး ၈၈ ပွင့်လင်း အဖွဲ့အစည်း အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ အတော်များများက ဆန့်ကျင်ကန့်ကွက်နေ ကြပြီး ဒီကိစ္စဖြစ်ရပ်အမှန် ဖော်ထုတ်ပေးဖို့ တောင်းဆို ဆန္ဒပြမှုတွေလည်း ပေါ်ပေါက် လာတာ တွေ့ရပါတယ်။ ကိုပါကြီးဆိုတာ ဘယ်လို လူမျိုးပါလဲ၊ ဖြစ်စဉ် ဘယ်လိုဖြစ်ပွား ခဲ့တာပါလဲ၊ ဒီပြဿနာ မြန်မာ့တပ်မတော်ရဲ့ ပုံရိပ်ကို ဘယ်လောက် ထိခိုက်စေနိုင်သလဲ ဆိုတာ ဆွေးနွေးတင်ပြသွားပါ့မယ်။

ကိုပါကြီး ပစ်သတ်ခံရလို့ သေဆုံးပြီး နောက်ပိုင်း တပ်မတော်ဘက်က မြန်မာ နိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)ကို ပေးပို့ တဲ့စာထဲမှာ ကိုပါကြီးကို ဒီကေဘီအေဗိုလ်မှူး စောဆန်းအောင် ခေါင်းဆောင်တဲ့ KKO အဖွဲ့က ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီး အဆင့်ရှိ အောင်နိုင်ဆိုပြီး ရေးသားဖော်ပြခဲ့ ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သေဆုံးသူ ကိုပါ ကြီး(ခေါ်)ကိုအောင်နိုင်ဟာ အဲလို လက်နက် ကိုင်တပ်ဖွဲ့တစ်ခုက အဖွဲ့ဝင် တစ်ယောက် လား ဆိုတာကိုတော့ သီးခြား အတည်ပြုနိုင် ခြင်း မရှိပါဘူး။ လူမှုကွန်ရက်စာမျက်နှာတွေ နဲ့ ပုဂ္ဂလိကပိုင် သတင်းစာဂျာနယ်တွေမှာ တော့ ကိုပါကြီးဟာ အရင်က အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်ကို လုံခြုံရေး တာဝန်ယူပေးနေ တဲ့ သုံးရောင်ခြယ် အဖွဲ့ဝင်ဖြစ်ခဲ့တယ်၊ နောက်ပိုင်း ထိုင်းမြန်မာ နယ်စပ်မှာ နေထိုင် ပြီးအလွတ်သတင်းထောက်အဖြစ် အသက် မွေးဝမ်းကျောင်း လုပ်နေတယ် ဆိုပြီး ဓာတ်ပုံ အထောက်အထား၊ သူရေးသားပေးပို့တဲ့ သတင်းအထောက်အထားတွေနဲ့တကွ ဖော် ပြခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငြင်းလို့ မရနိုင်တဲ့ အချက်ကတော့ ကိုပါကြီးဆိုသူ ဟာ လက်နက်ကိုင် တပ်ဖွဲ့ဝင်ဖြစ်စေ၊ အလွတ်သတင်းထောက်ဖြစ်စေ မြန်မာနိုင်ငံ သား တစ်ယောက်ဖြစ်နေတယ် ဆိုတာပါပဲ။

ဖြစ်စဉ်အရပြီးခဲ့တဲ့စက်တင်ဘာ ၂၆ ရက် နေ့က မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှာ ဒီကေဘီအေ တပ်ဖွဲ့ဝင်တွေက စတင်ပစ် ခတ်လို့ တပ်မတော်နဲ့ တိုက်ပွဲတွေ စတင်ဖြစ် ပွားခဲ့ပါတယ်။ ဒီကေဘီအေ တပ်ဖွဲ့ဝင်တချို့ ဟာ အပစ်ရပ် စာချုပ်ပါ စည်းကမ်းချက်ကို ချိုးဖောက်ပြီး အစိုးရပိုင်နက် နယ်မြေအတွင်း လက်နက်ကိုင်ဆောင် ဝင်ရောက်လာပြီး နယ်မြေ တာဝန်ရှိတဲ့ အာဏာပိုင် အဖွဲ့ အစည်းတွေက တားဆီးရာကနေ တိုက်ပွဲ တွေစပြီးဖြစ်ပွားခဲ့တာပါ။ တိုက်ပွဲ စတင်ဖြစ် ပွားတဲ့အချိန်မှာ ရဲ၊ ပြည်သူ့စစ်နဲ့ တပ်မ တော်သားတချို့ ဒီကေဘီအေတပ်ဖွဲ့ဝင်တွေ ရဲ့ ဖမ်းဆီး ထားတာခံရပြီး တချို့ ပစ်ခတ်ခံရ မှုကြောင့် ဒဏ်ရာတွေ ရခဲ့ပါတယ်။ နောက် ပိုင်း ဒီကေဘီအေ အဖွဲ့က ဖမ်းဆီးခံထားရသူ တွေကို ပြန်လွှတ်ပေးခဲ့ပေမယ့် လက်နက် ၁၀ လက်ကျော်ကိုတော့ သိမ်းဆည်းသွားခဲ့ တယ်လို့ ဆိုပါတယ်။ အဲဒီလို လက်နက်တွေ သိမ်းယူပြီး ဆုတ်ခွာဖို့ ကြိုးစားတဲ့ ဒီကေဘီ အေတပ်ဖွဲ့တွေကို တပ်မတော်ဘက်က ဝိုင်းရံ ပိတ်ဆို့တိုက်ခိုက်ရာကနေ နောက် ထပ် တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

ဒီလိုနဲ့ စက်တင်ဘာလ ၃၀ ရက်နေ့ မနက်ပိုင်းမှာ ကျိုက်မရော လျှော်ဆိပ်မှာ ကိုပါကြီးကို ရဲနဲ့ စစ်တပ် ပူးပေါင်းအဖွဲ့က လက်နက်မဲ့ ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

> ကောင်းမွန်တဲ့ အပြောင်းအလဲ လုပ်နေတဲ့ အခြေအနေအောက်မှာ အခုလို ကိုပါကြီး ဥပဒေမဲ့ သတ်ဖြတ်ခံရတဲ့ ဖြစ်ရပ် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ကိုပါကြီး ပစ်ခတ်ခံရမှုနဲ့ ပတ်သက်ပြီး
> ....

ကျိုက်မရော လျှော်ဆိပ်ဆိုတာဟာ စစ်မြေပြင် မဟုတ်ပါ။ မြို့တစ်မြို့ဖြစ်ပြီး မွန်ပြည်နယ် မြို့တော်မော်လမြိုင်နဲ့ ၁၀ မိုင်ကျော်ကျော် လောက်ပဲ ဝေးပါတယ်။ တကယ်တော့ ကိုပါ ကြီးဟာ တောတွင်းလက်နက်ကိုင် တပ်ဖွဲ့ဝင် ဆိုရင် လက်နက်မဲ့ ဖမ်းမိတဲ့ စစ်သုံ့ပန်း ဖြစ် ပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို ဖမ်းဆီးရမိ သူတစ်ယောက်ကို သက်ဆိုင်ရာ ရဲစခန်း၊ အဲဒီကနေတစ်ဆင့် တရားရုံး တင်ပို့ပြီး ဥပဒေအတိုင်း လိုအပ်သလို စစ်ဆေးတာမျိုး လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဖမ်းဆီးရမိတဲ့ ရဲနဲ့ နယ်မြေခံတပ်ဖွဲ့ဟာ အဲဒီလို ဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလုပ်ခဲ့ဘဲ လေး ရက်တိုင်တိုင် ဖမ်းဆီး စစ်ဆေးခဲ့ပါတယ်။ အဲဒီနောက် တရားရုံးပို့တာမျိုး မလုပ်ဘဲ အောက်တိုဘာလ ၄ ရက်နေ့မှာ လှုပ်ရှား စစ် ကြောင်းတစ်ခုထံကို လွှဲပြောင်းပေးခဲ့တယ် လို့ ဆိုပါတယ်။ ဒီနေရာမှာ မေးစရာ ရှိတာ က မသင်္ကာစရာ ဖမ်းဆီးရမိတဲ့ နိုင်ငံသား တစ်ယောက်၊ သို့မဟုတ် စစ်သုံ့ပန်းတစ်ယောက် ကို ခုလိုပဲ လှုပ်ရှားစစ်ကြောင်းထံကို လွှဲပြောင်းပေးလို့ ရပါသလား ဆိုတာပါ။

ဒီကိစ္စပြောမယ်ဆိုရင် မြန်မာ့တပ်မတော် ရဲ့ အရင်ကလူ့အခွင့်အရေးကို အကြီး အကျယ် ချိုးဖောက်ခဲ့တဲ့ အစဉ်အလာကြီး နည်းနည်းဖြစ်ဖြစ် ပြန်ပြောမှ ဖြစ်ပါလိမ့် မယ်။ အရင်ခေတ်တုန်းကဆို မြန်မာ့တပ် မတော်ဟာ စစ်ဆင်ရေးတွေ လုပ်ဖို့ မြို့ပေါ် က နိုင်ငံသားတွေကို ပေါ်တာ အထမ်း သမားတွေအဖြစ် အတင်းအကျပ် ဖမ်းဆီး ခေါ်ဆောင် မတရားခိုင်းစေလေ့ ရှိပါတယ်။ စစ်ကြောင်းသွားရာ လမ်းတစ်လျှောက်က ကျေးရွာသား၊ ကျေးရွာသူတွေကို အတင်း အားဓမ္မ ဖမ်းဆီးပြီး အထမ်းသမား ပေါ်တာ လုပ်ခိုင်းတာ၊ လမ်းပြခိုင်းတာ၊ လူသားမြေ မြှုပ်မိုင်းရှင်းသူ အဖြစ် ရှေ့ကနေ သွားခိုင်း တာ စတာတွေ လုပ်ခဲ့ဖူးပါတယ်။

ဒါတင်မက ပေါ်တာ အထမ်းသမားတွေ အဖြစ်၊ လူသားမိုင်းရှင်းသူတွေ အဖြစ် အကျဉ်းသားတွေကိုလည်း အသုံးပြုခဲ့ပါ သေးတယ်။ အဲဒီခေတ် အဲဒီ အချိန်တုန်းက ရှေ့တန်းမှာ လက်နက်လာချတဲ့ တစ်ဖက် လက်နက်ကိုင်အဖွဲ့က တပ်ဖွဲ့ဝင်တွေကို လည်း ခုလိုပဲ လမ်းပြအဖြစ် အတင်းအကျပ် ပြန်လည် ခိုင်းစေတာ၊ လူသား မိုင်းရှင်း ကိရိယာအဖြစ် ပြန်သုံးတာ၊ စစ်ကြောင်းရှေ့ က သွားခိုင်းပြီး ပစ်ရင်ခတ်ရင် အရင်သေ အောင် ကျည်ကာအဖြစ် အသုံးချတာ၊ ကြည့် မရရင် ထွက်ပြေးတယ်ဆိုပြီး ဖြောင့် ပစ်သတ်တာ စသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု များစွာလုပ်ခဲ့ဖူးတဲ့ သာဓက တွေ ရှိခဲ့ပါတယ်။ ဒီထက်ဆိုးတာတွေလည်း အများကြီးရှိပြီး ရှေ့တန်းမှာ ဘယ်လို တရား ဥပဒေကိုမှ လေးစားလိုက်နာ စောင့်ထိန်း ခြင်း မရှိခဲ့ပါဘူး။

နောက်ပိုင်း တိုင်းပြည်မှာ အပြောင်းအလဲ တွေ လုပ်လာတဲ့အခါ တပ်မတော်ကလည်း ကောင်းမွန်တဲ့ အပြောင်းအလဲ တချို့ လုပ်ခဲ့ ပါတယ်။ ကလေးစစ်သား စုဆောင်းတာတွေ ရပ်ဆိုင်းပါတယ်။ အသက်မပြည့်ဘဲ ရောက် နေနှင့်ပြီးသားသူတွေကို မိဘ ရပ်ထံ ပြန်လွှဲ ပေးပါတယ်။ မြို့တွေပေါ်မှာ ပေါ်တာမဆွဲ တော့ပါဘူး။ ကျေးလက်က လူတွေကို ဖမ်းဆီးပြီး လူသားမိုင်းရှင်းကိရိယာအဖြစ် သုံးတယ်ဆိုတဲ့ သတင်းမျိုးတွေလည်း မကြားရသလောက် ဖြစ်လာပါတယ်။ ဒီလို ကောင်းမွန်တဲ့ အပြောင်းအလဲ လုပ်နေတဲ့ အခြေအနေအောက်မှာ အခုလို ကိုပါကြီး ဥပဒေမဲ့ သတ်ဖြတ်ခံရတဲ့ ဖြစ်ရပ် ပေါ်ပေါက် လာတာ ဖြစ်ပါတယ်။

ကိုပါကြီး ပစ်ခတ်ခံရမှုနဲ့ ပတ်သက်ပြီး တပ်မတော်ဘက်က ဖြေရှင်းတဲ့ စာရဲ့ နောက် ဆုံးအပိုင်းမှာ ဖော်ပြထားပေမယ့် ရှေ့နောက် မညီတာတွေ၊ သံသယ ဖြစ်စရာတွေ အများ ကြီး တွေ့ကြရပါတယ်။ ဒါပေမဲ့ အရေး အကြီးဆုံးကတော့ ဖမ်းဆီးမိတဲ့ နိုင်ငံသား တစ်ယောက်ကို ဒါမှမဟုတ် စစ်သုံ့ပန်း တစ်ယောက်ကို စစ်မြေပြင်ဆီ ခေါ်သွားလို့ ရသလား၊ ဥပဒေက ခွင့်ပြုထားသလား ဆိုတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ဟာ ဒီပြဿနာကြီး တိုင်းသိပြည်သိ ဖြေရှင်းရပါ တော့မယ်။ အမိန့်ပေး စေခိုင်းသူ ဒါမှမဟုတ် အောက်ခြေ တပ်ရင်းတပ်ဖွဲ့က လုပ်တာကိုင် တာ မှားတယ် ဆိုရင်လည်း မှားတဲ့အတိုင်း ဝန်ခံရပါလိမ့်မယ်။

"ဒီလိုမှမဟုတ်ရင် မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်တဲ့ ကိုပါကြီး တပ်မတော် တပ်ဖွဲ့တစ်ခုရဲ့ ထိန်းသိမ်းမှုအောက်မှာ ရှိနေစဉ်အတွင်း ပစ်သတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်နေပါ တယ် ဆိုတဲ့ တပ်မတော်ရဲ့ ပုံရိပ်ကို အကြီး အကျယ် ထိခိုက်စေမှာ ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

ရန်ကုန်ဘူတာကြီး၌ မြို့ပတ်ရထားလက်မှတ်ဝယ်ယူနေသူတစ်ဦးကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

မြို့ပတ်ရထား လက်မှတ်ခ မိုင်နှုန်းဖြင့် ကောက်ခံမည်

အေးငြိမ်းဝင်း
ayenyeinwin.mcm@gmail.com

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလက်မှတ်ခများကို မိုင်နှုန်းဖြင့်ကောက်ခံခြင်းစနစ် ပြင်ဆင်သတ်မှတ်သွားမည် ဖြစ်သည်။

"နိုဝင်ဘာလ ၁ ရက်နေ့ကစပြီး ရထားလက်မှတ်ခတွေကို မိုင်နှုန်းနဲ့ သတ်မှတ်ပြီး ကောက်ခံမယ်။ သုည မိုင်ကနေ ၁၅ မိုင်အထိကို ကျပ် ၅၀ နဲ့ ၁၅ မိုင်ကနေ မိုင် ၃၀ အတွင်းကို ကျပ် ၁၀၀ အဖြစ်ပြောင်းလဲ ကောက်ခံသွားမယ်" ဟု မြန်မာ့မီးရထား၊ အောက်မြန်မာပြည် အထွေထွေမန်နေဂျာဦးထွန်းအောင်သင်းက ပြောသည်။

အဆိုပါကောက်ခံမှုပုံစံကို ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကျင့်သုံးခဲ့ဖူးပြီး လက်မှတ်ခနှုန်းထားများမှာ သုည မိုင်မှ ၁၅ မိုင်အတွင်း ကျပ် ၁၀၊ ၁၅ မိုင်မှ မိုင် ၃၀ အတွင်း ကျပ် ၂၀ နှင့် မြို့ပတ်လက်မှတ်ခ တစ်စောင်လျှင် ကျပ် ၂၀ နှုန်းဖြစ်ပြီး ဘူတာအလိုက် ဘူတာအမည်၊ လက်ဝဲရစ်၊ လက်ယာရစ် ၁၅ မိုင်အထိ ဘူတာများကိုရိုက်နှိပ်ဖော်ပြထားခဲ့သည်။ ခရီးသည်များကလည်း မိုင်အကွာအဝေး သတ်မှတ်ချက်ဖြင့် ရောင်းချမှုကို နားလည်ပြီး ခရီးစဉ်တစ်ခုတည်းအတွက်ဆိုသည်ကို သိရှိသည့်အပြင် ခရီးစဉ်အတွက် အဆင့်ဆင့်လက်မှတ် ဝယ်ယူရမည်ကိုနားလည်ခဲ့ကြသည်။ လက်မှတ်ရောင်းချသော ဝန်ထမ်းများ၊ လက်မှတ်စစ်ဆေးသော ဝန်ထမ်းများအနေဖြင့်လည်း ရောင်းချမှု၊ စစ်ဆေးမှု လွယ်ကူသော စနစ်ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှ စတင်၍ ရထားလက်မှတ်များကို သုံးဆမြှင့်တင်ခဲ့ရာ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ၏ လက်မှတ်ခကိုလည်း ကျပ် ၁၀၀ အဖြစ် သတ်မှတ်ခဲ့ပြီး ခရီးစဉ်နှစ်ခု သို့မဟုတ် အသွား၊ အပြန်စီးနင်းနိုင်သည်ဟု သတ်မှတ်ခဲ့သည်။ မူလစနစ်ဖြစ်သည့် မိုင်အကွာအဝေးပေါ်မူတည်ခြင်း မရှိတော့ဘဲ ရထားပေါ်က မဆင်းမချင်း ခရီးစဉ်တစ်ခုဟု သတ်မှတ်ခဲ့သည်။

"ဒီစနစ်ကို ကျင့်သုံးခဲ့တာကတော့ ခရီးသည်အနေနဲ့ ရထားစီးရာမှာ အချိန်ကုန်သက်သာစေရေးနဲ့ အကြွေပြန်အမ်းရတဲ့ပြဿနာ လျော့နည်းရေးအတွက် ရည်ရွယ်ခဲ့ပေမယ့် ကျွန်တော်တို့ဘက်က အားနည်းချက်တွေကြောင့် ခရီးသည်တချို့က အခွင့်အရေးယူတာတွေ ရှိခဲ့တယ်" ဟု ဦးထွန်းအောင်သင်းက ပြောသည်။

ဘူတာများ တည်ဆောက်ထားမှု အခြေအနေအရ အကာအရံအားနည်းမှုကြောင့် တစ်နေရာတည်းက ဝင်ထွက်ရမည့်အစားနေရာတိုင်းမှ ဝင် ထွက်နိုင်ခြင်း၊ ရန်ကုန်၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ပုဇွန်တောင်၊ သဃ်န်းကျွန်းဘူတာ တို့မှ လွဲ၍ ကျန်ဘူတာများတွင် လက်မှတ်သိမ်းဆည်းနိုင်မှုမရှိခြင်း၊ လက်မှတ်စစ် အင် အား လျော့နည်းခြင်းတို့ကြောင့် ရထားတိုင်းကို အချိန်ပြည့်၊ အင်အားပြည့် စစ်ဆေးနိုင်မှုမရှိခြင်း၊ လက်မှတ်ပေါ်တွင်လည်း လက်ဝဲရစ်လက်ယာရစ် မပါခြင်း၊ ခရီးဆုံးဘူတာ မရိုက်နှိပ်နိုင်သည့် အားနည်းချက်များရှိခဲ့သည်။

ထို့ကြောင့် ခရီးသည်အချို့က ခရီးစဉ်တစ်ခုပြီးဆုံးချိန်၌ ဆင်းသည့်ဘူတာတွင် လက်မှတ်ကို မအပ်နှံခြင်း၊ လက်မှတ်သိမ်းမှုအားနည်းချက်အပေါ် ခရီးသည် အချင်းချင်းလက်မှတ်ကို လက်ဆင့်ကမ်းခြင်း၊ လက်မှတ်တစ်စောင်တည်းကိုပင် အကြိမ်ကြိမ် အသုံးပြုစီးနင်းခြင်း၊ လက်မှတ်ကို နှစ်ပိုင်းခွဲ၍ တစ်ဦးလျှင် တစ်ပိုင်းစီကိုင်ဆောင်၍ အစစ်ဆေးခံခြင်းများရေးပြုလုပ်လာကြသည်ဟု သိရသည်။

အဆိုပါ အားနည်းချက်များ မရှိစေရေးအတွက် မြန်မာ့မီးရထားက ၂၀၁၃ ခုနှစ်မှ စတင်၍ လက်မှတ်တစ်စောင်ကိုခရီးစဉ်နှစ်ခု၊ သို့မဟုတ် အသွား အပြန် သုံးခွင့်မပြုတော့ဘဲ ခရီးစဉ်တစ်ခု အတွက်သာ သတ်မှတ်ရောင်းချပေးခဲ့သည်။ လက်ရှိ ရထားစီးနင်းခများမှာ ရိုးရိုး ကျပ် ၁၀၀၊ အဆင့်မြင့်တွဲဆိုင်း ကျပ် ၂၀၀၊ Air Con RBE ကျပ် ၃၀၀ ဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ တစ်နေ့ကို မြို့ပတ် ရထား ၂၃ စင်းနဲ့ ၂၁၂ ခေါက်ပြေးဆွဲတယ်။ ဝင်ငွေက တစ်ရက်ကို ကျပ် သိန်း ၈၀ ကျော်လောက်ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆီဖိုးမရဘူး။ ဆီဖိုးရဖို့က တစ်ရက်ကို ရှစ်သိန်းကနေ ၁၀ သိန်းကြားလိုတယ်။ မြို့ပတ်ရထားအတွက် တစ်ရက်ကို ကျပ် သိန်း ၁၀၀ လောက်နိုင်ငံတော်က စိုက်ထုတ်ပေးနေရတယ်။ မိုင်နှုန်းနဲ့သတ်မှတ်တဲ့စနစ်ကို ပြောင်းလိုက်မယ်ဆိုရင် မြို့ပတ်ရထားက တစ်နေ့ကို ကျပ် ၂၄ သိန်း ဝင်နေရာကနေ ကျပ် သိန်း ၄၀ ကျော်ကျော်လောက်ဖြစ်သွားမယ်" ဟု ဒုတိယ အထွေထွေမန်နေဂျာ ဦးဇော်ဖေစိန်က ပြောကြားသည်။ ■

ဥရောပသမဂ္ဂက လမ်းပြမြေပုံဆွဲကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီသွားမည်

ချယ်ရီသိန်း
t.cherry6@gmail.com

မြန်မာနိုင်ငံအတွင်း လက်ရှိအရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခြေအနေကို နားလည်သဘောပေါက်စေရန်နှင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင် ၎င်းတို့၏ပူးပေါင်းပါဝင်မှုကို ပံ့ပိုးပေးနိုင်ရေးအတွက် ဥရောပသမဂ္ဂက လမ်းပြမြေပုံရေးဆွဲ၍ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ လမ်းပြမြေပုံဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂ သံအမတ်ကြီးက ပြောသည်။

"ဥရောပသမဂ္ဂအနေနဲ့ နိုင်ငံရေးအရသော်လည်းကောင်း၊ ဘဏ္ဍာရေးအရသော်လည်းကောင်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ပံ့ပိုးကူညီနိုင်ပေမယ့် ပံ့ပိုးကူညီမှုတွေက အောက်ခြေမှာဖြစ်နေတဲ့ အခြေအနေမှန်တွေကို အခြေခံဖို့ လိုအပ်တယ်။ ပြည်သူတွေရဲ့ အသံတွေကို နားထောင်ဖို့ လိုတဲ့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးဖို့ လိုတယ်။ ဒီမိုကရေစီဆိုတာ အခွင့်အရေးနဲ့ အခွင့်အလမ်းချည်းပေးနေတာ မဟုတ်ဘူး။ တစ်ချိန်တည်းမှာပဲ တာဝန်ဝတ္တရားတွေရှိနေတယ်။ အားကစားတစ်ခုလို ထိုင်ကြည့်နေရတာမျိုး မဟုတ်ဘူး။ ပါဝင်ဆောင်ရွက်ရတာပါ။ ဒါကြောင့် ဥရောပသမဂ္ဂအနေနဲ့ လူ့အဖွဲ့အစည်းတွေရဲ့ လိုအပ်ချက်၊ မျှော်လင့်ချက်၊ ရည်မှန်းချက်တွေကိုသိဖို့ လိုအပ်တယ်"ဟု သံအမတ်ကြီး မစ္စတာရိုလန် ကိုဘီယာက ပြောသည်။

ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်တွင်းလူ့အဖွဲ့အစည်းများအား ပံ့ပိုးကူညီရန် ကိစ္စရပ်များနှင့်ပတ်သက်၍ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အောက်တိုဘာလ ၂၂ ရက်နေ့က ရန်ကုန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ကဏ္ဍအသီးသီးက လှုပ်ရှားဆောင်ရွက်နေကြသော ပြည်တွင်းအရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကကိုယ်စားလှယ် ၈၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍အလားတူ ဆွေးနွေးပွဲများကို အောက်တိုဘာလ ၂၄ ရက်နေ့တွင်မန္တလေးမြို့၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မော်လမြိုင်နှင့် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တို့တွင် ပြုလုပ်သွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများ၏ ရလဒ်များဖြင့် ၂၀၁၄ - ၁၇ ခုနှစ်တွင် ပြီးပြည့်စုံပြီး အားလုံးပါဝင်မှုရှိသည့် ဥရောပ သမဂ္ဂ၏ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဖြစ်မည့် ဥရောပသမဂ္ဂ အရပ်ဘက်လူ့အဖွဲ့အစည်းများ လမ်းပြမြေပုံ တစ်ခုရေးဆွဲသွားမည် ဖြစ်သည်။

မြေပုံသည် အရပ်ဘက်အဖွဲ့အစည်းများရှင်သန်ဖွံ့ဖြိုးနိုင်သည့် ပတ်ဝန်းကျင် အခြေအနေကောင်း တစ်ခုဖန်တီးရန်နှင့် မူဝါဒပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှု၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု စသောလုပ်ငန်းစဉ်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန် ဖြစ်သည်။ ■

ကိုးကန့်စီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီ



စန္ဒာလွင်
sdlsandar@gmail.com

တရုတ် - မြန်မာ နယ်စပ်မျဉ်းအနီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ကြီးကြပ် အကောင်အထည်ဖော်လျက်ရှိသည့် ကိုးကန့်စီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိကာ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို စတင်ဖိတ်ခေါ်လျက်ရှိကြောင်း ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဆွေက ပြောသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်အတွင်း တရုတ်-မြန်မာ နယ်စပ်မျဉ်းနှင့် မီတာ ၂၀ အကွာတွင် နှစ်အတန်ကြာမှ စတင်ခဲ့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့က အကောင်အထည်ဖော်နေသော ဇုန်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)က အောက်တိုဘာလ ၃ ရက်တွင် တရားဝင် စီးပွားရေးဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

"MIC က ခွင့်ပြုချက် ရပြီးပြီ။ အဖွဲ့အလိုက် စလုပ်နေတာ ၂၀ ရာခိုင်နှုန်းလောက်ပြီးပြီ။ ရေ၊ လျှပ်စစ်မီး သွယ်ပြီးနေပြီ"ဟု ဦးကျော်ဆွေက မြန်မာတိုင်း(မ်)ကို တယ်လီဖုန်းမှတစ်ဆင့် ပြောသည်။

၎င်းဇုန်ကို အထူးစီးပွားရေးဇုန်အဆင့် မဟုတ်ဘဲ စီးပွားရေးဇုန်အဆင့်အဖြစ်သာ သတ်မှတ်သည့်အတွက် အထူးစီးပွားရေးဇုန် ဥပဒေ သီးခြားမပြဋ္ဌာန်းဘဲ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ စီမံခန့်ခွဲမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က ပြောသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသများတွင် ပထမဆုံး တရားဝင် ခွင့်ပြုသည့် ဇုန်ဖြစ်ပြီး ဒေသတည်ငြိမ်မှု အတိုင်းအတာအရ အကောင်အထည် ဖော်ရန် အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ပါပဲ။ တရုတ်နဲ့လည်း ကပ်နေတော့ ကြံ၊ ရော်ဘာ စတဲ့ ဒေသထွက် စိုက်ပျိုးရေးထွက်ကုန်တွေကို value added လုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ နောက် စီးပွားရေးကောင်းမွန်မှ ဘိန်းထုတ်လုပ်မှု လျော့နည်းပပျောက်နိုင်မှာဖြစ်လို့ အဲဒီအတွက်လည်း ရည်ရွယ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဇုန်မှာ ဧရိယာ ၁,၀၀၇ ဧက ကျယ်ဝန်းကာ ကိုးကန့်တိုင်းရင်းသားပိုင် ကိုးကန့်မာလီပါး ဖွံ့ဖြိုးရေးကုမ္ပဏီက အကောင်အထည်နေခြင်းဖြစ်ပြီး ကုန်သွယ်ရေးဇုန်၊ ဟိုတယ်ဇုန်၊ အလတ်စားနှင့် အသေးစား စက်မှုလုပ်ငန်းဇုန်များ၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်ရေးဇုန်များ ပါဝင်သည်။ အပိုင်းလိုက် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး အခြေခံ အဆောက်အအုံ တည်ဆောက်မှုများ ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးကာ ၂၀၁၆ ခုနှစ်၊ နှစ်ဆန်းတွင် လုပ်ငန်းများ စတင်လည်ပတ်ရန် ရည်မှန်းထားသည်။

"ရင်းနှီးမြှုပ်နှံမှုတွေကို တစ်ဖက်တရုတ်နိုင်ငံနဲ့ နောက်ပြည်မထဲမှာလည်း ဖိတ်ခေါ်နေတယ်။ တချို့ ဦးစီးအဖွဲ့က ဖိတ်ခေါ်ထားပြီးတာလည်း ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်မယ့် အသေးစိတ် အစီအစဉ်တွေကို ဦးစီးအဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင် ကိုးဦး ညှိနှိုင်း တိုင်ပင်နေပါတယ်"ဟု ဦးကျော်ဆွေက ပြောသည်။

"တရုတ်နဲ့က ကပ်နေတော့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေက ဒီမှာလာ ရင်းနှီးမြှုပ်နှံဖို့ မျှော်လင့်ပါတယ်။ ဒီမှာက ကုန်ကြမ်းတွေရှိတယ်။ ဒေသအတွက်လည်း အလုပ်အကိုင်တွေ ရဖို့ရည်ရွယ်တယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဇုန်ကို ယခင် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ကနဦးစီစဉ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီးနောက် ရပ်ဆိုင်းထားခဲ့သည်။

လက်ရှိတွင် ဒေသတွင်း တည်ငြိမ်မှု တိုးတက်လျက်ရှိသော်လည်း စီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်နှင့် ရေရှည်အောင်မြင်ရန်အတွက်မူ အကန့်အသတ် ရှိနိုင်သေးကြောင်း ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးထွန်းနိုင်က ပြောသည်။

"ကိုးကန့်စီးပွားရေးဇုန်အောင်မြင်မှုဟာ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့လည်း ဆိုင်တယ်။ ဒေသမှာ အေးချမ်းမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။

"မျှော်လင့်ပါတယ်။ ဒေသတည်ငြိမ်မှုမရှိဘူးဆိုရင် စီးပွားတည်ဆောက်မှုတွေက ပြောရတာခက်ပါတယ်။ အောင်မြင်ရင်တော့ ဒေသမှာ အကျိုးရှိမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ စီးပွားရေးဇုန် အောင်မြင်ပါက ကိုးကန့် ဒေသအတွင်း အလုပ်အကိုင် ၂၀,၀၀၀ ခန့် ရရှိရန် ခန့်မှန်းကြောင်းနှင့် အခြားနယ်စပ်ကုန်သွယ်ရေးဇုန်နှင့် ဂိတ်များ ထပ်မံ ဖော်ထုတ်နိုင်ရန် စူးစမ်းမှုအချို့ လုပ်ဆောင်လျက်ရှိကြောင်း ဦးကျော်ဆွေက ပြောသည်။

"ဒေသတည်ငြိမ်ရေးဆိုတာ ဒီဒေသက လူတွေမှာ စီးပွားရေးက အရေးကြီးတယ်။ ဒေသက လူတွေက ဒီဟာကို စိတ်အားထက်သန်စွာနဲ့ ဖြစ်စေချင်နေတယ်။ အခုက ကုန်ကြမ်းပဲ ဟိုဘက်ကို သွားနေတာကိုး။ ကုန်ချော လုပ်နိုင်ရင် ပိုကောင်းတယ်လေ"ဟု ၎င်းက ပြောသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်များ ပါဝင်ပြီး ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးဂိတ် ဖွင့်လှစ် လုပ်ကိုင်လျက်ရှိသည်။ ■

မအူပင် အမျိုးသမီး မိဘမဲ့ဂေဟာ လာမည့်နှစ်၌ စတင်လက်ခံမည်

ချယ်ရီသိန်း
t.cherry6@gmail.com

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ အိုင်ဝိုင်းကျေးရွာတွင် မေတ္တာရှင် အမျိုးသမီး မိဘမဲ့ဂေဟာကို တည်ဆောက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်၊ နှစ်ဆန်းပိုင်းမှ စတင်ခါ မိဘမဲ့အမျိုးသမီးငယ် ၁၀၀ ကို စတင်လက်ခံသွားမည်ဖြစ်ကြောင်း ဂေဟာတာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးအောင်ကျော်မိုးက ပြောသည်။

"မိဘမဲ့ကလေးတွေမှာ ယောကျ်ားလေးဆို ဘယ်ဘုန်းကြီးကျောင်းတက်နေ အနည်းဆုံးတော့အဆင်ပြေသေးတယ်။ လက်လည်းလက်ခံကြတယ်။ မိန်းကလေးတွေကျတော့ တော်ရုံအဆင်မပြေနိုင်ဘူး။ ဒါကြောင့် မိန်းကလေးတွေအတွက် သီးသန့်ဂေဟာလုပ်ဖို့ စီစဉ်တာပါ။ တစ်နိုင်ငံလုံးမှာရှိတဲ့ မိဘမဲ့၊ ခိုကိုးရာမဲ့ မိန်းကလေးတွေကို လက်ခံစောင့်ရှောက်ပေးသွားနိုင်ဖို့ ရည်ရွယ်တယ်။ သူတို့ကို ပညာသင်ပေးမယ်။ နောက် အလုပ်ရရင် အချိန်မရွေး ဂေဟာကသွားနိုင်တယ်။ ဂေဟာမှာ ပြန်အလုပ်လုပ်ချင်တယ်ဆိုလည်း လက်ခံမယ်"ဟု ဦးအောင်ကျော်မိုးက ပြောသည်။

ဂေဟာတွင် အသက်တစ်နှစ်မှ စတင်လက်ခံမည်ဖြစ်ပြီး၊ ကျန်းမာရေးကောင်းမွန်၍ အမှန်တကယ် မိဘမရှိသော အမျိုးသမီးဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ ရပ်မိရပ်ဖ တာဝန်ရှိသူများ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ ဂေဟာတွင် လူမျိုး၊ ဘာသာမရွေးလက်ခံမည်ဖြစ်ပြီး မိမိ နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။

လက်ရှိအချိန်တွင် ကချင်၊ ကရင်၊ ဗမာနှင့် ရခိုင်၊ ကလေး ၁၅ ဦးကို လက်ခံစောင့်ရှောက်ထားရသည်။ ကလေး ၁၀ ဦးကို အခြေခံပညာအလယ်တန်းအဆင့်၊ သုံးဦးကို မူလတန်းအဆင့် အသီးသီးကျောင်းထားပေးလျက်ရှိပြီး ကျန်နှစ်ဦးမှာ အသက်မပြည့်သဖြင့် ပညာသင်ကြားခွင့် မရသေးကြောင်းသိရသည်။

ဂေဟာကို မေတ္တာရှင် ရွှေပြည်သာ ဆရာတော်၏ ညွှန်ကြားမှုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဦးသန်းထိုက်အောင်က မြေငါးဧကကိုဂေဟာအတွက်လှူဒါန်းခဲ့ကာ ဆရာတော်က မြေတစ်ဧကကျော် ဝယ်ယူလှူဒါန်းခဲ့ကြောင်းသိရသည်။ လက်ရှိဂေဟာတွင် သုံးထပ်တစ်ဆောင်နှင့် ထမင်းစားဆောင်များတည်ဆောက်နေသည်။ ■

ချင်းရွှေဟော်၌ နယ်စပ်ကုန်သွယ်ရေး စခန်းခွဲတစ်ခု ထပ်မံ ဖွင့်လှစ်ရန် စီစဉ်နေ

စန္ဒာလွင်
sdlsandar@gmail.com

ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်ရှိ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး စခန်းအနီးတွင် စခန်းခွဲတစ်ခု ထပ်မံ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးဖြစ်သူက ပြောကြားသည်။

တရုတ်-မြန်မာနယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသည် ရာသီအလိုက် သီးနှံပေါ်ချိန်တွင် ကုန်တင်ပို့မှု များပြားကာ ကြန့်ကြာမှုများ ရှိသည့်အတွက် စခန်းခွဲဖွင့်လှစ်ရန် စီစဉ်ခြင်း ဖြစ်ကြောင်း ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကျော်ဆွေက ပြောသည်။

"ပြည်နယ်ကို တင်ထားပြီးပြီ။ အခိက ကတော့ ကြံ၊ ရာသီမှာ ငါးရက်၊ ခြောက်ရက်လောက်ဆို ကြံက မကောင်းတော့ဘူးလေ။ ခြောက်တာတို့ ဘာတို့ ဖြစ်လာတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ ချင်းရွှေဟော်နယ်စပ်စခန်းနှင့် မလှမ်းမကမ်းနေရာတွင် လျာထားကာ စီမံချက်တွင် စခန်းနှစ်ခုမှတစ်ဆင့် ကုန်တင်ပို့မှုများအတွက် မြို့ရှောင်လမ်းပူးတွဲဖောက်လုပ်ရန် စီမံချက်တင်ပြထားခြင်း ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

"လူကြီးတွေကို ချင်းရွှေဟော် မြို့ရှောင်လမ်းနဲ့ ချင်းရွှေဟော် ဂိတ်ခွဲအဖြစ် တင်ထားတယ်။ ချင်းရွှေဟော်မြို့က သေးသေးလေးဆိုတော့ ကားတွေကလည်း မြို့ထဲ ပိတ်တာကိုး။

> တရုတ်နဲ့ ဟိုဘက်က မြစ်နဲ့ ကပ်နေတာ ဆိုတော့ ဂိတ်နှစ်ခု ခွဲလုပ်ချင်တာပါ။ နေရာကတော့ နီးနီးလေးပါ။ လှမ်းခေါ်ရင် ကြားသလောက်ပါပဲ
>
> ....

တရုတ်နဲ့ ဟိုဘက်ကမြစ်နဲ့ကပ်နေတာ ဆိုတော့ ဂိတ်နှစ်ခု ခွဲလုပ်ချင်တာပါ။ နေရာကတော့ နီးနီးလေးပါ။ လှမ်းခေါ်ရင် ကြားသလောက်ပါပဲ" ဟု ၎င်းက ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိပါက အဆိုပါ ဂိတ်ခွဲကို လာမည့် ကြံရာသီအမီ အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

လောက်ကိုင်မြို့နယ်နှင့် ကုန်ကြမ်းမြို့နယ်တို့ပါဝင်သည့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကြံ၊ ရာဘာ၊ ဖူးစားပြောင်း၊ လက်ဖက်တို့ အဓိက စိုက်ပျိုးပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ အဆိုပါ သီးနှံလေးမျိုး တင်ပို့မှုသည် ကိုးကန့်ဒေသ စီးပွားရေး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

လက်ရှိ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖူးစားပြောင်း၊ နှမ်း၊ ဆန်၊ ပဲတီစိမ်း၊ မြေပဲဆံ၊ ကြံ၊ ရာဘာ၊ ငါးရှဉ့်၊ ငရုတ်သီးခြောက်၊ ဆံပင်တို့ အများဆုံး တင်ပို့လျက်ရှိပြီး ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ အချိုမှုန့်၊ ဆပ်ပြာမှုန့်၊ စားအုန်းဆီ၊ ခေါက်ဆွဲခြောက်၊ သွပ်နန်းကြိုး၊ ဝရိန်ချောင်း၊ အိမ်ရိုက်သံများ အများဆုံး တင်သွင်းကြောင်း စီးပွားကူးသန်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

တရုတ်မြန်မာ နယ်စပ်တွင် လက်ရှိမူဆယ်၊ ရွှေလီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် လိုင်ဇာ နယ်စပ် ကုန်သွယ်ရေး စခန်းတို့ ဖွင့်လှစ်ထားသည်။ ■

ယာယာဉ်ကြောဌ် မမောင်းသည့်လိုင်းကားများကိုပြန်လည်အရေးယူ

အေးငြိမ်းဝင်းနှင့် တိုးဝေအောင်
ayenyeinwin.mcm@gmail.com
toewaiaung.mcm@gmail.com

ခရီးသည်တင်လိုင်းကားများကို လက်ယာဘက် ယာဉ်ကြောမှ မောင်းနှင်စေသည့်စနစ်ကို ပြန်လည်ကျင့်သုံးမည်ဖြစ်ရာ ထိုကဲ့သို့ မောင်းနှင်ခြင်းမရှိပါက အရေးယူမှုများ ဆောင်ရွက်သွားမည်ဟု ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လက်ယာကပ် ညာအစွန်မောင်းနှင်ခြင်း မရှိတဲ့ ခရီးသည်တင်ယာဉ်တွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းပြီးတော့ အရေးယူသွားမှာပါ။ အောက်တိုဘာလ ၂၃ ရက်နေ့ကစပြီးတော့ ခရီးသည်တင်ယာဉ်တွေကို ညာအစွန်ကပ်မောင်းဖို့ အသိပညာပေးဆောင်ရွက်နေပါတယ်။ အချက်အချာကျတဲ့ မီးပွိုင့်နေရာ ၂၀ မှာ အများပြည်သူတွေသိရှိစေဖို့အတွက် အလိုအလျောက်ဟွန်းစပီကာများ တပ်ဆင်အသုံးပြုနေပါပြီ။ ဟွန်းစပီကာတွေကို ရန်ကုန်မြို့တွင်း အချက်အချာကျတဲ့ နေရာတွေဖြစ်တဲ့ မြို့တွင်းမြို့နယ်တွေအပြင် ယာဉ်ကြောရှုပ်ထွေးတဲ့ နေရာတွေမှာ တိုးချဲ့တပ်ဆင်သွားဖို့ စီစဉ်ထားသလို တခြားမြို့နယ်တွေမှာလည်း တပ်ဆင်သွားမယ်။ လက်ယာဘက်ကပ်မမောင်းတဲ့ခရီးသည်တင်ယာဉ်တွေကို မော်တော်ယာဉ်နည်းဥပဒေအရ အရေးယူသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုတိယရဲမှူးကြီးလင်းထွဋ်က ယခုလ ၂၄ ရက်တွင် ပြောသည်။

ခရီးသည်တင်လိုင်းကားတစ်စီးအား ကျော်တက်မောင်းနှင်နေသည့် လိုင်းကားတစ်စီးကို ရန်ကုန်မြို့လယ်၌ တွေ့ရစဉ်။ ဓာတ်ပုံ - ဘူးသီး

ခရီးသည်တင် လိုင်းကားများကို လက်ယာဘက်ယာဉ်ကြောမှ မောင်းနှင်စေသည့်စနစ် ပြန်လည်ကျင့်သုံးရန် ပြင်ဆင်နေသည်ဟု မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ယခုလ ၂၂ ရက်နေ့တွင် မီဒီယာ တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘတ်စ်ကားတွေကိုညာဘက်ယာဉ်ကြောကနေ သွားဖို့အတွက် စီမံဆောင်ရွက်နေတယ်။ မြို့တော်စည်ပင်သာယာရေး ကော်မတီက အခုဆိုရင် မြို့တွင်းခြောက်မြို့နယ်မှာ အကြမ်းအားဖြင့် မျဉ်းဝါလိုင်းတွေ ရေးဆွဲနေပြီလို့ သိရတယ်" ဟု ၎င်းကပြောသည်။

"ဒီစနစ်ကတော့ အရင်ကတည်းကရှိတယ်။ တဖြည်းဖြည်းနဲ့ စည်းစနစ်တွေယိုယွင်းလာတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဘတ်စ်ကားပဲ။ တွေ့ရာနေရာ ကောက်ရပ်လာတယ်။ ပြီးတော့ လမ်းပေါ်မှာ ဘတ်စ်ကားတွေရဲ့ အနိုင်ကျင့်မှုက တဖြည်းဖြည်းများလာတယ်။ ဒီစနစ်ကို ပြန်ကျင့်သုံးခြင်းအားဖြင့် အကျိုးအများကြီး ရှိနိုင်ပါတယ်"ဟု ဦးလှအောင်က ပြောသည်။

လက်ယာကပ်မောင်းနှင်ခြင်း မရှိသည့် ခရီးသည်တင်ယာဉ်များကို ဟွန်းစပီကာ တပ်ဆင်အသုံးပြု၍ အသိပညာပေးခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက် သွားမည်ဖြစ်ရာ ခရီးသည်တင်ယာဉ် ၈၆ စီးကို ၁၉၆၄ ခုနှစ်ဥပဒေအရ မော်တော်ယာဉ်နည်းဥပဒေ ပုဒ်မ ၁၃၁(က)ဖြင့် အရေးယူခဲ့ပြီးဖြစ်သည်။

လက်ယာဘက်မျဉ်းဝါယာဉ်ကြောအတွင်း ခရီးသည်တင်ယာဉ်လိုင်းများသာ မောင်းနှင်ခွင့်ရှိပြီး လမ်းသွယ်အတွင်းသို့ ကွေ့ဝင်မည့် အိမ်စီးကားနှင့် အငှားယာဉ်များလည်း မောင်းနှင်ခွင့်ရှိကြောင်း သိရသည်။

"အိမ်စီးကားက ဘက်စ်ကားယာဉ်ကြောထဲကို မောင်းရင် ၁၃၁(ခ)နဲ့ အနှေးယာဉ်ဝင်မောင်းရင် ၁၃၁(ဂ)ကိုဖောက်ဖျက်ကျူးလွန်တဲ့ အတွက် ၁၇၀(က) နဲ့အရေးယူသွားမယ်" ဟု ယာဉ်ထိန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုစနစ်ကိုကျင့်သုံးရန်အတွက် လမ်းအကျယ်မှာ သုံးလမ်းသွားဖြစ်လျှင်ပိုမိုအဆင်ပြေနိုင်ပြီး အခြေခံလူတန်းစား အများစု အသုံးပြုသော ဘတ်စ်ကားများ ချောချောမွေ့မွေ့သွားလာနိုင်ပါက ခရီးသွားပြည်သူများ ရင်ဆိုင်နေသော ယာဉ်ကြောကျပ်တည်းမှုကြောင့် ကုန်ဆုံးနေရသောအချိန်များ လျော့နည်းသွားမည်ဖြစ်သည်။

"ဘတ်စ်ကားတွေက တစ်လမ်းတည်းမှာပဲ တစ်ဖြောင့်တည်းသွားနေတာဖြစ်တဲ့အတွက် တခြားယာဉ်တွေကို ဒုက္ခပေးတာတွေ၊ ကျော်တက်တာတွေကိုလည်း ကျွန်တော်တို့ အရေးယူပေးနိုင်မယ်။ ခရီးသွားတွေလည်း လမ်းမှာကြန့်ကြာမှု နည်းသွားနိုင်တယ်။ ဘတ်စ်ကားတွေ ညာဘက်ယာဉ်ကြောကနေ သွားလာရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံချက်တစ်ရပ်ချပြီး လုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးလှအောင်ကပြောသည်။ ■

"'ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများလျှား ထားပချေမိ ဝံ့ဝန်ရှိခဲ့" ရှင်မဟာရဋ္ဌသာရ၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့

ပြောပြန်ရင်လည်း အောင်မင်းလွန်

ဦးကျော်အေး

ခြောက်နှစ်တာမျှ ပျင်းရိစွာ ရေးသားခဲ့ရတဲ့ တရားမ ကျင့်ထုံးဥပဒေရဲ့ နောက်ဆုံးအတွဲ (ပဉ္စမတွဲ) အတွက် စာမူအချောကို ပုံနှိပ်တိုက်ကို အပ်ပြီးဖြစ်လို့ အနားယူတဲ့ အချိန်မှာ အာရှ ယူ-၁၉ ဘောလုံးပွဲကလည်း ရှိနေတော့ အတော်ဟန်ကျပါတယ်။ ဒီကြားထဲ ခေတ္တ 'ဗီဇာ' ပိတ်ခံထားရတဲ့ တပည့်ရွှေနေ ရောက်လာပြန်တော့လည်း ထုံးစံအတိုင်း ဥပဒေပြဿနာတွေကို ဆွေးနွေးရပြန်ပါတယ်။

"'တရားမ ကျင့်ထုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ' မှာပါတဲ့ ပြဋ္ဌာန်းချက်တွေအတိုင်း စကားရပ်တွေကို အစားထိုးကြည့်တာ ဘဝင်မကျစရာတွေ တွေ့ရတယ်ဆရာ"

"တော်ပါတော့ကွာ၊ ငါ့ကို လူအမြင်ကတ်အောင် မလုပ်နဲ့တော့၊ ဒီကိစ္စကို 'ယောနိသော မနသိကာရ' လိုက်ပါလို့ ငါပြောထားပြီးပြီ မဟုတ်လား။ ဒီကိစ္စနဲ့ပတ်သက်လို့ မင်းနဲ့ငါ ဆွေးနွေးတဲ့ ဆောင်းပါးတွေမှာ ပြည့်စုံအောင် မဖော်ပြနိုင်ခဲ့ဘူး။ ဥပဒေသမားမဟုတ်တဲ့ စာဖတ်သူတွေကိုလည်း အားနာရသေးတယ်လေ။ အပြည့်အစုံ သိချင်ရင်တော့ နှစ်ကုန်လောက်မှာ ထွက်လာမယ့် ငါ့စာအုပ်ပဉ္စမတွဲမှာ ဖတ်ကြည့်ပါ။ အဲဒီမှာ စာတမ်းငယ်သဘောနဲ့ အပြည့်အစုံ သုံးသပ်ပြထားတယ်"

"ဒါပေမဲ့ အခုကျွန်တော်ပြောတော့မယ့် အချက်လောက်ကိုတော့ ဥပဒေသမားမဟုတ်တဲ့ စာဖတ်သူတွေလည်း စိတ်ဝင်စားမှာပါ ဆရာ"

"ဆိုပါဦး"

"ပြင်ဆင်ချက်ဥပဒေပုဒ်မ ၄(ခ)၊ ပုဒ်မ ၆(က)၊ ပုဒ်မ ၇(က) နဲ့ ပုဒ်မ ၁၁ တွေမှာ "*a* High Court of the Region or *a* High Court of the State" ဆိုတဲ့ စကားရပ်နဲ့ အစားထိုးရမယ်လို့ ပြဋ္ဌာန်းထားပြီး ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၆ (က)၊ ပုဒ်မ ၁၇ (ခ)၊ နဲ့ ပုဒ်မ ၂၁ တွေမှာတော့ "*the* High Court of the Region or *the* High Court of the State" ဆိုတဲ့ စကားရပ်နဲ့ အစားထိုးမယ်လို့ ဆိုပြန်တယ် ဆရာ။ ဥပဒေတစ်ခုတည်းမှာတောင် အဲဒီလို အသုံးအနှုန်း ကွဲပြားနေတာက အဓိပ္ပာယ် ဘယ်လိုခြားနားလို့ပါလဲ ဆရာ"

> "'၂၀၁၄ ခုနှစ်၊ စာချုန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာဥပဒေ'ကွ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါတာ။ ရော့ ဒီမှာ ရှိတယ်။ ဖတ်ကြည့်"

"အဲဒါတော့ တပည့်တော်လည်း မလျှောက်တတ်ဘူးလို့ ပြောသလိုမျိုး ပြောရမှာပဲကွ။ အဲဒီဥပဒေကို ရေးတဲ့လူတွေကို မေးကြည့်မှပဲ သိနိုင်တော့မယ် ထင်တယ်၊ ငါပြောခဲ့တဲ့ ငါရဲ့သုံးသပ်ချက် စာတမ်းငယ်မှာတော့ အဲဒီအချက်လည်းပါတယ်။ မင်းကို မိတ္တူတစ်စောင် ကြိုပေးလိုက်မယ်၊ ဖတ်ကြည့်ပေါ့။ ဒီနေရာမှာတော့ ဒီအချက်ကို ထပ်ပြီး မပြောလိုတော့ဘူး။ အရင်ဆောင်းပါးတွေမှာလည်း အတိုက်အလျောက်တော့ ဆွေးနွေးခဲ့ပြီးပြီပဲလေ"

"နောက်ပြီး ကျွန်တော့်စာအုပ်ထဲမှာ အဲဒီစကားရပ်တွေကိုလိုက်ပြီး အစားထိုးပြင်ဆင်ရတာ ပင်ပန်းလိုက်တာ ဆရာရယ်။ ဆရာ့ဆောင်းပါးမှာ အကြံပြုထားသလို "High Court" ဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုချက် ထည့်ပေးလိုက်ရင် စာတစ်ကြောင်းတည်းနဲ့ ပြီးနိုင်တဲ့ဟာကို"

"အမြင်ချင်းမတူကြဘူးပေါ့ကွာ"

"ဒီအချက်နဲ့ပတ်သက်လို့ ကျွန်တော်ဖတ်ဖူးတဲ့ ဟာသပုံပြင်လေးတစ်ခုကိုသွားပြီး သတိရမိတယ်ဆရာ။ ဆရာလည်း တွေ့ဖူးမလားဘဲ"

"ဆိုပါဦး"

"တစ်ခါတုန်းက တောရွာတစ်ရွာမှာ ရွာသားတစ်ယောက်က အသက်ကြီးမှ ရဟန်းပြုပြီး တောထွက်တယ်တဲ့ဆရာ။ ရွာနဲ့ ခပ်လှမ်းလှမ်း တောစပ်တစ်ခုမှာ ကျောင်းသင်္ခမ်းအဖြစ် တဲငယ်တစ်လုံးဆောက်ပြီး သီတင်းသုံးနေသတဲ့။ သူ့ကျောင်းရှေ့မှာတော့ 'ပုဗ္ဗာရုံကြောင်း' ဆိုတဲ့ အမည်ကို ရေးသားထားသတဲ့ ဆရာ။ ရွာသားတွေ တောမှာ အလုပ်သွားလုပ်ကြတော့ အဲဒီဆိုင်းဘုတ်ကို ဖတ်မိကြပြီး 'ကျောင်း'ကို ကကြီးရရစ်နဲ့ 'ကြောင်း' ထားတာကို ပြက်ရယ်ပြုကြတာပေါ့ဆရာ၊ ကြာလာတော့ တောထွက်ဦးပဉ္စင်းကြီးလည်း သည်းမခံနိုင်တော့ဘဲ။ 'ဟေ့ - ကြောင်းကို ကကြီးရရစ်နဲ့ရေးတော့ ဘယ်မအေ. . . က 'အိမ်'လို့ ဖတ်မှာလဲကွ၊ ဆိုပြီး ထွက်ဆဲသတဲ့ ဆရာ။ အခုလည်းဆရာက article (a နှင့် the) အသုံးများတဲ့ကိစ္စကို ဆရာ့ဆောင်းပါးတွေမှာ ထောက်ပြတော့ အဲဒီတောထွက်ဦးပဉ္စင်းကြီးလိုများ ပြောမလားမသိဘူးဆရာ"

"မင်းကတော့ ကြံကြံဖန်ဖန် တော်တော်ပြောတတ်တာပဲကွာ၊ ဒါကသမုတိသစ္စာကိစ္စပဲ။ မင်းကို ငါပြောခဲ့သလို 'ယောနိသော မနသိကာရ' လိုက်ပါတော့ကွာ။ တစ်ခုတော့ ရှိတာပေါ့၊ အဲဒီဦးပဉ္စင်းကြီးက အဲဒီအချိန်တုန်းက အာဏာပါဝါတွေရှိတဲ့သူ ဖြစ်ခဲ့ရင် အခုဆို မင်းတို့ငါတို့ 'အစိုးရ အထက်တန်းကြောင်း' ဆိုပြီး ရေးနေကြရမယ် ထင်တယ်ကွ။ ဒီကိစ္စ ထားလိုက်ပါတော့ကွာ။ အခုမင်းပြောနေတာက ကိုယ့်ရဲ့မိခင်ဘာသာစကားမဟုတ်တဲ့ အင်္ဂလိပ်ဘာသာစကားကိစ္စပဲကွ။ ဒီထက်ဆိုးတဲ့ ကိုယ့်မိခင်ဘာသာစကား မြန်မာစာနဲ့ ရေးထားတဲ့ ဥပဒေတစ်ခုမှာတောင် အများကြီး ပါနေတာကို တွေ့နေရတယ်ကွ၊ မင်းရော သတိထားမိရဲ့လား"

"ဘယ်ဥပဒေပါလိမ့် ဆရာ"

"'၂၀၁၄ ခုနှစ်၊ စာချုန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာ ဥပဒေ'ကွ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါတာ။ ရော့ ဒီမှာ ရှိတယ်။ ဖတ်ကြည့်"

"ဟုတ်ကဲ့၊ တွေ့ပြီ ဆရာ၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)မှာ မဟုတ်လား ဆရာ"

"ဟုတ်တယ်၊ စာဖတ်သူတွေ သိရအောင် ဖတ်ပြစမ်းပါဦး"

"ဟုတ်ကဲ့၊ ဒီလိုပါ ဆရာ"

'ရှေ့တော်သွင်း စာချုန်တော်အမိန့်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံး တစ်ရုံးရုံး (သို့မဟုတ်) အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချုန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ၊ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်'တဲ့ ဆရာ"

"နောက်တစ်ခုရှိသေးတယ်ကွ။ ပုဒ်မခွဲ (င)

ရာကျမယ်

ကို ဖတ်ကြည့်”

“ဟုတ်ကဲ့၊ ဒီလိုပါ ဆရာ **‘တားမြစ်စေ စာချွန်တော်အမိန့်ဆိုသည်မှာ** တရားရုံး တစ်ရုံးရုံး(သို့မဟုတ်)တရားစီရင်မှုသဘော သက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်း မပြုရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်’တဲ့ ဆရာ”

“ကဲ. . . ဒီမြန်မာစာရေးသားပုံ နှစ်ခုနဲ့ ပတ်သက်ပြီး မင်းအမြင်ကို ပြောပါဦး”

“‘ဖြစ်စေ’ဆိုတာ ‘သို့မဟုတ်’နဲ့ အဓိပ္ပာယ်တူတယ် မဟုတ်လား ဆရာ။ တစ်နည်း ပြောရရင် ‘တစ်ခုမဟုတ် အခြား တစ်ခု’ ကို ရည်ညွှန်းလိုတဲ့အခါမှာ သုံးတာ မဟုတ်လား ဆရာ။

ကျွန်တော့်အထင်ကို ပြောတာပါ”

“မင့်အထင်ကို ပြောလို့ မခိုင်လုံဘူးလေ။ စာဖတ်သူတွေ ယုံကြည်လက်ခံနိုင်အောင် အကြောင်းပြ၊ အထောက်အထားပြရမယ်လေ နိုင်ငံတော်ကိစ္စကြီးဆိုတော့ စိတ်ထင်ရာ စွတ်ပြောလို့ မဖြစ်ဘူးကွ။ မြန်မာစာအဖွဲ့က ထုတ်တဲ့ ဟောဒီမြန်မာအဘိဓာန်မှာ ကြည့်ပြီးပြောပါဦး”

“ဟာ. . . ဆရာ၊ ဒီမြန်မာအဘိဓာန်မှာ ‘ဖြစ် စေ’ ဆိုတဲ့ တည်ပုဒ် မပါပါလား ဆရာ”

“ဟုတ်တယ်၊ ငါရှာတာလည်း မတွေ့ဘူး။ ဒီတော့ မြန်မာစာအဖွဲ့ကပဲ ထုတ်ထားတဲ့ မြန်မာ - အင်္ဂလိပ် အဘိဓာန်ထဲမှာ ရှာကြည့်ပါဦး၊ ရော့ ဒီမှာ”

“ဟာ တွေ့ပြီ ဆရာ၊ ‘တည်ပုဒ်အဖြစ် ဖြစ်စေ. . . ဖြစ်စေ. . .’ဆိုပြီး ‘ဖြစ်စေ’ ကို သုံးရင် နှစ်ကြိမ်သုံးရမယ်ဆိုတဲ့ သဘောနဲ့ ‘ဖြစ်စေ’ ကို နှစ်ကြိမ်ပြထားတယ် ဆရာ”

> “အဲဒီလိုပြောရင် မြန်မာ့အလင်းစာစီဌာနက လူတွေက မင်းကို လာရိုက်လိမ့်မယ်။ ဥပဒေစာစီရာမှာ သူတို့က သိပ်သတိထားတာ”
>
> ....

“အဲဒီမှာ အင်္ဂလိပ်လို အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထားလိုက်တော့၊ မြန်မာလို ဥပမာပြထားတာကိုပဲ ဖတ်ပြစမ်းပါဦး”

“‘မိုးရွာသည် ဖြစ်စေ၊ မရွာသည် ဖြစ်စေ’ တဲ့ ဆရာ၊ နောက်ပြီး ‘မောင်ဘဖြစ်စေ၊ မောင်လှဖြစ်စေ လွှတ်လိုက်ပါ’တဲ့ ဆရာ”

“ဒီတော့ ‘ဖြစ်စေ’ ကို ကြိယာပုဒ်နဲ့ရော နာမ်ပုဒ်နဲ့ပါ တွဲဖက်သုံးနိုင်တယ်ဆိုတာ သိရပြီ။ အမှန်မှာတော့ ‘ဖြစ်စေ’ တစ်ကြိမ်တည်း သာပါတဲ့ မြန်မာဝါကျကို မြန်မာလူမျိုးတစ်ဦးက ဖတ်ကြည့်ရုံနဲ့ မှားနေတယ်ဆိုတာ စိတ်ထဲမှာ ချက်ချင်းသိတာပဲ။ အခုဒီ့က အဘိဓာန် တွေကို ကိုးကားပြီး ပြောနေရတာက နိုင်ငံတော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမှာ မြန်မာစာ ရေးသားပုံ မှားနေတယ်ဆိုတာကို အထောက်အထားနဲ့ ပြောချင်လို့ပဲကွ။ မင်းရော၊ ငါရော မြန်မာစာပေပညာရှင်များ မဟုတ်ကြတော့ ဒို့ ပြောတာ အမှန်ဖြစ်တယ် လို့ လက်ခံချင်မှ လက်ခံကြမှာကိုး။ တကယ်ဆိုတော့ ပြောမယ့် သာ ပြောနေရတာပါ။

အဲဒီဥပဒေထဲမှာပဲ‘ဖြစ်စေ’ပါတဲ့ ပုဒ်မခွဲ(ဃ) ကို ဖတ်ကြည့်လိုက်ရင် အခုဒို့ပြောနေတဲ့ အထောက်အထားကိုတောင် ပြနေဖို့လိုတော့မှာ မဟုတ်ဘူးကွ။ ပုဒ်မခွဲ(ဃ)ကို ဖတ်ပြလိုက်ပါဦး”

“ဟုတ်ကဲ့၊ ဒီလိုပါ ဆရာ **‘အာဏာပေး စာချွန်တော်အမိန့်**ဆိုသည်မှာ တရားဝင်အခွင့် အာဏာရှိသူတစ်ဦးဦး၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက **ဖြစ်စေ**၊ အစိုးရဌာနတစ်ခုခုက **ဖြစ်စေ** အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်’တဲ့ ဆရာ”

“ကဲ . . . ဒီတော့ ‘ဖြစ်စေ’ကို သုံးရင် နှစ်ခါသုံး ရတယ်ဆိုတာ သူ့အလိုလိုရှင်းမနေဘူးလား”

“စာစီရာမှာ ကျကျန်ရစ်တာများ ဖြစ်မလားဆရာ”

“အဲဒီလိုပြောရင် မြန်မာ့အလင်းစာစီဌာနက လူတွေက မင်းကိုလာရိုက်လိမ့်မယ်။ ဥပဒေစာစီရာမှာ သူတို့က သိပ်သတိထားတာ”

“သက်ဆိုင်ရာ အစိုးရဌာနရဲ့ စာစီဌာနက မှားတာလည်း မဖြစ်နိုင်ဘူးလား ဆရာ”

“အဲဒီလိုပြောဖို့ကလည်း ခက်တယ်ကွ။ ဘာကြောင့်လဲဆိုတော့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာပါတဲ့ အဲဒီဥပဒေရဲ့ ဥပဒေကြမ်း၊ ပုဒ်မခွဲ (ဂ) နဲ့ (င) တို့မှာလည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာပါတဲ့ ဥပဒေရဲ့ ပုဒ်မခွဲ (ဂ) နဲ့ (င)အတိုင်းဖြစ်နေတာကို တွေ့ရတယ်ကွ။ ဥပဒေမူကြမ်း ရေးဆွဲသူက မေ့ကျန်ခဲ့တာ ဖြစ်နိုင်သလို ကွန်ပျူတာစာစီရာမှာ ကျန်ခဲ့တာလည်း ဖြစ်နိုင်တာပေါ့။

နောက်ပြီး အဲဒီဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်မထိုးဘူးကွ။

ဥပဒေရဲ့ နောက်ဆုံးစာပိုဒ်မှာ ‘ဖွဲ့စည်းပုံအခြေခံ ဥပဒေ**ဆိုင်ရာ**’ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်’ လို့ ရေးထားတယ်။ ဒီမှာလည်း ‘ဆိုင်ရာ’ ဆိုတာကြီးက အပိုဖြစ်ပြီး မှားနေပြန်ပြီ။

တော်တော့ကွာ။ ဇာတ်ဆရာကြီး စိန်အောင်မင်းရဲ့ ဓာတ်ပြားထဲမှာ ပြောသလို ‘ပြောပြန်ရင်လည်း အောင်မင်းလွန်ရာကျမယ်’ လို့ ပြောရမလို ဖြစ်နေပြီ” ■

မှုခင်းသတင်းတိုများ

ကနေဒါနိုင်ငံသူ ပိုက်ဆံအိတ်ပျောက်ဆုံး

အောက်တိုဘာလ ၂၅ ရက်နေ့ ညနေ ၃ နာရီခွဲခန့်က ကနေဒါနိုင်ငံသူ Shavonne Natesia Davis သည် ကန်တော်ကြီး ပန်းကန်လုံးကျွန်းသို့ ရောက်ရှိစဉ် လူငယ်လေးဦးနှင့် မိတ်ဖွဲ့စကားပြောကာအပြန်အလှန်ဓာတ်ပုံရိုက်ကူးပေးနေစဉ် ၎င်း၏ပိုက်ဆံအိတ် ပျောက်ဆုံးသွားသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့သည်။ ရဲတပ်ဖွဲ့က ချက်ချင်းလိုက်လံစုံစမ်းရှာဖွေရာ ပန်းကန်လုံးကျွန်းသို့အဝင် အတွင်းဘက်လျှောက်လမ်းပေါ်တွင် ပိုက်ဆံအိတ်ကို ပြန်လည်တွေ့ရှိသော်လည်း ကျပ် ၅၀,၀၀၀၊ ဂျပန်ယန်းငွေ ၅၅,၀၀၀၊ အမေရိကန် ၂၄ ဒေါ်လာ ထုတ်ယူထားပြီးဖြစ်ကြောင်းတွေ့ရသည်။ ၎င်းက အမှုမဖွင့်သော်လည်း ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က ဆက်လက်စုံစမ်းမည်ဟုဆိုသည်။

နေအိမ်မှ ကျပ်သိန်း ၆၀ ခန့် ခိုးယူခံရ

ဒလမြို့နယ် ကျောင်းစုရပ်ကွက် စိတ္တသုခလမ်းနေ ဒေါ်သင်းသင်းခိုင်သည် အောက်တိုဘာလ ၂၁ ရက်နေ့ နံနက် ၉ နာရီခွဲခန့်က အိမ်တံခါးသော့ခတ်ခဲ့ကာ ၎င်းသားဖြစ်သူ၏ ကျောင်းသို့ သွားရောက်ပြီးနောက် ပြန်လည်ရောက်ရှိချိန်တွင် နေအိမ်အတွင်းမှ ရွှေထည်ပစ္စည်းများ အလေးချိန် ရှစ်ကျပ်သားကျော်ခန့် တန်ဖိုးကျပ် ၄,၁၀၆,၀၀၆ နှင့် ငွေသားကျပ် ၂,၁၇၅,၀၀၀ ခိုးယူခံရသဖြင့် ဒလမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ထားသည်။

လမ်းမတော်တိုက်ခန်းမှ မိန်းကလေးတစ်ဦး ခုန်ချ

အောက်တိုဘာလ ၂၆ ရက်နေ့ နံနက် ၉ နာရီခန့်က လမ်းမတော်မြို့နယ် (၁၁)လမ်းရှိ မြေညီထပ်တိုက်ခန်းထပ်ခိုးပေါ်မှ အသက် ၂၁ နှစ်အရွယ် မိန်းကလေးတစ်ဦး ခုန်ချခဲ့ရာ ဒဏ်ရာများရရှိသွားသည်။ ခုန်ချသူမှာ မော်လမြိုင်မြို့နေ မစုစုအောင် ဖြစ်ပြီး ၎င်းနေထိုင်သည့် အဆောင်ထပ်ခိုး တိုက်အမြင့် ၁၅ ပေခန့်မှ သေချင်တယ်ဟု ပြောဆိုကာ ခုန်ချခဲ့ခြင်းဖြစ်သည်။ ■ **တိုးဝေအောင်နှင့် မင်းသုနောင်**

ဗြိတိသျှကောင်စီက ကျပ် ၁၉၂ သိန်းဖိုး ပညာသင်ဆုပေးမည်

တစ်ဦးလျှင် ကျပ် ၁၉၂ သိန်းခန့် တန်ဖိုးရှိသည့် IELTS Scholarship များကို ဗြိတိသျှကောင်စီ (မြန်မာ)က ယခုနှစ်မှ စတင်ပေးအပ်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင်လည်း အမျိုးအစားနှစ်မျိုး သတ်မှတ်၍ ပေးအပ်သွားမည်ဖြစ်သည်။

ပထမပညာသင်ဆုမှာ မြန်မာနိုင်ငံ၌ နေထိုင်သော ကျောင်းသားနှစ်ယောက်အား တစ်ဦးလျှင် စတာလင်ပေါင် ၂,၀၀၀ (ကျပ် ၃၂ သိန်းခန့်) ပေးအပ်သွားမည်ဖြစ်ပြီး ဒုတိယ တစ်မျိုးမှာ အရှေ့အာရှနိုင်ငံများရှိ ဗြိတိသျှကောင်စီများက စုပေါင်းချီးမြှင့်သော Regional IELTS Scholarship ဖြစ်ကာ အရှေ့အာရှနိုင်ငံများမှ ထူးချွန်ကျောင်းသားငါးဦး ရွေးချယ်ကာ တစ်ဦးလျှင် ပေါင် ၁၂,၀၀၀ (ကျပ် ၁၉၂ သိန်းခန့်) ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ လက်ရှိနေထိုင်သူ၊ မြန်မာနိုင်ငံပြင်ပတွင် ၂၀၁၅ ပညာသင်နှစ်မှစ၍ ဘွဲ့ကြိုနှင့်ဘွဲ့လွန် ပညာသင်ကြားမည့်သူ၊ IELTS Test တစ်ခုချင်းစီတွင် band Score 6 ရရှိသူများ လျှောက်ထားနိုင်သည်။

ပညာသင်ဆုလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ဗြိတိသျှကောင်စီ ဝက်ဘ်ဆိုက် www.britishcouncil.org.mm/ieltsscholarship wGif download ရယူနိုင်ကာ ၂၀၁၅ ခုနှစ်၊ မေ ၃၁ ရက် မတိုင်မီ ဗြိတိသျှကောင်စီသို့ ပေးပို့ရမည်ဖြစ်သည်။ ■ **မေသဥ္စာနိုင်**

မီဒီယာများ၏ မေးမြန်းနိုင်ခွင့် ပိုကောင်းမွန်လာနိုင်

ရွှေကူသစ္စာ
khaingsabainyein@gmail.com

ထွက်ရှိလာတော့မည့် မီဒီယာနည်းဥပဒေတွင် မီဒီယာများ၏ မေးမြန်းမှုများကို ဝန်ကြီးဌာနများက ၂၄ နာရီအတွင်း ပြန်လည်ဖြေဆိုပေးရန် ပါဝင်သည့်အတွက် မီဒီယာများ၏ မေးမြန်းခွင့် အလားအလာမှာ ပိုမိုကောင်းမွန်လာဖွယ်ရှိလာသည်ဟု စာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မီဒီယာ နည်းဥပဒေထွက်ရှိလာဖို့အတွက် နှစ်ပတ်ကနေ နောက်နှစ်လအတွင်းပဲ ကြာတော့မယ်။ သမ္မတရုံးကို တင်ပို့ပြီး သမ္မတလက်မှတ်ထိုးပြီးတာနဲ့ အတည်ဖြစ်ပါပြီ။ မီဒီယာကနေ မေးခွန်းမေးမြန်းမှုအတွက် ၁၂ နာရီအတွင်း ပြန်ဖြေပေးရမယ်လို့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ရေးထားပေမယ့် ပြန်ကြားရေးနဲ့ ပြန်လည်ညှိနှိုင်းမှုအရ ဌာနတွင်းအကြောင်းကြောင်းတွေလည်းရှိနိုင်တာကြောင့် ၂၄ နာရီအတွင်း ဆိုပြီး ဖြစ်သွားတယ်။ ဒါကိုရှေ့နေချုပ်ရုံးပို့ထားပြီးပြီ။ ဒီ ၂၄ နာရီအတွင်း တုံ့ပြန်မှုမရှိဘူးဆိုရင် ဌာနတွင်းအချင်းချင်း အရေးယူမှုပြုလုပ်ရမယ်လို့ပါ ထည့်သွင်းရေးဆွဲထားတယ်"ဟု မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ဦးသီဟစောက ပြောသည်။

"အဲဒီအတွက် ဝန်ကြီးဌာနတွေအနေနဲ့ကလည်း ပြင်ဆင်မှုတွေလုပ်နေတယ်။ ရုံးပိတ်ရက်ကလွဲရင် ကျန်တဲ့ရက်တွေမှာ မေးတဲ့အချိန်မှာ အကျိုးအကြောင်း ပြန်နိုင်ဖို့ ဒီမီဒီယာနည်းဥပဒေတွေမှာ ထည့်သွင်းရေးဆွဲထားတယ်။ ခုလာမယ့်နောက်ပိုင်းမှာ ပြည်သူတွေရဲ့ သိပိုင်ခွင့်ဖြစ်တဲ့ မီဒီယာတွေရဲ့ မေးမြန်းပိုင်ခွင့်ကတော့ ပိုမိုကောင်းမွန်လာဖို့ရှိနေပါတယ်။ သတင်းသမားတွေရဲ့ မေးပိုင်ခွင့်ဟာ ပြည်သူတွေရဲ့သိပိုင်ခွင့်ပဲ။ ဒါကြောင့် အရေးကြီးပါတယ်"ဟုဆိုသည်။

"ဥပမာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို လက်ရှိတံတားဘယ်နှစ်စင်းဆောက်နေသလဲ၊ ဘတ်ဂျက်ဘယ်လောက်သုံးသလဲမေးလို့ ဒါကိုမပြောနိုင်ဘူးဆိုရင် ဒါက အများပြည်သူသိသင့်တဲ့ သတင်းအချက်အလက်ဖြစ်တဲ့အတွက် မပြောနိုင်ရင် သူ့ကိုအရေးယူ၊ ဒါပဲရှိတယ်။ နိုင်ငံတော်လျှို့ဝှက်ချက်လည်း မဟုတ်ဘူး၊ လုံခြုံရေးနဲ့လည်း မဆိုင်ဘူးဆိုရင် တိုင်းသူပြည်သားတွေအကုန်လုံးနဲ့ သက်ဆိုင်တယ်။ ဒါကိုဖြေရင်ဖြေ၊ မဖြေရင် အရေးယူလို့ရအောင် နည်းဥပဒေမှာ ထည့်ထားတယ်။ ဒါက ရန်သူလိုသဘောထားလို့ မဟုတ်ဘဲ ပြည်သူတွေသိသင့်တာကို ခက်ခက်ခဲခဲမဟုတ်ဘဲ သိခွင့်ရစေဖို့လိုတယ်။ ပြည်သူတွေရဲ့အခွန်ဘဏ္ဍာကို စားထားတဲ့ ဌာနတွေအနေနဲ့ ဒီဌာနတွေက ဘာလုပ်နေတယ်ဆိုတာကို ပြည်သူတွေကို သိခွင့်ပေးရပါမယ်။ ပြည်သူတွေသိခွင့်ရဖို့အတွက်ကို မီဒီယာက မေးခွင့်ရှိရပါမယ်။ နိုင်ငံတော်အဆင့် လုံခြုံရေးနဲ့ပတ်သက်တဲ့လျှို့ဝှက်ချက်က လွဲရင်ပေါ့။ အကုန်လျှို့ဝှက်ချက်တွေချည်းပဲဆိုရင်တော့ မဟုတ်သေးဘူးပေါ့"ဟု ဦးသီဟစောက ပြောသည်။

ဝန်ကြီးဌာနများကလည်း ဌာနတိုင်းတွင် သတင်းထုတ်ပြန်ခွင့်အတွက် ပြောရေးဆိုခွင့်ရှိသူ ထားပေးရန်လိုအပ်ပြီး အဆိုပါပုဂ္ဂိုလ်များကလည်း ပြောရမည့် အပိုင်း

> အများပြည်သူသိသင့်တဲ့ သတင်းအချက်အလက်ဖြစ်တဲ့အတွက် မပြောနိုင်ရင် သူ့ကို အရေးယူ၊ ဒါပဲရှိတယ်။ နိုင်ငံတော်လျှို့ဝှက်ချက်လည်း မဟုတ်ဘူး

ကဏ္ဍများ၏ အဖြစ်အပျက်နှင့် ပြောင်းလဲမှုများကို သိနေမှသာလျှင် မေးမြန်းမှုများကို ပြန်လည် ဖြေဆိုနိုင်မည်ဖြစ်ရာ ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူ ၅၀၀ ခန့်ကို သတင်းပြန်ကြားရေးပိုင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနက သင်တန်းပေးလျက်ရှိနေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ကလည်း ဝန်ကြီးဌာနများတွင် သတင်းရယူမှုအခက်အခဲပိုင်းနှင့် ပတ်သက်၍ ညှိနှိုင်းပေးမည်ဟု ပြောဆိုထားကြောင်း ဦးသီဟစောက ပြောသည်။

"ပုံမှန်အားဖြင့် ပြန်ကြားရေးဝန်ကြီးတစ်ယောက်အနေနဲ့က တခြားဝန်ကြီးဌာနတွေကို ပြောနိုင်ဖို့ မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘောင်မတူတဲ့ အနေအထားတွေရှိနေတာပေါ့။

"ဒါပေမဲ့ လက်ရှိဦးရဲထွဋ်ရဲ့ အနေအထားအရ ကောင်းတာက သမ္မတရဲ့ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်ဖြစ်တဲ့အပြင် အခုချိန်မှာ ပြန်ကြားရေးတာဝန်လည်း ယူထားရတာဆိုတော့ တခြားဝန်ကြီးဌာနတွေနဲ့ ပြောလို့၊ ဆိုလို့၊ ညှိနှိုင်းလို့ကောင်းမယ့် အနေအထားတစ်ရပ်တော့ ရှိနေပါတယ်။ သူ့အနေအထားနဲ့ ဝင်ညှိပေးရင်အဆင်ပြေနိုင်ပါလိမ့်မယ်"ဟု ဦးသီဟစောက ပြောသည်။

မီဒီယာများကလည်း ဝန်ကြီးဌာနများထံမှ သတင်းရယူရာတွင် အခက်အခဲများရှိပါက စာနယ်ဇင်းကောင်စီမှဖြစ်စေ၊ မြန်မာဂျာနယ်လစ်ကွန်ရက်မှဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားပါက ညှိနှိုင်းမှုများ ပြုလုပ်ပေးမည်ဟု ဝန်ကြီးဦးရဲထွဋ်က အောက်တိုဘာလ ၂၂ ရက်နေ့တွင် မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ ပြောကြားခဲ့သည်။ ■

YBC
Yangon Business Centre

EXECUTIVE GRADE A OFFICE SPACE
IN THE HEART OF YANGON



- 9 Storey Grade A office building
- Next to CBD area
- Ample car parking space
- Office space available range from 76
- to 1,366 sqm
- Available in 1st quarter 2016

Developed by

SHWE TAUNG HYDAY
DEVELOPMENT COMPANY LTD

Contact
Unit 04-03, Union Business Centre,
Nat Mauk Road, Bo Cho Quarter,
Bahan Township Yangon. Myanmar.
Hotline: **09 334 89999**
Tel : + 951 8603386 ,+ 951 8603368
Email : ybc.yangon@gmail.com

Capital

အမျိုးသားအဆင့် မြေယာမူဝါဒသစ်အတွက် အကြံပြုချက်ဖိတ်ခေါ်

စန္ဒာလွင်
sdlsandar@gmail.com

အမျိုးသား မြေအသုံးချမှုမူဝါဒသစ်တစ်ရပ်ချမှတ်နိုင်ရန် ပြုစုထားသည့် မြေအသုံးချမှုမူဝါဒမူကြမ်းနှင့် ပတ်သက်သည့် အများပြည်သူ အကြံပြုချက်များကို အစိုးရက စတင်ဖိတ်ခေါ် လျက်ရှိသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ခေါင်းဆောင်သည့် မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေး ကော်မတီက အဆိုပါ မူဝါဒမူကြမ်းကို ရေးဆွဲခဲ့ပြီး အောက်တိုဘာလ တတိယပတ်တွင် အရပ်ဘက် အဖွဲ့အစည်းများနှင့် အများပြည်သူသို့ စတင်ဖြန့်ဝေကာ အကြံပြုချက်များ ဖိတ်ခေါ်ခဲ့သည်။

ကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၎င်းမူဝါဒမူကြမ်း ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ပြီး မြေယာအခွင့်အရေး လှုပ်ရှားသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူ တစ်ဦးချင်းထံမှ ဝေဖန်အကြံပြုချက်များ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပြန်ချပြဦးမယ်။ နိုဝင်ဘာလမှာ စချပြမယ်။ နိုဝင်ဘာလ တစ်လလုံး သွားမယ်ထင်တယ်" ဟု အဆိုပါ ကော်မတီဝင်တစ်ဦးဖြစ်သည့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်က ပြောသည်။

"ပေးပို့ချက်တွေကိုမှတ်တမ်းတစ်ခုဖြစ်အောင်လုပ်ပါမယ်။ (သစ်တောဦးစီးဌာန နေပြည်တော်ရုံးချုပ်သို့) စာရေးပြီးလည်း ပို့လို့ရတယ်။ အင်တာနက်ကနေလည်း (www. fdmoecaf. gov.mm/ newdesign) ပေးလို့ရတယ်" ဟု ၎င်းက ပြောသည်။

မူကြမ်းကို ဝက်ဘ်ဆိုက် စာအုပ်စာတမ်းများ/ဥပဒေများ ကဏ္ဍတွင် ရယူနိုင်သည်။

မြေယာမူဝါဒသစ်ချမှတ်ရန် အစိုးရ၏ အမျိုးသားအဆင့် အရေးယူဆောင်ရွက်မှုနှင့် အများပြည်သူဝေဖန်အကြံပြုချက်များ ရယူမှုအပေါ် တောင်သူလယ်သမား အခွင့်အရေးလှုပ်ရှားသူများနှင့် အရပ်ဘက် အဖွဲ့အစည်းများက ကြိုဆိုလိုက်သည်။

"ဘာပဲပြောပြော မြေယာမူဝါဒချဖို့အတွက် ပထမဆုံးအဖြစ် ပြည်သူနဲ့ free consultation လုပ်လာတာကို ချီးကျူးပါတယ်"ဟု စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း ၆၀ ကျော်နှင့် ချိတ်ဆက်ထားသည့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG) မှ အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာဉမ္မာခိုင်က ပြောသည်။

အဆိုပါ မူဝါဒမူကြမ်းကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ 'နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်' ဟူသော မူဝါဒ ဘောင်အတွင်းမှ ချမှတ်ထား ခြင်းဖြစ်ပြီး မြေယာ သိမ်းဆည်းမှုများ၊ သတ်မှတ်မြေတွင် အသုံးချမှုပုံစံ ပြောင်းလဲခြင်းများအပေါ် ကန့်သတ်မှုများကို ဆက်လက် ခွင့်ပြုထားသည်။

အပိုင်း (၁၂) ပိုင်း၊ စာမျက်နှာ ၉၃ မျက်နှာပါ မူကြမ်းတွင် စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပုံစံ ပြောင်းလဲခြင်း၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံပိုင်မြေများကို လုပ်ကိုင်ခွင့် ပြုခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တိုင်းရင်းသား လူမျိုးစုများ၏ မြေအသုံးပြုမှု အခွင့်အရေးများ စသည့် အပိုင်းများ ပါဝင်သည်။

ပြင်ပ ပညာရှင်နှင့် အများပြည်သူ ဝေဖန်အကြံပြုချက်များအနေဖြင့်မူ မူကြမ်းပါ အခြေခံမူဝါဒ များအပေါ် သက်ရောက်မှု မရှိနိုင်ဘဲ ပိုမိုပြည့်စုံရန် ဖြည့်စွက်ချက်များ အဖြစ်သာ အသုံးပြုနိုင်ဖွယ် ရှိကြောင်း အဆိုပါ ကော်မတီမှ သိရသည်။

မူဝါဒမူကြမ်းကို အတည်ပြုပြီးပါက ယင်းမူဝါဒဖြင့် အမျိုးသားမြေအရင်းအမြစ်ဥပဒေမူကြမ်းကို ဆက်လက်ရေးဆွဲမည်ဖြစ်ပြီး လွှတ်တော်တွင် ထပ်မံဆွေးနွေးရန် တင်သွင်းမည်ဖြစ်သည်။

လက်ရှိမူဝါဒသည်တည်ဆဲမြေယာအငြင်းပွားမှုများနှင့် မြေယာသိမ်းဆည်းမှုများကို စနစ်တကျ ဖြေရှင်းနိုင်ရန် ဦးတည်ထားပြီး အနာဂတ်တွင် မူဝါဒပြောင်းလဲနိုင်ရန် ထည့်သွင်းထားကြောင်း ဦးအေးမောင်စိန်က ပြောသည်။

"မူဝါဒမှာကိုက ငါးနှစ်တစ်ကြိမ် ပြန်ပြီးသုံးသပ် (review) မယ်လို့ ပြောထားတယ်။ မြေအသုံးချတဲ့သူ အားလုံးကို မြေယာ လုပ်ကိုင်ခွင့် အခွင့် အရေးတွေ ခိုင်မာဖို့နဲ့ လုံခြုံမှုရှိဖို့ စဉ်စားတာပဲ။ မြေသိမ်းဆည်းတဲ့ လုပ်ငန်းတွေကို စနစ်တကျလေးနဲ့ ဥပဒေအတိုင်း လုပ်ဖို့လိုမယ်။ လိုအပ်ရင် အများပြည်သူ အကျိုးငှာ (မြေသိမ်းဆည်းမှု) လုပ်တဲ့ဟာတွေ လုပ်ရမှာပဲလေ" ဟု ၎င်းက ပြောသည်။ ■

awWGqlkHaymf&Tfu

စုလှိုင်ထွန်း
ရေးသားသည်။

ဒီတစ်ပတ်ရဲ့ဆိုရှယ်ပွဲတွေကိုတော့ အရင်ရက်သတ္တပတ်တွေက သွားရောက်ခဲ့ပေမယ့် နေရာအခက်အခဲကြောင့် မဖော်ပြဖြစ်တဲ့ပွဲတွေကိုပါ ထည့်သွင်းဖော်ပြပေးထားပါတယ်။

မြတ်ဆရာ ကန်တော့ပွဲ

အောက်တိုဘာလ ၁၁ ရက်နေ့က ကျင်းပတဲ့ ရမည်းသင်းမြို့ရဲ့ အ.ထ.က(၁) ၁၉၉၂ မှ ၁၉၉၄ ခုနှစ် အထက်တန်းကျောင်းသားများရဲ့ ကန်တော့ပွဲသို့ သွားရောက်ခဲ့ပါတယ်။

ကန်တော့ခံဆရာမကြီးများ

ဆရာဦးကိုကြီး၊ ဆရာမဒေါ်ခင်နဲ့

ကိုထိန်လင်း၊ ကိုဇော်မင်းစိုး၊ ကိုကျော်ညီ

ဆရာမကြီးနဲ့ကျောင်းသူများ

ကိုဇော်ဇော်ဝင်း၊ ကိုကျော်ကျော်လင်း၊ မအေးအေးခိုင်နဲ့ ကိုနေဝင်းနိုင်

ABMT ရဲ့ စက်ပစ္စည်းမိတ်ဆက်ပွဲ

ကိုဇော်ဇော်အောင်၊ ကိုကျော်ရဲထက်နဲ့ ကိုမိုးအာကာလွင်

ကိုသိန်းထိုက်ဇံ၊ ကိုဇော်လင်းအောင်နဲ့ကိုဇေမင်းတင်

ကိုရီးယားနိုင်ငံထုတ် အလှကုန်များမိတ်ဆက်ပွဲ

ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက်ရဲ့ အောက်တိုဘာလ ၂၆ ရက်နေ့က နေပြည်တော် လယ်ဝေးမြို့ ပန်းကဗျာ အလှပြင်ဆိုင်မှာ ကျင်းပခဲ့ပါတယ်။

ဦးမြင့်ဦး၊ ကိုဇေယျာလင်း

မစုစု၊ ကိုမျိုးထက်ကောင်း

ခိုင်သဇင်ယုဝါနဲ့ ရွှေသမီး

နှင်းဝတ်ရည်ကျော်၊ မြမဥ္ဇူ

ဒေါ်သီတာသိန်း (Diamond Director)

မင်္ဂလာဧည့်ခံပွဲ

ရတနာပုံတောရ ပရိယတ္တိစာသင်တိုက်မှာ အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့တဲ့ ကိုအောင်မျိုးမင်းနဲ့ မစုလှိုင်ဝင်းလွင်တို့ရဲ့ မင်္ဂလာပွဲသို့ တက်ရောက်ရင်း မင်္ဂလာမောင်နှံ ပျော်ရွှင်ပါစေလို့ ဆုတောင်းရင်း။

မင်္ဂလာမောင်နှံနဲ့ မိဘများ

မအိငယ်ထွေးနဲ့ မလဲ့လဲ့ဝင်း

ဦးမျိုးသန့်ဇင်ထွန်းနဲ့ ဒေါ်အေးအေးဝင်း

ကျော်ဇင်ထက်နဲ့ ဆန်းဝင်းဖြိုး

မသီသီလွင်၊ မနီလာနဲ့ မသန္တာစိုး

ကားသစ်ကြိုက်သူများအတွက် DongFeng Motor မှထုတ်လုပ်သော
New S30 နှင့် New H30 CROSS ကိုမိတ်ဆက်လိုက်ပါပြီ...
New S30
Engine :1.6L (DOHC,16V)
Rated Power(Kw) : 85kw/6000rmp
Max.Speed(km/h) :180
Wheelbase(mm) : 2610
New H30 CROSS
Engine :1.6L (DOHC,16V)
Curb Weight(kg) :1240
Max.Speed(km/h) : 180
Drive Type : FWD
Elegant 1.6L NEW A16 VVT Engine
Ks . 22,000,000
Noble 1.6L NEW A16 VVT Engine DVD model
Ks . 23,000,000
Elegant 1.6L NEW A16 VVT Engine
Ks . 23,000,000
Noble 1.6L NEW A16 VVT Engine DVD model
Ks . 24,000,000
အောက်တိုဘာ ၆ ရက်နေ့မှစ၍ ကြိုတင်မှာယူ ဝယ်ယူသူများအတွက် Special Promotion Price
New S30
Elegant 1.6L NEW A16 VVT Engine
Ks . 18,000,000
Noble 1.6L NEW A16 VVT Engine DVD model
Ks . 19,000,000
New H30 CROSS
Elegant 1.6L NEW A16 VVT Engine
Ks . 19,000,000
Noble 1.6L NEW A16 VVT Engine DVD model
Ks . 20,000,000
DFM
Brand Ambassador
SAI SAI KHAM LENG
* လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို ဧရာဝတီဘဏ်နှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။
DONGFENG MOTOR
DRIVING SUCCESS
DFM
3 YEARS
Authorized Distributor in Myanmar : YAUNG NI OO SERVICES Co.,Ltd
No.19,Baho Road,Sanchaung Township,Yangon .Ph:01-2304801,2304802
www.DongFeng-Myanmar.com
DFM-Myanmar

Tech

သတင်းတိုများ

တယ်လီနောဆင်းကတ် အလွယ်တကူပြန်လျှော်နိုင်

တယ်လီနောဆင်းကတ်များ အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ဆုံးသွား၍ ပြန်လည်လာရောက်လျှော်ထားပါက ကျပ် ၁,၅၀၀ ဖြင့် ရရှိမည်ဖြစ်ပြီး မပျောက်ဆုံးခင် ဆင်းကတ်အတွင်းကျန်ရှိခဲ့သော ဖုန်းဘေလ်ကိုလည်း ပြန်လည်ရရှိမည်ဖြစ်ကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg ကပြောသည်။ "ဆင်းကတ်ဝယ်တဲ့အခါကျရင် တယ်လီနောရဲ့ အရောင်းဆိုင်တွေမှာ ဝယ်ထားတဲ့ဆင်းကတ်တွေဆိုရင် အဲဒီဆိုင်တွေမှာနာမည်နဲ ဒီဆင်းကတ်တွေကို တွဲပြီးပေးထားမှာဖြစ်တဲ့အတွက်ကြောင့် ပျောက်သွားတယ်ဆိုရင် ပြန်လာလျှော်တဲ့အချိန်ကျရင် ကျပ် ၁,၅၀၀ နဲ့ ပြန်ရမှာဖြစ်ပါတယ်။ ဒီဆင်းကတ်မှာ မပျောက်ဆုံးခင်ကရှိခဲ့တဲ့ ပိုက်ဆံ ဥပမာဖုန်းဘေလ် ၃,၀၀၀ ကျန်ခဲ့တယ်၊ ပျောက်တဲ့ဆင်းကတ်ကလည်း ကိုယ့်ဆင်းကတ်အမှန်တကယ်ဖြစ်တယ်ဆိုရင် အဲဒီ ၃၀၀၀ ပြန်ရမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။ ■ **အောင်ကျော်ညွန့်**

တယ်လီနောဖုန်းဖြင့် ဖေ့စ်ဘွတ်ခ်ကို အခမဲ့သုံးနိုင်

တယ်လီနောသည် ဇီးရိုးဖေ့စ်ဘွတ်ခ် (0.facebook.com) နှင့် အော်ပရာမီနီ (Opera Mini Browser) ကဲ့သို့သောအက်ပလီကေးရှင်းများနှင့် ပူးပေါင်းထားသဖြင့် တယ်လီနောဆင်းကတ်ဖြင့် (0.facebook.-com) သို့ ဝင်ရောက်ကာ ဖေ့စ်ဘွတ်ခ်ကို အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်အကောင့် အသစ်ကိုလည်း အလွယ်တကူဖွင့်နိုင်မည်ဖြစ်ကာ ဖေ့စ်ဘွတ်ခ်မှ Verification Code သည် ဆားဗစ်နံပါတ်ဖြစ်သည့် ၃၂၆၆၅ ဖြင့် ဖုန်းအတွင်းသို့ ဝင်လာမည်ဖြစ်သည်ဟုဆိုသည်။ တယ်လီနောပိုတယ်လ် (Telenor Portal) ဝန်ဆောင်မှုဖြစ်သည့် အွန်လိုင်းမားကက် တွင်လည်း မြန်မာသီချင်းများ၊ ဓာတ်ပုံများ၊ ဂိမ်းများ၊ အသုံးဝင်အက်ပလီကေးရှင်းများကို ကျပ် ၂၀၀ မှ စတင်ကာငွေကျပ် ၅၀၀ အထိ အစားစားပေးချေကာဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ ■ **အောင်သူရ**

နည်းပညာအကူအညီနဲ့ ပြောင်းလဲသွားတဲ့ မြို့ပြသယ်ယူပို့ဆောင်ရေး ပုံစံသစ်

ကားအသုံးပြုမှုကို လျှော့ချစေခြင်းအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုတွေကို လျော့ကျစေဖို့နဲ့ မော်တော်ယာဉ်အတွက် မလိုအပ်ပဲ ငွေကြေးကုန်ကျမှုတွေ လျှော့နည်းစေဖို့ဆိုပြီး အမေရိကန်၊ ဥရောပနဲ့ အာရှနိုင်ငံအချို့မှာ ဝန်ဆောင်မှုပေးနေတဲ့ မော်တော်ကားမျှဝေသုံးစွဲတဲ့လုပ်ငန်းတွေဟာ အောင်မြင်မှုရနေသလို တစ်ဖက်မှာလည်း ဝေဖန်ကန့်ကွက်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။

ကမ္ဘာ့အကြီးဆုံးကားဈေးကွက်ဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ ၂၀၁၃ ခုနှစ်က ကားအစီးရေ ၁၅ သန်းလောက် ရောင်းချခဲ့ရပေမယ့် လူတစ်ဦးချင်း မောင်းနှင်ခဲ့ကြတဲ့ ပျမ်းမျှမိုင်ပမာဏကတော့ လျော့ကျသွားတယ်လို့ဆိုပါတယ်။ အမေရိကန်နိုင်ငံသားအများစုဟာ ကားတွေပိုင်ဆိုင်ကြပေမယ့် နေ့စဉ်အလုပ်သွားအလုပ်ပြန်လောက်က လွဲပြီး ကားကိုမသုံးကြပါဘူး။ ဒါကြောင့် ကားဝယ်ယူဖို့ ကုန်ကျငွေနဲ့ အသုံးပြုမှုဟာ မမျှတဘူးလို့ မော်တော်ကားမျှဝေသုံးစွဲစေဖို့ ဝန်ဆောင်ပေးတဲ့ လုပ်ငန်းတွေဟာ ပြောကြပါတယ်။

"နေ့စဉ် အလုပ်သွားအလုပ်ပြန်သုံးဖို့အတွက်လောက်နဲ့ ကျွန်တော်တို့ ကားတစ်စီးကိုယ်ပိုင်ဝယ်ထားဖို့ ဘာလို့လိုအပ်မှာလဲ" လို့ အကျိုးအမြတ်မယူပဲ ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ City CarShare ကို တည်ထောင်သူတစ်ဦးက ပြောပါတယ်။

အမေရိကန်နိုင်ငံမှာ လူတိုင်းနီးပါးက ကိုယ်ပိုင်ကားကို အသုံးပြုနေကြပြီး လူဦးရေစုစုပေါင်းရဲ့ ငါးရာခိုင်နှုန်းလောက်ကပဲ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုကြပါတယ်။ ကိုယ်ပိုင်ကားအသုံးပြုတာကို လျှော့ချနိုင်ခြင်းအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုတွေကို သက်သာသွားစေနိုင်သလို လောင်စာဆီအသုံးပြုမှုလည်း ကျဆင်းလာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းသွားစေရေး ရည်ရွယ်ပြီး ကားကို ဝေမျှသုံးစွဲကြတဲ့စနစ်ကို ဖော်ဆောင်ကြတာဖြစ်ပါတယ်။ အခုလိုစနစ်ကို ဖော်ဆောင်ရာမှာ အများပြည်သူတွေ လွယ်ကူစွာ လက်ခံသုံးစွဲလာစေဖို့အတွက် နည်းပညာက အများကြီး အထောက်အကူပေးပါတယ်။

"တစ်နှစ်မှာကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုတန်ချိန် သန်း ၆၅၀ လောက် သက်သာသွားမှာဖြစ်ပါတယ်" လို့ သူက ပြောတယ်။

City CarShare ဟာ ကားအစီးရေ ၄၀၀ ကို ဆန်ဖရန်စစ္စကိုမြို့ရဲ့ နေရာ ၂၅၀ မှာ ထားရှိပြီးတော့ အလွယ်အကူရယူအသုံးပြုနိုင်အောင်ဝန်ဆောင်မှု ပေးနေပါတယ်။ အသုံးပြုလိုသူတွေအနေနဲ့ အဖွဲ့ဝင်ထားပြီးရင် မိမိစိတ်ကြိုက်ကားကို မိမိလိုအပ်တဲ့အချိန်အတွက် အွန်လိုင်း ဒါမှမဟုတ် ဖုန်းအက်ပလီကေးရှင်းကနေတစ်ဆင့် ကြိုတင်စာရင်းသွင်းလိုက်ရုံပါပဲ။ အဲဒီနောက်မှာတော့ အသင်းဝင်တိုင်းကို ပေးထားတဲ့ကားသော့နဲ့ မိမိရွေးချယ်ထားတဲ့ကားကို အနီးဆုံးနေရာမှာရှိတဲ့ City CarShare ယာဉ်ရပ်နားစခန်းကနေ သော့ဖွင့် ယူဆောင်မောင်းနှင်သွားပြီး မိမိသွားလိုတဲ့နေရာက အနီးဆုံးမှာရှိတဲ့ စခန်းမှာ ကားကို ထားခဲ့ရုံပါပဲ။ အခုလိုလုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ပိုင်ကားဝယ်ယူဖို့မလိုအပ်တော့ပဲ မိမိသွားလိုတဲ့နေရာကို လွယ်ကူသက်သာအဆင်ပြေစွာနဲ့ ရောက်ရှိနိုင်မယ်လို့ ဆိုပါတယ်။ ဒီဝန်ဆောင်မှုဟာ အတော်အသင့် အောင်မြင်မှုရနေပြီးတော့ ဆန်ဖရန်စစ္စကိုမြို့တင်မကပဲ အခြားမြို့တွေအထိပါ တိုးချဲ့ဝန်ဆောင်မှုပေးဖို့ ဆောင်ရွက်နေပါတယ်။

သူတို့ရဲ့ ကားတွေအများစုဟာ လျှပ်စစ်ကားတွေဖြစ်တာကြောင့် ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်လမ်းတွေပေါ်ကနေ ကားအစီးရေ ၂၀,၀၀၀ လောက် လျှော့ချပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

ဖုန်းထဲမှာ ထည့်သွင်းထားတဲ့ အက်ပလီကေးရှင်းကနေတစ်ဆင့် ကားကို အလွယ်တကူငှားရမ်းခေါ်ယူနိုင်ပြီး အချိန်ဘယ်လောက်စောင့်ရမယ်။ မိမိဆီလာနေတဲ့ကားက ဘယ်နေရာကို ရောက်နေပြီလဲဆိုတာကို ဖုန်းပေါ်မှာ အလွယ်တကူ တိုက်ရိုက်မြင်တွေ့နေရတဲ့စနစ်ဟာလည်း အသုံးပြုသူတွေအတွက်တော့ အလွန်လွယ်ကူအဆင်ပြေတဲ့ စနစ်တစ်ခုဖြစ်ပါတယ်။

Uber **၏ ကားခေါ်ယူနိုင်မည့် မိုဘိုင်းဖုန်းအက်ပလီကေးရှင်း။**

"ကျွန်တော်တို့စနစ်ဟာ အသုံးပြုသူတွေအတွက် ဘယ်လိုအတားအဆီးမှ မရှိစေပါဘူး။ စမတ်ဖုန်းတစ်လုံးနဲ့ အကြွေးဝယ်ကတ်ရှိတဲ့ ကားကို အလွယ်တကူခေါ်ယူအသုံးပြုနိုင်မှာဖြစ်ပါတယ်" လို့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ Lyft ကို ပူးပေါင်းတည်ထောင်သူ လိုဂန်ဂရင်းက ပြောပါတယ်။

ဒီစနစ်ကို အသုံးပြုခြင်းဟာ သာမန်အငှားယာဉ်ကို အသုံးပြုခြင်းထက် ပိုမိုလုံခြုံစိတ်ချရတယ်လို့ဆိုပြီး ဈေးလည်းပိုသက်သာပါတယ်။ မိမိသွားလိုတဲ့နေရာရောက်ရင် ကျသင့်ငွေကို ခရီးသည်ရဲ့ အကြွေးဝယ်ကတ်ထဲကနေ နှုတ်ယူသွားမှာဖြစ်တဲ့အတွက် လွယ်ကူမှုလည်း ရှိပါတယ်။

သူတို့အနေနဲ့ ကားမောင်းသူတွေရဲ့ နောက်ခံရာဇဝင်၊ အလုပ်အကိုင်နဲ့ ရာဇဝတ်မှုကျူးလွန်ဖူးခြင်းရှိမရှိစတာတွေကို စစ်ဆေးပြီးမှ မောင်းနှင်ခွင့်ပေးတယ်လို့ ဆိုပါတယ်။

"အဓိကက လုံခြုံမှုနဲ့ ယုံကြည်စိတ်ချရမှုဖြစ်ပါတယ်" လို့ သူက ပြောပါတယ်။

Lyft အနေနဲ့ ယခုအခါမှာ တစ်လကို အခေါက်ရေနှစ်သန်းလောက်ဝန်ဆောင်မှုပေးနေရတယ်လို့ ဆိုပါတယ်။

သူ့လိုပဲ အခြားကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Uber ကလည်း တစ်လကို အလုပ်အကိုင်သစ် ၅၀,၀၀၀ လောက် ဖန်တီးပေးနိုင်နေတယ်လို့ ဆိုပါတယ်။

"Uber က နည်းပညာကုမ္ပဏီပဲဖြစ်ပါတယ်။ ဒါပေမဲ့ တခြားနည်းပညာကုမ္ပဏီတွေလိုမဟုတ်ပဲ ကျွန်တော်တို့ကို တစ်ကမ္ဘာလုံးမှာ မြင်သာထင်သာရှိပါတယ်" လို့ ကုမ္ပဏီရဲ့ ပြန်ကြားရေးတာဝန်ခံ နာရီဟိုဒဂျန်က ဆိုပါတယ်။

အခုဆိုရင် သူတို့ဟာ နိုင်ငံပေါင်း ၄၅ နိုင်ငံက မြို့ပေါင်း ၂၁၆ မြို့မှာ ဝန်ဆောင်မှုပေးနေတယ်လို့ဆိုပါတယ်။

ဒီလိုကုမ္ပဏီတွေနဲ့ ချိတ်ဆက်ထားတဲ့ ကားမောင်းသူတွေဟာ ကိုယ်ပိုင်ကားရှိထားကြသူတွေဖြစ်ကြပြီးတော့ သူတို့ရဲ့ အလုပ်အားတဲ့အချိန်တွေမှာ အပိုဝင်ငွေ ရရှိအောင် လုပ်ကိုင်နေကြသူတွေဖြစ်ပါတယ်။

"ကျွန်တော်က အလုပ်ဆင်းချိန် ညနေပိုင်းတွေမှာ Uber နဲ့ ချိတ်ဆက်ပြီး လုပ်နေတာပါ။ ညနေ ၆ နာရီလောက်ကစပြီး တစ်နေ့ကို သုံးနာရီ၊ လေးနာရီလောက် မောင်းဖြစ်တယ်။ ပုံမှန်အလုပ်ထက်တောင် ဝင်ငွေပိုကောင်းသေးတယ်" လို့ Uber နဲ့ ချိတ်ဆက်ထားတဲ့ ယာဉ်မောင်းတစ်ဦးက ပြောပါတယ်။

ဒါပေမဲ့ ဒီလိုလုပ်ငန်းတွေဟာ ရှေးယခင်ကတည်းကရှိခဲ့တဲ့ အငှားယာဉ်လုပ်ငန်းတွေရဲ့ အကျိုးစီးပွားကို ထိခိုက်လာတာကြောင့် လုပ်ငန်းဆောင်ရွက်တဲ့ နိုင်ငံတိုင်းမှာ ကန့်ကွက်မှုတွေနဲ့လည်း ကြုံတွေ့နေရပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံအချို့မှာ ဒီလုပ်ငန်းတွေ စတင်လုပ်ကိုင်နေကြပြီဖြစ်ပေမယ့် မြန်မာနိုင်ငံကို ရောက်လာဖို့ကတော့ နည်းပညာပိုင်း လိုအပ်ချက်တွေရှိနေသေးသလို တည်ဆဲစည်းမျဉ်းစည်းကမ်းတွေကြောင့်လည်း အချိန်ယူရဦးမှာပါ။ ■ **ဆန်းဦး**

အသည်းသစ် ဘဝသစ် နေ့စဉ်ဆောင်ရွက်ပေးတာ မီဒန်တာ ဆေးရုံပါ။

MEDANTA THE MEDICITY dedicated to life

မီဒန်တာ အသည်းအစားထိုးကုသခြင်း နှင့် ပြန်လည်ရှင်သန်ခြင်းဌာန

- နေ့စဉ်လိုလို အသည်းအစားထိုးကုသမှုဖြင့် လူ့အသက်ကိုကယ်တင်ပေးလျက်ရှိသည်။
- နယူးဒေလီမြို့ရှိ ခေတ်မီဆုံး ကုတင်(၁၅၀၀) ဆေးရုံကြီးဖြစ်ပြီး အထူးကြပ်မတ် ICU ကုတင် (၃၅၀) ခု ရှိပါသည်။
- အသည်းရောဂါသည်များအတွက် သီးသန့်ကုတင် (၁၅၀) နှင့် အထူးကြပ်မတ် ICU ကုတင် (၄၄) ခု ရှိပါသည်။
- အသည်းအစားထိုးခွဲစိတ်မှုပေါင်း (၁၅၀၀)ကျော် နှင့် ကလေးအသည်းအစားထိုးခွဲစိတ်မှုပေါင်း (၁၄၀) ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။
- နှစ်စဉ် အသည်းအစားထိုးခွဲစိတ်မှုပေါင်း (၃၀၀)ကျော် ကို ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုနှုန်းမှာ ၉၅% ဖြစ်ပါသည်။
- မြန်မာနိုင်ငံမှ အသည်းအစားထိုးလူနာ (၁၀၀)ခန့်အား အသည်းအစားထိုးကုသပေးခဲ့ပြီး ၉၅% အောင်မြင်မှုရှိပါသည်။

ရန်ကုန် - ၆၅၃၀၊ ဗဟိုင်ခွဲ ပြည်လမ်း၊ မြတန်သာလမ်းသွယ်(၁)၊ တာမွေတော်မြို့နယ်၊ ရန်ကုန်မြို့။ Tel;09-73146727,09-43200732 email:pthtoon@gmail.com

မန္တလေး - CITY LIGHT လျှပ်စစ်ပစ္စည်းဖြန့်ချိရေး - ၂၂(စီ)လမ်း၊ ၈၂×၈၃ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ Tel: 02-72920,73875,09-2003350,09-2034951,09- 259000367

email: sohit.mdy@gmail.com, citylight.mdy@gmail.com

ရန်ကုန်၌ လစဉ်တာဝါတိုင် ၁၀၀ စိုက်ထူသွားမည်ဟု တယ်လီနောပြော

အောင်ကျော်ညွန့်
aungkyawnyunt28@gmail.com

တယ်လီနောမြန်မာက ရန်ကုန်မြို့တွင် အောက်တိုဘာလ ၂၆ ရက်နေ့မှ စတင်ကာ ၎င်းတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများ စတင်ပြီးနောက် ကွန်ရက်လွှမ်းခြုံမှု ပိုမိုကျယ်ပြန့်ကောင်းမွန်လာစေရန် လစဉ် တာဝါတိုင် ၁၀၀ ခန့်စီ စိုက်ထူတိုးချဲ့သွားမည်ဟု ဆိုသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ တာဝါတိုင် ၃၈ တိုင်ရှိကြောင်း တယ်လီနောမြန်မာ၏ အလုပ်အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က ပြောသည်။

"ရန်ကုန်မှာ တူးဂျီရော သရီးဂျီရော လိုင်းကြပ်တာတွေ မဖြစ်ရအောင်လို့ တာဝါတိုင်တွေ ထပ်ဆောက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးတွင် ကွန်ရက်ဖြန့်ကြက်မှုပြည့်ဝစေရန်အတွက် တာဝါတိုင် ၈၀၀ လိုအပ်မည်ဟုလည်း ၎င်းက မြန်မာတိုင်း(မ်)ကို ပြောကြားခဲ့ဖူးသည်။

"နေပြည်တော်မှာဆိုရင် အဓိကကတော့ ပျဉ်းမနားမြို့နဲ့မန္တလေးမှာဆိုရင် မြို့ထဲနေရာတွေမှာ ညနေပိုင်းမှာ လိုင်းကြပ်တာမျိုးတွေ တွေ့ရပါတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ သူတို့ခန့်မှန်းထားတာထက် ဆင်းကတ်တွေကို လူတွေပိုဝယ်ယူကြလို့ပါပဲ။ ပိုပြီးတော့လည်း စကားတွေပြောကြတဲ့အတွက်ကြောင့် ဒါကိုဖြေရှင်းဖို့ နည်းကတော့ တာဝါတိုင်တွေ ထပ်ပြီး အများကြီးချဲ့နေပါတယ်" ဟု ၎င်းက ပြောသည်။

တယ်လီနောမြန်မာသည် စက်တင်ဘာလ ၂၇ ရက်နေ့က မန္တလေးမြို့တွင် တာဝါတိုင် ၇၀ ဖြင့် စတင်ခဲ့ပြီး ယခုအခါ တာဝါတိုင် ၉၆ တိုင်ရှိလာပြီဖြစ်သည်။ အောက်တိုဘာလ ၃ ရက်နေ့က မိတ်ဆက်ခဲ့သည့် နေပြည်တော်တွင် တာဝါတိုင် ၉၀ ရှိသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ် ၄၄ မြို့နယ်တွင် တယ်လီနော၏ မိုဘိုင်းဖုန်းဆင်းကတ်များကို စတင်အသုံးပြုနိုင်ပြီဖြစ်ကာ ရောင်းချပေးမည့် မိုဘိုင်းဆိုင်ရှစ်ထောင်အထိရှိနေပြီဖြစ်ကြောင်း Mr. Petter Furberg ကပြောသည်။

တယ်လီနောမြန်မာက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စုစုပေါင်း ပျမ်းမျှအားဖြင့် မိုဘိုင်းဖုန်းဆင်းကတ်နှစ်သန်း ဖြန့်ဝေပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

တယ်လီနောဆင်းကတ်ဝယ်ယူရန် စောင့်ဆိုင်းနေကြသူများအား အောက်တိုဘာလ ၂၆ ရက်နေ့ကတွေ့ရစဉ်။ ဓာတ်ပုံ - ယုယု

"တယ်လီနောဆင်းကတ်ကဖုန်းဆက်ရင်တော့ ဖုန်းလိုင်းအရမ်းကြည်တယ်။ နောက်ပြီး ဆင်းကတ်နဲ့ တွဲသုံးတဲ့ဟန်းဆက်လည်းပေါတယ်။ ဟန်းဆက်မရွေးဘူး။ နောက်ပြီး ဆင်းကတ်ရောင်းတဲ့ဆိုင်တွေလည်း အများကြီးဆိုတော့ သိပ်တန်းမစီခဲ့ရဘူး။ ကျွန်မက ဖုန်းခေါ်ဖို့ပဲ အဓိကထားတော့ အင်တာနက်တော့ မသုံးကြည့်ရသေးဘူး" ဟု ရန်ကုန်မြို့နေ ဒေါ်အေးအေးက ပြောသည်။

Business

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အာမခံပေးမည့်အဖွဲ့အစည်း မြန်မာနိုင်ငံသို့ ရောက်ရှိ

အေးသီတာကျော်
ayethidarkyaw@gmail.com

နိုင်ငံရေးအန္တရာယ်များကို အာမခံရေးနှင့် ချေးငွေထုတ်ပေးမှု မြှင့်တင်ရေးကို ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုအာမခံရေးဘက်စုံအေဂျင်စီ MIGA က မြန်မာနိုင်ငံတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံတကာဘဏ်များမှတစ်ဆင့် ချေးငွေပံ့ပိုးပေးခြင်းစသည်တို့ကို အကောင်အထည်ဖော်သွားရန် အစီအစဉ်ရှိကြောင်း အေဂျင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စကေးကိုဟွန်ဒါက မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၂ မှ ၂၄ ရက်အတွင်း လာရောက်ခဲ့သည့်ခရီးစဉ်အတွင်း ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်အုပ်စု၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော MIGA ၏ ၁၈၀ မြောက်အဖွဲ့ဝင်အဖြစ် ယမန်နှစ်ဒီဇင်ဘာက ပါဝင်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါအဖွဲ့အစည်းသည် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်နှင့် ဘဏ္ဍာရေးကဏ္ဍများတွင် အခြေခံအဆောက်အအုံများ ဖြည့်တင်းပေးမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"မြန်မာနိုင်ငံရဲ့ပြောင်းလဲမှုတွေကို အောင်မြင်နိုင်ဖို့ အားပေးကူညီနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေကိုအားပေးဖို့ MIGA က စိတ်အားထက်သန်လျက် ရှိပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေအတွက် အလုပ်နေရာကို ဖန်တီးပေးနိုင်ပြီး အထူးလိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေကို ထူထောင်ပေးနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေက မြန်မာနိုင်ငံရဲ့သမိုင်းဝင်တဲ့ လက်ရှိပြောင်းလဲမှုရဲ့ အသီးအပွင့်တွေကို လက်တွေ့ဖြစ်လာဖို့ ကူညီပေးပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

အေဂျင်စီသည် နိုင်ငံရေးအခက်အခဲများကြောင့် ရင်းနှီးမြှုပ်နှံသူများ နိုင်ငံတစ်နိုင်ငံသို့ လာရောက်ရာတွင်ကြုံတွေ့ရနိုင်သည့်ချေးငွေအတွက် ငွေလွှဲငွေပို့များနှင့် ငွေကြေးလဲလှယ်မှု အတားအဆီးများ၊ စာချုပ်ဖောက်ဖျက်ခြင်း၊ အစိုးရက မြေသိမ်းယူခြင်း၊ စစ်နှင့် လူမှုရေးဆိုင်ရာအခက်အခဲများကို အာမခံ ဖြေရှင်းပေးနိုင်ကြောင်း မစ္စကေးကိုဟွန်ဒါက ပြောသည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်း ရင်းနှီးမြှုပ်နှံမှုအတွက် ဂျပန်ဘဏ်များမှချေးငွေရယူရန် အာမခံပေးခဲ့ပြီး အခြားအခက်အခဲများကိုလည်း အဆိုပါကာလအတွင်းတာဝန်ယူပေးနိုင်ခဲ့ကြောင်း ၎င်းကပြောသည်။

> မြန်မာနိုင်ငံမှာလည်း ဒီလိုရင်းနှီးမြှုပ်နှံမှုပုံစံမျိုး ကျွန်မတို့ လုပ်လို့ရနိုင်ပါတယ်
> ....

"မြန်မာနိုင်ငံမှာလည်း ဒီလိုရင်းနှီးမြှုပ်နှံမှုပုံစံမျိုး ကျွန်မတို့ လုပ်လို့ရနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာအစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်းကို အသိအမှတ်ပြုသော်လည်း စိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း ၎င်းကပြောသည်။ ■

တောင်သူတွေကြုံမယ့် အခက်အခဲ

ဇော်ထိုက်
zawhtikemjn1981@gmail.com

တရုတ်ဆန်ဈေးကွက် ကျဆင်းလာချိန်နှင့် မိုးစပါးပေါ်ချိန် အချိန်ကိုက်ဖြစ်ပေါ်လာခြင်းကြောင့်

ပန်းပန်လျက်ပါလို့ ပြောရလောက်အောင် အကျိုးအမြတ်များလာတဲ့ မြန်မာ့ဆန် ပြည်ပတင်ပို့တဲ့ဈေးကွက်ဟာ တရုတ်ဈေးကွက်ပျက်လာခြင်းနဲ့အတူ ပြီးခဲ့တဲ့နှစ်လနီးပါးကာလအတွင်းမှာ အရောင်းအဝယ်က ထက်ဝက်မက ကျဆင်းသွားပါတယ်။

ဒီလို တရုတ်ဈေးကွက်ပျက်ခြင်းရဲ့နောက်ကွယ်မှာ မြန်မာလယ်သမားတွေအတွက် မရဏခေါင်းလောင်းသံတစ်ချက်က ကပ်လျက်ပါလာပါတယ်။ အဲဒီခေါင်းလောင်းသံကတော့ ပြည်ပဈေးကွက် ထိုးကျနေချိန်နဲ့ မိုးစပါးပေါ်ချိန် တည့်တည့်ကြီးလာတိုက်ဆိုင်နေတာဖြစ်ပြီး စပါးဈေးတွေထိုးကျဖို့ လုံးဝနီးပါးကျိန်းသေနေပြီဆိုတာပါပဲ။

မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့တစ်လကျော်၊ နှစ်လလောက်အထိ တစ်လကို ဆန်တန်ချိန်တစ်သိန်းအထက်အထိ ပြည်ပကို တင်ပို့နေခဲ့ရတာပါ။ အဲဒီလိုအနေအထားမှာ ကမ္ဘာ့ဈေးကွက်ထဲမှာပါ မြန်မာအတွက်အခွင့်သာမယ့်အနေအထားတွေပေါ်ပေါက်လာတော့ လက်ရှိဘဏ္ဍာနှစ်ရဲ့ ပြည်ပကိုဆန်တင်ပို့မှုက စံချိန်တောင်ထပ်တင် နိုင်ဦးမယ်လို့ မှန်းဆခဲ့ကြတဲ့အထိ ဖြစ်ပါတယ်။

ဒါပေမဲ့ တရုတ်အကောက်ခွန်ဌာနက စက်တင်ဘာလဆန်းလောက်မှာစပြီး မြန်မာနိုင်ငံကနေ သူတို့နိုင်ငံထဲ ဝင်ရောက်နေတဲ့ ဆန်စီးဆင်းမှုကို တင်းတင်းကျပ်ကျပ် လုပ်လိုက်ရာကစပြီး မြန်မာအတွက်နိမိတ်ဆိုးကစခဲ့တာပါ။ တစ်ရက်ကို တန်ချိန် သုံးထောင်လောက်အထိ ဝယ်လိုအားရှိနေတဲ့တရုတ်ဈေးကွက်က တန် ၂၀ ကနေ ၃၀ လောက်ပဲ ဝယ်အားရှိတော့တာကြောင့် ပြည်တွင်းဆန်ကုန်သည်တွေ လှောင်ထားတဲ့ဆန်တွေ ဈေးကျကုန်ပြီး ကျပ်သိန်းရာချီရှုံးကုန်တော့တာပါပဲ။ အဲသလို ကုန်သည်တွေ ရှုံးတာရဲ့ နောက်ဆက်တွဲက ဘာဖြစ်မလဲဆိုတော့ စပေါ်နေပြီဖြစ်တဲ့ မိုးစပါးတွေကို ဝယ်လှောင်မယ့်ကုန်သည်လည်း အရမ်းနည်းသွားနိုင်လို့ စပါးဈေးတွေလည်း အရမ်းထိုးကျသွားမယ်၊ အခန့်မသင့်ရင် တောင်သူတွေအမြတ်မရနိုင်တဲ့အထိ ဖြစ်သွားနိုင်တယ် ဆိုတာတွေပါပဲ။

ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံလွတ်လပ်သော တောင်သူလယ်သမားများအသင်း ဥက္ကဋ္ဌဦးသိန်းအောင်က "မိုးဦးကျစပါး စိုက်ချိန်တုန်းက ပြည်ပတင်ပို့အားက တအားကောင်းနေတော့ လယ်သမားတွေကလည်း စပါးကို အားထည့်စိုက်ခဲ့ကြတာပေါ့ဗျာ။ ခါတိုင်းထက် မြေဩဇာတွေပိုသုံး၊ စိုက်ဧကတွေ တိုးလုပ်ခဲ့ကြတာ အခုစပါးလည်း စပေါ်မယ်ဆိုရော တရုတ်ဈေးကွက်က ပျက်နေတော့ လုပ်ထားသမျှရေစုန်မျောသွားမလား ရင်ပူနေရတော့တာပေါ့"လို့ ပြောပါတယ်။

ဒါကတော့ တောင်သူတွေရဲ့ လက်ရှိခံစားနေရတဲ့ ပူပန်မှုကိုကိုယ်စားပြုပြောနိုင်သူတစ်ဦးရဲ့ သုံးသပ်ချက်တစ်ခုပါ။

နာဂစ်ပြီးနောက်ပိုင်း ငါးနှစ်ဆက်တိုက်လောက်အတွင်း လယ်သမားလက်ထဲ စပါးရှိတဲ့ ပေါ်ဦးပေါ်ဖျားကာလတွေမှာ ဧည့်မထတင်း ၁၀၀ ကို နှစ်သိန်းရှစ်သောင်း၊ နှစ်သိန်းကိုးသောင်းထက်မပိုခဲ့တဲ့အပြင် ၂၀၁၃ ခုနှစ်မတိုင်ခင် နှစ်နှစ်၊ သုံးနှစ်ဆက်တိုက် ရေကြီးရေမြုပ်တာတွေကြောင့် စပါးအပျက်များခဲ့လို့ နှစ်ပြန် သုံးပြန် စိုက်ခဲ့ရလို့ တောင်သူတွေ ကြွေးတော်တော်ပိခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၀၁၂ ခုနှစ် အလယ်ပိုင်းလောက်ကစပြီး

ဘဏ်တွင် စပါးအပေါင်ထားသည့်စနစ်ဖြင့် စပါးဈေးကျ၍ အရှုံးပေါ်ခြင်းကို လျှော့ချသွားမည်
BUSINESS 26

Total ရေနံကုမ္ပဏီနှင့် သီးသန့်တွေ့ဆုံမေးမြန်းခြင်း
BUSINESS 28

ဘယ်သူက ရပ်တန့်ပေးနိုင်မလဲ

တောင်သူများအခက်မကြုံရအောင် ဝိုင်းဝန်းကူညီကြရန် လိုအပ်နေပြီ။ ဓာတ်ပုံ - ကောင်းထက်

တရုတ်ဈေးကွက် တစ်ဟုန်ထိုးတက်လာတာကြောင့် ၂၀၁၃ ခုနှစ်မိုးစပါးဈေးက ငါးနှစ်အတွင်းမှာ စံချိန်တင်ဈေးအဖြစ် ပေါ်စမှာတောင် သုံးသိန်းခွဲရှိခဲ့ပြီး နောက်ပိုင်း ဖေဖော်ဝါရီမှာ လေးသိန်းခုနစ်သောင်းအထိ ရောက်ခဲ့တာကြောင့် တောင်သူတွေ အကြွေးတော်တော်လေးကျေခဲ့ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၂၀၁၄ နွေစပါးကို တင်း ၁၀၀ လေးသိန်းတော့ အနည်းဆုံးရမယ်မှန်းပြီး စပါးကို အရင်က ထက်တိုးချဲ့စိုက်ခဲ့ပေမယ့် ကံကမပေးတော့စပါးဈေးက ထင်သလောက်မကောင်းခဲ့ပါဘူး။ ဒါပေမဲ့ နွေစပါးဈေးက ဘာပဲဖြစ်ဖြစ် သုံးသိန်းခွဲဈေးတော့ရခဲ့တဲ့အတွက် မဆိုးဘူးလို့ဆိုရမှာဖြစ်ပါတယ်။

အထက်မှာပြောခဲ့သလို ငါးနှစ်ဆက်တိုက် စပါးဈေးမကောင်း၊ သုံးနှစ်ဆက်တိုက် ရေကြီးရေမြုပ်တဲ့ ဖြစ်ရပ်တွေကြောင့် အခြားလုပ်စရာမရှိလို့သာ စပါးဆက်စိုက်နေရတဲ့တောင်သူတွေအနေနဲ့ ပြီးခဲ့တဲ့နှစ်နှစ်လောက်အတွင်းမှာ အမြတ်အစွန်းလေး တူတူတန်တန်ရခဲ့တာကြောင့် လယ်ယာလုပ်ငန်းကိုစိတ်ပါဝင်စားမှုတော်တော်လေး ပြန်ရှိလာတယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမဲ့ အခုလက်ရှိ ကြုံတွေ့နေရတဲ့ ဆုံးရှုံးမှုဖြစ်နိုင်ခြေ မြင်နေရတဲ့အနေအထားက ထင်ထားတာထက် ပိုကြမ်းသွားရင် တောင်သူတွေ လယ်ယာလုပ်ငန်းကို လုံးလုံးစိတ်ကုန်သွားနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

"တောင်သူတွေ ဆန်စပါးစိုက်ပျိုးရေးကို အားပြန်တက်လာအောင် နှစ်နှစ်လောက် အချိန်ယူပြီး ငွေကြေးပံ့ပိုးတာအပါအဝင် တော်တော့်ကို လုပ်ယူထားရတာပါ။ လက်ရှိအနေအထားရောက်ဖို့ ဒီလုပ်ငန်းနယ်ပယ်မှာ ရှိတဲ့သူအားလုံးက ဝိုင်းလုပ်ထားကြတာပါ။ ဒီအနေအထားမှာ တောင်သူတွေ ဆုံးရှုံးမှုဖြစ်သွားရင် လက်ရှိအနေအထား ပြန်ရောက်အောင်လုပ်ဖို့ တအားခက်သွားလိမ့်မယ်။ ဒါကိုထိန်းနိုင်ရင်တော့ အကောင်းဆုံးပဲ"လို့ ဦးလူမော်မြင့်မောင်က သုံးသပ်ပါတယ်။

ဒါပေမဲ့ မကြာခင်ကျရောက်လာနိုင်တဲ့ တောင်သူတွေရဲ့ ဆုံးရှုံးနိုင်ခြေအနေအထားကို ကာကွယ်ဖို့နည်းလမ်းကတော့ ပေါ်လာမယ့် မိုးစပါးတွေကို သင့်တင့်တဲ့ဈေးပေး ပြီး ဝယ်လှောင်ကြဖို့ပါပဲလို့ သူကဆက်ပြောပါတယ်။

စပါးဈေးအရမ်းထိုးကျမှာကိုခုသာခံသာဖြစ်စေဖို့အတွက် လယ်သမားတွေဘက်ကလည်း စီမံနေတာတွေရှိပါတယ်။ စပါးကို အကျဈေးနဲ့ ထိုးရောင်းတာထက် စာရင် အစိုးရဆီမှာပေါင်တာပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့တစ်ခုခု ဒါမှမဟုတ် အစိုးရပိုင်းက လယ်သမားတွေ အစုအဖွဲ့အနေနဲ့ ငွေချေးပြီး ကိုယ်တိုင် စပါးလှောင်ထားတာမျိုးတွေ လုပ်ဖို့တို့ဖြစ်ပါတယ်။

တကယ်လို့ မကြာမီ ကြုံလာရနိုင်တဲ့ လယ်သမားတွေရဲ့အခက်အခဲကို ဝင်ရောက်ကူညီမယ့်သူသာမရှိရင်တော့ လယ်သမားအများအပြား လယ်ယာလုပ်ငန်းကိုစွန့်ခွာ သွားကြလိမ့်မယ်လို့ ဦးသိန်းအောင်က သုံးသပ်ပါတယ်။

"လယ်သမားအကုန်လုံးတော့မဟုတ်ဘူးပေါ့ဗျာ။ လယ်သမားငယ်လေးတွေကတော့ ဘာလုပ်တော့မှာလဲဗျာ။ မြို့တက်ပြီးပဲ ပန်းရံလုပ်၊ ဆိုက်ကားနင်းလုပ်ကြတော့မှာပေါ့။ စပါးဈေးကျရင် ရွှေရောင်းဘာရောင်းနဲ့ စပါးကိုထိန်းနိုင်တဲ့သူက ဆယ်ဦးမှာ တစ်ဦးတောင်မှမရှိတာ။ လာမယ့်ရိုက်ချက်က ပြင်းနိုင်တယ်ဗျ"လို့ ပြောပါတယ်။

လက်ရှိအချိန်မှာတောင် စပါးဈေးက တင်း ၁၀၀ ကို ကျပ် သုံးသိန်းလောက်ပဲရှိတော့တဲ့အတွက် စပါးသာလှိုင်လှိုင်ပေါ်လိုက်ရင် နှစ်သိန်းခွဲ ဈေးလောက်အထိ ဖြစ်သွားပြီး အမြတ်မကျန်ရုံတင်မက အရှုံးပါပေါ်တဲ့အထိ ဖြစ်သွားမှာကို တောင်သူတွေစိုးရိမ်နေကြပါတယ်။

ပွင့်လင်းလာသည့်ဈေးကွက်နှင့်အညီ အတွေးအခေါ်များ ပြောင်းလဲရန်လို

စုဖြိုးဝင်း
suphyo1990@gmail.com

ဈေးကွက်စီးပွားရေး ပွင့်လင်းလာသည်နှင့် အမျှ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် ရှေးရိုးစွဲအတွေးအခေါ်များနှင့် အမြင်များ၊ လုပ်ထုံးလုပ်နည်းများကို ပြုပြင်သွားရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

စီးပွားရေးပိတ်ဆို့မှုများအကြား နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ရသည့်အတွက် ပြည်တွင်းစီးပွားရေးလုပ်ကိုင်နေသူတို့၏အမြင်များသည် သမားရိုးကျဖြစ်နေပြီး ဈေးကွက်ရယူမှု၊ ချဲ့ထွင်မှုတို့အတွက် လေ့ကျင့်သင်ကြားပေးမှုနှင့် လမ်းညွှန်ပေးမှုများ လိုအပ်နေကြောင်း မြန်မာစီးပွားစီမံအမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမြင်မောင်ထွန်းက ပြောသည်။

"ဈေးကွက်ပွင့်လာတာနဲ့အမျှ ပိုပြီးအမြင်ကျယ်ကျယ်နဲ့ ထိုးဖောက်နိုင်ဖို့လိုတယ်။ မိသားစုတစ်ပိုင်တစ်နိုင် လုပ်နေရာကနေ ကျေးရွာ၊ မြို့နယ်တွေအထိချဲ့လာနိုင်အောင်၊ ပြည်တွင်းလုပ်ကိုင်နေရာကနေ ပြည်ပဈေးကွက်ကိုထိုးဖောက်နိုင်အောင် စနစ်တကျ လေ့ကျင့်သင်ကြားပေးမှုတွေ လိုအပ်နေတယ်။ စစ်အုပ်ချုပ်မှုအောက်မှာ အချိန်အကြာကြီးနေခဲ့ရတဲ့ ပြည်သူတွေရဲ့ အတွေးအခေါ်ဟောင်းတွေကိုလည်း ပြုပြင်ရမယ်။ ချက်ချင်းကြီးပြောင်းပစ်လို့တော့ မရပေမယ့် အချိန်ယူပြီးတော့ ပြုပြင်သွားရဦးမယ်" ဟု ၎င်းကပြောသည်။

မြန်မာစီးပွားစီမံ အမှုဆောင်များအသင်းသည် MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်အသင်းသားများဖြင့်သာ ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ အောင်မြင်သော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေခြင်းတို့အတွက် ပါဝင်မျှဝေဆောင်ရွက်ရန်နှင့် လူမှုအဖွဲ့အစည်း၏ ရေရှည် တိုးတက်မှုအတွက် ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

"ဒီမိုကရေစီစနစ်နဲ့လျော်ညီတဲ့ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွန်းလာဖို့ သင်တန်းတွေပေးနေပါတယ်။ ကျေးရွာတွေမှာအဓိကလိုအပ်နေတဲ့ အသေးစားအလတ်စားလုပ်ငန်း လုပ်ကိုင်နေသူတွေ၊ အသေးစား ငွေချေးလုပ်ငန်းတွေအတွက် အသိပညာပေးအစီအစဉ်တွေ ဆောင်ရွက်နေတယ်" ဟု ဦးမြင်မောင်ထွန်းက ပြောသည်။

စွန့်ဦးတီထွင်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးစီမံခန့်ခွဲမှုများအတွက် အမေရိကန်နိုင်ငံအခြေစိုက် Indiana University နှင့် ပူးပေါင်းကာ Entrepreneurship Development Program ကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးလျက်ရှိပြီး ပို့ချရာတွင် ဘာသာစကားအခက်အခဲ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ကွဲလွဲမှုများကြုံတွေ့ရကြောင်း ဦးမြင်မောင်ထွန်းက ပြောသည်။

"သူများနိုင်ငံတွေမှာက အတွေးအခေါ်တွေ၊ လုပ်ငန်းပိုင်းဆိုင်ရာတွေက ခေတ်စနစ်နဲ့အညီ ပြောင်းနေပေမယ့် ကျွန်တော်တို့နိုင်ငံက လူအများစုကတော့ မပြောင်းနိုင်သေးပဲကျန်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေပါပဲ။ အမြန်ဆုံးပြောင်းလဲပစ်ဖို့လိုတယ်" ဟု ၎င်းကပြောသည်။

လတ်တလောတွင် မြန်မာစီးပွားစီမံအမှုဆောင်များအသင်း၏ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် ခြောက်ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၁၁ ရက်၌ကျင်းပခဲ့ပြီး လက်ရှိအချိန်ထိ အသင်းဝင်ပေါင်း ၆၉ ဦး ရှိပြီဖြစ်သည်။ ■

ဘဏ်တွင် စပါးအပေါင်ထားသည့်စနစ် ကျင့်သုံးသွားမည်

ဇော်ထိုက်
zawhtikemjn1981@gmail.com

လက်ရှိစပါးပေါ်ချိန်တွင် စပါးဈေးထိုးကျလာခြင်းကြောင့် တောင်သူများ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်ရမည့်အရေး လျော့ပါးစေရေးအတွက် ဘဏ်တွင်စပါးအပေါင်ထားစေကာ ငွေထုတ်ချေးခြင်းကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

တောင်သူများလက်ဝယ်ရှိ စပါးများကို လက်ရှိကျဆင်းလျက်ရှိသည့် စပါးဈေးဖြင့် ထုတ်မရောင်းဘဲ ထိုစပါးများကို ဘဏ်တွင် အပေါင်ပစ္စည်းအဖြစ်ထားရှိကာ ဘဏ်တိုးဖြင့် ချေးငွေရယူကာ စိုက်စရိတ်ချေးငွေပေးဆပ်ခြင်းအပါအဝင် အခြားသောငွေကြေးကိစ္စရပ်များကို ဆောင်ရွက်ကာ ဆုံးရှုံးမှုပမာဏကို အတတ်နိုင်ဆုံး လျော့ပါးစေရန် ရည်ရွယ်လုပ်ဆောင်မည်ဖြစ်ကြောင်း ဦးချစ်ခိုင်က ပြောသည်။

"စပါးဈေးတက်လာတဲ့အခါကျမှ ဘဏ်မှာအပေါင်ထားတဲ့စပါးကို ပြန်ထုတ်ယူပြီး ရောင်းကြပေ့ါ။ အဲဒါဆိုရင် တောင်သူတွေက လောလောဆယ်မှာ ပေးစရာရှိတဲ့ငွေတွေ၊ သူတို့သုံးဖို့လိုနေတဲ့အရာတွေကို ဘဏ်းတိုးနဲ့ ငွေချေးပြီး သုံးနိုင်မှာဖြစ်တော့ ခုသာခံသာဖြစ်တာပေ့ါ။ ဒီစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်"ဟု ဦးချစ်ခိုင်ကပြောသည်။

ထိုသို့ ဘဏ်တွင်စပါးအပေါင်ထားသည့် ကိစ္စကို အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် စပါးအဓိကစိုက်ပျိုးရာ ဒေသများဖြစ်သည့် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့က တောင်သူများနှင့်ဆွေးနွေးနေလျက်ရှိကာ ဘဏ်နှင့်ချိတ်ဆက်ခြင်းကို ၎င်းပိုင်ဆိုင်သည့် မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးချစ်ခိုင်ကပြောသည်။

"ဘဏ်ကတော့ ကျွန်တော့်ရဲ့ မြန်မာ့ရှေ့ဆောင်ဘဏ်နဲ့ပဲ ချိတ်မှာပါ။ ဧရာဝတီတို့၊ ပဲခူးအနောက်ပြည်ဘက်က လယ်သမားတွေနဲ့ဆွေးနွေးနေပါတယ်။ သိုလှောင်ရုံဝန်ဆောင်မှုကို ဘယ်လောက်ယူရင် တောင်သူတွေအတွက် အဆင်ပြေနိုင်မလဲ စတာတွေပေ့ါ။ အမြန်ဆုံးစနိုင်ဖို့လုပ်နေပါတယ်"ဟု ၎င်းကပြောသည်။

မိုးစပါးပေါ်ချိန်နှင့် ဈေးကျချိန် တိုက်ဆိုင်နေခြင်းကြောင့် တောင်သူများရင်ဆိုင်လာရမည့်ဆုံးရှုံးမှု သက်သာစေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စပါးအပေါင်ထားသည့်စနစ်ဖြင့် ချေးငွေထုတ်ပေးရန် စီစဉ်နေပြီဖြစ်သည်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

ပြီးခဲ့သည့်လပိုင်းအထိ ကောင်းမွန်နေခဲ့သည့် တရုတ်ပြည်သို့ ဆန်တင်ပို့သည့်ဈေးကွက် အဖမ်းအဆီးများလာမှုကအစပြုကာ ပြည်ပသို့ လစဉ်ဆန်တင်ပို့သည့်ပမာဏ ထက်ဝက်ကျဆင်းနေခြင်းနှင့် မိုးစပါးပေါ်သည့်အချိန်တိုက်ဆိုင်နေခြင်းတို့ကြောင့် လက်ရှိအချိန်တွင် စပါးဈေးမှာ ဧည့်မထစပါးတင်း ၁၀၀ လျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် များစွာကွာခြားခြင်းမရှိသည့် ကျပ် ၃၀၀,၀၀၀ အောက်သို့ ရောက်ရှိနေသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တောင်သူများကရိတ်သိမ်းဆဲဖြစ်သောစပါးများကို လက်ရှိကျဆင်းနေသည့် ပေါက်ဈေးဖြင့် မရောင်းချလိုဘဲ စပါးဈေးသင့်တင့်လာသည့် အချိန်အထိ သိုလှောင်ထားရန် ဆန္ဒရှိနေသည်။ တောင်သူများမှာ စပါးများကို အချိန်ကာလတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ထားနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများထံက ငွေကြေးထောက်ပံ့မှုရရန် ကြိုးပမ်းလျက်ရှိသည်။

အဖွဲ့ဝင်အင်အား လေးသိန်းခန့်ရှိသော လွတ်လပ်သော တောင်သူလယ်သမားများအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က "ကျွန်တော်တို့ ဒါနဲ့ပတ်သတ်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေကနေတစ်ဆင့် လွှတ်တော်အထိ တင်ပြထားပါတယ်။ အစိုးရဌာနတွေကိုလည်း သွားတင်ပြမှာဖြစ်ပါတယ်။ အစိုးရ ဒါမှမဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း တွေကပဲဖြစ်ဖြစ် စပါးကိုအပေါင်ခံမလား။ ဒါနဲ့ပတ်သက်ပြီး ဘဏ်တိုးနဲ့ မပေးရင်တောင် အပြင်တိုးထက် သက်သာရင် ကျွန်တော်တို့လက်ခံမှာပါ"ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

ကျဆင်းနေသောစပါးဈေးကြောင့် ဆုံးရှုံးမှု များလာမည့်အရေးကို ရှောင်ရှားနိုင်ရန်အတွက် ငွေကြေး သို့မဟုတ် တစ်စုံတစ်ခုသော ထောက်ကူမှုပြုလုပ်ပေးရန် လွတ်လပ်သော တောင်သူလယ်သမားများအဖွဲ့သည် ပြည်သူ့လွှတ်တော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်ဖြစ်သည့် လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းထံမှတစ်ဆင့် တောင်းဆိုမှုအဆိုပြုလွှာကို လွှတ်တော်သို့ တင်သွင်းထားပြီး ဖြစ်သည်။

"အောက်တိုဘာ ၂၁ ရက်မှာ ဦးဇော်ထွန်းကနေတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းအပြင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုပါ လိပ်မူထားပြီး တောင်သူတွေရဲ့ မေတ္တာရပ်ခံစာကို တင်သွင်းလိုက်ပါတယ်"ဟု ဦးသိန်းအောင်က ပြောသည်။

ဧည့်မထစပါးတင်း ၁၀၀ လျှင် ကျပ် ၃၅၀,၀၀၀ အောက်မလျော့နည်းသောဈေးမရရှိလျှင် လက်ရှိကာလထုတ်လုပ်မှုစရိတ်အရ တောင်သူများ ဆုံးရှုံးမှုရှိနိုင်ကြောင်း ဆန်စပါးလုပ်ငန်းကျွမ်းကျင်သူများက ပြောသည်။ ■

တရားမဝင် နိုင်ငံခြား ကားများကြောင့် ဗီဒီယို ရုပ်ရှင်အငှားဆိုင်များ ရပ်တည်ရန်ခက်ခဲလာ

မြတ်နိုးဦး
myatnoe.mcm@gmail.com

နိုင်ငံခြားရုပ်ရှင်ကားများ ဝင်ရောက်လာပြီး ခိုးကူးခွေများ ကျယ်ပြန့်စွာပေါ်ထွက်လာခြင်းကြောင့် မြန်မာဗီဒီယိုဇာတ်ကားများကို တရားဝင်ဝယ်ယူကာ ပြန်လည်ငှားရမ်းနေကြရသော ဗီဒီယိုရုပ်ရှင်အငှားလုပ်ငန်းတွင် စီးပွားရေးကျပ်တည်းမှုဖြစ်လာပြီး ဆက်လက်ရပ်တည်ရန်ခက်ခဲလာကြောင်း ဗီဒီယိုအခွေငှားဆိုင်ပိုင်ရှင်များက ပြောသည်။

အခမဲ့ရုပ်သံလိုင်းများတွင် ကိုရီးယားဇာတ်လမ်းတွဲများ၊ မြန်မာရုပ်ရှင်ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသမှုများကြောင့်လည်း ဗီဒီယိုအခွေငှားဆိုင်များတွင် ငှားရမ်းမှုနည်းလာကြောင်း Grand ဗီဒီယိုအခွေငှားဆိုင်ပိုင်ရှင်က ပြောသည်။

"ကျွန်မ ဗီဒီယိုအခွေငှားဆိုင်ဖွင့်လာတာ ၁၂ နှစ်ကျော်သွားပြီ။ အရင်တုန်းကဆိုရင် စီးပွားရေးကောင်းတယ်။ အခုဆိုထက်ဝက်လောက် ကျသွားတယ်။ အရင်တုန်းကဆိုရင် ဆိုင်ဖွင့်တာက အဓိကစီးပွားရေးပဲ။ အခုတော့ တခြားအလုပ်တစ်ခုကိုပါ တွဲပြီးရှာရမလိုဖြစ်နေပြီ" ဟု ၎င်းက ပြောသည်။

အခွေငှားသူအများစုမှာ ဟာသကားများကို ပိုမိုနှစ်သက်သည့်အတွက် ဈေးကွက်အနေထားအရ ဝယ်ယူရကြောင်း တောင်ဥက္ကလာမြို့နယ်ရှိ ဆက်ဝေ အခွေငှားဆိုင်ပိုင်ရှင်က ပြောသည်။

"ပရိတ်သတ်က ဟာသကားကို ပိုကြိုက်တယ်ဆိုတာက ခြုံပြီးပြောတာပါ။ သူ့အကြိုက်နဲ့သူတော့ ရှိပါတယ်"ဟု ဇမ္ဗူတလူရုပ်ရှင်ထုတ်လုပ်ရေးက ဦးခင်ဒွေးက ပြောသည်။

ဆင်ဆာမရှိတော့ခြင်းသည် ဗီဒီယိုဈေးကွက်ကို ပြောင်းလဲသွားခြင်းမရှိဘဲ ခိုးကူးခွေများကသာ ဗီဒီယိုဈေးကွက်ကို အပြောင်းအလဲများ ဖြစ်ပေါ်စေကြောင်း ၎င်းက ပြောသည်။

> ဗီဒီယိုဈေးကွက်က အခုဆိုရင် ရန်ကုန်နဲ့ မန္တလေးကိုပဲ အားထားရတယ်။ တခြားနယ်တွေက ခိုးကူးခွေတွေက လက်ဦးသွားတာများတယ်
>
> ....

"ဗီဒီယိုဈေးကွက်က အခုဆိုရင် ရန်ကုန်နဲ့ မန္တလေးကိုပဲ အားထားရတယ်။ တခြားနယ်တွေက ခိုးကူးခွေတွေက လက်ဦးသွားတာ များတယ်။ ဖြန့်ချိရေးစနစ်အားနည်းတာလည်း ပါတာပေ့ါ။ ဖြန့်ချိရေးစနစ်ကောင်းမွန်ပြီး ခိုးကူးခွေတွေကိုသာ ထိထိရောက်ရောက် အရေးယူနိုင်မယ်ဆိုရင် ဗီဒီယိုဈေးကွက်က ပြန်ပြီးကောင်းမွန်လာမှာပါ" ဟု ၎င်းကပြောသည်။

နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းများကို ဝယ်ယူကြည့်ရှုသူများလာပြီး ငှားရမ်းကြည့်ရှုသူများမှာလည်း ယခင်လောက်ငှားရမ်းခြင်းမရှိတော့ဘဲ ပုံမှန်ငှားရမ်းနေသူများမှာ ရက်ခြား ငှားရမ်းလာကြသည်ဟု တာမွေမြို့နယ်ရှိ အခွေငှားဆိုင်တစ်ဆိုင်၏ ပိုင်ရှင်က ပြောသည်။

"ကျွန်တော်မြန်မာကားကို နေ့တိုင်း ငှားကြည့်ဖြစ်ပါတယ်။ မင်းသား၊ မင်းသမီးတော့ ရွေးတယ်။ တချို့မင်းသားတွေဆိုရင် မကြိုက်ဘူး။ အခုတော့နေ့တိုင်းမငှားဖြစ်တော့ဘူး။ အမေက ကိုရီးယားကား ကြည့်နေတာဆိုတော့ တီဗီကမအားဘူး။ တစ်ပတ်ကို သုံးကားလောက်ပဲ ငှားဖြစ်တော့တယ်" ဟု တာမွေမြို့နယ်တွင်နေထိုင်သူ ကိုချမ်းမြေ့က ပြောသည်။

မြန်မာဇာတ်ကားများမှာ ဝယ်ယူရာ၌ ဈေးကြီးသည့်အတွက် မူပိုင်အခွေကို တစ်ခွေနှစ်ခွေသာဝယ်ယူနိုင်၍ ကျန်အခွေများကို ကူးယူပြီး ငှားရမ်းသူများလည်းရှိကြောင်း ဗီဒီယိုအခွေငှားဆိုင်များက ပြောသည်။

"ကျွန်တော်မြန်မာကားကို အလုပ်အားတဲ့ အချိန်တွေမှာ ငှားကြည့်ဖြစ်တယ်။ ကိုရီးယားကားတွေက စာတန်းထိုးကို ကြည့်ရတာရယ်၊ ရုပ်ရှင်ကိုကြည့်ရတာရှုပ်နေလို့ မကြိုက်ဘူး။ မြန်မာကားဆိုရင် ဇာတ်လမ်းကောင်းတာမျိုးလေးတွေကို ငှားကြည့်ဖြစ်တယ်" ဟု ကမာရွတ်မြို့နယ်နေ ဦးဝင်းမင်းအောင်က ပြောသည်။ ■

ယခုဘဏ္ဍာနှစ် အခွန်ကောက်ခံ ရရှိငွေ ကျပ်လေးထရီလျံ လျာထား

အေးသီတာကျော်
ayethidarkyaw@gmail.com

၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်လေးမျိုးက ရရှိငွေစုစုပေါင်း ကျပ်လေးထရီလျံအထိ ရည်မှန်းထားကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွတ်က ပြောသည်။

သို့သော် လက်ရှိ အောက်တိုဘာအထိ အခွန်ကောက်ခံရရှိငွေမှာ ကျပ် ၁,၉၀၀ ဘီလျံခန့်သာ ရှိနေသေးသည်။

"ကျွန်တော်တို့မှာ ဧပြီလ ၁ ရက်ကနေ ဇွန် ၃၀ ရက်အထိက အခွန်ထမ်းတွေ ပြင်ဆင်တုန်းအတွက်ကြောင့် အဲဒီအချိန်မှာ ကောက်ခံရရှိငွေနဲပါတယ်။ ကောက်ခံရရှိမှုများတာက နောက်ပိုင်း ခြောက်လတာကာလပါ။ နောက်ဆုံး သုံးလက အများဆုံးပါ"ဟု ၎င်းက စားသောက်ဆိုင် လုပ်ငန်းရှင်များအတွက် ပြေစာများတွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရန်ရှင်းလင်းပွဲတွင် ပြောသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း အခွန်နှုန်းထားများပြင်ဆင်လိုက်ချိန်မှစ၍ တစ်နှစ်လျှင် တစ်ဆနှုန်းတိုးမြှင့်ကောက်ခံရရှိနေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ လွန်ခဲ့သော သုံးနှစ်က ကောက်ခံရရှိမှုမှာ ကျပ် ဘီလျံ ၁,၀၀၀ သာရှိခဲ့သည်။

ယမန်နှစ်ကကောက်ခံရရှိသည့် အခွန်ငွေစုစုပေါင်း ကျပ် ဘီလျံ ၃,၀၀၀ ရှိခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသောက်ဆိုင်များ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခြင်းက ၂ ဒသမ ၅ ဘီလျံရရှိခဲ့ကြောင်း ၎င်းက ပြောသည်။

စားသောက်ဆိုင်များ၏ပြေစာတွင် လက်ရှိပြောင်းလဲကောက်ခံသွားမည့်စနစ်အရ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ်များကိုထည့်သွင်းကာ ကျသင့်သည့်အခွန်နှုန်းထား ပျက်စီးမှုမရှိအောင် လုံခြုံစွာဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစနစ်ကို နိုဝင်ဘာ ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသောက်ဆိုင်များက စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၎င်းကပြောသည်။ ယင်းကိုပေးဆောင်ရမည့်အခွန် ငါးရာခိုင်နှုန်းပေါ် မူတည်၍ ပြည်တွင်းအခွန်များဦးစီးဌာနက ကျပ် ၅၀ မှ ကျပ် ၁၀,၀၀၀ အထိထုတ်ဝေထားပြီး နောက်ပိုင်းတွင် တန်ဖိုးမြှင့်ထုတ်ဝေသွားရန် အစီအစဉ်ရှိကြောင်း ၎င်းကပြောသည်။

"စားသောက်ဆိုင်ပိုင်ရှင်တွေက အရင်ကနဲ့မတူဘဲ အခွန်ထည့်ဝင်လာတာရှိပါတယ်။ ဆိုင်ပေါင်းများစွာက အခွန်ထမ်းတွေဖြစ်လာပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ ကုန်သွယ်လုပ်ငန်းခွန်ရရှိမှုမှာဆိုရင် မြန်မာနိုင်ငံက အနည်းဆုံး ဖြစ်နေသေးတယ်" ဟု ၎င်းက ပြောသည်။

စားသောက်ဆိုင်များတွင် လာရောက်စားသုံးသူထံမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံမှုကို ၂၀၁၁ နောက်ပိုင်းမှစတင်၍ မူလ ၁၀ ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး အဆိုပါနှုန်းထားမှာ စင်ကာပူနှင့် ထိုင်းနိုင်ငံများတွင်းကောက်ခံသည့် ခုနစ်ရာခိုင်နှုန်းနှင့် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကောက်ခံသည့် ၁၀ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှာ အနည်းဆုံးဖြစ်သည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၅၇,၀၀၀
ဆီဈေးနှုန်း (တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၃,၉၀၀
စားအုန်းဆီ	ကျပ်	၁,၃၅၀
နှမ်းဆီ	ကျပ်	၅,၀၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၇၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၅၀၀
ညှော့မထ	ကျပ်	၉၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၆,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
အမဲသား	ကျပ်	၈,၀၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၁,၇၀၀-၁,၂၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၅၀၀ - ၁၈၅
စက်သုံးဆီဈေးနှုန်း (တစ်လီတာ)		
ဓာတ်ဆီ	ကျပ်	၈၁၄ ကျပ်
ဒီဇယ်	ကျပ်	၉၄၀ ကျပ်

မန္တလေး

ရွှေ(တစ်ကျပ်သား)	ကျပ်	၆၆၀,၀၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၂,၉၀၀
စားအုန်းဆီ	ကျပ်	၁,၄၄၀
နှမ်းဆီ(ရိုးရိုး)	ကျပ်	၃,၀၅၀
သန့်စင်ပြီးဆန် (တစ်တင်းခွဲအိတ်)		
ပေါ်ဆန်း	ကျပ်	၄၅,၀၀၀
မနောသုခ	ကျပ်	၃၈,၀၀၀
မဂျမ်းတော	ကျပ်	၄၂,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၅,၂၀၀
ကြက်(မြန်မာ)	ကျပ်	၇,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ		
အမြင့်/အနိမ့်	ကျပ်	၁,၇၀၀-၁,၁၀၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၅၀၀ - ၁၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၄,၀၀၀

နေပြည်တော် ပျဉ်းမနား

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၆၀,၀၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း (ရွှေဘို)	ကျပ်	၁,၉၀၀
ပေါ်ဆန်း(ဖျာပုံ)	ကျပ်	၁,၅၅၀
ဧယာ	ကျပ်	၉၅၀
မနောသုခ	ကျပ်	၉၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၃,၆၀၀
နှမ်းဆီ	ကျပ်	၂,၈၀၀
စားအုန်းဆီ	ကျပ်	၁,၆၀၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၄၅၀-၂၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀-၁,၂၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၁,၇၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၇,၀၀၀
မြန်မာကြက်	ကျပ်	၉,၀၀၀
ဝက်(အသား)	ကျပ်	၆,၀၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၂၀၀
ဒီဇယ်	ကျပ်	၄,၀၀၀

(အောက်တိုဘာ ၂၈ ရက် ဈေးနှုန်း)

‘၂က’ အက္ခရာ ဝယ်ယူစုဆောင်းသူများလာ

တိုးဝေအောင်
toewaiaung.mcm@gmail.com

‘၂က’ အက္ခရာကားများကို လိုက်လံဝယ်သူများလာခြင်းကြောင့် ပေါက်ဈေး ကျပ်သိန်း ၆၀ အထက်ရှိလာကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူများက ပြောသည်။

“ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစနစ်အရ လက်ရှိအပ်နှံနေတဲ့ ကားတွေထဲမှာ ၁က၊ ၂က နဲ့ စက်မှုဇုန်ဂျစ်ကားတွေကတော့ အရောင်းအဝယ်တော်တော်လေးဖြစ်နေတယ်။ အဲဒီကားတွေထဲက ဇုန်ဂျစ်ကတော့ ဒီတစ်ပတ် အရောင်းအဝယ် သိပ်မဖြစ်ဘူး။ ပြီးခဲ့တဲ့လကုန်ပိုင်းလောက်က စပြီးတော့ ၁ကနဲ့ ၂က အက္ခရာကားတွေကို အဝယ်များလာတယ်” ဟု သီရိမင်္ဂလာကားအရောင်းအဝယ်ဈေးကွက်က ကားဝယ်ရောင်း ကိုတင်မောင်းသိန်းက ပြောသည်။

ကားဈေးကွက်အတွင်း ယာဉ်အိုယာဉ်ဟောင်း အစားထိုးတင်သွင်းသည့်စနစ်အရ ပြန်လည်တင်သွင်းသည့် ယာဉ်များကို အခွန်ရာခိုင်နှုန်းအလိုက် သတ်မှတ်လျှော့ချပေးခဲ့ခြင်းကြောင့် ကားဟောင်းအပ်နှံသူများမှာ ပြည်ပမှ ကားအစားထိုးတင်သွင်းရာတွင် တင်သွင်းခွန် သက်သာမှုများ ရရှိခဲ့သည်။ အခွန်နှုန်းထား သက်သာခြင်းကြောင့် ပြည်ပကား ပြန်လည်တင်သွင်းလိုသူများနှင့် ကားသစ်များ ပြန်လည်တင်သွင်းလိုသည့် ကုမ္ပဏီများမှာ ဈေးကွက်အတွင်းရှိ အပ်နှံခွင့်ပြုထားသည့် ကားဟောင်းများကို ပြန်လည်ဝယ်ယူလာခြင်းကြောင့် ကားဟောင်းနှင့် စလစ်ဈေးကွက် မြင့်တက်လာခြင်းဖြစ်သည်။

“ ဈေးကွက်ထဲမှာ ‘၁က’ အက္ခရာကားတွေကတော့ တော်တော်ရှားသွားပြီ။ အပ်တာလည်း ကုန်သလောက်နီးပါးဖြစ်နေပြီ။ ‘၂က’ အက္ခရာကားက ဈေးကွက်ထဲမှာ ၆၃ သိန်းနဲ့ အရောင်းအဝယ်ဖြစ်နေပြီး အဝယ်လည်းလိုက်နေတယ်။ ဒီစလစ်တွေကို အရောင်းပြခန်းတွေက လိုက်ဝယ်နေတယ်။ အမြင့်ကားတွေကို ဒီနှစ်မကုန်ခင် တင်သွင်းထားဖို့ ရည်ရွယ်ချက်နဲ့ ဝယ်လာကြတာပါ။ ဒီနှစ်မကုန်ခင် အမြင့်ကားတွေကို ဒီစလစ်နဲ့တင်သွင်းမှ ဆောင်ရမယ့်အခွန်ကလည်း ၆၀ ရာခိုင်နှုန်း သက်သာမှာဆိုတော့ ဒီစလစ်တွေ တော်တော်လေး အရောင်းအဝယ်ဖြစ်နေတယ်”ဟု ကားအရောင်းအဝယ် လုပ်ကိုင်သူ ကိုဦးက ပြောသည်။

“ကားဟောင်းဝယ်တဲ့ သူတွေကတော့ အခွန်အများဆုံးလျှော့ချပေးတဲ့ ကားတွေကိုအဝယ်များတယ်။ ‘၁က၊ ၂က၊ လ၊ သ၊ အ’ အက္ခရာတွေကို အဝယ်များတယ်။ ဒီကားတွေက အခွန် ၆၀ ရာခိုင်နှုန်းလျှော့ချပေးတော့ အမြင့်ကားတင်သွင်းတဲ့နေရာမှာ အများကြီးသက်သာတယ်။ စက်မှုဇုန်ထုတ်ဂျစ်ကားတွေကလည်း အခွန် ၂၀ ရာခိုင်နှုန်းလောက်ပဲလျှော့ပေးလို့ အခွန်များများပိုလျှော့တဲ့ အက္ခရာကားတွေကို အဝယ်လိုက်လာကြတယ်။ အဝယ်များလာလို့လည်း ဈေးက သိန်း ၆၀ ကျော်ကနေ မဆင်းဘူးဖြစ်နေတယ်။ နှစ်မကုန်ခင် ဝယ်ပြီး လပိုင်းအတွင်း ဈေးကောင်းရဖို့ ဝယ်စုချင်တဲ့သူ များပေမယ့် ချမှတ်တဲ့ပေါ်လစီကြောင့် အရှုံးပေါ်လာမှာကြောက်ကြတဲ့သူတွေများလာလို့ ကားဟောင်းတွေကို ဝယ်ယူစုဆောင်းဖို့ လက်တွန့်နေကြတဲ့သူတွေလည်းရှိတယ်” ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းညွန့်က ပြောသည်။

ဈေးကွက်အတွင်း ကယ်ရီမိနီထရပ်များ အရောင်းအဝယ် ကောင်းချိန်တွင် အလယ်အလတ်ကားများဖြစ်သည့် သိန်း ၁၀၀ ဝန်းကျင်ကားများမှာ ယခုတစ်ပတ်အတွင်း အရောင်းအဝယ် အေးလာခဲ့သည်။ ထို့ပြင် ကားဈေးကွက်အတွင်း မကြာခဏဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် မူဝါဒအပြောင်းအလဲကြောင့် ဂျပန်လေလံဈေးကွက်တွင် ယခင်က ယန်းလေးသန်းခန့်ရှိကားများမှာ ခြောက်သန်းသို့ မြင့်တက်လာခဲ့သည်။

“မူဝါဒအပြောင်းအလဲကြောင့် ဂျပန်လေလံဈေးကွက်မှာ ကားတွေဈေးတက်လာတယ်။ အရင်တုန်းက ခရောင်းအမျိုးအစားမော်ဒယ်ဆိုရင် ယန်းလေးသန်းလောက်ရှိပေမယ့် အခုဆိုရင် နှစ်သန်းလောက်တက်သွားတယ်။ အရင်တုန်းက စလစ်ဈေးကသိန်း ၁၀၀ ကျော်ပေးပြီး အမြင့်ကားတွေကို ငွေအလိုက်ပေးရတာထက်စာရင် အခုဖြစ်နေတာက ပိုပြီးတော့ သင့်တော်ပါတယ်” ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုဦးကပြောသည်။

ကားဈေးကွက်အတွင်း စက်မှုဇုန်စလစ်ကျပ် ၄၈ သိန်း၊ ‘၁က၊၂က’ အက္ခရာ ၆၃ သိန်း၊ အငှားယာဉ်စလစ်ဈေးနှုန်း ၄၉ သိန်းနှင့် အမည်ပေါက်စလစ် ၅၂ သိန်းခန့် ပေါက်ဈေးရှိကြောင်း လုပ်ငန်းရှင်များက ပြောသည်။ ■

INTERVIEW

Total E&P Myanmar နှင့် သီးသန့်တွေ့ဆုံမေးမြန်းခြင်း

Total E&P Myanmar **၏ အထွေထွေမန်နေဂျာ** Xavier Preel **ကို တွေ့ရစဉ်။** ဓာတ်ပုံ-ဇာနည်ဖြိုး

အောင်ရှင်

koshumgtha@gmail.com

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် ၁၅ နှစ်ကျော်ကြာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာခဲ့သည့် ပြင်သစ်ရေနံကုမ္ပဏီကြီး Total သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကိုရီးယားနှင့် မလေးရှားကုမ္ပဏီများနှင့် ကမ်းလွန်ရေနံတူးစင် တည်ဆောက်ရေး ဆိုင်ရာစာချုပ်များ ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်ဖြစ်သည့် ရတနာစီမံကိန်းတွင် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်ယူနိုင်ရန် ပတ္တမြားစီမံကိန်းအမည်ရ ရေနံတူးစင်ပလက်ဖောင်းအသစ်များ တည်ဆောက်ရေးအတွက် Hyundai Heavy Industries နှင့် Sapuraacergy တို့နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝင်ရောက် လုပ်ကိုင်နေကြသည့် နိုင်ငံတကာရေနံကုမ္ပဏီများအနက် ရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Total E&P Myanmar ၏ အထွေထွေမန်နေဂျာ Xavier Preel ကို မြန်မာတိုင်း(မ်)က အကြီးတန်း စီးပွားရေးသတင်းထောက် အောင်ရှင်က သီးသန့်တွေ့ဆုံမေးမြန်းခြင်းကို တင်ပြလိုက်ပါသည်။

*** ဒီနေ့လက်မှတ်ထိုးခဲ့တဲ့** LCP-Badamyar Project**အကြောင်း အရင်ဦးဆုံး သိပါရစေခင်ဗျာ။**

ဒီစီမံကိန်းက ကျွန်တော်တို့ Total E&P Myanmar အတွက် အရေးကြီးတဲ့ အဆင့်တစ်ခုပါ။ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းကို တိုးတက်ထုတ်လုပ်နိုင်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ စီမံကိန်းသစ်တစ်ခုပါပဲ။ မြန်မာနိုင်ငံအတွက် ပြည်တွင်းအတွက်ရော ထိုင်းနိုင်ငံကိုပါ တင်ပို့ရောင်းချနေတဲ့ ရတနာစီမံကိန်းရဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု အနေအထားကို ကာလရှည်သွားနိုင်အောင် ဆောင်ရွက်နေတာပါ။ ဒီနေ့လက်မှတ်ထိုးခဲ့တာကတော့ ပတ္တမြားလို့ခေါ်တဲ့ (ဖိအားနိမ့်) ရေနံတူးစင် ပလက်ဖောင်းသစ်တွေ တည်ဆောက်ဖို့ပါပဲ။ တခြားနိုင်ငံတွေမှာရှိနေတဲ့ ကျွန်တော်တို့ရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးဆိုင်ရာ လုပ်ငန်းတွေမှာလည်း ဒီကုမ္ပဏီတွေနဲ့ လုပ်ကိုင်ခဲ့ဖူးပါတယ်။

*** ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းရဲ့ လက်ရှိထုတ်လုပ်မှု အနေအထားကရော ဘယ်လိုရှိပါသလဲ။**

တစ်နေ့ကိုသဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၈၀၀ လောက်ထုတ်ယူနေပါတယ်။ မြန်မာတစ်နိုင်ငံလုံး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ရတနာစီမံကိန်းကနေ သဘာဝဓာတ်ငွေ့ စီးပွားဖြစ်ထုတ်လုပ်ခြင်းကို ၁၉၉၈ ခုနှစ်မှာစခဲ့လို့ ခုဆိုရင် ၁၅ နှစ်ကျော်ပါပြီ။ ၂၀၂၀ ပြည့်နှစ်အထိ ဆက်လက်ထုတ် ယူနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ အဲဒီနောက်ပိုင်းတော့ ထုံးစံအတိုင်း ထုတ်လုပ်မှုကျဆင်းသွားနိုင်ပါတယ်။

*** ဒီနေ့ လက်မှတ်ရေးထိုးခဲ့တဲ့ စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ ဘယ်လောက်ရှိပါသလဲ။**

အဲဒါ ကျွန်တော်ပြောပြလို့မရပါဘူး။

*** လွန်ခဲ့တဲ့လအနည်းငယ်တုန်းက မုတ္တမကမ်းလွန်မှာရှိတဲ့ ထိုင်းရေနံကုမ္ပဏီ PTTEP ပိုင် M-11 မှာ Total က ၄၀ ရာခိုင်နှုန်းပါဝင်ရင်းနှီးမြှုပ်နှံဖို့ ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ M-11 လုပ်ကွက်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းတွေ ဘယ်လိုဆက်လုပ်သွားဖို့ ရှိပါသလဲ။**

M-11 လုပ်ကွက်မှာ ၄၀ ရာခိုင်နှုန်းပါဝင်ဖို့ ဝယ်ယူခဲ့တာ မှန်ပါတယ်။ လောလောဆယ်မှာတော့ M-11 လုပ်ကွက်မှာ PTTEP ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ရှာဖွေရေးတွင်းတစ်တွင်း ဆောင်ရွက်ပြီးပါပြီ။ ရှာဖွေရေးလုပ်ငန်းတွေအတွက် ရေအောက်ဘူမိဗေဒဆိုင်ရာ လေ့လာရေးအစီအစဉ်တွေ တိုးချဲ့လုပ်ဆောင်ဖို့ PTTEP ကိုတင်ပြထားသလို မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့လည်း တိုင်ပင်ဆွေးနွေးနေပါတယ်။ M-11 လုပ်ကွက်က အလားအလာကောင်းတယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်။ ခိုင်အောင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ အနေအထားကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ဖို့တော့ လေ့လာမှုတွေ ဆက်လက်လုပ်ရဦးမှာပါ။

*** ပြီးခဲ့တဲ့ အောက်တိုဘာလက ကြေညာခဲ့တဲ့ ကမ်းလွန်ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ကွက်တင်ဒါမှာ** Total **က** YWB **ဆိုတဲ့ လုပ်ကွက်ကို ရထားတယ်။ ဘယ်တော့လောက် စာချုပ်ချုပ်ဖို့ မှန်းထားပါလဲ။**

မြန်နိုင်သမျှ မြန်မြန်ပေါ့။ ကျွန်တော်တို့ကတော့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီနှစ်ထဲမှာ ဖြစ်မယ်လို့တော့ ထင်တာပဲ။ စွမ်းအင်ဝန်ကြီးဌာနရဲ့ အမိန့်ကို ကျွန်တော်တို့ စောင့်နေတာပါ။

*** လက်မှတ်ထိုးခဲ့ပြီဆိုပါတော့။** YWB **လုပ်ကွက်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းတွေ အမြန်ဆုံး ဘယ်တော့လောက် စနိုင်ပါမလဲ။**

မကြာခင် လက်မှတ်ထိုးနိုင်ဖို့ မျှော်လင့်နေပါတယ်။ ကမ်းလွန်လုပ်ကွက်တွေ မြန်မြန်လက်မှတ်ရေးထိုးနိုင်ဖို့ လိုပါတယ်။ ဘာလို့လဲဆို မိုးမကျမီ ရေအောက်ဘူမိဗေဒ လေ့လာတိုင်းတာရေးလုပ်ငန်းတွေ ကျွန်တော်တို့ လုပ်ရဦးမှာမို့ပါ။ လက်မှတ်ရေးထိုးတာကို ခပ်မြန်မြန် မလုပ်နိုင်ဘူးဆိုရင် မိုးရာသီရောက်သွားမှာဖြစ်လို့ ကျွန်တော်တို့အတွက် ပိုပြီးစွန့်စားရမယ့်သဘော ရှိနေပါတယ်။

*** မြန်မာနိုင်ငံမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းအပြင် တခြား ဘယ်လိုလုပ်ငန်းမျိုးတွေ တိုးချဲ့လုပ်ကိုင်ဖို့ ရှိပါသလဲ။**

တခြား ရေနံနဲ့ သဘာဝဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းတွေ လုပ်ကိုင်ဖို့ ကျွန်တော်တို့ လေ့လာနေပါတယ်။ အထူးသဖြင့် စက်သုံးဆီဆိုင်လုပ်ငန်းမျိုးပေါ့။ ဒါပေမဲ့ မဆုံးဖြတ်ရသေးပါဘူး။ ပြောဖို့လည်း စောပါသေးတယ်။ နောက်ပြီး စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တခြားအစီအစဉ်တစ်ခုကိုလည်း လုပ်နေပါတယ်။ အစိုးရ လျှပ်စစ်မီးမရှိတဲ့ဒေသတွေအတွက် နေရောင်ခြည်စွမ်းအင်သုံး မီးလင်းအိမ်တွေ ရောင်းချပေးတာပါ။ လောလောဆယ်တော့ ကန်ပေါက်ဒေသမှာ လုပ်နေပါတယ်။ စုစုပေါင်း နေရောင်ခြည်သုံးမီးအိမ် အလုံး ၂,၀၀၀ လောက်ရောင်းပြီးပါပြီ။ စီးပွားဖြစ်သဘောမျိုး မဟုတ်ပေမယ့် အဲလိုမီးအိမ်မျိုးတွေ ဆက်လက်ရောင်းချသွားဖို့ ရှိပါတယ်။

*** ခုဆိုရင် မြန်မာနိုင်ငံမှာ ဒေသခံစွမ်းအင်ကုမ္ပဏီတွေ အများကြီး မှတ်ပုံတင်လာကြပါတယ်။ နိုင်ငံတကာရေနံကုမ္ပဏီကြီးတွေဆိုလည်း အများကြီးကို လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြတော့မှာပါ။ အနာဂတ်မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းမှာ ဘယ်လိုပြိုင်ဆိုင်မှုတွေ ဖြစ်လာနိုင်မယ် ထင်ပါသလဲ။**

ပြိုင်ဆိုင်မှုတွေ အများကြီးဖြစ်လာမယ့် အနာဂတ်လို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့ Total ကတော့ ကမ်းလွန်ပိုင်းပဲ လုပ်သွားဖို့ ဆုံးဖြတ်ထားတာပါ။ ကမ်းလွန်ပိုင်းမှာဆိုရင်

ပြိုင်ဆိုင်မှုတွေ အများကြီးဖြစ်လာမယ့် အနာဂတ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ Total ကတော့ ကမ်းလွန်ပိုင်းပဲ လုပ်သွားဖို့ ဆုံးဖြတ်ထားတာပါ။ ကမ်းလွန်ပိုင်းမှာဆိုရင် ကုမ္ပဏီတွေက သူ့အစီအစဉ်နဲ့သူ မတူအောင်လုပ်ကြမှာပါ။ ကုမ္ပဏီတိုင်းမှာ မတူညီတဲ့ဘူမိဗေဒပညာရှင်တွေ၊ အတွေးအခေါ်တွေ၊ လုပ်နည်းလုပ်ဟန်တွေ ရှိပါတယ်။ ဒီလိုပြိုင်ပြိုင်ဆိုင်ဆိုင် ဖြစ်လာတာ ဒီနိုင်ငံအတွက် ကောင်းပါတယ်။ ဒီနိုင်ငံရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းကို အများကြီး ဖွံ့ဖြိုးတိုးတက်လာစေချင်ပါတယ်။ မြန်မာကုမ္ပဏီတွေ အများကြီးဖြစ်လာတာလည်း ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် ကောင်းမွန်တဲ့အချက်ပါ။ ဒီနေ့အချိန်ထိတော့ ဒေသခံကုမ္ပဏီတွေနဲ့ ကျွန်တော်တို့တွဲလုပ်တာမျိုး မရှိသေးပါဘူး။ နောင်တစ်ချိန်မှာတော့ သူတို့က ကျွန်တော်တို့ရဲ့ မိတ်ဖက်ကုမ္ပဏီတွေ ဖြစ်လာနိုင်ပါတယ်။

*** မြန်မာနိုင်ငံဟာ နိုင်ငံတကာသဘာဝသယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ဝင်** (EITI) **နိုင်ငံဖြစ်လာပြီး၊ ပထမဆုံး** EITI **အစီရင်ခံစာ ထုတ်ပြန်နိုင်ဖို့လည်း ကြိုးပမ်းနေကြပါတယ်။ အစိုးရဖွဲ့စည်းထားတဲ့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့** (MSG) **မှာ** Total E&P Myanmar **ကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့** EITI **လုပ်ငန်းစဉ်တွေကို ဘယ်လိုရှုမြင်ထားပါသလဲ။**

မြန်မာနိုင်ငံရဲ့ EITI လုပ်ငန်းစဉ်မှာ ကျွန်တော်တို့ Total E&P Myanmar ကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံက EITI အဖွဲ့ဝင်အဖြစ် လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်တဲ့နေရာမှာ အစိုးရအဖွဲ့၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေကိုပါ ကျွန်တော်တို့ Total က ကူညီဆောင်ရွက်ပေးနေပါတယ်။ အစီရင်ခံစာကို အချိန်မီထုတ်ပြန်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

*** အစိုးရသစ်လက်ထက်မှာ ဆောင်ရွက်ခဲ့တဲ့ ကုန်းတွင်းပိုင်းနဲ့ ကမ်းလွန်ပိုင်း ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ကွက်တွေ ချထားပေးရာမှာ ပွင့်လင်းမြင်သာမရှိဘူးလို့ အရပ်ဘက်အဖွဲ့အစည်းတွေက ဝေဖန်ကြပါတယ်။ လုပ်ကိုင်ခွင့်စာချုပ်တွေကို အများပြည်သူသိအောင် ချပြသင့်တယ်လို့လည်း ပြောကြပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

လုပ်ကွက်စာချုပ်တွေကို အများသိအောင် ပြည့်ပြည့်စုံစုံချပြဖို့ အရပ်ဘက်အဖွဲ့အစည်းတွေကတောင်းဆိုနေတာ ကျွန်တော်သိပါတယ်။ ကမ္ဘာမှာလည်း တချို့နိုင်ငံတွေက ချပြတယ်။ တချို့ကမပြဘူး။ ဘာမှတော့ သိပ်မထူးပါဘူး။ ဒါက အစိုးရအပေါ်မှာပဲ မူတည်တယ်။ အစိုးရက အဲလိုလုပ်ဖို့ဆုံးဖြတ်တယ်ဆိုရင် ကျွန်တော်တို့ကလည်း ဘာမှကွယ်ဝှက်ထားစရာမရှိပါဘူး။ ဒါပေမဲ့ သေသေချာချာ သဘောပေါက်နားလည်ထားဖို့ကတော့ EITI လုပ်ငန်းစဉ်ကလည်း ဘယ်လုပ်ငန်းတွေကနေ ငွေကြေးဘယ်လောက်ရရှိပြီး ဘယ်လိုသုံးစွဲနေတယ်ဆိုတာ အများပြည်သူသိဖို့ပါပဲ။ လုပ်ကွက်စာချုပ်တွေကို အပြည့်အစုံဖော်ပြနေဖို့ မဟုတ်ပါဘူး။ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ ယှဉ်ပြိုင်မှုသဘောတရားတွေအရ စာချုပ်တွေကို အများသိအောင် ချမပြသင့်ပါဘူး။ Total ရဲ့အကြံပြုချက်ကတော့ အဲလိုလုပ်ဖို့မလိုဘူး ဆိုတာပါပဲ။ အဲဒီကိစ္စက ဘာနဲ့တူသလဲဆိုရင် ခင်ဗျားက ခင်ဗျားရဲ့အိမ်နီးနားချင်း ဝတ်လစ်စားလစ်ဖြစ်နေတာကို မြင်ချင်နေတဲ့ သဘောပဲ။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following positions:

Sr.	Title and level	Duty Station	Position	Closed Date
1.	Administrative Assistant (Facility Management) (LICA-5)	Yangon	National	05-Nov-2014
2.	Administrative Assistant (Transport Management) (LICA-5)	Yangon	National	04-Nov-2014

The benefit package for the above positions includes an attractive remuneration, 30 days annual leave and 10 holidays per year, medical insurance, learning and development opportunities and a challenging work environment with 250 national and international colleagues.

All applications must be made through the UNOPS E-recruitment System. Please go to **https://gprs.unops.org** and click on the post that you are interested in applying for. If you do not have access to the internet, please contact UNOPS directly on the numbers below.

For any quires please do not hesitate to contact UNOPS at 95 1 657 281-7 Ext: 143

Delegation of the European Union is recruiting:

Finance, Contracts and Audit Officer

- Please consult http://eeas.europa.eu/delegations/myanmar/about_us/vacancies/index_en.htm for job descriptions and application information.
- Applications should mention the position in the subject line and be sent either by email to: **DELEGATION-MYANMAR-JOBS@eeas.europa.eu** (or)
- by post/by hand to: Head of Administration, Delegation of the European Union, Hledan-Centre, Corner of Pyay Road and Hledan Road, Kamayut Township, Yangon.
- Deadline for submission of applications is **4pm, Friday 14th November 2014.**
- Please read carefully the list of required documents to be submitted. Only complete applications containing all required documents will be considered.
- Spoken and written fluency in English is required and will be tested. Only short listed candidates will be notified.

MPRL E&P Pte Ltd.

VACANCY ANNOUNCEMENT

MPRL E&P is a foreign independent oil & gas exploration and production company. The asset portfolio of the company consists of a total of 8 assets all located in Myanmar in both the onshore and offshore sectors. Of these assets, MPRL E&P is an operator in 4 assets while participates as a non-operated joint venture partner in its remaining 4 assets together with companies of the likes of BG, Woodside, and ENI. MPRL E&P values performance, honesty, and integrity in its employees and is currently seeking dynamic and highly motivated candidates to fill the following positions:

1. **Assistant Finance Manager**
2. **Senior Accountant**
3. **Government Engagement Officer**
4. **Community Engagement Officer**
5. **Admin & Contract Manager**
6. **Executive Secretary**
7. **Secretary**
8. **Senior Warehouse Assistant**
9. **Field Admin Assistant**
10. **HR Officer**
11. **HR Assistant**
12. **Sr. Environmental Engineer**
13. **Environmental Engineer**
14. **Sales/ Pre-sales Engineer**
15. **Research Analyst (Supply)**
16. **Research Analyst (Demand)**

Detailed terms of references for these positions are available on our website: www.mprlexp.com.Interested candidates are requested to submit an application letter with CV and at least three referees to **hr@mprlexp.com** no later than **14 November 2014.**

National Sales Director

uleawmw\ wpEiiv;ta&mi;tz (National Sales Force) ulu;luyuyu&etwu u|r;u\$ixujruolwp0;u trptrurPu tvyce\xm;vyjon/avmuxm;rnormalumjim yi;prcecrtawtlul aumi;pm&&rnjzply; B2B ta&mi;prcecrwivn; x;cleatmijriojzp& yjrn/ r',mtce;u@üaqmi&uz;on taw tluvn;&&rnjzpon/

National Sales Director on uleawmw\ ta&mi;Xmerupt00uaep0lu;luyay;&rnjzply; uleawmw\ owi;pmapmirm;wi alumjimxn oi;jci;u|u;luyjci;? xyyi;prtycdyolrm;xo wu½utp&icwijyjci;tyjt0i ta&mi;yi; pr;aqmi&nu w;wutm;aumi;vmatmi ta&mi;tzulu;luyvr;ñeay;&rnjzpon/

tvycetyc&yju &uowwpywcli; prcec&rnjzply; p;ym;a&;vyie;opuaqmi&u jci;?p;ym;a&;tcitvr;oprm;uazmaqmijci;Ei urP\w;wurutalumi;lumjci;rm;aqmi&u &rnjzpon/ ,c&mx;ae&mü atmijriatmi aqmi&uEijci;u r',mavmuwi xuxu weweae&mwpc&&evr;yiaprnjzpon/ oi&prcecrqi&mtvyuaemuwpqixyjriz tqioijzplyvm;...

av|muxm;ol\ tawtluEinrlon vpmu c;jrirnjzpon/

'aeyav|muxm;vuy/
tvyav|muxm;rEi ouqiontcutvu tao;pwu o&&etwuuleawmw& HR Xme MCMHRD@mmtimes.com.mm oppr;Eiyjon/

MCM

The Human Resources Manager:
Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street,
Kyauktada T/S, Yangon
Email applications to:
mcmhrd@myanmartimes.com.mm

Job Watch

MYANMAR TIMES
HEARTBEAT OF THE NATION

Call: Chan Tha Oo

chantha.mcm@gmail.com 09: 25400 6188, 01: 392928

Property

စည်ပင်ရွေးကောက်ပွဲ နယ်ပယ်အသီးသီးက ယှဉ်ပြိုင်သွားမည်

နိုနိုအောင်

noenoeag@gmail.com

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရန် လျှောက်ထားရာတွင် အငြိမ်းစားဝန်ထမ်းနှင့် ဆောက်လုပ်ရေးလောကသာမက နိုင်ငံရေးလှုပ်ရှားသူအချို့နှင့် လူမှုအဖွဲ့အစည်းများ ပါဝင်လာကြကြောင်း ဝင်ရောက်အရွေးခံရန် လျှောက်ထားသည့်သူများက ပြောသည်။

လယ်သမားအရေးနှင့် နိုင်ငံသားအရေးလှုပ်ရှားသူဦးဝင်းချိုက အောက်တိုဘာ ၂၄ ရက်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အဆင့်ရွေးကောက်ပွဲအတွက် ဝင်ရောက်အရွေးခံရန် လျှောက်လွှာပေးသွင်းခဲ့ပြီဖြစ်ကြောင်း မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော် လွန်ခဲ့တဲ့ လေးရက်ကပဲ ထောင်ကလွတ်တယ်။ အပြင်ရောက်တော့ မိတ်ဆွေတွေဆီက ဒီရွေးကောက်ပွဲကိုသိရပြီး ဒီနေ့တော့ ဒီလျှောက်လွှာကို လာတင်ဖြစ်ပါတယ်။ အခုချိန်အထိတော့ ကျွန်တော့်ကို လက်မခံတာမျိုး မရှိသေးပါဘူး" ဟု ၎င်းက ပြောသည်။

၎င်းမှာ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ပိုင်းတွင် လယ်သမားအရေးလှုပ်ရှားမှုများကြောင့် ထိန်းသိမ်းခံခဲ့ရခြင်း ဖြစ်သည်။

"ပြောရရင်တော့ အရင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ နေရာတော်တော်များများက စစ်ဘက်က ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေအတွက်ပဲ ဖြစ်ခဲ့ပါတယ်။ ဒီရွေးကောက်ပွဲကနေတစ်ဆင့် ပြည်သူတွေလည်း ဒီလိုကိစ္စတွေလုပ်နိုင်ပါတယ်ဆိုတာ ပြချင်တယ်။ ဒါကြောင့် ကျွန်တော် ဝင်ပြိုင်ဖြစ်တာ" ဟု ဦးဝင်းချိုက ပြောသည်။

ကရင်အမျိုးသမီး ဖွံ့ဖြိုးရေးအဖွဲ့က ဒေါ်စုဆန်နာလှလှစိုးကလည်း မြို့တော်ကော်မတီဝင်အတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

"ရန်ကုန်မှာနေလာတော့ နေ့တိုင်းကြုံတွေ့နေရတဲ့ အခက်အခဲတွေက အဓိကသွားလာရေးပါ။ နောက် အမှိုက်ပြဿနာ၊ ရေလျှံတာ စတာတွေကို လူထုက အမြဲခံစားနေရတာ။ ကော်မတီဝင်သာဖြစ်ခဲ့ရင် ဒီလိုအခြေခံကိစ္စတွေကို ဝိုင်းဝန်းဖြေရှင်း နိုင်မယ်လို့ ယုံကြည်လို့ပါ" ဟု ၎င်းကပြောသည်။

"သူက အမျိုးအစားသုံးခု ခွဲထားတယ်။ ရပ်မိရပ်ဖရယ်၊ အသိပညာရှင်၊ အတတ်ပညာရှင်ရယ်၊ လူမှုအဖွဲ့အစည်းရယ်ဆိုပြီး ရှိပါတယ်။ ကျွန်မက လူမှုအဖွဲ့အစည်းအနေနဲ့ ဝင်ရောက်ရွေးချယ်ခံမှာပါ။ ကိုယ်တိုင်လည်း လူထုအခြေပြုအဖွဲ့ကလာတာဖြစ်တဲ့အတွက် လုပ်နိုင်မယ်လို့ယုံကြည်ပါတယ်" ဟု ၎င်းက ပြောသည်။

ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်သည့် အချိန်ကာလနှင့် အချက်အလက်များ သေချာမသိရှိရသေးသော်လည်း ရွေးကောက်ပွဲမှာ ဒီဇင်ဘာလတွင်ပြုလုပ်မည်ဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးချိန် တစ်လခန့်ရမည်ဟု ထင်မြင်မိကြောင်း ၎င်းကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးစိုက်ရာနေရာဖြစ်သည့် ရန်ကုန်မြို့တော်ခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်ဖြေလှိုင်

ရွေးကောက်ခံရန်အတွက် လျှောက်ထားသူ အရေအတွက်ကို အတိအကျမပြောနိုင်သေးသော်လည်း ရာဂဏန်းရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရွေးကောက်ပွဲ ကော်မရှင်က တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရွေးကောက်ပွဲက မြို့တော်ကော်မတီအဆင့်၊ ခရိုင်ဥက္ကဋ္ဌနဲ့ ကော်မတီအဖွဲ့ဝင်တွေ၊ မြို့နယ်ဥက္ကဋ္ဌနဲ့ ကော်မတီအဖွဲ့ဝင်ဆိုပြီးတော့ သုံးဆင့်ရှိတယ်။ မြို့တော် ကော်မတီအဆင့်မှာ လေးဦးရွေးမယ်၊ ခရိုင်ကော်မတီအဆင့်မှာ ၁၂ ဦး၊ မြို့နယ်အဆင့်မှာ ၉၉ ဦး၊ စုစုပေါင်း ၁၁၅ နေရာအတွက် ပြည်သူထဲက ရွေးကောက်မယ်။ ၁၁၅ နေရာအတွက် လျှောက်ထားတဲ့လူတွေ အများကြီးရှိပါတယ်။ အတိအကျ မပြောနိုင်သေးပေမယ့် ရာနဲ့ချီရှိတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

မြို့တော်ကော်မတီသည် စည်ပင်သာယာရေးကော်မတီရှိ ဌာနအားလုံး၏အထက်တွင်ရှိပြီး ကော်မတီအဖွဲ့ဝင်စုစုပေါင်း ကိုးဦးရှိမည်ဖြစ်ကာ မြို့တော်ဝန်အပါအဝင် အစိုးရခန့်အရာရှိ လေးဦး၊ ပြည်သူက ရွေးကောက်တင်မြှောက်သော အရာရှိလေးဦးတို့ ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်တင်သွင်းလျှင် မှတ်ပုံတင်ကြေး ကျပ်သုံးသိန်း၊ ခရိုင်စည်ပင်သာယာရေးကော်မတီ ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းလျှင် ကျပ်နှစ်သိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းဖြစ်ပါက မှတ်ပုံတင်ကြေး ကျပ်တစ်သိန်း ပေးသွင်းရမည်ဖြစ်ကြောင်း 'ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ' တွင် ဖော်ပြထားသည်။

> ရန်ကုန်မှာ နေလာတော့ နေ့တိုင်းကြုံတွေ့နေရတဲ့ အခက်အခဲတွေက အဓိက သွားလာရေးပါ။ နောက် အမှိုက်ပြဿနာ၊ ရေလျှံတာ စတာတွေကို
> ....

"နိုင်ငံရေးပါတီဝင်တွေ လျှောက်ထားလို့မရဘူး။ ဒါပေမဲ့ ပါတီက နုတ်ထွက်စာကိုပါ တစ်ပါတည်း ပူးတွဲပြနိုင်ရင်တော့ လျှောက်လွှာလက်ခံပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

မြို့တော်စည်ပင်သာယာရေး ကော်မတီရွေးကောက်ပွဲမှာ ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် ပြည်သူလူထု စိတ်ဝင်စားမှု ရာနှုန်းပြည့်ရှိမည်ဟု ထင်မြင်မိကြောင်း ၎င်းက ပြောသည်။

ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများမှာ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်း၊ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း၊ သူတစ်ပါးအယောင်ဆောင်ခြင်း၊ မဟုတ်မမှန်ပြောဆိုကြေညာခြင်း၊ မဟုတ်မမှန်ဝန်ခံလက်မှတ်ရေးထိုးခြင်း၊ ကိုယ်စားလှယ်လောင်းအဖြစ်ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလုပ်လှုံ့ဆော်ခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း စသည်တို့ မပြုလုပ်ကြရန် နည်းဥပဒေတွင် ဖော်ပြထားသည်။

လျှောက်လွှာများကို အောက်တိုဘာလအစောပိုင်းက စတင်လက်ခံခဲ့ပြီး အောက်တိုဘာ ၂၄ ရက်က လျှောက်လွှာပိတ်သိမ်းခဲ့ပြီးဖြစ်သည်။ ယှဉ်ပြိုင် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို နိုဝင်ဘာလ ပထမပတ်တွင် ကြေညာသွားမည်ဖြစ်သည်။ ■

အက်ဒွပ်ခေတ် ဗိသုကာလက်ရာနဲ့
ဗဟိုမီးသတ်စခန်း
PROPERTY 32



ပြည်တွင်းကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့် နိုင်ငံခြားလုပ်ငန်းများ နေရာ နှစ်ရှည်ငှားရမ်းလို

ဇော်ထိုက်
zawhtikemjn1981@gmail.com

လက်ရှိပြဋ္ဌာန်းထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါအကြောင်းအရာများနှင့် မဟုတ်ဘဲ မြန်မာကုမ္ပဏီအဖြစ် မှတ်ပုံတင်ကာလုပ်ကိုင်လိုသည့် နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများသည် မြေနှင့် အဆောက်အအုံ ငှားရမ်းရာတွင် ကာလရှည် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခွင့်မရှိဘဲ တစ်နှစ်သက်တမ်းသာ ငှားရမ်းနေရခြင်းကြောင့် လုပ်ငန်းစတင်ရန်နှင့် တိုးချဲ့ရန်အတွက် အခက်အခဲများရှိနေကြောင်း ပြည်ပလုပ်ငန်းရှင်အသိုင်းအဝိုင်းကပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ ပြည်ပလုပ်ငန်းများ မြေနှင့် အဆောက်အအုံ ငှားရမ်းခြင်းကို အစိုးရ၊ သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်သူများထံမှ နှစ် ၅၀ အထိ သက်တမ်းတိုးဆောင်ရွက်နိုင်သော်လည်း အဆိုပါဥပဒေအရမဟုတ်ဘဲ ပြည်တွင်းကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသည့် နိုင်ငံခြားသားပိုင် လုပ်ငန်းများမှာ မြေနှင့် အိမ်ငှားရမ်းမှုကို ယခင်အတိုင်းသာ တစ်နှစ်ချင်းသက်တမ်းတိုးနေရဆဲ ဖြစ်သည်။

"နိုင်ငံခြားသားပိုင်တဲ့ စီးပွားရေးလုပ်ငန်းတိုင်းက FDI Law နဲ့ပဲ လုပ်ချင်ကြတာမဟုတ်ဘူး။ နိုင်ငံခြားသားပိုင် မြန်မာကုမ္ပဏီအဖြစ်မှတ်ပုံတင်ပြီးပဲ လုပ်ချင်ကြတဲ့သူတွေ အများကြီးရှိတယ်။ ဘာလို့လဲဆိုတော့ FDI Law နဲ့ဆိုရင် အဆင့်တွေကများသလို ငွေကြေးကုန်ကျမှုကလည်း မြန်မာကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီးလုပ်တာထက် ပိုများတယ်လေ။ ဒီတော့ လုပ်ငန်းသေးလေးတွေပဲ လုပ်ချင်တဲ့သူတွေအတွက် မလွယ်ဘူးပေါ့"ဟု မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် မီဒီယာတို့အကြား ဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ကြော်ငြာဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီ လာရောက်ဖွင့်လှစ်ထားသည့် ဗြိတိန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

၎င်းသည် မြန်မာနိုင်ငံတွင် အဆိုပါလုပ်ငန်းအပြင် စားသောက်ဆိုင်လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်လိုသော်လည်း အဆောက်အအုံငှားရမ်းရာတွင် တစ်နှစ်သာ စာချုပ်ချုပ်ဆိုနိုင်ခြင်းကြောင့် လုပ်ငန်းစတင်ရန်အခက်အခဲရှိကြောင်း ပြောသည်။

"ကျွန်တော်က မြန်မာနိုင်ငံမှာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ချင်တယ်။ ဒီလုပ်ငန်းချည်းပဲလည်း မလုပ်ချင်ဘူးလေ။ ဒါပေမဲ့ အဲဒါကိုလုပ်ဖို့ဆိုရင် အခန်းကို တရားဝင် တစ်နှစ်ပဲ ငှားလို့ရမှာဆိုတော့ လုပ်ငန်းအရှိန်ရလာမှ ပိုင်ရှင်ကဆက်မငှားတော့ရင် ဆုံးရှုံးမှုတွေ ဖြစ်နိုင်တယ်လေ။ ကျွန်တော့်လိုပဲ အရင်း

> ဒီကိစ္စက ပြည်ထဲရေးဝန်ကြီးဌာနကကိုင်တွယ်တဲ့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းမှု (ကန့်သတ်ချက်) အက်ဥပဒေနဲ့ သွားဆိုင်နေပါတယ်

အနှီးနည်းနည်းနဲ့ လုပ်ငန်းလေးတွေ လုပ်ချင်ပေမယ့် အခက်တွေ့နေတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်တွေ အများကြီးရှိနေတယ်။ သူတို့လည်း မြန်မာနိုင်ငံမှာ လုပ်ငန်းချဲ့ချင်ပေမယ့် အခုလိုအခက်အခဲကြောင့် မချဲ့နိုင်ဘူးဖြစ်နေတယ်"ဟု ၎င်းကပြောသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်းကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံ မြန်မာတိုင်း(မ်)က မေးမြန်းရာတွင် ယင်းကော်မရှင်၏ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြည်ထဲရေးဝန်ကြီးဌာနက ကိုင်တွယ်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းမှု (ကန့်သတ်ချက်)အက်ဥပဒေနှင့် အကျုံးဝင်နေသည့်အတွက်မြေနှင့် အဆောက်အအုံငှားရမ်းခြင်းသည် ကန့်သတ်ခံနေရခြင်းဖြစ်ကြောင်း ပြောသည်။

"ဒီကိစ္စက ပြည်ထဲရေးဝန်ကြီးဌာနက ကိုင်တွယ်တဲ့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းမှု (ကန့်သတ်ချက်) အက်ဥပဒေနဲ့ သွားဆိုင်နေပါတယ်။ အဲဒီဥပဒေအရ နိုင်ငံခြားသားတွေက မြေနဲ့ အဆောက်အအုံကို ငှားတဲ့အခါတစ်နှစ်ထက် ပိုငှားလို့မရဘူးလို့ ဖြစ်နေတာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရဆိုရင် နှစ်ရှည်ပေးလို့ရပေမယ့် အဲဒီဥပဒေနဲ့မဟုတ်ရင်တော့ တစ်နှစ်တည်းဖြစ်နေပါတယ်"ဟု ၎င်းကပြောသည်။

ထို့ကြောင့် ပြည်တွင်းကုမ္ပဏီအဖြစ်မှတ်ပုံတင်ကာ မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ကိုင်လိုသည့် နိုင်ငံခြားသားလုပ်ငန်းရှင်များကို မြေနှင့် အဆောက်အအုံငှားရမ်းမှု တစ်နှစ်ချင်းစီ သက်တမ်းတိုးနေရခြင်း ပြုပြင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ အကြီးတန်းအရာရှိချင်းတော့ ဒါနဲ့ပတ်သက်ပြီးဆွေးနွေးနေကြတာတွေရှိနေပါပြီ။ အသေးစိတ်တော့ မပြောကြရသေးပါဘူး"ဟု ၎င်းကပြောသည်။

မြေနှင့်အဆောက်အအုံငှားရမ်းခြင်းကို ကန့်သတ်ထားခြင်းနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် စက်တင်ဘာတွင် အမေရိကန်နိုင်ငံ၊ နယူးယော့ခ်မြို့၌ ကျင်းပခဲ့သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြည်ပလုပ်ငန်းရှင်များက မေးမြန်းမှုများ ပြုလုပ်ခဲ့သေးကြောင်း ဦးအောင်နိုင်ဦးက ပြောသည်။

ထိုကန့်သတ်မှုများကို ဖြေလျှော့ကာ နိုင်ငံခြားသားများ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်ခြင်းကို အရှိန်မြှင့်သင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်က ပြောသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မှုလျှောက်လွှာ ကုမ္ပဏီ ၁၂ ခု တင်သွင်းခွင့်ရရှိ

ဉာဏ်လင်းအောင်
29.nyanlynnaung@gmail.com

ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်လိုသူများ တည်ဆောက်မှုလုပ်ငန်းစဉ် လျှောက်လွှာများ တင်သွင်းခြင်းအတွက် စိတ်ဝင်စားမှုဖော်ပြလွှာ အဆင့်အောင်မြင်ထားသည့် ကုမ္ပဏီ ၁၂ ခုစလုံးကို ခွင့်ပြုထားကြောင်း တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်သန်းက ပြောသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်တည်ဆောက်မှုအတွက် ကနဦးစိတ်ဝင်စားမှုဖော်ပြလွှာတင်သွင်းခြင်းကို ယခုနှစ် ဇူလိုင်လအတွင်းကခွင့်ပြုထားခဲ့ပြီး စိတ်ဝင်စားမှုဖော်ပြလွှာတင်သွင်းလာကြသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကုမ္ပဏီအုပ်စုပေါင်း ၆၀ အနက် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ကုမ္ပဏီအုပ်စု ၁၂ ခုကို ရွေးချယ်ထားခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် တည်ဆောက်မှုလုပ်ငန်းစဉ် လျှောက်လွှာတင်သွင်းရန် အရည်အသွေးပြည့်မီသည့်ကုမ္ပဏီများကို စက်တင်ဘာလ ၂၉ ရက်က စတင်ပြီး လျှောက် လွှာတင်သွင်းခွင့်ပြုခဲ့ရာတွင် အဆိုပါကုမ္ပဏီ ၁၂ ခုစလုံး တင်သွင်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဇုန်တည်ဆောက်မှုလုပ်ငန်းစဉ် လျှောက်လွှာတင်သွင်းမည့်ကုမ္ပဏီများသည် နိုဝင်ဘာ ၂၄ ရက်နောက်ဆုံးထားကာ သတ်မှတ်ထားသောစာရွက်စာတမ်းများကို တင်သွင်းကြရမည်ဖြစ်ပြီး ယင်းမတိုင်မီ အထူးစီးပွားရေးဇုန်တည်ဆောက်မည့်မြေနေရာများသို့ ကွင်းဆင်းလေ့လာမှုပြုလုပ်သွားကြမည်ဖြစ်သည်။

"ဇုန်တည်ဆောက်မှု အတွက်ကတော့ သတ်မှတ်ထားတဲ့ စီမံကိန်းသုံးခုအတွက်ပဲ တည်ဆောက်သူတွေကို ရွေးချယ်သွားမှာပါ။ အခု ကုမ္ပဏီအုပ်စု ၁၂ ခုထဲကနေ ပဲရွေးချယ်သွားမှာပါ" ဟု ဦးအောင်ကျော်သန်းက ပြောသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်တည်ဆောက်မှုအတွက် လိုအပ်သည့်အခြေခံ အဆောက်အအုံဆိုင်ရာကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းအကောင်အထည်ဖော်မှုများအတွက် သိမ်းဆည်းခံရသော လယ်ယာမြေများကို မြေယာလျော်ကြေးအပြင် မြေယာအစားပြန်ပေးခြင်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရခိုင်ပြည်နယ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမောင်စံရွှေက ပြောသည်။

> ဇုန်တည်ဆောက်မှုအတွက်ကတော့ သတ်မှတ်ထားတဲ့ စီမံကိန်းသုံးခုအတွက်ပဲ တည်ဆောက်သူတွေကို ရွေးချယ်သွားမှာပါ။ အခု ကုမ္ပဏီအုပ်စု ၁၂ ခုထဲက

"တင်ဒါအောင်မြင်တဲ့ကုမ္ပဏီနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နိုင်ဖို့ အစိုးရပိုင်းကိုတင်ပြထားပါတယ်။ အဓိက ညှိနှိုင်းနေရတာက ၅၁ ရာခိုင်နှုန်းရရှိဖို့အတွက်ပါပဲ။ ကျန်တဲ့အချက်တွေကတော့ ပူးပေါင်းလုပ်ဆောင်တဲ့အခါမှ အသေးစိတ်ထပ်ပြီး ဆောင်ရွက်သွားရမှာဖြစ်တယ်" ဟု ဇုန်စီမံကိန်း သုံးခုစလုံးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားရန် အများပိုင်ကုမ္ပဏီ တည်ထောင်ထားသည့် Golden Land ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးဖိုးချိုက ပြောသည်။

အက်ဒွပ်ခေတ် ဗိသုကာလက်ရာနဲ့ ဗဟိုမီးသတ်စခန်း

နိုနိုအောင်
noenoeag@gmail.com

ဆူးလေဘုရားမှ အနီးအနားတွင် ပေ ၁၀၀ မြင့်သော မျှော်စင်နှင့် အဆောက်အအုံတစ်ခု ရှိသည်။ သုံးထပ်ထက်မပိုသော အဆောက်အအုံများသာရှိသည့် ၁၉၀၀ ပြည့်နှစ်များဆီက ထိုမျှော်စင်မှနေ၍ ရန်ကုန်မြို့ကို စီးမိုးမြင်နိုင်မည်ဖြစ်သော်လည်း အပြိုင်အဆိုင် ထိုးထိုးထောင်ထောင် အဆောက်အအုံများ တည်ရှိလာသည့် ၂၁ ရာစု ရန်ကုန်မြို့လယ်တွင်မူ မဖြစ်နိုင်တော့ပေ။

သို့သော် အခြေခံအဆောက်အအုံဖြစ်သော အဆိုပါမီးသတ်ဆောက်အအုံမှာ လွန်ခဲ့သည့် နှစ် ၁၀၀ ကျော်ကတည်းက ယခုအချိန်ထိ တာဝန်ထမ်းဆောင်ဆဲဖြစ် သည်။ မူလပုံစံအတိုင်း မပျက်မယွင်းရှိနေသေးသော မီးသတ်အဆောက်အအုံသည် ရန်ကုန်မြို့သမိုင်းတွင် အရေးပါသော အဆောက်အအုံတစ်လုံးလည်းဖြစ်သည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းအရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

ယခင်က တံငါရွာငယ်တစ်ခုသာ ဖြစ်ခဲ့သော ရန်ကုန်မြို့သည် ၁၈၉၀ ပြည့်နှစ်မတိုင်မီအထိ အဆောက်အအုံများကို ဝါး၊ သစ်သား စသည်တို့နှင့်သာ ဆောက်လုပ်ခဲ့ရာ မီးလောင်မှုများ တောက်လျှောက်ကြုံတွေ့ခဲ့ရသည်။ မီးလောင်လွယ်သည့် ပစ္စည်းများဖြင့် ဆောက်လုပ်ထားပြီး ရေရှားပါးသည့်ရပ်ကွက်များတွင် မီးလောင်မှုများမှာ အဆိုးရွားဆုံးဖြစ်ပြီး ဆုံးရှုံးမှုကြီးကြီးမားမားလည်း ကြုံတွေ့ခဲ့ရဖူးသည်။ ထို့ကြောင့် ၁၈၈၃ ခုနှစ်တွင် စိန့်ပေါလ်နှင့် စိန့်ဂျွန်းကျောင်းမှ ကျောင်းသားများ ပါဝင်လုပ်အားပေးသော ရန်ကုန်မြို့၏ ပထမဆုံးမီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယခင် မီးသတ်ရန်အတွက် လူအားဖြင့် ရေငင်ရာမှ မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းသော နှစ်တွင်ပင် မြင်းဖြင့်ဆွဲသော ရေနွေးငွေ့သုံးအင်ဂျင်ဖြင့် မီးငြိမ်းသတ်သည့်စနစ်သို့ ပြောင်းလဲခဲ့သည်။

၁၈၉၀ နောက်ပိုင်းတွင် ရေပေးဝေမှုပိုမိုကောင်းမွန်လာပြီး အုတ်ဖြင့်ဆောက်သည့် အဆောက်အအုံများ ပေါ်ပေါက်လာခြင်းကြောင့်လည်း မီးလောင်မှုကြီးများ လျော့ကျခဲ့သည်။

၁၈၉၆ ခုနှစ်တွင်တွင် လုပ်အားပေး မီးသတ်တပ်ဖွဲ့အစား ကျွမ်းကျင်မီးသတ်သမားများဖြင့် ဖွဲ့စည်းထားသော အချိန်ပြည့်လခစား မီးသတ်တပ်ဖွဲ့ကို တာဝန်ထမ်းဆောင် စေခဲ့သည်။

၁၉၁၁ ခုနှစ်တွင် မြူနီစီပယ်အဖွဲ့က မီးသတ်စခန်းတစ်ခုဆောက်ရန်ရည်ရွယ်ပြီး ဆူးလေဘုရားလမ်းရှိ အဆိုပါမြေကွက်အား တန်ဖိုး ရူပီး ၄၀,၀၀၀ ဖြင့်ဝယ်ယူကာ ၁၉၁၂ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်ဟု မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ မှတ်တမ်းများတွင် ဖော်ပြသည်။ အဆောက်အအုံ၏ ဗိသုကာ လက်ရာမှာ အက်ဒွပ်ခေတ်ဗိသုကာလက်ရာဖြစ်သည်။

“ဗဟိုမီးသတ်စခန်းအဆောက်အအုံဟာ ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံးနေရာမှာရှိပြီးတော့ ခေတ်အဆက်ဆက်မှာ ရန်ကုန်မြို့ပြမြင်ကွင်းကို ဆူးလေဘုရားနဲ့ ယှဉ်တွဲလျက်ရှိပါတယ်။ အဲဒီအချိန်တုန်းက မြို့ရဲ့ အမြင့်မားဆုံး မြို့ပြအဆောက်အအုံ ဖြစ်ပြီး မြို့ရဲ့မီးဘေးအန္တရာယ် အချက်ပေး ကာကွယ်မှုမှာလည်း အဓိက ကျခဲ့တယ်” ဟု အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်မိုးမိုးလွင်က ပြောသည်။

“သက်တမ်းက နှစ် ၁၀၀ ကျော်ပြီဖြစ်ပေမယ့်လည်း အမြဲသစ်လွင်နေအောင် ထိန်းသိမ်းထားနိုင်ခဲ့တဲ့ ဗဟိုမီးသတ်တပ်ဖွဲ့ကလည်း နမူနာကောင်းတစ်ခုပါပဲ” ဟု ၎င်းကပြောသည်။

အဆောက်အအုံအား မီးသတ်စခန်းအဖြစ် စတင်အသုံးပြုချိန်တွင် မြင်းဖြင့်ဆွဲသော အင်ဂျင်များအစား ပထမဆုံးအကြိမ်အဖြစ် ဓာတ်ဆီ၊ သို့မဟုတ် ရေနွေးငွေ့အင်ဂျင်များဖြင့် ပြောင်းလဲသုံးစွဲခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် နေရာထိုင်ခင်းလိုအပ်ချက်ကြောင့် ဘေးကပ်လျက်မှ ဟံသာဝတီပုံနှိပ်တိုက်နေရာကို ရူပီးငွေ နှစ်သိန်း ပေးချေ၍ ဝယ်ယူခဲ့သည်။

နှစ်ပေါင်း ၁၀၀ ကျော်တိုင်အောင် မူလပုံစံအတိုင်း တည်ရှိနေသေးသော၊ မူလရည်ရွယ်ချက်အတိုင်း မြို့ပြတာဝန်များ ထမ်းဆောင်နေသေးသော အဆိုပါအဆောက်အအုံ၏ သမိုင်းတန်ဖိုးကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်တိုဘာ ၁၆ ရက်က အပြာရောင် ကမ္ပည်းမော်ကွန်းပြားကို တပ်ဆင်ပေးခဲ့သည်။

“ဒီလို သမိုင်းဝင်အမွေအနှစ်အဆောက်အအုံမှာ တာဝန်ထမ်းဆောင်ရတာရော၊ နေထိုင်ခွင့်ရတာရောအတွက် ဂုဏ်ယူပါတယ်” ဟု အမှတ် ၂ တိုင်းဒေသကြီး၊ ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်ကပြောသည်။

မြို့ပြသမိုင်းတွင်အရေးပါခဲ့သော အဆောက်အအုံများနှင့် နေရာများအတွက် အပြာရောင်ကမ္ပည်း မော်ကွန်းပြား တပ်ဆင်ခြင်း၊ သမိုင်းကြောင်းဆိုင်ရာ လေ့လာခြင်း၊ ကမ္ပည်းပြားများ ထုတ်လုပ်ခြင်းတို့အတွက် ဖိလစ်ကော်ပိုရေးရှင်းက ယူရိုငွေ ၅၀,၀၀၀ ထောက်ပံ့ပေးအပ်ထားသည်။ ■

အစဉ်အလာကြီးသော ရန်ကုန်မြို့သမိုင်းတွင် အထင်ကရပြယုဂ်အဖြစ်ရပ်တည်လာသည့် ဆူးလေဘုရားအနီးရှိ ဗဟိုမီးသတ်အဆောက်အအုံမှာ သက်တမ်း နှစ် ၁၀၀ ကျော်လာပြီဖြစ်သည်။ ဓာတ်ပုံ-သီရိလူ

THE G•E•M•S

Garden Condominiums

အဆင့်အတန်းမြင့်သော လူနေမှုဘဝအား သားစဉ်မြေးဆက် ပိုင်ဆိုင်နိုင်သောနေရာ....

ရှိုးရှင်းလှပသောဒီဇိုင်း၊ ခေတ်မှီသေသပ်သော ဒီဇိုင်းဖြင့် နိုင်ငံတကာအဆင့်မှီ လူနေမှုစနစ်၏ ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သော The Gems Garden Condominiumsသည် သင့်အား ဆိတ်ငြိမ်အေးချမ်းသည့် လူနေမှုအဆင့်အတန်းတစ်ခုကို ပိုင်ဆိုင်စေပါလိမ့်မည်။

ရန်ကုန်မြို့တော်၏ နှလုံးသည်းပွတ်နေရာတွင် တည်ရှိလာမည့် The Gems Garden Condominiums သည် (၂၁)ထပ်အမြင့်ရှိသောကြောင့် ရန်ကုန်မြို့၏ လှပစိမ်းလန်းသောရှုမြင်ကွင်းများအား ကောင်းကင်မှ ကြည့်ရှုခံစား နေရသကဲ့သို့ အတွေ့အကြုံအသစ်များအား သင့်အားပေးစွမ်းနိုင်ပါလိမ့်မည်။

The Gems Garden Condominiums တွင်
ခေတ်မှီလှပသော မြင်ကွင်းကျယ်ရေကူးကန်နှင့်တကွ .....
- ခေတ်မှီစုံလင်သောအားကစားခန်းမ
- ကလေးရေကူးကန်
- ပွဲလမ်းသဘင်ကျင်းပသောခန်းမ
- အားကစားကွင်း
- ဝင်ပေါက်တွင် card access ဖြင့်ထိမ်းချုပ်သော လုံခြုံရေးစနစ်
- တိုက်တလုံးတွင် လူစီးဓါတ်လှေကား ၂စီးနှင့် ပစ္စည်းသယ်ဓါတ်လှေကား ၁ စီး
  (တိုက်လေးလုံးအတွက် စုစုပေါင်း ၁၂ စီး)
- အသင့်အသုံးပြုနိုင်သော မီးဖိုချောင်
- ၂၄နာရီ လုံခြုံရေးစနစ်
- ၂၄နာရီ ရေနှင့် လျှပ်စစ်မီးစနစ်
- Internet အသုံးပြုနိုင်သောနေရာ
- Barbecue ပြုလုပ်ရန်နေရာ
- အပြေးလေ့ကျင့်ရန်လမ်း
- စိမ်းလန်းစိုပြေသော ဥယျာဉ် တို့ပါရှိမည်ဖြစ်ပါသည်။

စီမံကိန်းတည်နေရာနှင့် အရောင်းပြခန်း လိပ်စာ
အမှတ် ၁၁၃၊ အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၀၁ ၅၂၆၁၄၆၊ ၀၁ ၅၂၆၁၄၈၊ ၀၁ ၅၂၆၁၇၀

PROUDLY DEVELOPED BY

CDL
CAPITAL DEVELOPMENT LIMITED

Quality Developer......Reliable Developer.....Responsible Developer

vrbo&opvi

the pulse

wapajcmuwtaluni;
ar;re;unvu&i &eueu
vawwi;e;y;rm
ajymjyp&maw &aewwyjw ,/
owu , wi uwmr;'jrr[w
vyazmuizu rom;p0i 'jrr[w
rwaqoi , ci;aw uc&wjzp&y
awu ajymjyuyw ,
...

jrefmjynf ae&m t Ekef; wapaj&m;

ဓာတ်ပုံ - ယုယု

ဒေါက်ကာလပ်စ်လောင်း
dlong125@gmail.com

ဟစ်ပ်ဟော့ပွဲတစ်ပွဲက အဝင်ဝမှာ လက်မှတ်သိမ်းနေသူတစ်ဦးဟာ အမျိုးသမီးငယ်တစ်ဦး လက်မှတ်မပြဘဲ ဖြတ်ဝင်သွားတာကို သတိထားလိုက်မိပါတယ်။ လက်မှတ်တောင်းဖို့ လှည့်ပတ်ကြည့်လိုက်တော့ သူ့ရှေ့မှာတင် ကောင်မလေး ပျောက်သွားပါတယ်။ နောက်တော့ အဲဒီဂီတဖျော်ဖြေပွဲက ဒီဂျေကလည်း ခန်းမတစ်နေရာကနေ သူ့ကို အမျိုးသမီးတစ်ဦး စိန်းစိန်းဝါးဝါးစိုက်ကြည့်နေတာကို သတိထားမိလိုက်ပါတယ်။ သုံး-လေးစက္ကန့်အကြာမှာတော့ ပျောက်သွားပါတယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ဒီဂျေစက်လည်း ပျက်သွားပါတယ်။

မဂ္ဂဇင်းတစ်စောင်ရဲ့ အယ်ဒီတာတစ်ဦးဟာ သူအလုပ်လုပ်ရာ ရုံးခန်းလေးဆီ လျှောက်လာနေပါတယ်။ ရုံးခန်းထဲက စားပွဲတစ်ခုမှာ အဝါရောင်ဝတ်စုံနဲ့ အမျိုးသမီးတစ်ဦး ထိုင်နေတာကို ပြတင်းပေါက်ကနေ သူ လှမ်းတွေ့လိုက်ပါတယ်။ ဒါပေမဲ့ အခန်းရှေ့ရောက်တော့ ရုံးခန်းက အပြင်ကနေ သော့ခတ်ထားတာကို သူတွေ့လိုက်ရပါတယ်။ အခန်းတံခါးတောင် သော့မဖွင့်ရသေးဘူးဆိုတော့ တခြားလုပ်ဖော်ကိုင်ဖက်တွေ ရုံးမရောက်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။ ခုနက အဝါရောင်ဝတ်စုံနဲ့အမျိုးသမီး ရှိနေတဲ့နေရာကို ပြန်ကြည့်လိုက်တော့ နေရာမှာ မရှိတော့ပါဘူး။

မြို့ထဲက ရုံးခန်းတစ်ခုမှာ ဝန်ထမ်းလေးယောက်လောက်ဟာ ရုံးချိန်နောက်ပိုင်းမှာ အိမ်မပြန်သေးဘဲ ဖေ့စ်ဘွတ်ခ်သုံးနေကြပါတယ်။ တစ်ယောက်ယောက်က ဒေါက်ဖိနပ်စီးပြီး ရုံးခန်းထဲမှာ လှည့်ပြီးသွားနေတဲ့အသံကို သူတို့လေးယောက်စလုံး ကြားလိုက်ပါတယ်။ ကွန်ကရစ်ကြမ်းပြင်ပေါ်မှာ 'တဒေါက်ဒေါက်'နဲ့ လျှောက်လာနေတဲ့ ဒေါက်ဖိနပ်သံက သုံးလေးမိနစ်လောက် ရပ်သွားပြီးမှ လာရာလမ်းအတိုင်း ပြန်သွားတဲ့အသံပြန်ထွက်ပေါ်လာပါတယ်။ အဲဒီအချိန်မှာ ဒေါက်ဖိနပ်စီးတတ်တဲ့သူ တစ်ယောက်မှ ရုံးမှာ မရှိတော့ပါဘူး။

စိတ်ကူးယဉ်အကြောင်းအရာတွေထက် ပိုပြီးဆန်းကြယ်တဲ့ ဖြစ်ရပ်တွေ

တစ္ဆေခြောက်တဲ့အကြောင်း မေးမြန်းကြည့်လိုက်ရင် ရန်ကုန်ကလူတွေ တိုင်းနီးပါးမှာ ပြောပြစရာတွေ ရှိနေတတ်ပါတယ်။ သူတို့ကိုယ်တိုင်ကြုံတာမျိုး၊ ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်၊ မိသားစုဝင် ဒါမှမဟုတ် မိတ်ဆွေသူငယ်ချင်းတွေ ကြုံခဲ့ရတဲ့ဖြစ်ရပ်တွေကို ပြောပြကြပါတယ်။ ဒီလိုတစ္ဆေပုံပြင်တွေကို မြန်မာနိုင်ငံအကြောင်း ဖြစ်ရပ်မှန်ဖော်ပြထားတဲ့ စာအုပ်တွေမှာလည်း တွေ့ရပါတယ်။ Pascal Khoo Thwe ရဲ့ From the Land of Freen Ghosts (2002) စာအုပ်မှာတော့ မကောင်းတဲ့ဝိညာဉ်အဖြစ် စွဲမြဲယုံကြည်ထားလေ့ရှိတဲ့ အသတ်ခံလိုက်ရသူ၊ ဒါမှမဟုတ် မတော်တဆသေဆုံးသွားရသူ အစိမ်းသေတွေကြောင့် ကြောက်လန့်ခဲ့ကြရတဲ့အကြောင်းကို ဖော်ပြထားပါတယ်။

၁၉၈၈ အရေးအခင်းမှာ ပါဝင်တဲ့ ကျောင်းသားအုပ်စုတစ်စုဟာ မြန်မာအစိုးရရဲ့ရန်က လွတ်အောင် ထိုင်းနယ်စပ်နားက တောင်တန်းတွေဘက်ဆီ ထွက်ပြေးကြရာမှာ စာရေးသူ ပါစကယ်ခူးသွယ် ကိုယ်တိုင်လည်း ပါဝင်ခဲ့ပြီး တစ်ညမှာ သူ့စောင်ကို တစ်ယောက်ယောက်က လာဆွဲနေသလို ခံစားလိုက်ရပြီး နိုးလာပါတယ်တဲ့။ သူ့စောင်ကို လာဆွဲနေတဲ့ လက်သည်တွေကို သူ တွေ့လိုက်ရပါပြီ။ "မျက်နှာကို တစ်ဖက်လှည့်ထားပြီး ဆောင့်ကြောင့်ထိုင်အနေအထားနဲ့ တုန်ယင်ပြီး ညည်းညူနေကြပါတယ်။ တချို့ကတော့ ယူနီဖောင်းဝတ်နဲ့၊ တချို့ကတော့ အရပ်သားဝတ်နဲ့ပါ။ သူတို့အားလုံး စိုရွှဲနေကြပြီး ဖြူဖပ်ဖြူရော်ဖြစ်နေကြပါတယ်။ ရုတ်တရက်လေပြင်းတစ်ချက် တိုက်လာပြီး သူတို့လည်း မီးခိုလိုပဲ ပျောက်သွားပါတယ်" လို့ စာအုပ်နောက်ပိုင်းမှာ ပါစကယ်က ဖော်ပြထားပါတယ်။

သူတို့ စခန်းချထားတဲ့နေရာဟာ ကရင်နီသူပုန်တွေကြောင့် သေသွားကြတဲ့ မြန်မာစစ်သားတွေကို ထုံးတမ်းစဉ်လာအတိုင်း မသင်္ဂြိုဟ်ဖြစ်ဘဲ အလျင်စလိုမြေမြှုပ်ခဲ့တဲ့ နေရာဖြစ်နေတာကို စာရေးသူနဲ့ တခြားလုပ်ဖော်ကိုင်ဖက်တွေဟာ နောက်မှ သိလိုက်ကြရပါတယ်။

စာရေးဆရာမ မသီဂီကလည်း ထောင်ထဲက သူ့ရဲ့အတွေ့အကြုံအကြောင်း ရေးထားတဲ့ Nor Iron Bars a Cage (2013) မှာ အကျဉ်းသား

တွေထားရာ ခန်းမရဲ့အပေါ်ထပ်မှာ တစ္ဆေခြောက်တဲ့ ညတစ်ညအကြောင်းကို ဖော်ပြထားပါတယ်။

"အဲဒီနေ့မှာ နေဝင်ချိန်ကတည်းက ကျွန်မ ကြက်သီးမွေးညင်းတွေ ထနေတာ။ ည ၉ နာရီ ကင်းသံချောင်းခေါက်ပြီးတဲ့အချိန်မှာ အကျဉ်းတိုက်ထဲက အကျဉ်းသူတချို့ အိပ်ဖို့ပြင်ဆင်နေကြပါပြီ။ ရုတ်တရက် ချောက်ချားဖွယ် ဆွဲဆွဲငင်ငင် ငိုကြွေးသံတွေ ထွက်ပေါ်လာပြီး နောက်ဆုံးမှာ တစ်ပြိုင်တည်း ညီတူညာတူ ငိုကြွေးနေသံကြီးမျိုး ဖြစ်လာပါတယ်။ စိတ်ပျက်လက်ပျက်နဲ့ ပြိုင်တူအော်မြည်နေတဲ့အသံတွေကို ကျွန်မတို့ အားလုံး ကြားကြပါတယ်"လို့ စာအုပ်ထဲမှာ ဖော်ပြထားပါတယ်။

တချို့အကျဉ်းသူတွေက သွေးပျက်ပြီး ပတ်ပြေးနေတဲ့အချိန်မှာ သိပ်မကြောက်တတ်တဲ့ အကျဉ်းသူတစ်ဦး တွေ့လိုက်ရတာကတော့ "ခန်းမရဲ့ အစွန်ဆုံးဘက်နားမှာ အိပ်ရတဲ့သူတွေရဲ့နေရာမှာ အမျိုးသမီးတစ်စု တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကုတ်ဖဲ့ပြီး သတ်ပုတ်နေကြတာပါ။ သူတို့ရဲ့ဆံပင်ရှည်တွေကလည်း ဖားလျားချပြီး မျက်နှာပေါ်မှာ အုပ်နေပါတယ်။ ဒါကြောင့် သူတို့ ဘယ်သူဘယ်ဝါဆိုတာ မမြင်ရဘူး" လို့ စာအုပ်ထဲမှာ ရေးထားပါတယ်။

သိပ္ပံနည်းကျ အဖြေထုတ်လို့မရတဲ့ တစ္ဆေခြောက်တဲ့ဖြစ်ရပ်တွေ

တစ္ဆေခြောက်တဲ့အကြောင်းကို စာနဲ့ရေးထားတာပဲဖြစ်ဖြစ်၊ ပါးစပ်နဲ့ပဲ ပြောကြတာပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာတော့ တစ္ဆေခြောက်ခံရတဲ့ အကြောင်းကို သူတို့နေ့စဉ်ဘဝရဲ့ သာမန်အဖြစ်အပျက်လိုပဲ အချင်းချင်းပြောပြကြ၊ ယုံကြည်ကြပါတယ်။ ဒီလိုပြောပြတတ်ကြတာဟာ တစ္ဆေပုံပြင်တွေ အကြောင်းပြောပြရာမှာ သည်းထိတ်ရင်ဖိုဖန်တီးမှုကို ရှောင်ရှားဖို့ဖြစ်နိုင်တယ်လို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထုတ် The Asia Pacific Journal of Anthropology မှာ ဖော်ပြထားတဲ့ Terminally Haunted ဆိုတဲ့ အက်ဆေးမှာ ဂျိမ်းဖာဂူဆန်က မှတ်ချက်ချထားပါတယ်။

မင်္ဂလာဒုံလေဆိပ်မှာ လေယာဉ်အမှုထမ်းတွေ၊ ခရီးသည်တွေရဲ့ အိတ်တွေကို အတင်အချလုပ်ပေးသူတွေနဲ့ ဆက်သွယ်ရေးတာဝန်ထမ်းတွေ လေဆိပ်ဥပစာနေရာမှာ တစ္ဆေတွေ့ကြတဲ့အကြောင်းအပါအဝင် ဘန်ကောက်က သုဝဏ္ဏဘူမိလေဆိပ်နဲ့ ရန်ကုန်က မင်္ဂလာဒုံလေဆိပ်က ဝန်ထမ်းတွေကြားမှာ အပြောများတဲ့ တစ္ဆေပုံပြင်တွေအကြောင်း သူ့စာအုပ်မှာ ဖော်ပြထားပါတယ်။

လေယာဉ်မှူးတွေလည်း တစ္ဆေခြောက်ခံရတဲ့ဒဏ်က မလွတ်ပါဘူး။ "လေယာဉ်မှူးအခန်းထဲ ဝင်ရုံပဲရှိသေးတယ်၊ ဘယ်ခလုတ်တစ်ခုကိုမှ မထိရသေးဘဲနဲ့ အော်တိုစက်နှိုးတဲ့စနစ်က ပွင့်နှင့်နေပြီးသားဖြစ်နေတယ်လို့ မြန်မာ့လေကြောင်းလိုင်းက လေယာဉ်မှူးတွေ သတင်းပို့တယ်"လို့ တာဝါတိုင်ဝန်ထမ်းတစ်ဦးက ပြောပြတာကို ဖော်ပြထားပါတယ်။

၁၉၆၇ ခုနှစ်မှာ အမေရိကန်ယဉ်ကျေးမှုဆိုင်ရာ မနုဿဗေဒပညာရှင် Melford Spiro ထုတ်ဝေခဲ့တဲ့ Burmese Supernaturalism စာအုပ်မှာ ဖော်ပြထားတဲ့ "အတိတ်ဘဝမှာ ကျူးလွန်ခဲ့တဲ့ မကောင်းမှုရဲ့အကျိုးဆက်အဖြစ် ခန္ဓာကိုယ်မဲ့တဲ့ ဝိညာဉ်တွေအဖြစ် ပြန်မွေးဖွားလာသူတွေ"လို့ ဒီလေဆိပ်က တစ္ဆေ (သို့) သရဲတွေကို ဖာဂူဆန်က သတ်မှတ်ထားပါတယ်။

တစ္ဆေတွေဟာ လူတွေကို နာမကျန်းဖြစ်စေတယ်၊ ရောဂါဖြစ်စေတယ် ဒါမှမဟုတ် ကံမကောင်းမှုတွေ ဖြစ်စေတယ်လို့ မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်ဖျားဒေသတွေက ရွာသူရွာသားတော်တော်များများ ယုံကြည်ထားကြပါတယ်။ Spiro ရဲ့ သုတေသနပြုချက်အရ တစ္ဆေသရဲတွေဟာ ရွာပြင်မှာ အထူးသဖြင့် သူတို့ရဲ့အစာဖြစ်တဲ့ အလောင်းတွေရှိတဲ့ သင်္ချိုင်းတွေမှာ နေကြတယ်လို့ ရွာသားတွေက ယုံကြည်ထားကြပါတယ်။

"သူတို့ဟာ သက်ရှိလူတွေရဲ့ အသားကိုလည်း ကြိုက်ကြပါတယ်။ ဒါပေမဲ့ အရမ်းကို ဆာလောင်လာတဲ့အခါ ဒါမှမဟုတ် စုန်းမတစ်ကောင်ရဲ့ ခိုင်းစေမှုကြောင့် လူတစ်ဦးဦးကို တိုက်ခိုက်ပြီး စားသောက်ဖို့အတွက် ရွာထဲကို တစ်ခါတလေ ဝင်လာတတ်တယ်လို့လည်း သူတို့က ပြောပြကြတယ်"လို့ သူ့စာအုပ်မှာ ရေးထားပါတယ်။

ဓာတ်ပုံ - ယုယု

ဒါပေမဲ့ အခုခေတ် ရန်ကုန်မှာ နေတဲ့သူတွေကတော့ တစ္ဆေကို မကောင်းတဲ့ အမျိုးအစားတစ်ရပ်အဖြစ် သိပ်မမြင်ကြတော့ဘဲ "တစ္ဆေတွေဆိုတာ သေဆုံးသွားသူတွေရဲ့ မကျွတ်တဲ့ ဝိညာဉ်တွေလို့ မြင်ကြတယ်"လို့ Spiro က ဖော်ပြထားပါတယ်။

လူတစ်ဦးဦး ကွယ်လွန်သွားတဲ့အချိန်မှာ အသုဘအခမ်းအနားကို အစဉ်အလာအတိုင်း မလုပ်မိရင် "သေသူရဲ့ လိပ်ပြာဟာ သူမသေခင်က ဘဝကို စွဲလမ်းနေပြီး သူအရင် နေခဲ့ဖူးတဲ့နေရာမှာ ဆက်နေနေတဲ့အတွက် တစ္ဆေဖြစ်သွားပြီး လူတွေကို ကြောက်လန့်တကြားဖြစ်စေတယ်"လို့ ဆိုကြပါတယ်။

သာဓကအနေနဲ့ ပြရမယ်ဆိုရင် ရန်ကုန်မြို့လယ်က သူ့ရုံးခန်းထဲမှာ ထိုင်နေတဲ့ အဝါရောင်ဝတ်စုံနဲ့အမျိုးသမီးကို တွေ့ခဲ့တဲ့ အယ်ဒီတာတစ်ဦးဖြစ်တဲ့ မယဉ်မင်းထွန်းကတော့ တစ္ဆေကို တွေ့လိုက်တဲ့အချိန်မှာ လန့်သွားပေမယ့် တစ္ဆေက သူ့ကိုဖမ်းစားလိုက်မှာကိုတော့ မကြောက်မိဘူးလို့ ပြောပါတယ်။

"တစ္ဆေတွေက လူတွေကို ဘာမှ မလုပ်နိုင်ပါဘူး။ သူတို့က လူတွေကို နာကျင်အောင် မလုပ်နိုင်ပါဘူး။ ကျွန်မကတော့ တစ္ဆေထက် လူတွေကို ပိုကြောက်တယ်ရှင့်"လို့ သူက ပြောပါတယ်။

တစ္ဆေသရဲတွေဟာ လူတွေကို ရောဂါဖြစ်စေနိုင်တဲ့ အစွမ်းရှိတယ်ဆိုတဲ့ ယုံကြည်မှုကို သူက လက်မခံပါဘူး။ "နာမကျန်းဖြစ်တာကတော့ တစ္ဆေကို တွေ့လိုက်ရပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ စိတ်တွင်းကြောက်လန့်မှုဖြစ်ခြင်းရဲ့အကျိုးဆက် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တစ္ဆေရဲ့ လူတွေကို နေမကောင်းဖြစ်အောင် လုပ်နိုင်တဲ့အစွမ်းကြောင့်တော့ မဟုတ်ပါဘူး"လို့ သူ့အမြင်ကို ရှင်းပြပါတယ်။

ကျောင်းတွေမှာလည်း အမြဲရှိတဲ့ တစ္ဆေပုံပြင်တွေ

ရန်ကုန်မှာ သရဲခြောက်ခံရတဲ့ တခြားအတွေ့အကြုံတွေကို ပြောပြတဲ့ Doi Ling ကလည်း တစ္ဆေတွေရဲ့အစွမ်းဟာ အကန့်အသတ်နဲ့ပဲ ရှိတယ်ဆိုတာကို သဘောတူပါတယ်။ အိပ်နေတဲ့သူရဲ့စောင်ကိုဆွဲတာ၊ ဒါမှမဟုတ် ခြေထောက်ကို ဆွဲတာမျိုးလောက်ပဲ သရဲတစ္ဆေတွေ လုပ်နိုင်တယ်လို့ သူက ပြောပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်အစောပိုင်းမှာ သူဟာ လသာ(၂)မှာ ကျောင်းတက်ခဲ့ပြီး အဲဒီအချိန်တုန်းကဆိုရင် အဆောင်နေကျောင်းသူတွေကို ကျောင်းမှာ လက်ခံထားတယ်လို့ သူက ပြောပြပါတယ်။

ကျောင်းမှာ ညအိပ်ညနေ နေကြရတဲ့ ကျောင်းသူတွေဟာ ညဘက်ကျရင် တစ္ဆေအခြောက်ခံရတယ်လို့ သူက ပြောပြပါတယ်။ အဲဒီမှာခြောက်တဲ့ သရဲတချို့ကတော့ ကျောင်းမှာ အရင်ကတည်းကနေတဲ့သရဲတွေဖြစ်သလို ကျောင်းနားမှာရှိတဲ့ ရန်ကုန်အထွေထွေဆေးရုံကြီးက တစ္ဆေသူရဲတွေလည်း ပါဝင်ပါတယ်။ ဒါကလည်း ဆေးရုံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စွမ်းကို သက်သေပြတဲ့ ကွယ်လွန်သွားတဲ့သူတွေ များပြားလွန်းတဲ့အတွက် ကြံရည်ဖန်ရည်ရှိတဲ့ဝိညာဉ်တချို့ ရေကြည်ရာမြက်နုရာလိုက်ရှာတဲ့ သဘောနဲ့ ဆေးရုံနားက ကျောင်းဝင်းထဲ ရောက်လာတာဖြစ်နိုင်ပါတယ်။

"သရဲခြောက်မခံရအောင် ညကျရင် ကျွန်မတို့တွေ ပုးကပ်တိုးဝှေ့ပြီး နေကြပါတယ်"လို့ Doi Ling က ပြောပြပါတယ်။ ကျောင်းသူတွေ နေ့ဘက်မှာစီးတဲ့ ဖိနပ်မျိုးနဲ့ ညကျရင် ခန်းမရှေ့စင်္ကြံတစ်လျှောက် လျှောက်နေတဲ့ အသံမျိုး ကြားရတာမျိုးကတော့ ကျောင်းသူတွေအတွက် မဆန်းတော့ပါဘူးလို့ သူက ပြောပါတယ်။

တခြားအဖြစ်အပျက်တွေက ပိုပြီးတော့ စိတ်ကိုချောက်ချားစေပါတယ်တဲ့။ "ကျွန်မတို့ရဲ့ ဆရာမတစ်ယောက်ဟာ ပထမကလေး အသေမွေးဖူးပါတယ်။ ပြီးတော့ နောက်ထပ်ကိုယ်ဝန်ရှိလာတဲ့အခါမှာလည်း ကလေးမွေးရင်း ဆုံးသွားပါတယ်။ အဲဒီနောက်ပိုင်း ညကျရင် ကျောင်းဝင်းထဲမှာ ကိုယ်ဝန်ဆောင်အင်္ကျီနဲ့ အမျိုးသမီးတစ်ဦး လျှောက်သွားနေတာကို တွေ့ကြရပါတယ်"လို့ သူက ပြောပြပါတယ်။

လသာ(၂) က သရဲခြောက်တဲ့ဇာတ်လမ်းတွေမှာ တချို့ဟာ ကျေးလက်ပုံပြင်တွေလိုပါပဲ။ အဆင့်ဆင့် တစ်ယောက်ကိုတစ်ယောက် ပြောပြကြတာမျိုးတွေပါ။ စိန့်ဂျွန်သီလရှင်ကျောင်းအဖြစ် ၁၈၆၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ အဆောက်အအုံဝင်းဖြစ်တဲ့အတွက် ဒီပုံပြင်တွေဟာ ဘယ်တုန်းကတည်းက စတင်ခဲ့တာလဲဆိုတာ အတိအကျမသိနိုင်ပေမယ့် Doi Ling အဲဒီကျောင်းမှာ နေခဲ့တဲ့အချိန်ကတော့ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာပါ။

မနက်စောစော ၃ နာရီဆိုရင် အများသုံးသန့်စင်ခန်းထဲမှာ ရေကျတဲ့ အသံကြားရပြီး သွားကြည့်လိုက်ရင် ဘာရေမှစိုနေတာကို မတွေ့ရတဲ့ အကြောင်းအပါအဝင် သူ့ကို ကျောင်းမှာ ခြောက်တဲ့သရဲတွေအကြောင်းကို ကျောင်းသူငယ်လေးအဖြစ်နဲ့ ကျောင်းမှာလာနေဖြစ်တဲ့အချိန်မှာ တခြားကျောင်းသူကြီးတွေက သူ့ကို ပြောပြကြပါတယ်။

စာမျက်နှာ ၃၆ သို့

သွားလာဆင်နွဲ ရန်ကုန်ပွဲ

မြန်မာ့ရနံ့ပန်းချီပွဲမှာ ကြည့်ရှုရမယ့်လက်ရာတစ်ခု။ (နန္ဒာအောင် စုစည်းတင်ပြသည်)

ပန်းချီပွဲများ

Uncovering H.Lwin

နာမည်ကျော်ပန်းချီဆရာကြီးရာဟုလာ (ကွယ်လွန်)ရဲ့ ဆရာတစ်ဦးဖြစ်တဲ့ စာရေးဆရာကြီးတစ်ဖြစ်လဲ ပန်းချီဆရာကြီး H.Lwin (ခေါ်) ဦးခင်မောင်ဌွေးရဲ့ ဆီဆေးလက်ရာတွေ စုစည်းမှု အနေနဲ့ ရှုခင်းပန်းချီကားပေါင်း ၃၂ ကားကို ပြည်သူ့ဥယျာဉ် အတွင်းမှာရှိတဲ့ Yangon Gallery မှာ နိုဝင်ဘာလ ၁ ရက်နေ့ကနေ ၅ ရက်နေ့အထိ ပြသသွားမှာဖြစ်ပြီးတော့ ပန်းချီကားတွေကို ဒေါ်လာ ၅၀၀ ကနေ ၂,၀၀၀ အသီးသီးရှိတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချသွားမှာ ဖြစ်ပါတယ်။

The Mirror: Reflecting Society

Contemporary artists လေးဦးဖြစ်တဲ့ မြတ်ကျော့၊ ဝလုံး၊ သူရိန်နဲ့ ဇွန်အိဖြူတို့ရဲ့ပန်းချီ၊ ပန်းပု၊ အင်စတော်လေးရှင်းနဲ့ ဓာတ်ပုံပြပွဲကိုတော့ ဝါးတန်းဆိပ်ကမ်းမှာရှိတဲ့ TS1 gallery မှာ ပြသနေတာမို့ နိုဝင်ဘာလ ၁ ရက်နေ့အထိ သွားရောက်ကြည့်ရှုအားပေးနိုင်ကြပါတယ်။

Fragrance of Myanmar (မြန်မာ့ရနံ့)

ပန်းချီဆရာကြီးဦးငွေကိုင်၊ ဦးခင်မောင် (Bank)၊ ဦးဘသက်၊ ဦးပေါ်ဦးသက်တို့အပါအဝင် ပန်းချီဆရာအကျော်အမော် ၁၃ ဦးတို့ရဲ့ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီလက်ရာတွေကိုတော့ နိုဝင်ဘာလ ၇ ရက်နေ့ကနေ ၉ ရက်နေ့အထိ ပြည်သူ့ရင်ပြင်ထဲမှာရှိတဲ့ Yangon Gallery မှာ ပြသသွားမှာဖြစ်ပါတယ်။

ရုပ်ရှင်ပွဲတော်

Memory! International Heritage Film Festival

အမှတ်တရ! နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်ကနေ နိုဝင်ဘာလ ၂ ရက်နေ့အထိ နေပြည်တော်ရုပ်ရှင်ရုံမှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ဂျပန်၊ ယူကေ၊ ပြင်သစ်၊ မွန်ဂိုးလီးယားနဲ့ အမေရိကန်နိုင်ငံတို့က ခေတ်ဟောင်းဟာသရုပ်ရှင်ကားပေါင်း ကိုးကားကို ညနေ ၃ နာရီခွဲနဲ့ ၆ နာရီခွဲတို့မှာ အခမဲ့ပြသသွားမှာ ဖြစ်ပါတယ်။

ဟောလိုးဝင်းပါတီပွဲများ

အောက်တိုဘာလ ၃၁ ရက်နေ့ည

- ♛ ချက်ထရီရမ်ဟိုတယ်၊ Club Rizzoli
- ♛ ဆူးလေရှန်ဂရီလာဟိုတယ်၊ ဂယ်လာရီဘား
- ♛ Gekko စားသောက်ဆိုင်၊ ကုန်သည်လမ်း

မြန်မာပြည်နေရာအနှံ့မှာ ရှိနေတဲ့ တစ္ဆေသရဲများ ...

စာမျက်နှာ ၃၅ မှ

ကျောင်းမှာခြောက်တဲ့ သရဲအကြောင်း နောက်ပုံပြင်တစ်ခုကတော့ ညအခန်းစောင့်ဟာ ခန်းမအောက်က အခန်းလွတ်တစ်ခုမှာ ပင်ပေါင်ဘောလုံးတစ်လုံး လှိမ့်နေတဲ့အသံကို ကြားလိုက်ရတာကြောင့် အခန်းထဲဝင်ကြည့်လိုက်တဲ့အခါ ပင်ပေါင်က ဆက်မလှိမ့်နေတော့ဘဲ ရပ်သွားတာကို တွေ့လိုက်ရပါတယ်တဲ့။ သူက အဲဒီပင်ပေါင်ကို လက်ကိုင်ပဝါနဲ့ အုပ်ကောက်လာခဲ့ပြီး သူ့လက်ထဲမှာ ခပ်နွေးနွေးဖြစ်နေသလို ခံစားမိတာကြောင့် လက်ကိုင်ပဝါကို ဖွင့်ကြည့်လိုက်တဲ့အခါ သူကိုင်ထားတာ ပင်ပေါင်မဟုတ်တော့ဘဲ သွေးခဲနဲ့ အသားစတွေ ဖြစ်နေတာကို တွေ့လိုက်ရပါတယ်တဲ့။

သရဲခြောက်တဲ့ဇာတ်လမ်းတွေထဲမှာ ဟာသနည်းနည်းဆန်တဲ့ပုံပြင်လည်း ရှိပါတယ်။ လသာဆောင်မှာ ကျောင်းသူတစ်သိုက်ရပ်ပြီး ကျောမှာ သေနတ်ဒဏ်ရာနဲ့ သရဲခြောက်တဲ့အကြောင်း တိုးတိုးပြောနေကြပါတယ်။ အဲဒီအချိန်မှာပဲ လူတစ်ဦး ရုတ်တရက် ရောက်လာပြီး "ဒီလိုဒဏ်ရာမျိုးကို ပြောတာလား"လို့ သူ့နောက်ကျောက ဒဏ်ရာဟောင်းလောင်းကြီးကိုပြရင်း မေးလိုက်တာကြောင့် အားလုံး ကြောက်လို့ အော်ပြီးပြေးကြရတယ်လို့လည်း သူက ပြောပြပါတယ်။

ဒီလိုအလားတူအကြောင်းအရာတွေကို နောက် ၁၀ နှစ်လောက်အထိ ပြောဖြစ်ကြပါတယ်။ လသာ(၂)မှာ ၁၉၈၀ လောက်တုန်းက ကျောင်းတက်ခဲ့တဲ့ အမျိုးသမီးတစ်ဦးကလည်း (သူကတော့ ဝိညာဉ်လောကသားတွေ သူ့ကို လက်တုံ့ပြန်မှာစိုးတဲ့အတွက် အမည်မပြောပါရစေနဲ့လို့ တောင်းဆိုထားပါတယ်) Doi Ling ပြောတဲ့အကြောင်းအရာတွေကို သူ့ထက်အသက်ကြီးတဲ့သူတွေဆီက ကြားခဲ့ရတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာတော့ လသာ(၂)မှာ ကျောင်းအိပ်ကျောင်းစား လက်မခံတော့ပါဘူး။ ဒါကြောင့် ကိုယ်တွေ့သရဲခြောက်ခံရတာကို သက်သေပြဖို့ အခွင့်အရေးလည်း မရှိတော့ပါဘူး။

လူသေကို တစ္ဆေမဖြစ်အောင် ကြိုတင်ကာကွယ်ထားခြင်း

ဒါဆို တစ္ဆေသရဲတွေကို ဘယ်လိုတားဆီးမလဲ။ ဒီအတွက် နည်းလမ်းကတော့ အမျိုးမျိုးရှိပါတယ်။ ဒါပေမဲ့ ကြိုတင်ကာကွယ်တဲ့ နည်းလမ်းကို ရွေးချယ်ခဲ့ကြပါတယ်။ သာမန်အသုဘအခမ်းအနား ထုံးတမ်းဓလေ့ကတော့ သေသူရဲ့ဝိညာဉ်တွေ ဘဝကူးကောင်းအောင် လုပ်ပေးနိုင်ပေမယ့် တစ်ခါတလေမှာတော့ သာမန်ထက် အပိုဆောင်းလုပ်ပေးရတာမျိုးတွေ ရှိတတ်ပါတယ်။

ဥပမာ-အစိုးရဌာနအရာရှိတွေ ကွယ်လွန်သွားရင် အထူးသဖြင့် သူတို့အလုပ်ကို စွဲလန်းနေတတ်ပါတယ်လို့ Spiro က သူ့စာအုပ်ထဲမှာ ဖော်ပြထားပါတယ်။ "သူတို့တွေ သူတို့အလုပ်မှာ စွဲလန်းနေတာမျိုး မဖြစ်ရအောင် အထူးအမိန့်ပြန်တမ်းတစ်စောင် ရေးပြီ လက်မှတ်ထိုးတာမျိုးနဲ့ တစ်ခါတလေမှာဆိုရင် သေသူ အရင်က လုပ်ကိုင်ခဲ့တဲ့အလုပ်ကို လာစရာမလိုတော့ကြောင့် သွားလိုရာသွားနိုင်ပြီဖြစ်ကြောင်း အထက်အရာရှိက အမိန့်ပြန်တမ်းဖတ်တာမျိုးတွေ လုပ်ပါတယ်"လို့ ရေးသားဖော်ပြထားပါတယ်။

ခြောက်လှန့်တတ်တဲ့တစ္ဆေတွေ တရစ်ဝဲဝဲနဲ့ ဒုက္ခမပေးနိုင်အောင် တားဆီးဖို့အတွက် ထုံးတမ်းဓလေ့တွေက ပိုပြီးရှုပ်ထွေးပါတယ်။ Pascal Khoo Thwe ပြောတာကတော့ သူတို့ ပဒေါင်ဓလေ့အရ သေသူဟာ အစိမ်းသေဆိုရင် အလောင်းကို မမြှုပ်ခင်မှာ ဝိညာဉ်ကိုအခေါင်းထဲ ဆင့်ခေါ်ရပြီး မြေမြှုပ်ပြီးတဲ့နောက်မှာ သေနတ်ပစ်ပြီး သင်္ချိုင်းကနေ ဝိညာဉ်ကို မောင်းထုတ်ရပါတယ်။

အသုဘအိမ်မှာ အလောင်းကို ပြင်ဆင်ထားတဲ့အချိန်မှာလည်း မကောင်းဆိုးဝါးတွေရဲ့ အကြားအာရုံကို ပျက်ပြားစေနိုင်တဲ့ အစွမ်းရှိတယ်လို့ဆိုတဲ့ ဖားစည်ကို တီးပါတယ်။ တစ်ညလုံး အခေါင်းဘေးနားမှာ ကကြပြီး ငိုချင်းဆရာ ဒါမှမဟုတ် နတ်ဆရာက သေသူရဲ့ဝိညာဉ်ကို မိန့်ခွန်းရှည်ကြီးပြောပြီး ဝိညာဉ်လောကကို သွားမယ့် သူ့ခရီးရှည်ကြီးကို စတင်ဖို့ တိုက်တွန်းပြောကြားပါတယ်။ အဲဒီလိုပြောကြားရာမှာလည်း ဘယ်လိုသွားရမလဲဆိုတာကို ပြောပြပြီး လမ်းမှာ သူတွေ့နိုင်မယ့် အန္တရာယ်တွေကိုလည်း သတိပေးပြောကြားပါတယ်တဲ့။

ဒီလိုမျိုးတစ္ဆေမဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေ လုပ်ကြပေမယ့်လည်း တစ္ဆေသရဲတွေဟာ လူ့လောကမှာ တစ်ခါတလေ ဆက်လက်တည်ရှိနေနိုင်ကြပါတယ်။ အဲဒီလိုအခါမျိုးမှာဆိုရင်တော့ ကျေးလက်ဒေသကသူတွေဟာ အဆောင်လက်ဖွဲ့ဆောင်ထားတာ၊ ဆေးမင်ကြောင်ထိုးတာနဲ့ ဓာတ်လုံးဆောင်တာမျိုးတွေ လုပ်ကြပါတယ်။ ဓာတ်လုံးဖြစ်လာအောင် ဖိုထိုးတဲ့အတတ်ကိုတော့ ရှာဘက်ပိုင်းက ဘုန်းကြီးကျောင်းတချို့မှာ အခုအချိန်အထိ ကျင့်ကြံကြတာကို တွေ့ရပါတယ်။

တကယ်လို့ မကျွတ်မလွတ်သေးတဲ့ဝိညာဉ်က လူ့လောကမှာ ဆက်ပြီးနေနေသေးတယ်ဆိုရင် ဘုန်းကြီးပင့်ပြီး ဆွမ်းသွပ်အမျှဝေတာကတော့ လုပ်နေကျထုံးစံတစ်ခုပါပဲ။ အလယ်အလတ်တန်းစား ကုမ္ပဏီတစ်ခုရဲ့ မန္တလေးရုံးခွဲမှာ မန်နေဂျာတာဝန်ယူထားတဲ့ နိုင်ငံခြားသားတစ်ဦးဟာ သရဲခြောက်ခံရသူ မြန်မာလုပ်ဖော်ကိုင်ဖက်တွေက ရုံးထဲမှာ ခြောက်လှန့်နေတဲ့တစ္ဆေကို မောင်းထုတ်ဖို့အတွက် ဘုန်းကြီးပင့်ဖို့ တောင်းဆိုကြတာကြောင့် မကြာသေးခင်ကပဲ ဘုန်းကြီးပင့်ခဲ့ရပါတယ်။

သံဃာ ၁၀ ပါး ရုံးကိုကြွလာပြီး ၄၅ မိနစ်လောက် ဘုရားစာတွေရွတ်ပါတယ်။ မြန်မာဝန်ထမ်းတွေကလည်း သံဃာတော်တွေနဲ့အတူ လိုက်ပြီး ဆုတောင်းကြပါတယ်။ "ဒါကတော့ ရုံးအတွက် ကျွန်တော် ငွေကုန်ခံရတဲ့ကိစ္စတွေထဲမှာ အထူးဆန်းဆုံးပါ။ ဒါပေမဲ့ ဘုန်းကြီးပင့် ဘုရားစာရွတ်ပြီးတဲ့နောက်မှာ ရုံးမှာလည်း သရဲမခြောက်တော့ပါဘူး"လို့ အဲဒီမန်နေဂျာက ပြောပြပါတယ်။

■ သီရိမင်းထွန်း ဘာသာပြန်သည်

အဖွဲ့ဝင် ၁၀၀ ပါမယ့် မိန်းကလေးအဆိုတော်အဖွဲ့ကြီး ဖွဲ့စည်းမည်

ချစ်ဆုဝေအောင်
suwai.chit@gmail.com

နိုင်ငံတကာကို ထိုးဖောက်ထွက်ချင်တဲ့ အဆိုတော်တစ်ယောက် ဖြစ်ချင်တာဟာ သင့်ရဲ့ အိပ်မက်လား။ ဒါဆိုရင်တော့ မျှော်လင့်ချက် လမ်းစတစ်ခု ပေါ်လာပါပြီ။ ဂျပန်-မြန်မာ ဖက်စပ်ဖျော်ဖြေရေးကုမ္ပဏီဖြစ်တဲ့ Rize Entertainment က မိန်းကလေးဂီတအဖွဲ့ကြီးကို ဖွဲ့စည်းပြီး တေးစီးရီးများ စီစဉ်ကာ ဂျပန်နဲ့ အာရှနိုင်ငံအချို့မှာ ဖြန့်ချိသွားနိုင်ဖို့အတွက် မြန်မာမိန်းကလေးအယောက် ၁၀၀ ကို ရွေးချယ်လေ့ကျင့်ပေးသွားတော့မှာ ဖြစ်ပါတယ်။

လတ်တလောမှာ လျှောက်ထားသူများကို လက်ခံနေပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား ဂီတဝါသနာပါတဲ့အမျိုးသမီးတွေ လျှောက်ထားနိုင်ပါတယ်လို့ Rize Entertainment မှာ မန်နေဂျာတာဝန်ယူထားတဲ့ မမိုးသဲချိုက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

"အဖွဲ့ကြီးတစ်ခုလုံးမှာ အယောက် ၁၀၀ ဆိုပေမယ့် ခုနစ်ယောက်တစ်ဖွဲ့၊ ကိုးယောက်တစ်ဖွဲ့ စသည်ဖြင့် အဖွဲ့အသေးတွေ ထပ်ခွဲသွားမှာပါ။ ဂျပန်မှာ အောင်မြင်နေတဲ့ AKB48 လိုမျိုးပါ။ အဆိုရော၊ အကရော တင်ဆက်နိုင်မယ့် မိန်းကလေးအဖွဲ့ဖြစ်မှာပါ" လို့လည်း ဖွဲ့စည်းမယ့် ပုံစံအကြောင်းကို ပြောပြပါတယ်။ မမိုးသဲချို ရည်ညွှန်းပြောဆိုတဲ့ AKB48 အဖွဲ့မှာ အဆိုတော်မိန်းကလေး ၄၈ ယောက်နဲ့ စတင်ဖွဲ့စည်းပြီး လက်ရှိမှာ အဖွဲ့ဝင် ၁၄၀ အထိ တိုးချဲ့ထားကာ ဂျပန်နိုင်ငံအပြင် နိုင်ငံတကာမှာပါ လူသိများတဲ့အဖွဲ့ ဖြစ်ပါတယ်။

မြန်မာမိန်းကလေးဂီတအဖွဲ့အနေနဲ့ တေးသီချင်းများကို မြန်မာဘာသာစကားနဲ့သာ သီဆိုသွားမှာဖြစ်ပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စတဲ့အာရှနိုင်ငံမှ ထုတ်လုပ်သူတွေနဲ့ ချိတ်ဆက်ထားပြီး အဲဒီနိုင်ငံတွေမှာ ကျင်းပတဲ့ ဖျော်ဖြေပွဲတွေမှာ သွားရောက်ဖျော်ဖြေနိုင်အောင်လည်း စီစဉ်သွားမယ်လို့ ဆိုပါတယ်။

လူရွေးပွဲအတွက် လျှောက်လွှာတွေကို နိုဝင်ဘာလ ၇ ရက်နေ့အထိ လက်ခံသွားမှာဖြစ်ပြီး ၁၀ ရက်နေ့မှာ လူတွေ့စစ်ဆေးမှုပြုလုပ်မှာဖြစ်ပါတယ်။ လူတွေ့စစ်ဆေးမှုမှာ အဆို၊ အက၊ တူရိယာ တီးခတ်နိုင်မှုစသည်ဖြင့် ကိုယ်နှစ်သက်ရာနဲ့ ပါဝင်နိုင်တယ်လို့လည်း မမိုးသဲချိုက ဆိုပါတယ်။

ရွေးချယ်လိုက်သူတွေကို စာချုပ်ချုပ်ဆိုပြီး ရှစ်လကြာ သင်တန်းပေးသွားမှာဖြစ်ပါတယ်။ သင်တန်းကြေး အခမဲ့ဖြစ်ပြီး သင်တန်းကာလအတွင်းမှာ လစာခံစားခွင့်များကိုလည်း ရရှိမှာဖြစ်ပါတယ်။ သင်တန်းပြီးဆုံးတဲ့အခါ သတ်မှတ်ထားတဲ့အရည်အချင်းပြည့်မီသူနဲ့သာ အနုပညာအလုပ်တွေ လုပ်ကိုင်သွားဖို့အတွက် ထပ်မံပြီးစာချုပ်ချုပ်သွားမယ်လို့လည်း ဆိုပါတယ်။

> သူတို့ကိုပြောထားတဲ့အတိုင်း လုပ်မပေးနိုင်ရင် ကျွန်မတို့ဘက်က ကျပ်သိန်း ၁၀၀ လျော်ကြေးပေးပါမယ်။

"အနုပညာစာချုပ်ချုပ်ပြီးတော့မှ ကျွန်မတို့က သူတို့ကိုပြောထားတဲ့အတိုင်း လုပ်မပေးနိုင်ရင် ကျွန်မတို့ဘက်က ကျပ်သိန်း ၁၀၀ လျော်ကြေးပေးပါမယ်။ ဒီလိုပဲ သင်တန်းသူဘက်ကလည်း သင်တန်းတက်ပြီး အရွေးခံရတာကို ဆက်မလုပ်နိုင်ဘူးဆိုရင် ကျပ်သိန်း ၁၀၀ လျော်ကြေးပေးရမှာပါ"လို့ စာချုပ်နဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ အမြင့်ဆုံးပြစ်ဒဏ်ကို မမိုးသဲချိုက ပြောပြပါတယ်။

ဒါကြောင့်မို့ သင်တန်းတက်ရောက်မယ့်သူတွေအနေနဲ့ ပြုလုပ်သင့်တာကတော့ ပထမအဆင့်စာချုပ်ကို ချုပ်ဆိုကတည်းက စာချုပ်ပါအချက်အလက်တွေကို သေချာဖတ်ရှုသင့်ပြီး နောက်တစ်ဆင့်မှာ အရွေးခံရတဲ့အခါ မဖြစ်မနေ ထပ်မံချုပ်ဆိုရမယ့် စာချုပ်ပါအချက်အလက်တွေကိုလည်း ကြိုတင်သိရှိထားဖို့လိုအပ်ပါတယ်။

"ရှစ်လကြာတဲ့သင်တန်းမှာ လေးလကို ဂျပန်က ပညာရှင်တွေ ကိုယ်တိုင်လာသင်မှာပါ။ ကျန်တဲ့ လေးလကိုတော့ ဒီကပညာရှင်တွေနဲ့ သင်ပေးသွားမှာပါ။ ရှစ်လလုံးကိုတော့ မြန်မာနိုင်ငံမှာပဲ သင်တန်းပေးသွားမှာပါ" လို့ သင်တန်းပေးသွားမယ့်ပုံစံကို မမိုးသဲချိုက ဆိုပါတယ်။

ထုတ်လုပ်မယ့် တေးစီးရီးတွေကို အသံသွင်းတဲ့အခါမှာတော့ မြန်မာနိုင်ငံမှာ ကိုယ်ပိုင်စတူဒီယိုရှိတာမို့ ဒီမှာပဲ အသံသွင်းသွားမယ်လို့ ဆိုပါတယ်။ မိန်းကလေးအယောက် ၁၀၀ ကို စည်းကမ်းပိုင်းဆိုင်ရာ စီမံအုပ်ချုပ်ဖို့အတွက်ကိုတော့ လောလောဆယ်မှာ ဝန်ထမ်းသုံးဦး ရှိတယ်လို့လည်း ဆိုပါတယ်။

နိုင်ငံတွင်းမှာတင်မကဘဲ ပြည်ပနိုင်ငံမှာ ဖျော်ဖြေဖို့ မိန်းကလေးများစွာကို စီစဉ်ခေါ်ဆောင်ရာမှာတော့ အဖွဲ့အစည်းအနေနဲ့ မိန်းကလေးတွေရဲ့လုံခြုံရေးအတွက် တာဝန်များစွာ ယူရမှာဖြစ်ပါတယ်။ အဲဒီအတွက် မမိုးသဲချိုက "မိန်းကလေးတွေရဲ့ လုံခြုံစိတ်ချရမှုအတွက် မိဘတွေနဲ့ အမြဲဆက်သွယ်နေမှာ။ အဖွဲ့တိုင်းမှာ ခေါင်းဆောင် ရှိနေမယ်။ သူတို့ရဲ့ ဝတ်တာ၊ စားတာ၊ သွားတာလာတာတွေကို လိုက်ပြီးကြည့်နေမှာ"လို့ ဆိုပါတယ်။

Rize Entertainment အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးပြုလုပ်တဲ့ အနုပညာလုပ်ငန်းဖြစ်ပေမယ့် အဆိုတော်ဖြစ်ချင်တဲ့ ဝါသနာရှင်တွေကတော့ ဒီအခွင့်အရေးမှာ ပါဝင်ဖို့အတွက် စိတ်လှုပ်ရှားတက်ကြွနေကြပါတယ်။

"ကိုယ်က အရမ်းဝါသနာပါတယ်။ နိုင်ငံတကာက အသိအမှတ်ပြုဖို့ဆိုရင် ဒါအခွင့်အရေးတစ်ခုပဲလို့ ထင်တယ်။ လူရွေးပွဲအတွက်ကို အကောင်းဆုံး ကြိုးစားသွားမယ်"လို့ သင်တန်းလျှောက်လွှာတင်ထားတဲ့ အကဝါသနာရှင် မဝတ်ရည်ဖြိုးက ဆိုပါတယ်။

သင်တန်းလျှောက်လိုသူတွေဟာ ဖုန်းနံပါတ် (၀၁) ၁၂၂၀၅၆၂ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ Rize ကုမ္ပဏီကို အမှတ် ၂၀၅၊ ပထမထပ်၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်မှာ ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ ■

မြို့သမိုင်းကြောင်းစာအုပ် ရှာပုံတော်ဖွင့်ရာ ...

စာမျက်နှာ ၃၈ မှ

ရေသူမ ရုပ်တုရှိရာနေရာဆီ ကွေ့ဝိုက်ဆက်သွယ်ထားတဲ့ ပျဉ်ခင်းလမ်းအဟောင်းလေးနဲ့ ချစ်သူများပင်လယ်အော်၊ ရေပြည့်နေတဲ့ ဂေါက်ကွင်းလေး၊ ကာရာအိုကေဝါသနာရှင်ရဲ့ အသံဆိုးတွေ ထွက်ပေါ်ရာ ကန်ဘေးက တဲလေးတွေနဲ့ ခေတ်ကောင်းချိန်ကို ကျော်လွန်ခဲ့ပြီဖြစ်တဲ့ ရေထဲမှာ တစ်ဝက်တစ်ပျက်နစ်နေတဲ့ ဘဲပုံခြေနင်းလှေလေးတွေရဲ့ တစ်မျိုးကြည့်ကောင်းတဲ့မြင်ကွင်း စတဲ့တခြားစိတ်ဝင်စားစရာတွေလည်း ဒီထဲမှာ ရှိပါတယ်။

ရွှေစာထီးလုပ်ငန်းဆီ သွားမလည်ဖြစ်ဘဲနဲ့တော့ ကျွန်တော်တို့ ပုသိမ်က ပြန်လို့မဖြစ်ပါဘူး။ မိုးရာသီမှာ ပုသိမ်ထီးလုပ်ငန်းက အရောင်းပါးတဲ့အတွက် ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ ပုသိမ်ထီးတွေ နည်းနည်းပါးပါးလောက်ပဲ လုပ်နေတာကို တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ ထီးလုပ်နေတဲ့ပုံတွေကို ဓာတ်ပုံရိုက်ချင်နေတဲ့ ကျွန်တော်တို့ကို လုပ်ငန်းရှင်တွေက လိုက်လျောပေးခဲ့ပါတယ်။ သူတို့လုပ်ငန်းနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းကိုလည်း ပြောပြပါတယ်။ ဦးရွှေစာဟာ သီပေါမင်းထံမှာ ထီးလုပ်သူတစ်ဦးဖြစ်ပြီး ၁၈၈၅ ခုနှစ်မှာ ဗြိတိသျှတွေက မန္တလေးနန်းတော်ကို သိမ်းပိုက်လိုက်ပြီးတဲ့နောက်မှာ မန္တလေးကနေ ရှောင်တိမ်းလာခဲ့ရတယ်လို့ ပြောပြပါတယ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြန်မာပြည်အောက်ပိုင်းကို စုန်ဆင်းခဲ့ရာမှာ နောက်ဆုံး ပုသိမ်မှာအခြေချပြီး သူ့အိမ်နောက်မှာ ပုသိမ်ထီးလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။ အစပိုင်းမှာတော့ ဦးရွှေစာဟာ ပုသိမ်ထီးတွေကို ဆန်နဲ့လဲလှယ်ဖို့အတွက်ပဲ လုပ်ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ အလားအလာကောင်းတဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် တိုးချဲ့လာနိုင်ခဲ့ပြီး အခုလက်ရှိမျိုးဆက်အထိ လက်ဆင့်ကမ်းလုပ်ကိုင်လာကြတာလို့ ပြောပြပါတယ်။

ဒါကတော့ ကျွန်တော်တို့ခရီးစဉ်ကို အသက်ဝင်စေတဲ့ အကြောင်းအရာတွေပါဝင်တဲ့ အကြောင်းအရာကောင်း တစ်ခုပါပဲ။ ပုသိမ်မြို့အတွက် အကောင်းဆုံးဧည့်လမ်းညွှန်စာအုပ်ကတော့ လူတွေကိုယ်တိုင်ပဲလို့ ထင်ရပါတယ်။ ကျွန်တော်တို့ရဲ့ စာအုပ်တွေမှာလည်း မှတ်သားစရာတွေနဲ့ ပြည့်နှက်နေပါပြီ။ ကျွန်တော်တို့ဓာတ်ပုံရိုက်ပြီး ပုသိမ်မြို့ကို နှုတ်ဆက်ခဲ့ကာ မိုးမရွာခင် ညနေခင်းမှာ ရန်ကုန်ကို ပြန်လည်ထွက်ခွာလာခဲ့ကြပါတယ်။

■ သီရိမင်းထွန်း ဘာသာပြန်သည်။

မြို့သမိုင်းကြောင်းစာအုပ် ရှာပုံတော်ဖွင့်ရာ အောင်မြင်မှုမရခဲ့တဲ့ ပုသိမ်

ဒေါက်ကလပ်စ်လောင်း
dlong125@gmail.com

ဧရာဝတီတိုင်းရဲ့မြို့တော်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ စတုတ္ထ အကြီးဆုံး မြို့ကြီးတစ်မြို့ဖြစ်သလို မြစ်ဝကျွန်းပေါ် ဒေသရဲ့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အချက်အချာကျတဲ့ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်တဲ့ ပုသိမ်မြို့ သမိုင်းကြောင်းနဲ့ပတ်သက်ပြီး မြန်မာလိုရေးထားတဲ့ စာအုပ်တစ်အုပ် ရှာတွေ့နိုင်ဖို့အတွက် ကျွန်တော်ဟာ ဒေသခံမိတ်ဆွေသုံးယောက်နဲ့အတူ မီနီဗင်လေးတစ်စီးနဲ့ မြို့အနှံ့လှည့်ပတ်ပြီး ရှာဖွေခဲ့ကြပါတယ်။

မြို့မဈေးအနီးမှာ စာအုပ်ဆိုင်သေးသေးလေး တစ်ဆိုင်ကို ကျွန်တော်တို့ ရှာတွေ့ခဲ့ပါတယ်။ စာအုပ်ဆိုင်ပိုင်ရှင်က ကျွန်တော်တို့ရှာနေတဲ့ စာအုပ်ကို သိပေမယ့် အဲဒီစာအုပ်ကို ရေးသားပြုစုခဲ့တဲ့ စာရေးဆရာ ကွယ်လွန်သွားတာ နှစ်နှစ်လောက်ရှိပြီဖြစ်တဲ့အတွက် အသစ်ထပ်မရိုက်တော့တာကြောင့် ဒီစာအုပ်ကို မရနိုင်ဘူးလို့ ကျွန်တော်တို့ကို ပြောပြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ဇွဲမလျှော့ကြပါဘူး။ ပုသိမ်မြို့မှာရှိတဲ့ အများပြည်သူအတွက် ဖွင့်ထားတဲ့ စာကြည့်တိုက်ဆီ ချီတက်လိုက်ကြပါတယ်။ အဲဒီမှာ စာကြည့်တိုက်အစောင့်က ကျွန်တော်တို့ကို ပြောပြလိုက်တာကတော့ ပုသိမ်သားတွေဟာ စာအုပ်တွေကို ငှားရမ်းပြီး ပြန်မပေးကြတဲ့အတွက် စာကြည့်တိုက်မှာ စာအုပ်တွေ သိပ်မစုံတော့ပါဘူးတဲ့။

ပုသိမ်မြို့သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့စာအုပ် ရရှိဖို့ ကျွန်တော်တို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကတော့ ပုသိမ်မြို့မှာရှိတဲ့ ယဉ်ကျေးမှုပြတိုက်ပါပဲ။ Lonely Planet နောက်ဆုံးထုတ်မှာ ဖော်ပြမထားပေမယ့် အွန်လိုင်းကနေတစ်ဆင့် ပြတိုက်အကြောင်းကို (လိပ်စာအတိအကျမသိဘဲ) သာမန်လောက်ပဲ သိထားပါတယ်။ ကျွန်တော့်ခရီးသွားဖော် မိတ်ဆွေတစ်ဦးကလည်း ပုသိမ်မှာ ယဉ်ကျေးမှုပြတိုက်ရှိတာကို သူ့မိတ်ဆွေရဲ့ မိတ်ဆွေကနေတစ်ဆင့် သိထားပါတယ်။ ဒါပေမဲ့ ပုသိမ်မှာ ယဉ်ကျေးမှုပြတိုက်ရှိတဲ့အကြောင်းကို ကျွန်တော်တို့ မေးမြန်းကြည့်ခဲ့တဲ့ ပုသိမ်သားလေးယောက်မှာ တစ်ယောက်မှ မသိကြပါဘူး။ ကံကြမ္မာက ကျွန်တော်တို့ကို မျက်နှာသာပေးလိုက်ပါတယ်။ ကမ်းနားလမ်းကနေ နှစ်ဘလောက် ဆက်သွားပြီးတဲ့အခါ မဟာဗန္ဓုလလမ်းပေါ်မှာ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ရေးထားတဲ့ ဧရာဝတီတိုင်း ယဉ်ကျေးမှုပြတိုက်ဆိုင်းဘုတ်ကို ကျွန်တော်တို့ မြင်လိုက်ကြပါတယ်။

၂၀၁၂ ခုနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ ယဉ်ကျေးမှုပြတိုက်မှာ ဘာစာအုပ်မှ မရှိပါဘူး။ ဒါပေမဲ့ စပါးခင်း၊ ဆားကွင်း၊ ဖျာလုပ်ငန်း၊ ဟလဝါ လုပ်ငန်းနဲ့ ထီးလုပ်ငန်းအပါအဝင် ပုသိမ်မြို့ရဲ့ နာမည်ကြီးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အသုံးဝင်တဲ့ အချက်အလက်တွေကို ပွတ်သိပ်ဖော်ပြထားတဲ့ စိတ်ဝင်စားဖွယ်ရာ ပြခန်းပြကွက်တွေ အများကြီး ရှိပါတယ်။ ပုသိမ်သမိုင်းကြောင်းစာအုပ်နဲ့ ပတ်သက်တဲ့ကိစ္စကို ကျွန်တော်တို့ လက်လျှော့လိုက်ပြီး ပြတိုက်ကနေ ထွက်လာခဲ့ကြပါတယ်။ ကျန်တဲ့ညနေပိုင်းလေးမှာ မြို့ထဲမှာ ဓာတ်ပုံတွေလျှောက်ရိုက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကျွန်တော်တို့ ဆုံးဖြတ်ချက်ချပြီး သုံးမိနစ်လောက်ပဲ ရှိပါသေးတယ်။ မိုးတွေက သဲကြီးမဲကြီး မနားတမ်းရွာချလိုက်တာ နေဝင်ပြီး ၁၅ မိနစ်လောက် အထိပါပဲ။ မိုးတိတ်သွားတဲ့အချိန်မှာတော့ မြစ်ကမ်းဘေး တစ်လျှောက်မှာရှိတဲ့ ညပိုင်းဟင်းသီးဟင်းရွက်ဈေးမှာ ဓာတ်ပုံတချို့ ရိုက်နိုင်ခဲ့ပါတယ်။ ပြီးတော့ မီးမှိန်မှိန်လေး ထွန်းထားတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ အရသာမြိုးမြိုးမြက်မြက်ရှိလှတဲ့ ငါးပေါင်းနဲ့ ဘီယာအေးအေးလေးကို အရသာခံဖို့အတွက် မြစ်ကမ်းဘေးကနေ ကျွန်တော်တို့ လှည့်ပြန်လာခဲ့ကြပါတယ်။

နောက်တစ်နေ့မှာတော့ ဧရာဝတီတိုင်းရဲ့ အနောက်တောင်ပိုင်း အစွန်ဆုံးမှာရှိတဲ့ မော်တင်စွန်း ဘုရားဆီ ဘုရားဖူးသွားကြပါတယ်။ အဲဒီကို ပုသိမ်မြစ်တစ်လျှောက် လှေနဲ့သွားလို့ရပြီး နိုင်ငံခြားသားရော၊ မြန်မာနိုင်ငံသားပါ တစ်ယောက်ကို ကျပ် ၃,၅၀၀ ပဲ ကျသင့်ပါတယ်။ ဒီခရီးကတော့ နောက်တစ်နေ့မှာ ပုသိမ်ကို မပြန်ခင် ပင်လယ်ကမ်းခြေနားမှာရှိတဲ့ စေတီအနီးမှာ တစ်ညအိပ်ဖို့ လိုပါတယ်။ ဧည့်သည်တွေ ဘုန်းကြီးကျောင်းမှာ တည်းခိုနိုင်အောင် စီစဉ်ပေးဖို့အတွက် ဒေသခံအာဏာပိုင်တွေက ကြိုတင်ဆက်သွယ်လာပါလိမ့်မယ်။

ရွှေစာထီးလုပ်ငန်းမှာ လုပ်ငန်းခွင်ဝင်နေတဲ့ အမျိုးသမီးတစ်ဦး။ ဓာတ်ပုံ - ဒေါက်ကလပ်စ်လောင်း

ကံမကောင်းချင်တော့ ကျွန်တော်တို့ ညအိပ်ခရီး ထွက်ဖို့ အချိန်မရပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ မီနီဗင်ကလေးကို ယူလာပါတယ်။ ညအိပ်ခရီးထွက်မယ့်အစား မြစ်ဝကျွန်းပေါ်ဒေသရဲ့ မြေပြန့်ဒေသက ကားလမ်းကြောတစ်လျှောက် ရိုးရိုးရှင်းရှင်း ကားမောင်းသွားရမယ်လို့ ကျွန်တော် ထင်ခဲ့တာပါ။ တကယ်တော့ ကားလမ်းက ကျွန်တော် ထင်ထားသလို လမ်းဖြောင့် မဟုတ်ပါဘူး။ ရခိုင်ရိုးမတောင်ဘက်စွန်းပိုင်း တစ်လျှောက်ဖြတ်ပြီး ဖောက်ထားတဲ့လမ်းက အံ့အားသင့်စရာကောင်းလောက်အောင် အကွေ့အကောက်တွေ၊ အတက်အဆင်းတွေ များသလို ချိုင့်တွေကလည်း များလွန်းလှတဲ့ ကားလမ်းဖြစ်ပြီး ခရီးကလည်း ငါးနာရီခွဲကြာ ခရီးရှည်ကြီးဖြစ်နေပါတယ်။

မော်တင်စွန်းကို ရောက်သွားတဲ့အခါ ကျွန်တော်တို့ကို ကြိုဆိုမယ့်မြို့တစ်မြို့မှ အဲဒီမှာ မရှိပါဘူး။ ကားလမ်းအဆုံးမှာတော့ ထိန်းမနိုင် သိမ်းမရ လှုပ်ရှားနေတဲ့ ပြာနှမ်းနှမ်းပင်လယ်ပြင်ကြီးပဲ ရှိပါတယ်။ ဘာအဆောက်အအုံမှ မရှိတာကို တွေ့လိုက်ရတဲ့ ကျွန်တော် ပိုပြီးအံ့အားသင့်မိသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒီကိုမရောက်ခင် မိနစ် ၃၀ လောက်တုန်းက ပုသိမ်ဘက်ကို ပြန်သွားနေတဲ့ ကိုကာကိုလာဖြန့်ချိရေး ကုန်ကားတစ်စီး ဖြတ်သွားတာကို တွေ့ခဲ့ရလို့ပါ။ ကားကို တွေ့ခဲ့ရတာကတော့ တကယ့်ဖြစ်ရပ်မှန်ပါ။ ဒါပေမဲ့ တစ်မူထူးခြားတဲ့ ဆန်းကြယ်မှုရှိတဲ့နေရာရဲ့ နားမလည်နိုင်စရာဖြစ်ရပ်နဲ့ပတ်သက်ပြီး မရှင်းမလင်းဖြစ်နေဆဲပါ။

> ကံကြမ္မာက ကျွန်တော်တို့ကို မျက်နှာသာပေးလိုက်ပါတယ်။ ကမ်းနားလမ်းကနေ နှစ်ဘလောက် ဆက်သွားပြီးတဲ့အခါ မဟာဗန္ဓုလလမ်းပေါ်မှာ

မော်တင်စွန်းမှာ ရွှေစေတီနှစ်ဆူ ရှိပါတယ်။ ပင်လယ်ပြင်ရဲ့ အပေါ်စီးမှာရှိတဲ့ တောင်ထိပ်မှာ တည်ထားတဲ့ မော်တင်စွန်းဘုရားနဲ့ ကမ်းခြေအလွန် မီတာ ၁၀၀ လောက်မှာရှိတဲ့ ဖောင်တော်ဦးစေတီတို့ပါ။ ဖောင်တော်ဦးစေတီကတော့ ၁၁၁၃ ခုနှစ်ကနေ ၁၁၆၀ ပြည့်နှစ်အထိ ပုဂံကို အုပ်စိုးခဲ့သူ (ခရီးအများအပြား ထွက်ခြင်းနဲ့ပတ်သက်ပြီး နာမည်ကျော်ကြားတဲ့) ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးက မော်တင်တောင်ပေါ်က ဆံတော်ရှင်စေတီကို ဖူးမြော်ဖို့အတွက် သူ့ရဲ့ဖောင်တော်ဆိုက်ခဲ့ရာနေရာမှာ တည်ထားခဲ့တာလို့ ဆိုကြပါတယ်။

နှစ်စဉ်ကျင်းပတဲ့ မော်တင်စွန်းဘုရားပွဲတော်ကာလအတွင်းမှာတော့ ဒီစေတီနှစ်ဆူစလုံးမှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားလှပါတယ်။ ဘုရားပွဲတော်ကို တပေါင်းလမှာ ကျင်းပလေ့ရှိပြီး တပေါင်းလဆန်း ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ နှစ်စဉ်ကျင်းပပါတယ်။ ကျွန်တော်တို့ ရောက်ခဲ့တဲ့အချိန်က ဘုရားပွဲတော်အချိန်မဟုတ်တဲ့အတွက် လှိုင်းလုံးတွေ ပြင်းပြင်းထန်ထန်ရိုက်ခတ်နေတဲ့ လှပတဲ့ ကမ်းရိုးတန်းပဲ ရှိပါတယ်။

ရှုခင်းအလှအပတွေကို ဓာတ်ပုံရိုက်ဖို့ ကြိုးစားနေတဲ့ ကျွန်တော်ဟာ လေတိုက်ရာလွင့်ပါသွားချင်နေတဲ့ ထီးကို လွင့်ထွက်မသွားရအောင် လက်တစ်ဖက်က ကိုင်ထားရပြီး ကျန်လက်တစ်ဖက်မှာ ကင်မရာကို မလွှတ်တမ်းကိုင်ထားပြီး တစ်ယောက်တည်း ဗျာများနေရတဲ့အတွက် ဆိုးဝါးလှတဲ့ ရာသီဥတုကို စိတ်ပျက်မိခဲ့ပါတယ်။ ဒါပေမဲ့ ရာသီဥတုအခြေအနေက အပြစ်တင်စရာမဟုတ်ပါဘူး။ လမ်းလျှောက်လို့ကောင်းတဲ့ အနေအထားမျိုးဖြစ်ပြီး မိုးရွာတဲ့အတိုင်း အတာကလည်း ကျွန်တော့်ရဲ့ အီလက်ထရွန်းနစ်ပစ္စည်းလေးတွေကို ပျက်စီးအောင် ခြိမ်းခြောက်ရုံလောက်ပါပဲ။

ကျွန်တော့်ရဲ့အတွေ့အကြုံတွေကို ကျွန်တော့်ကင်မရာနဲ့ မှတ်တမ်းတင်ဖို့ တာဝန်ကြီးတစ်ရပ်လို့ ခံယူမထားဘူးဆိုရင် စိတ်သက်သောင့်သက်သာနဲ့ မိုးရေထဲမှာ စိတ်လွတ်ကိုယ်လွတ်နေဖြစ်ခဲ့တဲ့ အမှတ်ရစရာအချိန်ကလေးကို SD card မှာ မှတ်တမ်းတင်မယ့်အစား ကျွန်တော့်ကိုယ်ပိုင်မှတ်ဉာဏ်ထဲမှာပဲ မှတ်တမ်းတင်ထားဖို့ ကိုယ့်ကိုယ်ကိုယ်လွတ်လပ်ခွင့်ပေးခဲ့မယ်ဆိုရင် ကျွန်တော့်ရဲ့ ဘုရားဖူးအတွေ့အကြုံဟာ ပိုပြီးတော့ စိတ်ကြည်နူးစရာကောင်းမှာပါ။

ဒါပေမဲ့ ကျွန်တော့်ရဲ့ ၂၄ ဒသမ ၁ မဂ္ဂါပစ်ဆဲလ်ကင်မရာနဲ့ ဓာတ်ပုံတွေ ဆက်တိုက်ရိုက်ခဲ့ပြီး မီးပူဖော်ဖို့ ဖယောင်းတိုင်တွေ မီးညှိတဲ့အချိန်မှာပဲ ဓာတ်ပုံမရိုက်ဖြစ်တာပါ။ ကျွန်တော် မီးပူဖော်နေတဲ့အချိန်မှာတော့ နားမကြားတဲ့ အသက်ကြီးကြီးဘုရားဖူးတစ်ဦးက ကျွန်တော့်ကို လိုက်ကြည့်နေပါတယ်။ သူက ကျွန်တော့်ကို လိုလိုလားလားနဲ့ အကူအညီပေးပါတယ်။ ဒါမျိုးကတော့ မြန်မာနိုင်ငံပြင်ပမှာ တွေ့ရဖို့ ရှားပါးပါတယ်။

မော်တင်စွန်းဘုရားကနေ မတ်စောက်ပြီး ကျဉ်းမြောင်းတဲ့စောင်းတန်းအတိုင်း ကျွန်တော်တို့ ပြန်ဆင်းလာခဲ့ပြီး ရေညှိတွေနဲ့ချောနေတဲ့ ကွန်ကရစ်စကြံ့အတိုင်း ဖောင်တော်ဦးဘုရားဆီ ခက်ခက်ခဲခဲလျှောက်သွားခဲ့ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ် နှစ်ဖက်စလုံးကနေ မော်တင်စွန်းအငူကို ကျော်ဖြတ်ပြီး စကြံ့ဆီ ပုံမှန်လာရောက်ရိုက်ခတ်နေတဲ့ လှိုင်းတွေကြောင့် ခြေလှမ်းလှမ်းဖို့ ခြေကုပ်ယူရတာ မမြဲသလို ဖြစ်ရပါတယ်။

ကမ်းခြေကနေ ကျွန်တော်တို့ ပြန်မလာခင်မှာတော့ အဲဒီမှာရှိတဲ့ တစ်ခုတည်းသော စားသောက်ဆိုင်မှာ ကျွန်တော်တို့ ဝင်နားခဲ့ပါတယ်။ ဒီဆိုင်ကလေးကတော့ မြေစိုက်တဲကလေးဖြစ်ပြီး ထမင်းနဲ့ ကြက်ဥကြော်ပဲ မှာစားလို့ရပါတယ်။ ကျွန်တော်တို့ ဗိုက်ပြည့်သွားပေမယ့် စိတ်ကျေနပ်မှု မရကြတာကြောင့် ညစာကောင်းကောင်းနဲ့ ဘီယာတချို့ကို မျှော်မှန်းပြီး ပုသိမ်ကို အမြန်ဆုံးပြန်လာခဲ့ကြတာကြောင့် အပြန်ခရီးကတော့ ငါးနာရီတောင် မကြာပါဘူး။

ကျွန်တော်တို့ရဲ့ ပုသိမ်ခရီးစဉ် နောက်ဆုံးနေ့မှာတော့ နေမင်းက သာသာသာယာ တောက်တောက်ပပနဲ့ ထွက်လာပါတယ်။ ကျွန်တော်တို့ရဲ့ မနက်စာကိုလည်း ထိုက်မြတ်စံမိုတယ်ရဲ့ ခေါင်းမိုးထိပ်မှာ စားဖြစ်ကြတာကြောင့် မြစ်နားကသစ်ပင်ကြီးမှာ ငှက်တချို့ အိပ်တန်းတက်တာကို တွေ့ရပါတယ်။

ရာသီဥတု သာသာယာယာရှိတာကို အခွင့်ကောင်းယူပြီး ကျွန်တော်တို့ ပုသိမ်ကို စရောက်တဲ့နေ့မှာ ဓာတ်ပုံမရိုက်ခဲ့လိုက်ရတဲ့နေရာတွေဖြစ်တဲ့ တည်ငြိမ်အေးချမ်းလှတဲ့ ရွှေမုဋ္ဌောစေတီ၊ စိန့်ပီတာဘုရားကျောင်းရဲ့ သစ်တောတွေနဲ့ စိမ်းစိုနေတဲ့ အဆောက်အအုံမျက်နှာစာပိုင်း၊ လူစည်လှတဲ့ မြို့မဈေးစတဲ့ နေရာတွေမှာ ဓာတ်ပုံရိုက်ဖို့ မြို့ထဲလှည့်ပတ်ခဲ့ကြပါတယ်။ ကမ်းနားပိုင်းမှာတော့ အမျိုးသမီးတွေက သမ္ဗန်တစ်စင်းပေါ်ကနေ ကျောက်ခဲတွေ သယ်ချနေကြပြီး အမျိုးသားတွေက အနီးအနားမှာ ထိုင်ကစားနေကြတာကို ကျွန်တော်တို့ စောင့်ကြည့်ခဲ့ကြပါတယ်။

ကန်သာယာပန်းခြံ (Royal Lake Park) ရဲ့ ဝန်းကျင်ဒေသကို လှည့်ပတ်ကြည့်ရှုဖို့ တစ်နာရီလောက် အချိန်ပေးခဲ့ကြပါတယ်။ ဝန်ကြီးဌာန အသီးသီးဟာ သူတို့ရဲ့ လုပ်ဆောင်ချက်ကောင်းတွေအကြောင်း လူထုကို အသိပေးဖို့ ရည်ရွယ်ချက်နဲ့ အဝင်ဝအနားမှာ ဌာနဆိုင်ရာပြခန်းအဆောက်အအုံတွေ တည်ဆောက်ထားပါတယ်။ ဒီအနေအထားဟာ ကျွန်တော့်ကို Disney World ရဲ့ EPCOT Center က ပြခန်းတွေကို ပြန်သတိရမိ စေပါတယ်။

ဝန်ကြီးဌာနတွေရဲ့ ဆွေးမြည့်နေတဲ့ပြခန်းတွေကို ဧည့်သည်တွေ လုံးဝ မသိကျိုးကျွန်ပြုထားတာကို မြင်ရတာနဲ့ပတ်သက်ပြီး ကျွန်တော် စိတ်မချမ်းမသာ မဖြစ်မိခဲ့ပါဘူး။ ပြခန်းအဆောက်အအုံတစ်ခုချင်းစီရဲ့ရှေ့က ဆင်ဝင်တွေကိုတော့ မဟာဗျူဟာမြောက်စွာ အသုံးချထားတဲ့ ထီးတွေနောက်မှာ ကြားလေသွေးမှာ စိုးတဲ့အတွက် ပူးကပ်ထိုင်ပြီး လေသံလောက်နဲ့ စကားပြောဆိုနေကြတဲ့ ချစ်သူစုံတွဲတွေက သိမ်းပိုက်ထားကြပါတယ်။

ပိုးသတ်ဆေးဘူးခွံတွေနဲ့ လုပ်ထားတဲ့ တင့်ကား၊

စာမျက်နှာ ၃၇ သို့



မိနစ် ၁၀၀၀ လက်ဆောင်ကို ဟဲလို လို့ ပြောလိုက်ကြရအောင်
ကျပ် ၃၀၀၀ ဖိုး နဲ့ အထက် ငွေဖြည့်ရင် Ooredoo ဖုန်းအချင်းချင်းကို လက်ဆောင်
မိနစ် ၁၀၀၀ ဖုန်းပြောခွင့် နဲ့ စာတို အစောင် ၁၀၀၀ ပို့ခွင့် ရပါမယ်။
ooredoo
အနည်းဆုံး ၃၀၀၀ကျပ်ဖိုး ဖုန်းငွေဖြည့်လိုက်ရုံနဲ့ Ooredoo ဖုန်းအချင်းချင်း မိနစ် ၁၀၀၀ အပြင် စာတို အစောင် ၁၀၀၀ ကိုပါ အပိုလက်ဆောင် ရယူနိုင်ပါပြီ။

Socialite

Korea Film Festival

တောင်ကိုရီးယားသံအမတ်ကြီးနှင့်
ဒါရိုက်တာ စင်ရော်မောင်မောင်

Golden Myanmar Airlines Launch

Mr Robert Yang

အေးချမ်းမိုး၊ သျှားထွဋ်အိန္ဒြာနှင့် ယွန်းမိမိကျော်

Compalion Animal Product Launch

Ms Anastasia Nyalita, ဒေါက်တာကျော်သိန်းဇံ၊ ကိုထွန်းထွန်းဝေ နှင့် မဝေဇင်မျိုး

မပိုးသူသူမောင်၊ မစုမွန်၊ မနွယ်နွယ်အောင် နှင့် ဒေါက်တာဟန်နီ

One Mart Mobile Opening

ဝန်ထမ်းများ

Mr Tawa Jitpreecharn

Dr Phyo Wai Thu & Dr Ei The Phyu Wedding

မင်္ဂလာမောင်နှံနှင့် မိသားစုများ

Myanmar Girls Music Concert

မနန်းမွေဖောင် နှင့် မထက်လဲ့လဲ့မေ

Yangon Life Group

Yangon Airways Donation

မရည်မွန်၊ မဆုဝေ၊ မထက်ထက်၊ မခိုင်ခိုင် နှင့် မခင်ငြိမ်းသူ

Architecture Product Exhibition

ကိုသုတအောင်၊ မအေးမြတ်သူ နှင့် မသီရိလွင်

မလင်းလင်းထက်၊ ကိုနေလင်းအောင် နှင့် ကိုရဲကျော်

Dell Product Launch

မသပြေအောင်၊ Ms Sadanan နှင့် ကိုချစ်ကိုကို



မို့မို့သော်
mohthaw@gmail.com

မင်္ဂလာပါ . . ဆိုရှယ်ပရိသတ်တို့ရေ။ အချိန်တွေကလည်း အကုန်မြန်လိုက်တာနော်။ သီတင်းကျွတ်ပွဲတော်ပြီးလို့မှ မကြာသေးဘူး။ ဟော . . မကြာခင်မှာ သိပ်ပျော်စရာကောင်းတဲ့ တန်ဆောင်ပွဲတော်ကြီးကို ဆင်နွှဲကြရတော့မယ်။ တစ်ချက်တစ်ချက် ဆောင်းလေဝင်လာတယ်ဆိုပေမယ့် ရာသီဥတုကတော့ နွေလိုပဲသိပ်ပူတာပဲနော်။ ဘယ်လောက်ပဲပူပူ ဆိုရှယ်မမကတော့ ပရိသတ်တွေကို ပြန်လည်ဝေမျှနိုင်ဖို့အတွက် ပွဲတွေကို မညည်းမညူနဲ့ တက်ရောက်ခဲ့ပါတယ်လို့နော်။ ဆိုရှယ်ပရိသတ်တွေ ကျန်းမာ၊ ချမ်းသာကြပါစေရှင်။

Tokyo International Film Festival

ရုပ်ရှင်ပညာရှင် Christopher Doyle လို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေတက်ရောက်တဲ့ ပွဲတော်ရဲ့အခမ်းအနားတွေကို ရောက်ရှိနေတဲ့ မြန်မာတိုင်း(မ်)ဓာတ်ပုံသတင်းထောက်ချုပ် ကောင်းထက်မှ ပေးပို့ထားတဲ့ပုံရိပ်များဖြစ်ပါတယ်။ အောက်တိုဘာလ ၂၃ ရက်နေ့မှာ ကျင်းပတဲ့ ဖွင့်ပွဲအခမ်းအနားကို ဂျပန်တော်ဝင်မင်းသမီး Takamado တက်ရောက်ခဲ့သလို ပွဲတော်အဖွင့်ဇာတ်ကားဖြစ်တဲ့ “Big Hero 6” ဇာတ်ကားရဲ့ ဒါရိုက်တာတွေဖြစ်တဲ့ Don Hall နဲ့ Chris Williams တို့လိုနာမည်ကြီးအနုပညာရှင်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။ တိုကျိုမြို့မှာ ကျင်းပနေတဲ့ ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

DFDL Anniversary

ကိုညက်သာ၊ Jeremy and Nichole

မနီနီဦး နှင့် မအိဖြူဝင်း

Ms Lyda So and Ms Martine Gorgo

Mr Jerome Buzenet နှင့် ဒေါ်သီတာအေး

Ms Adeana Shendal Greenlee and Mr Mark D'Alelio

Bison Energy Drink Launch

Niwat, Suwit, Alex Kanjs and Natapol Boonmasiri

Jay and Dream

ပွဲတက်သူများ

Hugo Boss Brand Launch

အောင်နဲဆိုင်း

နေတိုး

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်

Union Bar Reopening

Kappelhoff and Edmer Torre

Rodolf Lesser, Lesley Abraham, Erleno Falch and Helile Skela

Josh, Jess and Alex

Marcel, Edwin and Carsten

သီတင်းပတ်ရဲ့ ကံကြေးမုံ

ဆရာအောင်မြင်ကျော်
နက္ခတ္တဗေဒပညာရှင်
အမှတ်(၁၀၃)၊ ၃-လွှာ၊ သမိန်ဗရမ်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၁၃၅၆၃၂

၂၀၁၄၊ အောက်တိုဘာ ၃၁ ရက်မှ
နိုဝင်ဘာ ၆ ရက်အထိ

ကုံရာသီ AQUARIUS | ဇန်နဝါရီ ၂၀-ဖေဖော်ဝါရီ ၁၈

ကံကောင်းချင်လျှင် စိတ်ထား ပြောင်းရပါမည်။ အတွင်းမနော သဘောဖြူမှ ကံကောင်းပါမည်။ အကုသိုလ်စိတ်ကို ဖုံးကွယ်ရုံဖြင့် ကံမကောင်းနိုင်ပါ။ သာမန်လောဘစိတ်မှာ လူတို့၏ပင်ကိုသဘာဝ ဖြစ်ပါသည်။ လွန်ကဲသော၊ အောက်တန်းကျသော၊ လူမဆန်သော လောဘစိတ်များကို ပယ်ရှားနိုင်ရပါမည်။

✱ ခွဲခြမ်းစိတ်ဖြာ နားလည်ပါ။

မိန်ရာသီ PICES | ဖေဖော်ဝါရီ ၁၉-မတ် ၂၀

မေတ္တာဓာတ်မှာ ကိန်းတည်နေရုံဖြင့် မပြည့်စုံနိုင်ပါ။ ရှင်သန်ပြန့်ပွားနေစေရပါမည်။ နေ့စဉ် မွန်မြတ်သောစေတနာဖြင့် ဖြန့်ကြက်နိုင်ရပါမည်။ အတွင်းမနောသည် ပြင်ပဓာတ်သဘောနှင့် ပတ်သက်နေပါသည်။ ဓာတ်သဘောကောင်းမှာ ပတ်ဝန်းကျင်ကို ထင်ဟပ်စေရပါမည်။ မေတ္တာဖြင့် ဘဝတန်ဖိုးကိုဖော်နိုင်မည်။

✱ မေတ္တာပွားများပါ။

မိဿရာသီ ARIES | မတ် ၂၁-ဧပြီ ၁၉

လူမှုဘဝသည် ရွေးချယ်မှုဖြင့် အစပြုရပြီး ယုံကြည်မှုဖြင့် တည်ဆောက်ရပါသည်။ ရှင်သန်မှုအတွက် ပတ်ဝန်းကျင်ကောင်းကို ရွေးတတ်ရပါမည်။ ရွေးချယ်မှု မကြာခဏ ပြောင်းရခြင်းမှာ အခွင့်အရေးကောင်းများနှင့် လွဲချော်တတ်ပါသည်။ လက်ရှိပစ္စုပ္ပန်အနေအထားကို အကြောင်းပြု ရွေးချယ်တတ်ပါစေ။

✱ ရွေးချယ်မှု မှန်ကန်ပြတ်သားပါ။

ပြိဿရာသီ TAURUS | ဧပြီ ၂၀-မေ ၂၀

လူမှန်နေရာမှန် ဖြစ်သော်လည်း အကျိုးပေးမသန်။ ကောင်းမှုကံကို အကုသိုလ်ဂယက် ရိုက်ခတ်မည်။ မိမိ၏ တရားမပျက်ကောင်းမှုဖက် ရှင်သန်မှုကို အကြောင်းပြုရပါမည်။ လူမှုဘဝ၏ ရှင်သန်မှုကာလမှ လောကဓံ၏ စိန်ခေါ်မှုနှင့် မလွတ်ကင်းနိုင်ကြပါ။ စိတ်ကောင်းထားရပါမည်။

✱ အကုသိုလ်ဂယက်မှ ရုန်းထွက်။

မေထုန်ရာသီ GEMINI | မေ ၂၁-ဇွန် ၂၀

ဉာဏ်ပွင့်လျှင် ကံမြင့်ပါသည်။ ကံဇာတာပွင့်လင်းလျှင်လည်း ဉာဏ်ပညာထက်မြက် စီးပွားတက်မြဲဖြစ်သည်။ ကောင်းသောအကြံ၊ ဖြောင့်သောသဘောဖြင့် အနိဋ္ဌာရုံကို ဖြတ်နိုင်ရပါမည်။ စကားခြောက်ခွန်းတွင် လေးခွန်းကို ပယ်ပြီး ကောင်းကျိုးပြုစေနိုင်သော၊ အကျိုးရှိသောစကားကို သုံးတတ်ရပါမည်။

✱ နှုတ်လုံ စကားချို ဟန်မပိုနှင့်။

ကရကဋ်ရာသီ CANCER | ဇွန် ၂၁-ဇူလိုင် ၂၂

လူမှုဆက်ဆံရေး တဖြည်းဖြည်း ပွင့်လင်းအကျိုးရှိလာလိမ့်မည်။ လူပေါင်းများပြီး စည်းကမ်းပျက်မှုများကို ပြန်လည်တည်ဆောက်နိုင်မည်။ ဆရာသမားကောင်းထံမှ မှန်ကန်သော လမ်းညွှန်မှုကို အသုံးချတတ်ပြီး လူမှုစီးပွားအဆက်အသွယ်ကောင်း ပြန်ချိတ်ဆက်မိမည်။ ချစ်ခွင့်ချစ်ကံ မျှော်လင့်ရန်ရှိပါသည်။

✱ စည်းကမ်းရှိပါ။

သိဟ်ရာသီ LEO | ဇူလိုင် ၂၃-ဩဂုတ် ၂၂

ကံဝဋ်ကြွေးမှလွတ်ပြီး ရှင်သန်မှုကို တည်ဆောက်နိုင်မည်။ ခိုင်မာပြတ်သားမှုဖြင့် အပြောင်းအလဲကောင်းကို ဖန်တီးနိုင်မည်။ ကာယ ဉာဏ မှန်ကန်မျှတသောစွမ်းအားဖြင့် လက်တွေ့ဘဝကို အကောင်းမြင်သုံးသပ်နိုင်လိမ့်မည်။ မိတ်ဆွေကောင်းကို ကျောထောက်နောက်ခံပြုပြီး စိန်ခေါ်မှုအသစ်များ ပြုနိုင်မည်။

✱ ပညာရှိသူတော်ကောင်းကို ဆည်းကပ်။

ကန်ရာသီ VIRGO | ဩဂုတ် ၂၃-စက်တင်ဘာ ၂၂

ဓမ္မစက်နှင့်လျော်ညီစွာ မိမိကိုမိမိ အားကိုး၍ ကံ၏အကျိုးကို ယုံကြည်စွာ ဆောင်ရွက်နိုင်မည်။ စဉ်းစားဆင်ခြင်ဆုံးဖြတ်ချက်မှန်ပြီး လက်တွေ့အောင်မြင်မှုများ အသေအချာရမည်။ စကားပြောလိမ္မာပါးနပ်မှုကို အကြောင်းပြု၍ လူမှုစီးပွား နယ်သစ်များ ထူးခြားစွာ ချဲ့ထွင်နိုင်မည်။ ချစ်ကံကောင်းပါသည်။

✱ မိမိကိုယ်မိမိ အားကိုး။

တူရာသီ LIBRA | စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၂

အတ္တလွန်ကဲသူနှင့် ပေါင်းသင်းမှုကင်းလေ၊ သံသယအငြင်းပွားမှုနည်းလေ၊ ဂုဏ်သတင်းကောင်းထွက်လေဖြစ်မည်။ ဘက်စုံစီးပွားလုပ်ငန်းရှင်ကြီး၏ ယုံကြည်လက်ခံမှုရမည်။ လူကဲခတ်မည့်မိတတ်ဖို့ အရေးကြီးမည်။ ဟန်ဆောင်မှုကင်းပြီး ရွေးချယ်ပေါင်းသင်းတတ်ရပါမည်။ နှလုံးသား၏ အပြုံးစကားကြားရမည်။

✱ ဟန်ဆောင်မှု ကင်းရှင်းပါစေ။

ဗြိစ္ဆာရာသီ SCORPIO | အောက်တိုဘာ ၂၃-နိုဝင်ဘာ ၂၁

ပကာသနမှာ လူအထင်ကြီးစေရန် ကြွယ်ဝမှုနှင့် အရေးပါမှုကို အသာစီးရလိုခြင်းဖြစ်ပြီး အနှစ်ဗလာ အခွံသာဖြစ်သည်။ မော်ကြွားလိုမှုမှာ အရှိုက်ကိုထိသော တာဝန်ရှမှုများ ရှိလာတတ်သည်။ အမှန်သိမှုကို ကောင်းစွာ သတိပြုနိုင်ပြီး ပညာဦးစီးမှသာ လိုတရနိုင်ပါမည်။ တန်ဖိုးမပျက် ချစ်ခရီးဆက်နိုင်ပါမည်။

✱ အသိကို အရှိဖြစ်စေနိုင်ရမည်။

ဓနုရာသီ SAGITTARIUS | နိုဝင်ဘာ ၂၂-ဒီဇင်ဘာ ၂၁

စာတွေ့တစ်လှမ်း လက်တွေ့တစ်လှမ်း၊ လူတော်လူကောင်းအဖြစ် ပြောင်းလဲမှုအသစ် ရှိလာမည်။ ရယူခြင်းနှင့် ပေးဆပ်ခြင်းမှ ထပ်တူကျ အချိုးညီမှုကို ပုံသေသတ်မှတ်ပြဋ္ဌာန်းထား၍ မရနိုင်တတ်ပါ။ အခြေအနေကို အကြောင်းပြုပြီး ထိုက်တန်မှုကို သတ်မှတ်ရစမြဲဖြစ်ပါသည်။ အကျိုးပြုမှုကို ရှင်သန်နိုင်ရပါမည်။

✱ စည်းရုံးတတ်ရမည်။

မကာရရာသီ CAPRICORN | ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၁၉

လူလူချင်း အပြန်အလှန်တန်ဖိုးထားတတ်ခြင်းဖြင့် လူမှုစီးပွားဆက်ဆံရေးလမ်းကြောင်း ပွင့်လင်းစေရပါမည်။ လုပ်ပိုင်ခွင့်၊ ခံစားပိုင်ခွင့်၊ တာဝန်နှင့် ဝတ္တရားများကို ပီပြင်စွာ သိနားလည်ပြီး လက်ခံကျင့်သုံးနိုင်ရပါမည်။ မိမိကိုယ်မိမိ ဆန်းစစ်ဖို့ နှောင့်နှေးစေတတ်ပါသည်။ ပုံမှန်အမြင်ရှိမှ စိတ်ကြည်လင်နိုင်ပါမည်။

✱ နားလည်မှု မလွဲစေနှင့်။

ကံသုံးပါးကို ပညာသိဖြင့် ပြုလုပ်ခြင်းမှာ တိုက်ရိုက်မူလ'ယတြာ' ဖြစ်သည်။

ကာတွန်း

ရုပ်ရှင်

(အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ)

ဒီတစ်ပတ်မှာတော့ . . .

သမ္မတ၊ သွင် နဲ့ **တော့ပ်ရှိုင်းရယ်** ရုပ်ရှင်ရုံတွေမှာတော့ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးတဲ့ **'စုန်းပြူး'** ဇာတ်ကားကိုပဲ ဆက်လက် ရုံတင်ထားပါတယ်။

မင်္ဂလာရုံ(၁) မှာတော့ **"Bang Bang"** တူးဒီ ဘောလီဝုဒ် အက်ရှင်ဇာတ်ကားကို စတင်ရုံတင်လာပါတယ်။

ရုံ(၂) မှာလည်း **"The Pirates"** တူးဒီတောင်ကိုရီးယား အက်ရှင်ဇာတ်ကားကို စတင်ရုံတင်လာပါတယ်။

နေပြည်တော် ရုပ်ရှင်ရုံ(၁) မှာတော့ သရီးဒီ အမေရိကန် သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားဖြစ်တဲ့ **"John Wick"** ကို စတင်ရုံတင်ထားပြီး **ရုံ(၂)** မှာတော့ **"The Pirates"**၊

ရုံ(၃) မှာတော့ **"The Equalizer "** တူးဒီ အမေရိကန်သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားကို ရုံတင်ပြသသွားမှာပါ။

ရွှေ့ဆောင် ရုပ်ရှင်ရုံ(၁) မှာတော့ **"Dracula Untold"** တူးဒီဇာတ်ကားနဲ့ **ရုံ(၂)** မှာတော့ **"Bang Bang"** ဇာတ်ကားတို့ကို ရုံတင်ထားပါတယ်။

မင်္ဂလာစံပြ ရုပ်ရှင်ရုံ(၁) မှာတော့ **"John Wick"**၊ **ရုံ(၂)** မှာ **"Bang Bang"**နဲ့ **ရုံ(၃)** မှာတော့ **'စုန်းပြူး'** တို့ကို ပြသသွားမှာ ဖြစ်ပါတယ်။

ဂျန်းရှင်းစကွဲက ရုပ်ရှင်ရုံတွေမှာတော့ အမေရိကန်သည်းထိတ်ရင်ဖို ဇာတ်လမ်း **"Reclaim"**၊ အမေရိကန်သရဲကား **"Annabelle"** နဲ့ **'စုန်းပြူး'** တို့ကို ရုံတင်ပြသသွားမှာပါ။

နေပြည်တော်ဂျန်းရှင်း Mini-theatre မှာတော့ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးတဲ့ **'အောင်မြင်ကျော်ကြား စူးရှထက်မြက်'** ဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ထားပါတယ်။ ■ **နန္ဒာအောင်**

"The Pirates" ဇာတ်ကားပိုစတာ။

စားဖွယ်ရာ

အဆာပြေစားဖို့ ကြက်ဥ

ကြက်ဥကို မကြိုက်တဲ့သူမရှိသလောက်မို့ ဒီတစ်ပတ်ချက်နည်းတွေကို ကြိုက်ကြမယ်လို့ ထင်ပါတယ်။ ကြက်ဥကို လက်ဖက်ခြောက်တို့၊ နာနတ်ပွင့်တို့နဲ့ ပြုတ်ထားပြီး အရသာတွေအားလုံး ကြက်ဥထဲ စိမ့်ဝင်အောင် လုပ်ထားတာမို့ ကြက်ဥပြုတ်ပေမယ့် အရသာက ထူးပြီး လက်ဖက်ခြောက်နံ့လေးလည်း သင်းနေစေပါတယ်။ သူ့ကို Marble egg လို့ လူသိများပါတယ်။ ဖြိုးက အိမ်မှာ brunch လုပ်ပြီဆိုရင် ဧည့်သည်တွေလည်း ဖိတ်ထားပြီး ကလေးတွေပါ လာမယ်ဆိုရင် ကြက်ဥပြုတ်တို့၊ ငုံးဥပြုတ်တို့ကို တစ်မျိုးမျိုး စီစဉ်ထားပြီး အဆာပြေစားလို့ရအောင်ရယ်၊ အမြည်းသဘောမျိုး မြည်းလို့ရအောင်ရယ် စီစဉ်လေ့ရှိပါတယ်။ အားလုံးအတွက် တစ်ပွဲတည်းနဲ့ ပြီးတာပေါ့နော်။ ကလေးဆိုတာကလည်း လူကြီးတွေ စားတာမျိုး သူတို့လည်း စားချင်တာကိုး။

Marble Egg

PHYO'S COOKING ADVENTURE

ပါဝင်ပစ္စည်းများ

- ကြက်ဥ ၆ လုံး
- ပဲငံပြာရည် အကြည် ၁/၂ ခွက်
- ရေ ၁/၂ ခွက်
- နာနတ်ပွင့် ၂ ပွင့်
- ပါးပါးလှီးထားတဲ့ချင်း ၂ ချပ်
- လက်ဖက်ခြောက် စားပွဲဇွန်း ၁ ဇွန်းခွဲ

ပြင်ဆင်ပုံ

ကြက်ဥတွေကို အိုးတစ်လုံးထဲမှာ ရေအေးအေးတွေ မြုပ်အောင်ထည့်ပြီး ရေတွေ ပွက်လာသည်အထိ အိုးကို မီးမပြင်းတပြင်းနဲ့ အပူပေးပါ။ နောက် မီးကို လျှော့ပြီး မီးအေးအေးလေးနဲ့ ငါးမိနစ်မျှ ပြုတ်ပါ။ ပြီးတဲ့အခါ အိုးကိုချပြီး ကြက်ဥတွေကို ဇွန်းနဲ့ မျက်နှာပြင်အနှံ့ ခပ်ဆပ်ဆပ်လေး ခေါက်ပါ။ အခွံတွေ အက်သွားစေဖို့ပါ။ အရမ်းကြီးလည်း ကျေမသွားပါစေနဲ့။ နောက်တစ်ဆင့်မှာ ကျန်ပါဝင်ပစ္စည်းတွေကို အိုးထဲထည့်ပြီး မီးအေးအေးနဲ့ ပြန်တည်ပါ။ ရေတွေ ဖြည်းဖြည်းလေး ပွက်လာပြီဆိုရင် ကြက်ဥတွေကို ပြန်ထည့်ပြီး ၁၅ မိနစ်မျှ ပြန်ပြုတ်ပါ။ ပြီးရင် ကြက်ဥတွေကို ဆယ်ပြီး အအေးခံကာ လက်နဲ့ကိုင်နိုင်လောက်တဲ့အချိန်မှာ အခွံတွေကို ခွာပြီး ဘိတ်ချဉ်လိုမျိုးအချဉ်ရေနဲ့ တို့စားနိုင်ပါတယ်။

ဒီချက်နည်းကတော့ ဖြိုးတို့မေမေရဲ့ ချက်နည်းလေးပါ။ ထုံးစံအတိုင်း နည်းနည်းလေးတော့ ဖြိုးအကြိုက် လုပ်ထားတာပေါ့နော်။ ငယ်ငယ်တုန်းကဆိုရင် မေမေက ထမင်းစားချိန်မှာ ဟင်းအနေနဲ့ စားဖို့ချက်ထား၊ ဖြိုးတို့ ညီအစ်မတွေက မီးဖိုထဲကိုဝင်တိုင်း ဝင်တစ်စိတ်၊ ထွက်တစ်စိတ်နဲ့ နှိုက်စား၊ ထမင်းစားချိန်မှာ ဟင်းက မလောက်တော့ဘူးဆိုရင်တော့ မေမေ့ရဲ့အဆူကို ပြေးမလွတ်ခံရတော့တာပါပဲ။

ဒေါ်ဖြူဖြူရဲ့ ကြက်ဥအချိုနှပ်

ပါဝင်ပစ္စည်းများ

- ကြက်ဥ ၆ လုံး
- ပဲငံပြာရည် အကြည် ၁ ဇွန်း
- ကြက်သွန်ဖြူ ၆ မွှာ (အနေတော်)
- ဆီ စားပွဲဇွန်း ၂ ဇွန်း
- သကြား လက်ဖက်ရည်ဇွန်း ၁ ဇွန်း
- ငရုတ်ကောင်းအဖြူမှုန့် လက်ဖက်ရည်ဇွန်း ၁ ဇွန်း

ပြင်ဆင်ပုံ

ကြက်ဥတွေကို အိုးတစ်လုံးထဲမှာ ရေအေးအေးကို မြုပ်အောင်ထည့်ပြီး ရေတွေ ပွက်လာတဲ့အထိ အိုးကို မီးမပြင်းတပြင်းနဲ့ အပူပေးကာ ရှစ်မိနစ်မျှ ပြုတ်ပါ။ အချိန်ပြည့်ရင် မီးပိတ်ပြီး ၂-၃ မိနစ်မျှ ရေနွေးထဲမှာ ထားအပြီးမှာ ရေအေးခွက်ထဲ ပြောင်းထည့်ပြီးထားပါ။ အေးသွားရင် အခွံနွာပြီး ထားထားပါ။ နောက် ဘဲဥတွေကို ထက်ခြမ်း (သို့) လေးစိတ် စိတ်ထားပါ။ ပဲငံပြာရည်နဲ့ သကြားကို ခွက်တစ်လုံးထဲမှာ ရောထားပါ။

အားလုံး အဆင်သင့်ဖြစ်ပြီဆိုရင် မတူးနိုင်တဲ့ ဒယ်အိုးထဲမှာ ဆီထည့်ပြီး မီးအေးအေးနဲ့ ဆီကို နွေးအောင်တည်ပါ။ ဆီကျက်ပြီဆိုရင် ကြက်သွန်ဖြူတွေကို ထည့်ဆီသတ်ပါ။ ကြက်သွန်ဖြူအနံ့ ထွက်လာပြီဆိုရင် အိုးကို မီးဖိုပေါ်မှ ခဏဖယ်ကာ ပဲငံပြာရည်နဲ့သကြားအရောကို အသာလေး လောင်းထည့်ပါ။ ဆီအရမ်းပူရင် ဆီပေါက်တတ်တာမို့ သတိထားပါ။ နောက် ကြက်ဥတွေကို အကာဘက်ကို အောက်ကထားပြီး စီထည့်ပါ။ ပြီးတဲ့အခါ အိုးကို အဖုံးအုပ်ပြီး မီးဖိုပေါ်မှာ မီးအေးအေးနဲ့ ပြန်တည်ထားပါ။ ငါးမိနစ်လောက်ကြာရင် ကြက်ဥတွေကို အထက်အောက်လှန်ပြီး မီးပိတ်ကာ အိုးချလို့ရပါပြီ။ အဆာပြေပဲစားစား၊ ထမင်းနဲ့ပဲစားစား စားလို့ရပါတယ်။ ■

ဟာသ

အသောက်အစားနဲ့ ကား

အမျိုးသမီး - သောက်တတ်သလား။
အမျိုးသား - အင်း။
အမျိုးသမီး - တစ်နေ့ကို ဘယ်လောက်များ သောက်သလဲ။
အမျိုးသား - ခြောက်ပုလင်းပါတဲ့ ပါကင် သုံးပါကင်လောက် သောက်တယ်။
အမျိုးသမီး - တစ်ပါကင်ကို ဘယ်လောက်ပေးရသလဲ။
အမျိုးသား - ၁၀ ဒေါ်လာလောက်ပေါ့။
အမျိုးသမီး - ရှင်သောက်လာတာ ဘယ်လောက်ကြာပြီလဲ။
အမျိုးသား - ၁၅ နှစ်။
အမျိုးသမီး - တစ်ပါကင်ကို ၁၀ ဒေါ်လာ။ တစ်နေ့ကို သုံးပါကင်ဆိုတော့ တစ်လကို ဒေါ်လာ ၉၀၀။ တစ်နှစ်ဆိုရင် ဒေါ်လာ ၁၀,၈၀၀ ကုန်တယ်။ မှန်တယ်မဟုတ်လား။
အမျိုးသား - မှန်တယ်။
အမျိုးသမီး - တစ်နှစ်မှာ ဒေါ်လာ ၁၀,၈၀၀ သုံးတယ် ဆိုရင် ဒီ ၁၅ နှစ်အတွင်း ဒေါ်လာ ၁၆၂,၀၀၀ တောင် ရှင် သုံးခဲ့တာပေါ့။ မှန်တယ်မဟုတ်လား။
အမျိုးသား - မှန်ပါတယ်။
အမျိုးသမီး - တကယ်လို့သာ ရှင်မသောက်ဘူးဆိုရင် ဒီပိုက်ဆံတွေကို အတိုးနဲ့ဘဏ်မှာစုထားနိုင်တယ်။ ၁၅ နှစ်ပြည့်လို့ အတိုးရော၊ အရင်းပါ ပေါင်းလိုက်ရင် Ferrari ကားဝယ်စီးနိုင်တာ ရှင်သိရဲ့လား။
အမျိုးသား - မင်းရော သောက်သလား။
အမျိုးသမီး - မသောက်ဘူး။
အမျိုးသား - ဒါဆို သောက်ရေးမပါတဲ့ မင်းရဲ့ Ferrari ကား ဘယ်မှာလဲ။

■ မိုးမိုးသော် ဘာသာပြန်သည်။

Travel

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW / NAY PYI TAW TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
FMI A1	1,2,3,4,5	7:15	8:15	FMI A2	1,2,3,4,5	8:35	9:35
FMI B1	1,2,3,4,5	10:45	11:45	FMI B2	1,2,3,4,5	13:30	14:30
FMI C1	1,2,3,4,5	17:00	18:00	FMI C2	1,2,3,4,5	18:20	19:20

YANGON TO MANDALAY / MANDALAY TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 909	1,2,5	6:00	7:40	7Y 621	Daily	6:00	8:05
K7 282	Daily	6:00	8:10	7Y 611	Daily	6:30	7:55
YH 917	3	6:00	7:40	YH 910	1,2,5	7:40	9:45
YH 917	2,4,5,6,7	6:10	8:30	Y5 233	Daily	8:05	9:15
Y5 775	Daily	6:15	7:25	K7 282	Daily	8:25	11:30
6T 401	1,3,5,6,7	6:20	8:30	YH 918	2,4,5,6,7	8:30	10:45
YH 831	4,6	7:00	8:40	6T 402	1,3,5,6,7	8:45	10:50
YH 633	7	7:00	8:40	YH 918	3	9:10	11:05
YH 835	1	7:00	12:55	YH 634	7	10:00	11:25
K7 266	Daily	8:00	10:05	K7 267	Daily	10:20	12:25
7Y 131	Daily	8:10	10:15	7Y 132	Daily	10:30	12:25
YH 727	1	11:15	13:25	YH 832	6	13:50	15:15
YH 729	2,4,6	11:15	14:15	YH 832	4	14:50	16:25
YH 737	3	11:15	13:25	YH 836	1	15:45	17:10
YH 737	5,7	11:30	13:40	7Y 241	1,3,4,6	16:10	18:15
YH 835	7	11:30	13:10	YH 728	1	16:45	18:10
YH 911	2	12:30	14:10	7Y 241	2,5,7	16:40	18:45
YH 829	5	12:30	14:10	K7 225/7Y 242	Daily	16:50	19:00
K7 822	2,4,7	12:30	16:55	YH 912	2	17:00	18:55
7Y 941	1,3,4,6	12:40	14:05	YH 830	5	17:00	18:25
7Y 943	2,5,7	12:40	14:05	YH 738	5,7	17:05	19:00
K7 622	1,3,5,7	13:00	14:25	K7 823	2,4,7	17:10	18:35
K7 226	2,4,6	13:30	14:55	YH 732	1,2,3,4,5,7	17:10	19:15
7Y 241	1,3,4,6	14:00	15:55	K7 227	2,4,6	17:20	18:45
7Y 241	2,5,7	14:30	16:25	YH 738	3	17:25	18:50
K7 224/7Y 241	Daily	14:30	16:35	K7 623	1,3,5,7	17:40	19:05
YH 731	1,2,3,4,5,7	15:00	17:10	YH 836	7	17:50	19:15
6T 501	6,7	15:30	17:35	6T 502	6,7	17:50	20:00
Y5 234	Daily	17:45	18:55	YH 738	7	17:55	19:20
7Y 242	1,3,4,6	18:30	19:55	YH 730	2,4,6	18:00	19:25
7Y 242	2,5,7	19:00	20:25	Y5 776	Daily	19:35	20:45

YANGON TO NYAUNG U / NYAUNG U TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
K7 282	Daily	6:00	7:20	7Y 622	Daily	6:45	8:05
YH 917	3	6:00	8:25	YH 918	2,4,5,6,7	7:45	10:45
YH 909	1,2,5	6:00	8:25	6T 401	1,3,5,6,7	7:55	10:50
YH 917	2,4,5,6,7	6:10	7:45	YH 910	3	8:05	10:10
YH 909	6	6:15	7:50	YH 918	1	8:05	10:10
6T 401	1,3,5,6,7	6:20	7:40	YH 910	1,2,5	8:25	9:45
6T 401	2	6:20	7:40	YH 918	3	8:25	11:05
YH 917	1	6:30	8:05	YH 910	7	8:35	9:55
YH 909	3	6:30	8:05	YH 910	4	8:35	10:40
YH 909	4,7	7:00	8:35	YH 634	5	8:35	10:40
YH 633	5	7:00	8:35	K7 242	Daily	8:35	11:45
K7 242	Daily	7:00	8:20	YH 910	6	9:40	11:00
7Y 131	Daily	8:10	9:30	7Y 132	Daily	9:45	12:25
7Y 431	1,3,4,6	8:20	9:40	6T 402	2	9:45	11:50
7Y 121	2,5,7	8:20	9:40	7Y 431	1,3,4,6	9:55	12:55
7Y 241	1,3,4,6	14:00	16:40	7Y 121	2,5,7	9:55	12:00
7Y 241	2,5,7	14:30	17:10	K7 283	Daily	10:10	11:30
K7 224/7Y 241	Daily	14:30	17:25	7Y 242	1,3,4,6	16:55	18:15
YH 731	1,2,3,4,5,7	15:00	17:55	7Y 242	2,5,7	17:25	18:45
6T 501	6,7	15:30	18:25	K7 225/7Y 242	Daily	17:40	19:00
YH 731	6	15:30	17:50	YH 732	6	17:50	19:10
				YH 732	1,2,3,4,5,7	17:55	19:15
				6T 502	6,7	18:40	20:00

YANGON TO MYITKYINA / MYITKYINA TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 835	1	7:00	9:40	YH 832	6	12:25	15:15
YH 831	4,6	7:00	10:35	YH 832	4	13:25	16:25
YH 835	7	11:30	14:35	YH 836	1	14:20	17:10
YH 829	5	12:30	15:35	YH 830	5	15:35	18:25
K7 622	1,3,5,7	13:00	15:55	K7 623	1,3,5,7	16:10	19:05
YH 826	3	14:00	16:40	YH 836	7	16:25	19:15
				YH 827	3	16:40	19:05

YANGON TO HEHO / HEHO TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
K7 282	Daily	6:00	9:00	YH 910	6	8:45	11:00
YH 917	3	6:00	9:55	YH 910	3	9:00	10:10
YH 917	2,4,5,6,7	6:10	9:35	YH 918	1	9:00	10:10
YH 909	6	6:15	8:45	6T 352	4	9:00	11:30
6T 401	1,3,5,6,7	6:20	9:20	YH 634	7	9:15	11:15
6T 401	2	6:20	8:35	K7 283	Daily	9:15	11:30
YH 917	1	6:30	9:00	K7 243	Daily	9:30	11:45
YH 909	3	6:30	9:00	YH 910	4	9:30	10:40
YH 633	7	7:00	9:15	YH 634	5	9:30	10:40
YH 909	4	7:00	9:30	YH 918	2,4,5,6,7	9:35	10:45
YH 633	5	7:00	9:30	6T 402	1,3,5,6,7	9:35	10:50
K7 242	Daily	7:00	9:15	YH 918	3	9:55	11:05
6T 351	4	7:30	8:45	7Y 132	1,3,4,6,7	10:35	13:55
K7 266	Daily	8:00	9:15	6T 402	2	10:40	11:50
7Y 131	Daily	8:10	11:00	7Y 122	2,5,7	10:50	12:00
7Y 431	1,3,4,6	8:20	10:35	7Y 432	1,3,4,6	10:50	12:55
7Y 121	2,5,7	8:20	10:35	K7 267	Daily	11:10	12:25
YH 505	1,2,3,5	10:30	11:55	YH 506	1,2,3,5	11:55	14:00
YH 505	4	11:00	12:25	YH 506	4	12:25	14:30
YH 727	1	11:15	12:40	YH 506	6	12:55	15:00
YH 737	5,7	11:15	12:40	7Y 241	1,3,4,6	15:25	18:15
YH 737	3	11:30	12:55	7Y 241	2,5,7	15:55	18:45
YH 505	6	11:30	12:55	YH 728	1	16:00	18:10
YH 911	2	12:30	17:45	K7 224/7Y 241	Daily	16:00	19:00
K7 828	1,3,5	12:30	13:45	K7 829	1,3,5	16:10	17:25
K7 822	2,4,7	12:30	13:45	K7 823	2,4,7	16:20	18:35
7Y 941	1,3,4,6	12:40	14:50	YH 732	1,2,3,4,5,7	16:25	19:15
7Y 943	2,5,7	12:40	14:50	YH 738	7	16:40	18:50
7Y 241	1,3,4,6	14:00	15:10	YH 738	3	16:55	19:05
7Y 241	2,5,7	14:30	15:40	YH 732	6	16:55	19:10
K7 224/7Y 241	Daily	14:30	15:45	6T 501	6,7	17:00	20:00
YH 731	1,2,3,4,5,7	15:00	16:25	YH 738	5	17:35	18:45
6T 501	6,7	15:30	16:45	YH 912	2	17:45	18:55
YH 731	6	15:30	16:55				

YANGON TO MYEIK / MYEIK TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 633	3,7	7:00	9:15	YH 634	3,7	11:25	13:25
K7 319/7Y 531	1,3,5,7	7:00	9:05	K7 320/7Y 532	1,3,5,7	11:30	13:35
K7 319/7Y 531	2,4,6	11:45	13:50	K7 320/7Y 531	2,4,6	16:05	18:10

YANGON TO SITTWE / SITTWE TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
6T 605	7	11:15	13:10	6T 606	7	13:30	14:50
6T 605	1,2,3,5	12:30	14:25	6T 606	1,2,3,5	14:45	16:05
K7 422	Daily	13:00	14:55	K7 423	Daily	15:10	16:30

YANGON TO THANDWE / THANDWE TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
K7 242	Daily	7:00	10:35	6T 352	4	10:35	11:30
6T 351	4	7:30	10:05	K7 243	Daily	10:50	11:45
7Y 431	1,3,4,6	8:20	11:50	7Y 432	1,3,4,6	12:05	12:55
YH 505	1,2,3,5	10:30	13:10	6T 605	7	12:25	14:50
YH 505	4	11:00	13:40	6T 602	6	12:25	13:20
YH 505	6	11:30	14:10	YH 506	1,2,3,5	13:10	14:00
6T 605	7	11:15	12:10	7Y 412	2,5,7	13:20	14:10
6T 601	6	11:15	12:10	6T 605	1,2,3,5	13:40	16:05
7Y 411	2,5,7	12:15	13:05	YH 506	4	13:40	14:30
6T 605	1,2,3,5	12:30	13:25	YH 506	6	14:10	15:00
K7 422	Daily	13:00	13:35	K7 423	Daily	14:10	16:30

YANGON TO DAWEI / DAWEI TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 633	2	6:30	7:55	YH 634	2	10:45	11:55
YH 633	3	7:00	8:25	YH 634	3	12:15	13:25
K7 319/7Y 531	1,3,5,7	7:00	8:10	K7 320/7Y 532	1,3,5,7	12:25	13:35
K7 319/7Y 531	2,4,6	11:45	12:50	K7 320/7Y 531	2,4,6	17:05	18:10

YANGON TO LASHIO / LASHIO TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 729	2,4,6	11:15	13:15	YH 730	2,4,6	17:00	19:25
K7 828	1,3,5	12:30	14:50	K7 829	1,3,5	15:05	17:25

YANGON TO PUTAO / PUTAO TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
YH 835	1	7:00	10:35	YH 836	1	10:35	17:10
YH 831	6	7:00	11:30	YH 832	6	11:30	15:15
YH 835	7	11:30	15:30	YH 836	7	15:30	19:15

YANGON TO CHIANG MAI / CHIANG MAI TO YANGON

Flight	Days	Dep	Arr	Flight	Days	Dep	Arr
W9 9607/ YJ 7607	4,7	14:20	16:10	W9 9608/ YJ 7608	4,7	17:20	18:10

Domestic Airlines

Air Bagan (W9)
Tel: 513322, 513422, 504888. Fax: 515102

Air KBZ (K7)
Tel: 372977~80, 533030~39 (airport), 373766 (hotline). Fax: 372983

Air Mandalay (6T)
Tel: (office) 501520, 525488, (airport) 533222~3, 09-73152853.
Fax: (office) 525937, 533223 (airport)

Asian Wings (YJ)
Tel: 515261~264, 512140, 512473, 512640
Fax: 532333, 516654

FMI Air Charter
Tel: 240363, 240373, 09421146545

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Mann Yadanarpon Airlines (7Y)
Tel: 656969
Fax: 656998, 651020

Yangon Airways (YH)
Tel: 383100, 383107, 700264
Fax: 652 533

Airline Codes

- 6T = Air Mandalay
- 7Y = Mann Yadanarpon Airlines
- FMI = FMI Air Charter
- K7 = Air KBZ
- W9 = Air Bagan
- Y5 = Golden Myanmar Airlines
- YH = Yangon Airways
- YJ = Asian Wings

Subject to change without notice

Day
1 = Monday
2 = Tuesday
3 = Wednesday
4 = Thursday
5 = Friday
6 = Saturday
7 = Sunday

INTERNATIONAL FLIGHT SCHEDULES

YANGON TO BANGKOK

Flights	Days	Dep	Arr
PG 706	Daily	6:15	8:30
8M 335	Daily	7:40	9:25
TG 304	Daily	9:50	11:45
PG 702	Daily	10:30	12:25
TG 302	Daily	14:55	16:50
PG 708	Daily	15:20	17:15
8M 331	Daily	16:30	18:15
PG 704	Daily	18:20	20:15
TG 306	Daily	19:45	21:45

BANGKOK TO YANGON

Flights	Days	Dep	Arr
TG 303	Daily	7:55	8:50
PG 701	Daily	8:50	9:40
8M 336	Daily	10:40	11:25
TG 301	Daily	13:00	13:55
PG 707	Daily	13:40	14:30
PG 703	Daily	16:45	17:35
TG 305	Daily	17:50	18:45
8M 332	Daily	19:15	20:00
PG 705	Daily	20:15	21:30

YANGON TO DON MUEANG

Flights	Days	Dep	Arr
DD 4231	Daily	8:00	9:50
FD 252	Daily	8:30	10:15
FD 254	Daily	17:30	19:10
DD 4239	Daily	21:00	22:45

DON MUEANG TO YANGON

Flights	Days	Dep	Arr
DD 4230	Daily	6:20	7:05
FD 251	Daily	7:15	8:00
FD 253	Daily	16:20	17:00
DD 4238	Daily	19:30	20:15

YANGON TO SINGAPORE

Flights	Days	Dep	Arr
Y5 233	Daily	10:10	14:40
SQ 997	Daily	10:35	15:10
3K 582	Daily	11:20	15:50
8M 231	Daily	12:45	17:10
MI 533	4,6	13:45	20:50
MI 517	Daily	16:40	21:15
TR 2827	Daily	19:05	23:40

SINGAPORE TO YANGON

Flights	Days	Dep	Arr
SQ 998	Daily	7:55	9:20
3K 581	Daily	8:50	10:30
MI 533	4,6	11:35	12:55
MI 518	Daily	14:20	15:45
TR 2826	Daily	17:05	18:25
Y5 234	Daily	15:35	17:05
8M 232	Daily	18:15	19:40

YANGON TO KUALA LUMPUR

Flights	Days	Dep	Arr
8M 501	1,5	7:50	11:50
AK 505	Daily	8:30	12:50
MH 741	Daily	12:15	16:30
8M 9506	Daily	12:15	16:30
8M 9508	Daily	15:45	20:05
MH 743	Daily	15:45	20:05
AK 503	4,6	19:30	23:45

KUALA LUMPUR TO YANGON

Flights	Days	Dep	Arr
AK 504	Daily	6:55	8:00
MH 740	Daily	10:05	11:15
8M 9505	Daily	10:05	11:15
8M 502	1,5	12:50	13:50
8M 9507	Daily	13:30	14:40
MH 742	Daily	13:30	14:40
AK 502	Daily	17:50	19:00

YANGON TO BEIJING

Flights	Days	Dep	Arr
CA 716	1,3,5,7	23:50	0550+1

BEIJING TO YANGON

Flights	Days	Dep	Arr
CA 715	1,3,5,7	19:30	22:50

YANGON TO GUANGZHOU

Flights	Days	Dep	Arr
8M 711	2,4,7	8:40	13:15
CZ 3056	3,6	11:25	16:15
CZ 3056	1,5	17:30	22:15

GUANGZHOU TO YANGON

Flights	Days	Dep	Arr
CZ 3055	3,6	8:40	10:25
CZ 3055	1,5	14:40	16:30
8M 712	2,4,7	14:15	15:50

YANGON TO TAIPEI

Flights	Days	Dep	Arr
CI 7916	Daily	10:50	16:15

TAIPEI TO YANGON

Flights	Days	Dep	Arr
CI 7915	Daily	7:00	9:55

YANGON TO KUNMING

Flights	Days	Dep	Arr
CA 906	Daily	12:15	15:55
MU 2012	3	12:20	18:25
MU 2032	1,2,4,5,6,7	14:50	18:20

KUNMING TO YANGON

Flights	Days	Dep	Arr
MU 2011	3	8:25	11:40
CA 905	Daily	10:45	11:15
MU 2031	1,2,4,5,6,7	13:30	14:00

YANGON TO HANOI

Flights	Days	Dep	Arr
VN 956	1,3,5,6,7	19:10	21:30

HANOI TO YANGON

Flights	Days	Dep	Arr
VN 957	1,3,5,6,7	16:50	18:10

YANGON TO HO CHI MINH CITY

Flights	Days	Dep	Arr
VN 942	2,4,7	14:25	17:15

HO CHI MINH CITY TO YANGON

Flights	Days	Dep	Arr
VN 943	2,4,7	11:50	13:25

YANGON TO DOHA

Flights	Days	Dep	Arr
QR 919	1,4,6	8:00	11:10

DOHA TO YANGON

Flights	Days	Dep	Arr
QR 918	3,5,7	20:20	6:25+1

YANGON TO PHNOM PENH

Flights	Days	Dep	Arr

PHNOM PENH TO YANGON

Flights	Days	Dep	Arr
8M 9006	1,3,6	16:00	17:30

YANGON TO SEOUL

Flights	Days	Dep	Arr
OZ 770	4,7	0:35	9:10
KE 472	Daily	23:35	7:50

SEOUL TO YANGON

Flights	Days	Dep	Arr
KE 471	Daily	18:45	22:35
OZ 769	3,6	19:50	23:25

YANGON TO HONG KONG

Flights	Days	Dep	Arr
KA 251	Daily	01:10	05:45

HONG KONG TO YANGON

Flights	Days	Dep	Arr
KA 250	Daily	21:45	23:30

YANGON TO TOKYO

Flights	Days	Dep	Arr
NH 914	Daily	21:45	06:50+1

TOKYO TO YANGON

Flights	Days	Dep	Arr
NH 913	Daily	11:00	15:40

YANGON TO GAYA

Flights	Days	Dep	Arr
8M 601	3,5,6	7:00	8:20

GAYA TO YANGON

Flights	Days	Dep	Arr
8M 602	3,5,6	9:20	12:30

YANGON TO DHAKA

Flights	Days	Dep	Arr
BG 061	4	19:45	21:00
BG 061	1	21:45	23:00

DHAKA TO YANGON

Flights	Days	Dep	Arr
BG 060	4	16:30	18:45
BG 060	1	18:30	20:45

YANGON TO INCHEON

Flights	Days	Dep	Arr
8M 7702	Daily	23:35	8:05
8M7502	4,7	0:35	9:10

INCHEON TO YANGON

Flights	Days	Dep	Arr
8M 7701	Daily	18:45	22:35
8M 7501	3,6	19:50	23:25

MANDALAY TO BANGKOK

Flights	Days	Dep	Arr
PG 710	Daily	14:05	16:30

BANGKOK TO MANDALAY

Flights	Days	Dep	Arr
PG 709	Daily	12:00	13:20

MANDALAY TO SINGAPORE

Flights	Days	Dep	Arr
MI 533	4,6	15:55	20:50
Y5 233	Daily	8:05	14:40

SINGAPORE TO MANDALAY

Flights	Days	Dep	Arr
MI 533	4,6	11:35	15:00
Y5 234	Daily	15:35	18:55

MANDALAY TO DON MUEANG

Flights	Days	Dep	Arr
FD 245	1,2,4,6	12:45	15:00

DON MUEANG TO MANDALAY

Flights	Days	Dep	Arr
FD 244	1,2,4,6	10:50	12:15

MANDALAY TO KUNMING

Flights	Days	Dep	Arr
MU 2030	Daily	14:40	17:30

KUNMING TO MANDALAY

Flights	Days	Dep	Arr
MU 2029	Daily	13:55	13:50
MU 7524	1,3,5	18:20	21:00

MANDALAY TO GAYA

Flights	Days	Dep	Arr
8M 603	4	11:10	12:15

GAYA TO MANDALAY

Flights	Days	Dep	Arr
8M 604	4	13:15	16:20

NAY PYI TAW TO BANGKOK

Flights	Days	Dep	Arr
PG 722	1,2,3,4,5	19:30	22:30

BANGKOK TO NAY PYI TAW

Flights	Days	Dep	Arr
PG 721	1,2,3,4,5	17:00	19:00

International Airlines

Air Asia (FD)
Tel: 09254049991~3

Air Bagan Ltd.(W9)
Tel: 513322, 513422, 504888. Fax: 515102

Air China (CA)
Tel: 666112, 655882

Air India
Tel: 253597~98, 254758. Fax 248175

Bangkok Airways (PG)
Tel: 255122, 255265. Fax: 255119

Biman Bangladesh Airlines (BG)
Tel: 371867~68. Fax: 371869

Condor (DE)
Tel: 370836~39 (ext: 303)

Dragonair (KA)
Tel: 255320, 255321. Fax: 255329

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Malaysia Airlines (MH)
Tel: 387648, 241007 (ext: 120, 121, 122)
Fax: 241124

Myanmar Airways International (8M)
Tel: 255260. Fax: 255305

Nok Airline (DD)
Tel: 255050, 255021. Fax: 255051

Qatar Airways (QR)
Tel: 379845, 379843, 379831. Fax: 379730

Singapore Airlines (SQ) / Silk Air (MI)
Tel: 255287~9. Fax: 255290

Thai Airways (TG)
Tel: 255491~6. Fax: 255223

Tiger Airline (TR)
Tel: 371383, 370836~39 (ext: 303)

Vietnam Airlines (VN)
Tel: 255066, 255088, 255068. Fax: 255086

Airline Codes

3K = Jet Star
8M = Myanmar Airways International
AK = Air Asia
BG = Biman Bangladesh Airlines
CA = Air China
CI = China Airlines
CZ = China Southern
DD = Nok Airline
FD = Air Asia
KA = Dragonair
KE = Korea Airlines
MH = Malaysia Airlines
MI = Silk Air
MU = China Eastern Airlines
NH = All Nippon Airways
PG = Bangkok Airways
QR = Qatar Airways
SQ = Singapore Airways
TG = Thai Airways
TR = Tiger Airline
VN = Vietnam Airline
Y5 = Golden Myanmar Airlines

Subject to change without notice

Day			
1 =	Monday	4 =	Thursday
2 =	Tuesday	5 =	Friday
3 =	Wednesday	6 =	Saturday
		7 =	Sunday

ရန်ကုန်လေဆိပ်သို့ အောက်တိုဘာလ ၂၆ ရက်နေ့က ဆိုက်ရောက်လာသည့် တိုက်ဂါးလေကြောင်းလိုင်းမှ လေယာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

တိုက်ဂါးနှင့် ရွှေမြန်မာ ပူးပေါင်းကာ စင်ကာပူ - ရန်ကုန် နေ့စဉ် ပျံသန်းမည်

အိအိသူ
91.eieithu@gmail.com

စင်ကာပူလေကြောင်းလိုင်းတစ်ခုဖြစ်သည့် တိုက်ဂါးလေကြောင်းလိုင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့သည် Codeshare သဘောတူညီချက်ဖြင့် ရန်ကုန်မြို့နှင့် စင်ကာပူအကြား တိုက်ရိုက်ခရီးစဉ်များကို အောက်တိုဘာလ ၂၆ ရက်နေ့မှစတင်ကာ နေ့စဉ်ပျံသန်းပြေးဆွဲပေးနေပြီ ဖြစ်သည်။

"Codeshare လေယာဉ်အနေနဲ့ ပျံသန်းတာက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် နှစ်ဖက်စလုံးအကျိုးရှိပါတယ်။ တိုက်ဂါးလေကြောင်းလိုင်းက လေယာဉ်စိုက်မယ်။ ကျွန်တော်တို့က လက်မှတ်ရောင်းမယ်။ ရှိတဲ့ ခရီးသည်တွေကို နှစ်ယောက်ခွဲယူမယ့်အစား တစ်စီးတည်းနဲ့ ပူးပေါင်းလုပ်မယ်ဆိုရင် အကုန်အကျသက်သာတဲ့အပြင် ခရီးသည်တွေလည်း အကျိုးရှိတယ်" ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ စီမံခန့်ခွဲမှုအရာရှိချုပ် ဦးခင်မောင်မြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

တိုက်ဂါးလေကြောင်းလိုင်းသည် စင်ကာပူနိုင်ငံ၏ အကြီးဆုံးစရိတ်သက်သာလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး လက်ရှိတွင် အာရှ - ပစိဖိတ်ဒေသရှိ နေရာ ၉၀ ကျော်သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း တိုက်ဂါးလေကြောင်းလိုင်းမှ Commercial Director မစ္စတာရောဘတ်ရန်းက ပြောသည်။

"အခုပြေးဆွဲတဲ့ Codeshare လေယာဉ်က ကျွန်တော်တို့ လေကြောင်းလိုင်းနှစ်ခုရဲ့ ပျံသန်းမှုအစပါ။ နောက်ပိုင်း ဖြစ်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လှပတဲ့နေရာတွေဖြစ်တဲ့ မန္တလေးနဲ့ ပုဂံတို့ကိုလည်း Codeshare လေယာဉ်အနေနဲ့ တိုးချဲ့ပျံသန်းဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ရွှေမြန်မာလေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များအပြင် ရန်ကုန်-ချင်းမိုင် ခရီးစဉ်ကိုပြေးဆွဲပေးလျက်ရှိပြီး နိုဝင်ဘာလတွင် ရန်ကုန်-ကူမင်းခရီးစဉ်နှင့် ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်-အင်ဖာ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးမည်ဟု ဦးခင်မောင်မြင့်က ပြောသည်။

> ကျွန်တော်တို့ လေကြောင်းလိုင်းနှစ်ခုရဲ့ ပျံသန်းမှုအစပါ။ နောက်ပိုင်း ဖြစ်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လှပတဲ့နေရာတွေဖြစ်တဲ့ မန္တလေးနဲ့ ပုဂံတို့ကိုလည်း
> ....

"အရင်က ရန်ကုန်-စင်ကာပူပြေးဆွဲပေးနေတဲ့ အဲဘတ်စ်လေယာဉ်ကို ရန်ကုန်-ဘန်ကောက်ခရီးစဉ်အဖြစ် အောက်တိုဘာလ ၂၆ ရက်နေ့က စတင်ကာ နေ့စဉ်တိုက်ရိုက်ပြေးဆွဲနေပါတယ်" ဟု ၎င်းကပြောသည်။ ■

ချက်ထရီယမ်ဟိုတယ်၌ ကျင်းပမည့် တူရကီအစားအစာပွဲတော်

ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင် တူရကီရိုးရာအစားအသောက် ရက်သတ္တပတ်ကို အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျရောက်သည့် ၉၁ နှစ်မြောက် Turkish Republic Day ကို ဂုဏ်ပြုသောအားဖြင့် တူရကီနိုင်ငံမှ ဧည့်သည်တော် စားဖိုမှူးကြီးများနှင့် ချက်ထရီယမ်ဟိုတယ်မှ အနောက်တိုင်းအစားအစာ စားဖိုမှူးကြီး Mr Kosol Tang-kratoke တို့ ပူးပေါင်း၍ တူရကီနိုင်ငံ၏ ထင်ရှားကျော်ကြားသော ရိုးရာအစားအသောက်များဖြစ်သည့် Doner Kebab၊ Dolma၊ Bakalapak နှင့် Manti(dumpling) အစရှိသောဟင်းလျာများ၊ အချိုပွဲများသာမက အခြားတူရကီနာမည်ကြီး အစားအစာများကိုပါ မိတ်ဆက်တည်ခင်းပေးသွားမည်ဟု ဆိုသည်။

ညနေ ၆ နာရီမှ ည ၁၀ နာရီခွဲအထိ ဟိုတယ်မြေညီထပ်ရှိ The Emporia စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀ ဖြစ်ပြီး ညစာနှင့်အတူ အချိုရည်၊ သို့မဟုတ် ဝိုင်၊ သို့မဟုတ် ဘီယာတစ်ခွက် သောက်သုံးခွင့်လည်း ပါဝင်သည်။ ■

မြန်မာတိုင်း(မ်)

Sport

ဖိအားများနဲ့ ပိုချက်တီနို၊ အဆင့်လေးရဖို့ ခက်သွားတဲ့ တော့တင်ဟမ်ဟော့စပါး

အောင်မိုးဇော်

ပရီမီယာလိဂ်ပြိုင်ပွဲစတင်တာ ပွဲစဉ်ကိုးပွဲသာရှိသေးပြီး ကစားဖို့ ပွဲ ၂၉ ကျန်သေးလို့ ဘယ်အရာမှ မှန်းဆလို့မရဘူးလို့ သတ်မှတ်ကောင်းသတ်မှတ်နိုင်ပေမယ့် တချို့သော အသင်းတွေကတော့ မှန်းလို့ရတဲ့အနေအထားမှာ ရှိနေခဲ့ကြပါတယ်။ ဘန်လေလို အသင်းလေး တန်းပြန်ဆင်းရနိုင်ခြင်းနဲ့ ရာသီတိုင်း ရာသီတိုင်းမှာ အဆင့်လေး အိပ်မက် မက်လေ့ရှိတဲ့ လန်ဒန်အခြေစိုက် တော့တင်ဟမ်ဟော့စပါးအသင်း အဆင့်လေးရဖို့ မဖြစ်နိုင်ခြင်း၊ လက်ရှိအဆင့်နှစ်နဲ့ အဆင့်လေးမှာရှိနေတဲ့ ဆောက်သမ်တန်နဲ့ ဝက်စ်ဟမ်းတို့ ချန်ပီယံလိဂ်ဝင်ခွင့်မရနိုင်ခြင်းတို့ကတော့ မှန်းဆသုံးသပ်လို့ရတဲ့ အနေအထားတွေပဲဖြစ်ပါတယ်။ ဒီအထဲမှာမှ ပရီမီယာလိဂ်ရဲ့ ထိပ်သီးအသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးတို့ရဲ့ အဓိကပြိုင်ဘက်အသင်းတစ်သင်းအဖြစ် သတ်မှတ်ခံထားရတဲ့ တော့တင်ဟမ်ဟော့စပါးအသင်းရဲ့ အခြေအနေကတော့ နည်းပြသစ် ပိုချက်တီနိုအတွက် ဖိအားတွေနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေကို ဆိုက်ရောက်လို့ သွားခဲ့ပြီပဲဖြစ်ပါတယ်။ ဘယ်နည်းပြ ဘယ်လိုပြောင်းပြောင်း၊ ဘယ်ကစားသမား ဘယ်လိုပဲ ရောက်လာရောက်လာ တော့တင်ဟမ်ရဲ့တိုးတက်မှုအခြေအနေက ရပ်တန့်မြဲရပ်တန့်နေဆဲဖြစ်နေတာကလည်း အံ့ဩဖွယ်ရာဖြစ်နေခဲ့ပါတယ်။

ယူရိုပါလိဂ်ပြိုင်ပွဲမှာ အက်စ်တာရာစ်ထရီပိုလီအသင်းကို အိမ်ကွင်းမှာ ၅-၁ နဲ့ အနိုင်ရခဲ့ပေမယ့် ပရီမီယာလိဂ်မှာတော့ အိမ်ကွင်းမှာ နယူးကာဆယ်ကို ၂-၁ နဲ့ရှုံးသွားခဲ့တာက တော့တင်ဟမ်ဟော့စပါးရဲ့ ခြေစွမ်းမတည်ငြိမ်မှုကြောင့်ဆိုတာကို ပြသလိုက်တာပဲဖြစ်ပါတယ်။ နောက်ဆုံးကစားထားတဲ့ပရီမီယာလိဂ်ငါးပွဲကစားထားမှုကို ကြည့်လိုက်ရင် စပါးတိုက်စစ်ဆိုတာ သာမန်သာရှိမယ်ဆိုတာကို တွေ့ကြရမှာပဲဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ အနိုင်ရထားပြီး သုံးပွဲရှုံး၊ တစ်ပွဲသရေဆိုတာကို တွေ့ကြရမှာဖြစ်သလို သွင်းဂိုးလေးဂိုး၊ ပေးဂိုးရှစ်ဂိုးဆိုတာကို ထပ်မံတွေ့ရမှာပဲဖြစ်ပါတယ်။ တိုက်စစ်နဲ့ ခံစစ်တို့ရဲ့ အားနည်းချက်ကို တွေ့ရမယ့်ပကတိအခြေအနေဖြစ်ပါတယ်။ ဒါဟာ အဆင့်(၄) ဝင်ဖို့အတွက် လုံလောက်တဲ့ စွမ်းရည်မဟုတ်ဘူးဆိုတာကို တွေ့ကြရမှာပဲဖြစ်ပါတယ်။ ၂၀၀၁ ကစတင်လို့ နည်းပြအပြောင်းအလဲတွေလုပ်လိုက်တာ စုစုပေါင်း ရှစ်ယောက်အထိ ရှိထားတဲ့ တော့တင်ဟမ်ဟော့စပါးဟာ ထိပ်သီးစာရင်းဝင်ချင်နေတာ ကြာပါပြီ။ ဒါပေမဲ့ အရာရာ မပြီးမြောက်ခဲ့ပါဘူး။ အခုလည်း မနှစ်က ဆောက်သမ်တန်မှာ အစွမ်းပြခဲ့တဲ့ ပိုချက်တီနိုဟာ စပါးကိုတတ်နိုင်ပါ့မလား စောင့်ကြည့်နေကြတာ ရှစ်ပွဲကစားအပြီးမှာတော့ စပါးဟာ အဆင့်(၁၁)ဆိုတဲ့နေရာကိုသာ ရရှိထားလျက်ရှိနေခဲ့ပါတယ်။ အိမ်ကွင်းမှာ ကျူပီအာရ်ကို ဂိုးပြတ်နိုင်တဲ့ပွဲ၊ အာဆင်နယ်ကို အဝေးကွင်းမှာ သရေကစားနိုင်တဲ့ပွဲကလွဲရင် ပိုချက်တီနိုမှာ ပြောစရာမရှိတော့ပါဘူး၊ ဝက်စ်ဘရွန်းကို အိမ်ကွင်းမှာရှုံးတယ်။ နယူးကာဆယ်ကို အိမ်ကွင်းမှာရှုံးတယ်ဆိုတဲ့အချက်တွေက စပါးအနေနဲ့ အဆင့်လေးဝင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာ ပြနေတာသာ ဖြစ်ပါတယ်။ စပါးရဲ့ သွင်းဂိုးစုစုပေါင်းက ၁၁ သာ ရှိထားတဲ့အနေအထားက စပါးတိုက်စစ်ဟာ မကောင်းဘူးလို့ ပြောနေတာသာဖြစ်ပါတယ်။ ဆောက်သမ်တန် ဂိုး ၂၀၊ ဝက်စ်ဟမ်း ၁၇ ဂိုးတို့က စပါးထက် တိုက်စစ် ပိုမြင့်လာနေတယ်ဆိုတာကို ပြနေတာပါ။ စပါးတိုက်စစ်အဆင့်က တန်းတက်လာတဲ့ လက်စတာရဲ့ တိုက်စစ်အဆင့်သာရှိလို့ နယူးကာဆယ်ကို အိမ်ကွင်းမှာ ပထမပိုင်းအနိုင်ရနေရာကနေ ဒုတိယပိုင်းရောက်တော့ နှစ်ဂိုးပြန်ပေးလိုက်ရတာပဲဖြစ်ပါတယ်။ ဒါတွေက နည်းပြသစ် ပိုချက်တီနိုအပေါ် ဖိအားတွေတိုးလာစေတာပဲဖြစ်ပါတယ်။

> အဒီဘာယောရော ဆိုလ်ဒါဒိုပါ စပါးတိုက်စစ်မှာ ကြောက်စရာကောင်းတဲ့၊ သတိထားရတဲ့ တိုက်စစ်မှူးတွေမဟုတ်တာက စပါးတိုက်စစ်အားနည်းနေခြင်း

တကယ်တော့ အဒီဘာယောရော၊ ဆိုလ်ဒါဒိုပါ စပါးတိုက်စစ်မှာ ကြောက်စရာကောင်းတဲ့၊ သတိထားရတဲ့တိုက်စစ်မှူးတွေမဟုတ်တာက စပါးတိုက်စစ်အားနည်းနေခြင်းရဲ့ အဓိကအချက်ပဲဖြစ်ပါတယ်။ ကွင်းလယ်ပိုင်းမှာလည်း ပိုချက်တီနိုဟာ လင်နွန်ကို ဘေးဖယ်ထားလိုက်ပြီး ချက်ဒ်လီနဲ့ လာမယ်လာကို အဲရစ်ဆင်နဲ့ တွဲထားခဲ့ပြီး ကွင်းလယ်မှာ ကစားသမားသစ် မေဆင်နဲ့က ပူးကိုတွဲထားခြင်းကို ကြည့်လိုက်ရင် စပါးကွင်းလယ်ဟာလည်းပဲ အရင်နည်းပြတွေနဲ့ မတူ အပြောင်းလဲကြီး ပြောင်းလဲထားတဲ့ ကွင်းလယ်ဆိုတာကို တွေ့ကြရမှာပဲ ဖြစ်ပါတယ်။ လာမယ်လာကို နေရာပြန်ပေးထားခဲ့တာ မှန်ကောင်းမှန်နိုင်ပေမယ့် လင်နွန်လိုတိုက်စစ်ကို အများကြီး ထောက်ပံ့ပေးတဲ့ တောင်ပံသမားကို နေရာမပေးတာက ပိုချက်တီနိုရဲ့ မှားယွင်းမှုပဲဖြစ်ပါတယ်။ အရင်နှစ်တွေက စပါးဟာ အဆင့်(၄) မဝင်

စာမျက်နှာ ၄၈ သို့

ပရီမီယာလိဂ်ပွဲစဉ်(၁၀)

ဂိုးတွေများမယ့် မန်ချက်စတာဒါဘီ

အောင်မိုးဇော်

မန်စီးတီး – မန်ယူ (တနင်္ဂနွေ၊ ည ၈း၀၀)

နှစ်ဖက်သွင်းဂိုးဟာ အနည်းဆုံးသုံးဂိုးရှိနေမှာ သေချာတဲ့ ပွဲဖြစ်ပါတယ်။ စီးတီးခံစစ်က မန်ယူခံစစ်လိုဖြစ်နေတာကလည်း ဂိုးများစေမယ့်အနေအထားဖြစ်လို့ ဒီပွဲရဲ့အသေချာဆုံးက ဂိုးများမှာပဲဖြစ်လို့ အသင်းကိုမရွေးဘဲ ဂိုးအများကိုပဲ ရွေးစေချင်ပါတယ်။

နယူးကာဆယ် – လီဗာပူး (စနေ၊ ည ၇း၁၅)

နယူးကာဆယ်က အသင်းကြီးတွေကို အိမ်ကွင်းမှာ အခက်တွေ့အောင် ကစားတတ်တဲ့ အသင်း ဖြစ်ပါတယ်။ အခုလည်း လီဗာပူး အခက်တွေ့ဦးမှာပါ။ နယူးကာဆယ်ကို ဆက်ရွေးရမှာဖြစ်ပါတယ်။

ချယ်လ်ဆီး – ကျူပီအာရ် (စနေ၊ ည ၉း၃၀)

ကျူပီအာရ်နောက်တန်းက အသက်ကြီးသမားတွေ ဦးစားပေးထားတာက စဉ်းစားစရာဖြစ်ပါတယ်။ ဖာဒီနန်၊ ဒစ်စတင်တို့ကို ဦးစားပေးထားပြီး ကိုယ့်ဂိုးကိုယ်သွင်းနေကြသူတွေဖြစ်လို့ ကျူပီအာရ် ခံစစ်ကစားနိုင်မယ်မထင်ပါဘူး။ ချယ်လ်ဆီးအနည်းဆုံး နှစ်ဂိုးပြတ်တော့ သွင်းသွားနိုင်ပါတယ်။ သုံးဂိုးပြတ်ဖို့တော့ မှန်းရခက်တဲ့ အနေအထားဖြစ်ပါတယ်။

အာဆင်နယ် – ဘန်လေ (စနေ၊ ည ၉း၃၀)

အာဆင်နယ်ကတော့ ဒီတစ်ပတ်ပွဲချောင်နေပါတယ်။ ပွဲကစားဖို့ အများကြီး ကျန်နေသေးပေမယ့် ဘန်လေရှုံးနိုင်မှာ မဟုတ်ပါဘူး။ ဘန်လေ ခံစစ်ကစားရင်တော့ မဆိုးဘူးလို့ဆိုနိုင်ပေမယ့် အာဆင်နယ်ကွင်းမှာ မလွယ်ပါဘူး၊ အာဆင်နယ် နှစ်ဂိုးတော့ ပြတ်မှာပါ။

အဲဗာတန် – ဆွမ်ဆီး (စနေ၊ ည ၉း၃၀)

အဲဗာတန် အလွယ်တကူအနိုင်ရဖို့ မလွယ်တဲ့ပွဲဖြစ်ပါတယ်။ ဆွမ်ဆီးတိုက်စစ်ထက်ခံစစ်ကို ဦးစားပေး ပြင်ဆင်လာမယ့်ပွဲဖြစ်လို့ ဂိုးသွင်းကောင်းတဲ့ အဲဗာတန်ကစားရခက်မယ့်ပွဲ ဖြစ်ပါတယ်။ အမှားမခံတဲ့ပွဲဖြစ်လို့ သရေနဲ့ အဆုံးသတ်သွားနိုင်ပါတယ်။

ဟားလ်စီးတီး – ဆောက်သမ်တန် (စနေ၊ ည ၉း၃၀)

ဟားလ်စီးတီးက အိမ်ကွင်းဆိုရင် မိနစ် ၃၀ အတွင်းမှာ အမြန်နှုန်းတင်ပြီး ကစားတတ်တဲ့ အသင်းဖြစ်လို့ ဆောက်သမ်တန်တောင့်ခံနိုင်ဖို့ လိုပါတယ်။ ဟားလ်စီးတီးကစားတာ မာကျောလို့ ဆောက်သမ်တန်မလွယ်တဲ့ပွဲဖြစ်ပါတယ်။ မှန်လွန်းတဲ့ ဆောက်သမ်တန်ရဲ့ရစ်သမ် ဒီပွဲမှာပျက်သွားပါလိမ့်မယ်။ ဟားလ်စီးတီးကနေလိုက်ပါ။

လက်စတာ – ဝက်စ်ဘရွန်း (စနေ၊ ည ၉း၃၀)

လက်စတာတိုက်စစ်ကောင်းတဲ့အတွက် ဝက်စ်ဘရွန်း ဂိုးတွေပေးရမှာ သေချာပါတယ်။ ခြေသိပ်မကျွာတဲ့နှစ်သင်းပွဲမှာ အိမ်ကွင်းကစားအားကောင်းတဲ့ လက်စတာကို ရွေးရမှာဖြစ်ပါတယ်။

စတုတ် – ဝက်စ်ဟမ်း (စနေ၊ ည ၉း၃၀)

ဝက်စ်ဟမ်းက တိုက်စစ်ရော၊ ကွင်းလယ်ပါ တော်တော်တိုးတက်ပြောင်းလဲသွားတဲ့ အသင်းဖြစ်နေပါတယ်။ ဒါကြောင့် လီဗာပူး၊ မန်စီးတီးတို့ကို အနိုင်ကစားခဲ့တာ ဖြစ်ပါတယ်။ အခုပွဲမှာလည်း ဝက်စ်ဟမ်းမရှုံးနိုင်တဲ့ပွဲဖြစ်ပါတယ်။

ဗီလာ – စပါး (တနင်္ဂနွေ၊ ည ၁၀း၃၀)

စပါးကလည်း မနှစ်ကလောက် ကောင်းတဲ့အသင်းမဟုတ်ပါဘူး။ ခြေမမှန်ဖြစ်နေတဲ့အသင်းဖြစ်ပါတယ်။ လူအင်အားချင်းမှာတော့ စပါးက ဗီလာထက်ပိုပြီး တောင့်တင်းတဲ့အသင်းဖြစ်လို့ ဒီပွဲမှာ စပါးကစားအားတင်လာမယ်လို့ ယူဆရပါတယ်။ စပါးနိုင်သွားမယ်ထင်ပါတယ်။

ပဲလေ့စ် – ဆန်းဒါးလန်း (အင်္ဂါ၊ နံနက် ၂း၃၀)

ပဲလေ့စ်က တိုက်စစ်ကစားတာကောင်းပေမယ့် ခံစစ်ကတော့ ဆိုးဆိုးရွားရွားအသင်းဖြစ်ပါတယ်။ အိမ်ကွင်းဆိုရင် တိုက်စစ်ကိုဦးစားပေးတဲ့အသင်းလည်း ဖြစ်ပါတယ်။ ဆန်းဒါးလန်းကလည်း ရစ်သမ်ပျက်နေတာ ဆိုးဆိုးရွားရွားဖြစ်နေပါတယ်။ အသင်းကိုရွေးရင် အိမ်ရှင်ကိုရွေးသင့်ပြီး ဂိုးကိုရွေးရင် ဂိုးအများကိုရွေးရမှာပါ။ သေချာတာက ဂိုးအများပဲဖြစ်ပါတယ်။ ■

ပရီမီယာလိဂ် ပွဲစဉ် (၉)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ချယ်လ်ဆီး	၉	၇	၂	၀	၂၄	၉	၂၃
ဆောက်သမ်တန်	၉	၆	၁	၂	၂၀	၅	၁၉
မန်စီးတီး	၉	၅	၂	၂	၁၉	၁၀	၁၇
ဝက်စ်ဟမ်း	၉	၅	၁	၃	၁၇	၁၂	၁၆
အာဆင်နယ်	၉	၃	၅	၁	၁၅	၁၁	၁၄
ဆွမ်ဆီး	၉	၄	၂	၃	၁၃	၁၀	၁၄
လီဗာပူး	၉	၄	၂	၃	၁၃	၁၂	၁၄
မန်ယူ	၉	၃	၄	၂	၁၆	၁၃	၁၃
အဲဗာတန်	၉	၃	၃	၃	၁၉	၁၇	၁၂
ဟားလ်စီးတီး	၉	၂	၅	၂	၁၃	၁၃	၁၁
စပါး	၉	၃	၂	၄	၁၁	၁၃	၁၁
စတုတ်	၉	၃	၂	၄	၈	၁၀	၁၁
ဝက်စ်ဘရွန်း	၉	၂	၄	၃	၁၂	၁၃	၁၀
နယူးကာဆယ်	၉	၂	၄	၃	၁၀	၁၅	၁၀
ဗီလာ	၉	၃	၁	၅	၄	၁၄	၁၀
ခရစ္စတယ်ပဲလေ့စ်	၉	၂	၃	၄	၁၃	၁၆	၉
လက်စတာ	၉	၂	၃	၄	၁၁	၁၅	၉
ဆန်းဒါးလန်း	၉	၁	၅	၃	၈	၁၇	၈
ကျူပီအာရ်	၉	၂	၁	၆	၈	၁၈	၇
ဘန်လေ	၉	၀	၄	၅	၅	၁၆	၄

ပရီမီယာလိဂ်ပွဲစဉ်(၉)

ဝက်စ်ဟမ်း	၂-၁	မန်စီးတီး
လီဗာပူး	၀-၀	ဟားလ်စီးတီး
ဆောက်သမ်တန်	၁-၀	စတုတ်
ဆန်းဒါးလန်း	၀-၂	အာဆင်နယ်
ဝက်စ်ဘရွန်း	၂-၂	ခရစ္စတယ်ပဲလေ့စ်
ဆွမ်ဆီး	၂-၀	လက်စတာ
ဘန်လေ	၁-၃	အဲဗာတန်
စပါး	၁-၂	နယူးကာဆယ်
မန်ယူ	၁-၁	ချယ်လ်ဆီး
ကျူပီအာရ်	၂-၀	ဗီလာ

သွင်းဂိုးအများဆုံး

ဒီယေဂိုကော်စတာ (ချယ်လ်ဆီး)	၉ ဂိုး
အဂူရို (မန်စီးတီး)	၉ ဂိုး
ဘီရာဟင်နို (ဝက်စ်ဘရွန်း)	၇ ဂိုး
ပယ်လီ (ဆောက်သမ်တန်)	၆ ဂိုး
ဆာခို (ဝက်စ်ဟမ်း)	၆ ဂိုး

ဗလင်စီယာခံစစ်ဟာ သိပ်စိတ်ချထားလို့ မရသေးဘဲ ပွဲတိုင်းနီးပါးဂိုးပေးနေရတဲ့ အနေအထားကလည်း
SPORT 48

နာပိုလီ တောင်ပံတိုက်စစ်သည် စီးရီးအေတွင် ထိပ်တန်းအဆင့်ရှိသောကြောင့် ဟမ်ဆစ်၏ စွမ်းဆောင်ရည် ထက်မြက်လာခြင်းက
SPORT 52

ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၀)

ဘိုင်ယန်နဲ့ ဒေါ့မွန် ထိပ်တိုက်အဆုံ မွန်ချင်အခွင့်အရေးယူမယ်

လာမယ့်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၀)မှာတော့ ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ထိပ်တိုက်တွေ့နေကြပြီး တစ်ချိန်က သူတို့နှစ်သင်းဟာ ကြီးမားတဲ့ အစဉ်အလာပြိုင်ဘက်တွေဖြစ်ခဲ့ပါတယ်။ ဂုဏ်သိက္ခာ၊ မာန်မာနတွေနဲ့ အစဉ်အလာတွေရဲ့ကြားမှာ ပွဲကောင်းတစ်ပွဲကို ကြည့်ကြရဦးမှာပါ။

ကိုထွဋ်(စိန့်ဂျွန်း)

ရှော်လ်ကေး – အော့စ်ဘတ်

စနေ၊ နံနက် ၂း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ အော့စ်ဘတ် ၁-၂ ရှော်လ်ကေး

အော့စ်ဘတ်ထက်တောင် အိမ်ရှင်ရှော်လ်ကေးက တန်းစီဇယားအောက်ရောက်နေသေးတယ်။ ဒါပေမဲ့ ရှော်လ်ကေးဟာ အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးဘူး။ အော့စ်ဘတ် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲစလုံးမှာ လေဗာကူဆင်၊ ဝုဖ်ဘတ်၊ မိန့်ဇ်တို့ကို ဆက်တိုက်ရှုံးခဲ့တာတွေ့ရတယ်။ ဂယ်လ်ဆင်ကာချန်မှာ ရှော်လ်ကေးနဲ့အတူ အောင်ပွဲခံရမယ့်ညပါပဲ။

မိန့်ဇ် – ဝါဒါဘရီမင်

စနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ မိန့်ဇ် ၃-၀ ဝါဒါဘရီမင်

မိန့်ဇ်ဟာ ဝုဖ်ဘတ်နဲ့ပွဲအပါအဝင် ၂၀၁၄ ခုနှစ်မှာတော့ ပွဲချိန်ပထမပိုင်းမှာ ရှုံးတဲ့ လေးပွဲစလုံး အပြီးသတ်မှာ ရှုံးနိမ့်ခဲ့တယ်လို့ မှတ်တမ်းတွေက ဆိုပါတယ်။ ဝါဒါဘရီမင်ဟာလည်း နောက်ဆုံးပွဲ ကိုလုံးကို အိမ်ကွင်းမှာတောင် ရှုံးနိမ့်ခဲ့ပါတယ်။ အခုထိ နိုင်ပွဲမရ သေးတဲ့ ဝါဒါဘရီမင် ရှုံးပွဲမရှိတဲ့ မိန့်ဇ် အိမ်ကွင်းမှာ နိုင်စရာအကြောင်းမရှိပါဘူး။

ဟန်နိုဗာ – ဖရန့်ဖတ်

စနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဖရန့်ဖတ် ၂-၃ ဟန်နိုဗာ

နှစ်သင်းစလုံး DFP ပိုကယ်ဖလား ကစားရရှိပါတယ်။ ဟန်နိုဗာက 'အလန်'ကို အဝေးကွင်းသွားရောက်ရင်ဆိုင်ရမှာဖြစ်ပြီး ဖရန့်ဖတ်က မွန်ချင်ဂလက်ဘတ်နဲ့ ဘွန်ဒက်စ်လီဂါ အသင်းအချင်းချင်း ထိပ်တိုက်တွေ့မှာဖြစ်ပါတယ်။ နှစ်သင်းပေါင်းသွင်းဂိုးအများကို ရွေးပြီး ထိုင်ကြည့်တာ အကောင်းဆုံးပါပဲ။

စတုဂတ် – ဝုဖ်ဘတ်

စနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ စတုဂတ် ၁-၂ ဝုဖ်ဘတ်

စတုဂတ်ကတော့ အခုနောက်ဆုံး ဖရန့်ဖတ်ကို အဝေးကွင်းမှာ ၄-၅ နဲ့နိုင်ဆိုတော့ သူတို့ရဲ့ခန္ဓာကိုယ်ထဲမှာ ဂိုးသွင်းမယ့်သွေးတွေ လှည့်ပတ်စီးနေတယ်။ ဝုဖ်ဘတ်ကလည်း ဂိုးပေါက်ရှာတွေ့ ကောင်းနေဆဲဖြစ်တယ်။ ဒါပေမဲ့ အဝေးကွင်း လာကစားရတာတောင် အပေါ်စီးက စိန်ခေါ်လာတဲ့ ဝုဖ်ဘတ်ကို ငြင်းပယ်မယ်။

ဟမ်းဘတ် – လေဗာကူဆင်

စနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဟမ်းဘတ် ၂-၁ လေဗာကူဆင်

ဟမ်းဘတ်ကတော့ နိုင်ပွဲတစ်ပွဲသာရပြီး တန်းဆင်းဇုန်ထဲကျရောက်နေပါပြီ။ အိမ်ကွင်းမှာလည်း နိုင်ပွဲလုံးဝမရသေးဘဲ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးကာ နှစ်ဂိုးပဲ သွင်းနိုင်သေးတယ်။ အဆင့်(၅)မှာ ရပ်တည်နေတဲ့ လေဗာကူဆင်ဟာ အဝေးကွင်း နှစ်ပွဲဆက်တိုက် သရေကျခဲ့တာကတော့ စဉ်းစားစရာပါပဲ။ ဘိုင်ယန်ကိုတောင် သရေ ကစားနိုင်ခဲ့တဲ့ ဟမ်းဘတ်နဲ့ အိမ်ထမင်း အိမ်ဟင်း စားလိုက်ကြရအောင်။

ဘိုင်ယန် – ဒေါ့မွန်

စနေ၊ ည ၁၂း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဒေါ့မွန် ၂-၀ ဘိုင်ယန်မြူးနစ်

အင်မတန် ကြည့်ကောင်းမယ့်ပွဲတစ်ပွဲပါပဲ။ တစ်ခုတော့ရှိတယ်။ နှစ်သင်းစလုံး DFP ပိုကယ်ဖလားပြိုင်ပွဲတွေ ကစားရမယ်။ ဟမ်းဘတ်ကွင်းကို ဘိုင်ယန်က သွားကစားရမှာဖြစ်သလို ဒေါ့မွန်ကလည်း စိန့်ပေါ်လီကွင်း သွားရမှာပါ။ ဘွန်ဒက်စ်လီဂါလေးပွဲဆက်တိုက် ရှုံးထားပြီး ရှော်လ်ကေး၊ ဟမ်းဘတ်၊ ကိုလုံး၊ ဟန်နိုဗာတို့ကို နှစ်ဂိုးပဲသွင်းနိုင်ခဲ့တဲ့ ဒေါ့မွန်ကို မေ့ထားတာ ကောင်းမယ်။

မွန်ချင်ဂလက်ဘတ် – ဟော့ဖန်ဟိမ်း

တနင်္ဂနွေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ မွန်ချင် ၂-၂ ဟော့ဖန်ဟိမ်း

ထိပ်တိုက်တွေ့ကြပါပြီ။ မွန်ချင်ကလည်း အိမ်ကွင်းမှာ ရှုံးပွဲမရှိ နှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားတယ်။ အဆင့်(၄)နေရာက ဟော့ဖန်ဟိမ်းကလည်း အဝေးကွင်းမှာ ရှုံးပွဲမရှိ တစ်ပွဲနိုင်၊ သုံးပွဲသရေကျထားတယ်။ သရေပွဲဖြစ်ရင်တော့ မွန်ချင်မျက်လုံးထဲ ပိုးစိမ်းကောင် ဝင်တာပါပဲ။ သရေကျသွားနိုင်လို့ DFP ပိုကယ်ဖလားလည်း ရှိနေတဲ့ အိမ်ရှင်နဲ့ လက်တွဲဖြုတ်မယ်။

ကိုလုံး – ဖရိုင်းဘတ်

တနင်္ဂနွေ၊ ည ၁၁း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဖရိုင်းဘတ် ၄-၁ ကိုလုံး

ကိုလုံးပရိသတ်တွေအနေနဲ့ ဘယ်လိုနိုင်နိုင် နိုင်ဖို့က အရေးကြီးတယ်။ သရေကျဖို့တော့ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး။ အိမ်ရှင်ကိုလုံးက အဆင့်(၁၀)မှာ ရပ်တည်နေပြီး အိမ်ကွင်းမှာ တစ်ပွဲရှုံးထားတယ်။ အဲဒါက ဘိုင်ယန်ကိုပါ။ ဖရိုင်းဘတ်ကတော့ တန်းဆင်းဇုန်ထဲရောက်နေပြီး အခုအချိန်ထိ အဝေးကွင်း နိုင်ပွဲမရှိသေးဘူး။ နှစ်သင်းစလုံး DFP ပိုကယ်ဖလားကို အဝေးကွင်းတွေမှာ သွားကစားရမှာမို့ ပွဲပန်းတာချင်းအတူတူဖြစ်ပေမယ့် ဖရိုင်းဘတ်က အဝေးကွင်းသုံးပွဲဆက် ကစားရတာဖြစ်တယ်။ အိမ်ရှင်ဖြစ်တဲ့ ကိုလုံးကိုပဲ ရွေးချယ်သင့်ပါတယ်။

ပက်ဒါဘွန်း – ဟာသာဘာလင်

တနင်္ဂနွေ၊ ည ၁၁း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ပက်ဒါဘွန်း ၀-၁ ဟာသာဘာလင်

ဟင်းကောင်းကျွေးကောင်းတွေ စားနေတဲ့ ဝိုင်းမှာ ပက်ဒါဘွန်းက အရန်ဟင်းတစ်မည် သက်သက်မဟုတ်ဘူးဆိုတာ သူတို့ရဲ့အိမ်ကွင်းမှာ ဖရန့်ဖတ်ကို ၃-၁ နဲ့နိုင်လိုက်ကတည်းက ပြသခဲ့ပြီး အဆင့်(၇)မှာ ရပ်တည်နေတဲ့ တန်းတက်ပက်ဒါဘွန်းအသင်းဟာ အိမ်ကွင်းမှာ တစ်ပွဲပဲရှုံးသေးတယ်။ အိမ်ကွင်းမှာကစားရပြီး ကြိုက်ရာရွေးချယ်ခွင့်ရှိတဲ့အခါ ပက်ဒါဘွန်းကို ရွေးထားတာ ကောင်းပါတယ်။

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၉	၆	၃	၀	၂၁	၂	၂၁
ဂလက်ဘတ်	၉	၄	၅	၀	၁၂	၄	၁၇
ဝုဖ်ဘတ်	၉	၅	၂	၂	၁၆	၉	၁၇
ဟော့ဖန်ဟိမ်း	၉	၄	၅	၀	၁၃	၇	၁၇
လေဗာကူဆင်	၉	၄	၄	၁	၁၇	၁၄	၁၆
မိန့်ဇ်	၉	၃	၅	၁	၁၂	၁၀	၁၄
ဟန်နိုဗာ	၉	၄	၁	၄	၆	၁၁	၁၃
ပက်ဒါဘွန်း	၉	၃	၃	၃	၁၃	၁၂	၁၂
အော့စ်ဘတ်	၉	၄	၀	၅	၁၁	၁၁	၁၂
ကိုလုံး	၉	၃	၃	၃	၇	၇	၁၂
ဖရန့်ဖတ်	၉	၃	၃	၃	၁၇	၁၈	၁၂
ရှော်လ်ကေး	၉	၃	၂	၄	၁၃	၁၃	၁၁
ဟာသာဘာလင်	၉	၃	၂	၄	၁၄	၁၆	၁၁
စတုဂတ်	၉	၂	၃	၄	၁၄	၁၉	၉
ဒေါ့မွန်	၉	၂	၁	၆	၁၀	၁၅	၇
ဟမ်းဘတ်	၉	၁	၃	၅	၃	၁၂	၆
ဖရိုင်းဘတ်	၉	၀	၅	၄	၈	၁၄	၅
ဝါဒါဘရီမင်	၉	၀	၄	၅	၁၀	၂၃	၄

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

ဝါဒါဘရီမင်	၀-၁	ကိုလုံး
အော့စ်ဘတ်	၂-၀	ဖရိုင်းဘတ်
ဒေါ့မွန်	၀-၁	ဟန်နိုဗာ
ဖရန့်ဖတ်	၄-၅	စတုဂတ်
ဟာသာဘာလင်	၁-၀	ဟမ်းဘတ်
ဟော့ဖန်ဟိမ်း	၁-၀	ပက်ဒါဘွန်း
လေဗာကူဆင်	၁-၀	ရှော်လ်ကေး
ဝုဖ်ဘတ်	၃-၀	မိန့်ဇ်
ဂလက်ဘတ်	၀-၀	ဘိုင်ယန်

သွင်းဂိုးအများဆုံး

ဂေါ့ဇီ (ဘိုင်ယန်)	၆ ဂိုး
မီယာ(ဖရန့်ဖတ်)	၆ ဂိုး
အိုကာဇာကီ (မိန့်ဇ်)	၅ ဂိုး
မက်စ်ခရူဆေး (ဂလက်ဘတ်)	၅ ဂိုး

ဗလင်စီယာမြို့ခံနှစ်သင်းဆုံမယ့်ပွဲမှာ ဗီလာရီးယဲလ်ကိုပဲ ရွေးထားမယ်

ဟိန်းသန့်

ဗီလာရီးယဲလ် – ဗလင်စီယာ

တနင်္ဂနွေ၊ ည ၁၀း၃၀

လာလီဂါက ကိုးပွဲစီကစားပြီးမှာ ခါတိုင်းရာသီတွေနဲ့မတူဘဲ ထိပ်ပိုင်းအသင်းတွေကြားမှာ အမှတ်ကွာဟမှုတွေသိပ်မရှိပါဘူး။ အရင်ရာသီတွေကဆိုရင် အသင်းကြီးတွေနဲ့ ကျန်တဲ့အသင်းတွေကြားမှာ ဒီအချိန်လောက်ကစပြီး အမှတ်ကွာဟမှုရှိခဲ့ပေမယ့် ဒီရာသီမှာတော့ ထိပ်ပိုင်းမှာ အသင်းအများစုအပြိုင်အဆိုင်ပိုဖြစ်လာတာတွေ့ရတယ်။ ဒီအနေအထားဟာ နောက်လာမယ့်ပွဲတွေမှာ ချန်ပီယံဆုအတွက် မဟုတ်ရင်တောင် ဥရောပပွဲဝင်ခွင့်အတွက် အပြိုင်အဆိုင်ပိုရှိလာတော့မယ့်ပုံမျိုးပေါ်လာပါတယ်။

အခုတစ်ပတ်ကစားမယ့် ပွဲစဉ်(၁၀) မှာတော့ အသင်းကြီးတွေအတွက် သိပ်ခက်ခဲမယ်လို့ ထင်ရတဲ့ ပြိုင်ဘက်မျိုးတွေလည်း ရင်ဆိုင်ရဖို့ မရှိပါဘူး။ ဒီတစ်ပတ်ပွဲတွေထဲမှာ အကြိတ်အနယ် အဖြစ်နိုင်ဆုံးပွဲကတော့ ဗလင်စီယာမြို့ခံနှစ်သင်းရဲ့ ထိပ်တိုက်ဆုံမယ့် ပွဲပါပဲ။

ဗလင်စီယာမြို့ခံနှစ်သင်းဖြစ်တဲ့ ဗီလာရီးယဲလ်နဲ့ ဗလင်စီယာအသင်းတွေဟာ ဗီလာရီးယဲလ်ရဲ့ကွင်း အယ်လ်မက်ဒရီဂယ်မှာ ယှဉ်ပြိုင်ရဖို့ရှိပြီး ဒီပွဲဟာ မြို့ခံပြိုင်ဘက်နှစ်သင်းရဲ့ပွဲပီပီ အကြိတ်အနယ်နဲ့ အနိုင်မခံအရှုံးမပေးဘဲ ကစားကြမယ့်ပွဲမျိုးပါပဲ။ ဒီရာသီ ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း သိပ်ပြီးမကွာလှပါဘူး။

ဗီလာရီးယဲလ်ဟာ အသင်းကြီးတွေနဲ့ ကစားထားရတဲ့ပွဲတွေကို အရေးနိမ့်ထားလို့သာ ရမှတ်ပိုင်းမှာ ဗလင်စီယာထက်နည်းနေပေမယ့် ခြေစွမ်းပိုင်းအရတော့ ဗလင်စီယာကို ကောင်းကောင်းဖိအားပေးနိုင်မယ့် ခြေစွမ်းမျိုးကို ပိုင်ဆိုင်ထားတယ်။ ဗလင်စီယာကလည်း ဒီရာသီမှာ လာလီဂါတစ်ခုတည်းကို အာရုံစိုက်ထားခွင့်ရရှိနေတဲ့ အသင်းပီပီ ခြေစွမ်းပိုင်းတည်ငြိမ်မှုကိုလည်း ထိန်းထားနိုင်တာတွေ့ရတယ်။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲမှာ ဒီပို့တီဗိုကို အရေးနိမ့်ခဲ့ရတာကလွဲပြီး အိမ်ကွင်း အဝေးကွင်းမရွေး အကောင်းဆုံးကစားပြနေနိုင်တဲ့ ခြေစွမ်းနဲ့ဆိုရင် ဒီပွဲဟာ အဝေးကွင်းမှာဆိုပေမယ့်လည်း ဗလင်စီယာကို သိပ်ပြီးလျှော့တွက်လို့တော့ရမယ် မထင်ပါဘူး။

ရီးယဲလ်မက်ဒရစ်ဂိုးသမား ကားဆီးလက်စ်(ဝဲ)ကို ကျော်ပြီး ဂိုးသွင်းယူရန် ကြိုးစားနေသည့် ဗီလာရီးယဲလ်မှ ဗိုင်ယက်တို။

ဗီလာရီးယဲလ်ဟာ အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်မှာ အူချီရော ဒေါ့ဆန်းတို့စ်ပါနှစ်ယောက်စလုံး ပြန်ကစားနိုင်နေပြီး တိုက်စစ်ကစားပုံ တိုးတက်မှုရှိလာတာ တွေ့ရတယ်။ အထူးသဖြင့် ကွင်းလယ်ကိုအားပြုကာ လျင်လျင်မြန်မြန်နဲ့ထိုးဖောက်ကစားတတ်တဲ့ ဗီလာရီးယဲလ်ရဲ့ကစားပုံက ဗလင်စီယာကို ကောင်းကောင်းဖိအားပေးနိုင်ဖို့ ရှိနေတယ်။

ဗလင်စီယာကတော့ အဝေးကွင်းမှာ အိမ်ကွင်းလိုမဟုတ်ဘဲ အနည်းငယ် ထိန်းကစားတတ်တာတွေ့ရတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ အဝေးကွင်းပွဲမှာ ဒီပို့တီဗိုကို အရှုံးပေးခဲ့ရပြီး အဲဒီပွဲမှာ ဒီပို့ရဲ့ မြန်နှုန်းမြင့် ထိုးဖောက်ကစားဟန်ကို မနည်းထိန်းချုပ်ကစားနေရတာ တွေ့ရတယ်။ အထူးသဖြင့် ဗလင်စီယာခံစစ်ဟာ သိပ်စိတ်ချထားလို့မရသေးဘဲ ပွဲတိုင်းနီးပါးဂိုးပေးနေရတဲ့ အနေအထားကလည်း ခံစစ်အမှားကို စောင့်ကစားပြီး ဂိုးရအောင်ယူတတ်တဲ့ ဗီလာရီးယဲလ် တိုက်စစ်မှူး အူချီကြောင့် အခက်တွေ့မယ့်ပုံတော့ ရှိတယ်။

ဗီလာရီးယဲလ်ဟာ အိမ်ကွင်းဆိုပေမယ့်လည်း ခံစစ်ကိုသတိထားကစားတတ်တယ်။ ခံစစ်မှာ အသင်းခေါင်းဆောင် ဘရူနိုဟာ ခံစစ်ကြောင်းကို ဦးဆောင်မှုပေးနိုင်ပေမယ့် လျင်မြန်တဲ့ တိုက်စစ်ဆင်မှုမျိုးတွေနဲ့ တွေ့ရင်တော့ ဗီလာရီးယဲလ်ခံစစ်ကစားပုံဟာ အနည်းငယ် အားလျော့သွားတတ်တာမျိုး ဖြစ်သွားတတ်တယ်။

ဒီအချက်ဟာ ဗလင်စီယာအတွက် အခွင့်အရေး ဖြစ်လာနိုင်တယ်။ ဗလင်စီယာဟာ ကွင်းလယ်နဲ့ တိုက်စစ် ချိတ်ဆက်ကစားရာမှာ ကောင်းမွန်မှုရှိပြီး တိုက်စစ်မှာလည်း အခွင့်အရေးရရင် ဂိုးသွင်းနိုင်တဲ့ အယ်လ်ကာဆာလို တိုက်စစ်မှူးမျိုးတွေ ရှိနေတာကြောင့် ဗီလာရီးယဲလ်ခံစစ်ကို အချိန်မရွေး ဒုက္ခပေးသွားနိုင်စွမ်းရှိတယ်။ အထူးသဖြင့် ဗလင်စီယာ ကွင်းလယ်မှ ပါရီရို၊ ပီယက်တီ၊ အီဘန်နက်၊ ဖူကူလီနီ စတဲ့ကစားသမားတွေဟာ လျင်မြန်မှုအားကောင်းပြီး တိုက်စစ်ဖန်တီးပေးမှုတွေကို အမြန်ဆုံး ပြုလုပ်ပေးနိုင်စွမ်းရှိတယ်။ ဒါပေမဲ့ ဗလင်စီယာရဲ့ အဓိကအားနည်းမှုက ကွင်းလယ် အဖျက်ပိုင်းပဲဖြစ်တယ်။

ဒီပွဲဟာ မြို့ခံပြိုင်ဘက် အသင်းနှစ်သင်းရဲ့ ပွဲပီပီ နှစ်သင်းစလုံး အမှားမခံစတမ်း ကစားကြဖို့ရှိနေတဲ့အပြင် နှစ်သင်းစလုံးကလည်း ကြားထဲမှာ အနားရထားခဲ့ကြလို့ အင်ပြည့်အားပြည့်နဲ့ ကစားနိုင်ကြမယ့်ပုံအရ အပြိုင်အဆိုင်ရှိမယ့်ပွဲမျိုးလို့ ပြောနိုင်တယ်။ မြို့ခံပွဲတွေမှာ များသောအားဖြင့် အိမ်ရှင်အသင်းတွေအသာရလေ့ရှိပြီး ပြီးခဲ့တဲ့ရာသီကလည်း ဗီလာရီးယဲလ်ရဲ့ ဂိုးပြတ်အနိုင်ယူမှုကို ခံထားရတဲ့ ဗလင်စီယာအတွက် ဒီပွဲမှာ ဗီလာရီးယဲလ်ဆီက သုံးမှတ်အပြည့်ရအောင် ယူသွားနိုင်ဖို့ဆိုတာ သိပ်ပြီးမလွယ်လောက်ပါဘူး။ ဒါကြောင့် ဒီပွဲအတွက် ဂိုးအများနဲ့ ဗီလာရီးယဲလ်ကို ရွေးထားချင်တယ်။ ■

စပိန်လာလီဂါ ပွဲစဉ် (၉)							
အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘာစီလိုနာ	၉	၇	၁	၁	၂၄	၃	၂၂
ဆီဗီလာ	၉	၇	၁	၁	၁၇	၉	၂၂
ရီးယဲလ်	၉	၇	၀	၂	၃၃	၁၀	၂၁
ဗလင်စီယာ	၉	၆	၂	၁	၂၀	၈	၂၀
အလက်တီကို	၉	၆	၂	၁	၁၅	၇	၂၀
ဆယ်လ်တာ	၉	၄	၄	၁	၁၆	၁၁	၁၆
မာလာဂါ	၉	၄	၃	၂	၁၁	၈	၁၅
ဗီလာရီးယဲလ်	၉	၄	၂	၃	၁၃	၉	၁၄
ရာယို	၉	၃	၂	၄	၁၁	၁၆	၁၁
အက်စ်ပန်ညို	၉	၂	၄	၃	၉	၁၀	၁၀
အိုင်ဘာ	၉	၂	၄	၃	၉	၁၁	၁၀
ဂီတာဖေး	၉	၃	၁	၅	၆	၁၃	၁၀
အယ်လ်မီရီယာ	၉	၂	၃	၄	၇	၁၀	၉
ဂရန်နာဒါ	၉	၂	၃	၄	၆	၁၃	၉
ဘီလ်ဘာအို	၉	၂	၂	၅	၆	၁၂	၈
ဒီပို့တီဗို	၉	၂	၂	၅	၁၁	၁၉	၈
ဆိုစီဒက်	၉	၁	၃	၅	၁၀	၁၄	၆
ကော်ဒိုဘာ	၉	၀	၅	၄	၆	၁၄	၅
အယ်လ်ချီ	၉	၁	၂	၆	၈	၂၀	၅
လီဗန်တေး	၉	၁	၂	၆	၄	၂၃	၅

အခြားပွဲစဉ်များ

စနေ၊ နံနက် ၂း၁၅

* ဒီပို့တီဗို - ဂီတာဖေး

စနေ၊ ည ၉း၃၀

ဂရန်နာဒါ - ရီးယဲလ် *

စနေ၊ ည ၁၁း၃၀

* အလက်တီကို - ကော်ဒိုဘာ

တနင်္ဂနွေ၊ နံနက် ၁း၃၀

* ဘာစီလိုနာ - ဆယ်လ်တာ

တနင်္ဂနွေ၊ နံနက် ၃း၃၀

* ဆိုစီဒက် - မာလာဂါ

တနင်္ဂနွေ၊ ညနေ ၅း၃၀

ဘီလ်ဘာအို - ဆီဗီလာ *

တနင်္လာ၊ နံနက် ၀၀း၃၀

* လီဗန်တေး - အယ်လ်မီရီယာ

တနင်္လာ၊ နံနက် ၂း၃၀

အယ်လ်ချီ - အက်စ်ပန်ညို *

အင်္ဂါ၊ နံနက် ၂း၁၅

* ရာယို - အိုင်ဘာ

စပိန်လာလီဂါ ပွဲစဉ်(၉)		
ဆယ်လ်တာ	၃-၀	လီဗန်တေး
အယ်လ်မီရီယာ	၀-၁	ဘီလ်ဘာအို
ရီးယဲလ်	၃-၁	ဘာစီလိုနာ
ဗလင်စီယာ	၃-၁	အယ်လ်ချီ
ကော်ဒိုဘာ	၁-၁	ဆိုစီဒက်
အိုင်ဘာ	၁-၁	ဂရန်နာဒါ
မာလာဂါ	၄-၀	ရာယို
အက်စ်ပန်ညို	၀-၀	ဒီပို့တီဗို
ဆီဗီလာ	၂-၁	ဗီလာရီးယဲလ်
ဂီတာဖေး	၀-၁	အလက်တီကို

သွင်းဂိုးအများဆုံး	
ရော်နယ်လ်ဒို (ရီးယဲလ်)	၁၆ ဂိုး
နေမာ (ဘာစီလိုနာ)	၉ ဂိုး
မက်ဆီ (ဘာစီလိုနာ)	၇ ဂိုး
ကားလို့စ်ဘက်ကာ (ဆီဗီလာ)	၇ ဂိုး
လာရီဗေး (ဆယ်လ်တာ)	၆ ဂိုး



ဖိအားများနဲ့ ပိုချက်တီနို၊ အဆင့်လေးရဖို့ ခက်သွားတဲ့ ....

စာမျက်နှာ ၄၆ မှ

ပေမယ့် ထိပ်သီးအသင်းတွေရဲ့ ဖျက်မြင်းအဆင့်ရှိတဲ့ အသင်းဖြစ်နေခဲ့ပါတယ်။ ဒီနှစ်ခြေစွမ်းက ဖျက်မြင်းအဆင့် ခြေစွမ်းမှာ မရှိသေးတာက တောင်ပံတွေ အားနည်းသွားခြင်းကြောင့်ဆိုတာ သိသာနေခဲ့ပါတယ်။ အဲရစ်ဆင်ကို အတွင်းဝင် ကစားခိုင်းတာကလည်း လွဲချော်မှုပဲဖြစ်ပါတယ်။ အဲရစ်ဆင်ရဲ့မူလနေရာက တောင်ပံသာပဲ ဖြစ်ပါတယ်။ စပါးမှာ တောင်ပံသမားတွေ များပြားနေတဲ့ ပြဿနာကို ဖြေရှင်းမှုမရှိခြင်းရဲ့ အဓိကအားနည်းချက်လို့လည်း သုံးသပ်ရမှာဖြစ်ပါတယ်။ နောက်တန်းအတွင်းနေရာမှာ မိုက်ကယ်ဒေါ်ဆင်ကို ရောင်းထုတ်ပြီး ကာဘူးလ်လို ခြေပုံမှန်မရှိသူကို ကပ္ပတိန်ပေးပြီး ဦးစားပေး နေရာပေးလိုက်ခြင်းကလည်း ပိုချက်တီနိုရဲ့အားနည်းချက်ပဲဖြစ်ပါတယ်။ ကာဘူးလ်ဟာ ဖရိုဖရဲ ကစားတတ်တဲ့ ကစားသမားတစ်ယောက်သာပဲဖြစ်ပါတယ်။ ထိပ်တန်းအဆင့်မှာ ရှိထားသူတစ်ယောက်မဟုတ်ပါဘူး။ မန်စီးတီးနဲ့ပွဲမှာ ပင်နယ်တီ သုံးဂိုးပေးရတဲ့ နောက်တန်းကို ပိုချက်တီနိုဟာ ဘာကြောင့်မပြောင်းလဲနိုင်သလဲဆိုတာ စဉ်းစားစရာပဲဖြစ်ပါတယ်။

ဆောက်သမ်တန်၊ ဝက်စ်ဟမ်းတို့ ထိုးထိုးထောင်ထောင်တက်လာတာဟာ စပါးအတွက် သတိပြုစရာဖြစ်ပါတယ်။ အဲဗာတန်၊ စပါးဆိုတာ ထိပ်သီးတွေကို ခြိမ်းခြောက်ပြီး ယူရိုပါလိဂ်ဝင်ခွင့်ကို မင်းမူနေသူတွေဖြစ်ခဲ့တာ အတော်ကြာပါပြီ။ ဒီနှစ်မှာတော့ ယူရိုပါလိဂ်ဝင်ခွင့်နေရာကို ဆောက်သမ်တန်၊ ဝက်စ်ဟမ်းတို့ပါ ဝင်ရောက်နေရာလုလာနိုင်ခြေရှိလို့ စပါးအနေနဲ့ အပြောင်းအလဲတွေကို အမြန်ဆုံးမှ မလုပ်ရင်တော့ ပိုချက်တီနိုဟာလည်း ဘိုအာ့စ်လမ်းစဉ်ကို လိုက်ရမှာပါ။ ပိုချက်တီနိုအနေနဲ့ ကိုယ့်ကိုယ်ကိုယ်အကောင်းဆုံး သုံးသပ်နိုင်မှသာစပါးရဲ့ ရှေ့ခရီးက မျှော်လင့်စရာဖြစ်လာမှာပါ၊ အဲဒီလိုမှမလုပ်နိုင်ဘူးဆိုရင်တော့ အဆင့်လေးမဆိုထားနဲ့ ယူရိုပါလိဂ်ကိုတောင် ဝင်ဖို့မလွယ်ဘူးလို့ပဲ မြင်နေမိပါရဲ့. . . ။ ■

City Mart Supermarket

DISCOVER KOREA FOOD FAIR 2014

aT Korea Agro-Fisheries & Food Trade Corporation

30.10.2014 - 12.11.2014

Buy Ks 25,000 Get Ks 2,000 Worth City Mart Gift Voucher

Come & taste a variety of food from Korea and enjoy Special Discounts on selected items during the fair see you then!

1.11.2014 (2:30pm - 4:00pm)
@ marketplace by City Mart (Golden Valley)




AUNG SAN	☎ 01-253022, 394765 (9:00AM to 9:00PM)	YANKIN CENTRE	☎ 01-400284 (9:00AM to 9:00PM)	THAMINE	☎ 01-654566 (9:00AM to 10:00PM)	Ocean Supercenter (North Point Branch) ☎ 01-652959, 652960, 652961, 652962 (9:00AM to 09:00PM)
JUNCTION 8	☎ 01-650778 (9:00AM to 9:00PM)	MYAY NI GHONE	☎ 01-510697 (9:00AM to 10:00PM)	JUNCTION SQUARE	☎ 01-527053 (9:00AM to 9:00PM)	Ocean Supercenter (Shwe Gone Daing Branch) ☎ 01-8603869 (9:00AM to 10:00PM)
FMI CITY	☎ 01-682323 (9:00AM to 9:00PM)	ZAWANA	☎ 01-564532 (9:00AM to 9:00PM)	marketplace GOLDEN VALLEY	☎ 01-523840~43 (9:00AM to 10:00PM)	

City Mart
City Mart Supermarket

Weekly Specials...

30th Oct ~ 12th Nov

FRESH FRUIT, VEGETABLE & MEAT

WATER MELON 5kg ~ 8kg — pcs/Ks. ~~2,400~~ **2,150**

PAPAYA 1.5kg (Above) — pcs/Ks. ~~720~~ **650**

USA RED GLOBE GRAPE — 100g/Ks. ~~555~~ **500**

USA RED GRAPE Seedless (FLame) — 100g/Ks. ~~570~~ **515**

FZ SQUID — 100g/Ks. ~~658~~ **595**

THAI DRAGON FRUIT — 100g/Ks. ~~340~~ **305**

CHINA CARROT — 100g/Ks. ~~132~~ **120**

BEST CHOICE

HAIHACO Impression Butter Cookies 500g — Ks.5,200 **4,680**

NESTLE Ko Ko Krunch Cereal 170g — Ks.2,650 **2,350**

WALKERS Pure Butter Assorted Shortbread 160g — Ks.4,900 **4,400**

WALKERS Pure Butter Shortbread Triangles Cookies 150g — Ks.3,800 **3,400**

FERRERO ROCHER Chocolate Hazelnut T-30 375g — Ks.12,100 **10,900**

BIN BIN Rice Cracker -Original 150g/ Spicy Seaweed 135g — Ks.1,750 **1,580**

TOP Cashew Brittle 240g — Buy 1 Get 1 Free

KEWPIE Sandwich Spread 310ml — Ks.2,800 **2,550**

LOWAN Natural Muesli Original Harvest 750g — Ks.4,650 **4,350**

PRINGLES Potato Chip Original 161g — Ks.2,250 **2,000**

YO YO Jelly - Assorted/ Berry/ Grape 80g — 10% Buy same 2pkts

PREMIER 3 in 1 Coffeemix 30's 600g — Ks.2,680 **2,550**

SUNDAY 3 in 1 -Teamix 30's/ Instant Coffeemix 30's 900g — Buy 1 Get 1 Free

MOCCONA Trio 3 in 1 Gold Coffeemix 400g — Buy 1 Get 1 Free

LACTASOY Soy Milk Sweetened Original 1000ml — Ks.1,200 **1,080**

CYPRINA 100% Fruit Juice Orange 1 Ltr — Ks.1,750 **1,580**

NESCAFE Ice Coffee -Espresso/ Latte 180ml — Buy 5 Get 1 Free

RED BULL Energy Drink 250ml — Buy 4 Get 1 Free

POKKA Pomegranate Juice 1.5 Ltr — Ks.3,150 **2,850**

HOSEN Lychee In Syrup 565g — Ks.1,680 **1,500**

SUNSWEET 100% Prune Juice 946 ml — Ks.3,950 **3,550**

ST DALFOUR Pitted Giant French Prunes 200g — Ks.3,780 **3,400**

JOHN WEST Chunks In Sunflower Oil 160g — Ks.2,600 **2,350**

YUM YUM Instant Cup Noodle Tom Yum Kung Creamy 60g — Ks.600 **550**

LEA & PERRINS Sauce 290ml — Ks.3,500 **3,150**

OLITALIA Pure Olive Oil 1 Ltr — Ks.9,400 **8,450**

ZADE Sunflower Oil 2 Ltr — Ks.3,900 **3,600**

ZADE Sunflower Oil 5 Ltr — Ks.9,600 **8,900**

THA BAR WA Organic Paw San Hmwe Rice 5kg — Ks.5,250 **4,700**

THA BAR WA Organic Paw San Hmwe Rice 10kg — Ks.10,000 **9,000**

WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022

Prices may change without prior notice.
While Stocks Last!
All items limited to 6pcs per customer.

LIKE US ON facebook
City Mart Supermarket Myanmar

ပိုကောင်းတဲ့လက်ဆောင်မွန်...
City Gift Card
the best gift you can give
to your family and friends.
City Mart
Supermarket
PERSONAL CARE
REVLON
-Toiletries
10% Off
HEAD & SHOULDERS
Shampoo
350ml
Ks.3,450
3,100
C' CARE
Facial Foam
100g
10% Off
COLGATE
Toothpaste & Toothbrush
10% Off
IMPERIAL LEATHER
Bar Soap
2's 200g
Ks.1,100
1,000
LUX
Shower Cream
500ml
Ks.3,550
3,200
PAPILLON
Hand Soap
500ml
Ks.3,550
3,200
CODE 10
Hair Cream
125ml
10% Off
NNO
Nourishing Night Oil
30's
Ks.4,750
4,300
WHISPER
Sanitary Napkin
Ultra Clean
Wings Day
8's/ 16's
10% Off
WIBBIE
Baby Wipes
-Pink/ Blue
80's
Ks.3,000
2,700
SOFTLOVE
Baby Diaper
10% Off
HOME & KITCHEN
Luminarc
Rhapsody
-Orange Dinner Set
19 pcs
Ks.94,100
84,700
Luminarc
Fridge Jue Set
5's
Ks.9,400
8,450
MAXIM
Quattro Multi
Pressure Cooker
8 Qt
Ks.58,600
52,700
MAXIM
Priority Fry Pan
Non Stick
24 cm
Ks.17,500
15,700
MY DREAM
Bed Sheet (Fitted)
3's 3.5x6.5x9 in
Ks.9,400
8,450
MY DREAM
Bed Sheet (Fitted)
6's 4x6.5x9 in
Ks.14,800
13,300
ALGO
Clip Storage Box
20 Ltr
Ks.5,450
4,900
NEW OCEAN
Jumbo Dish
Drainer With Lid
Ks.8,100
7,300
CLEAN & FRESH
ARIEL
Detergent Liquid
3kg
Ks.9,000
8,100
ARIEL
Detergent Powder
3kg
Ks.7,450
6,700
BSC ESSENCE
Fresh & Soft Softener
600ml
Ks.580
520
DAILY
Dishwashing Liquid
4 Ltr
Ks.3,100
2,800
AMBIPUR
Air Freshener Spray
300ml
Ks.2,650
2,400
AMBIPUR
Air Freshener Gel
180g
Ks.2,300
2,050
JUMBO SUPER Z
Insect Killer Spray
600ml
Ks.2,350
2,100
CUIFENG
Bathroom Tissue
3 Ply Full 10 Rolls
Ks.3,200
2,900
999
Naphthalene Ball
880g
Ks.2,350
2,100
ကထိန်လှူဖွယ်ပစ္စည်းများ
MBMT
Ks. 3,900
LAW KA NAT
10,900
MBMTT
Ks. 11,400
LUCKY BOY
3,250
SIGNAL
3,200
BERMAN
1,550
ELAN
2,600
YUT HLAY
Ks. 2,100
SPECIAL ELECTRICAL
NAKITA
Dry Iron
NK-149
Ks.12,400
11,200
PHOENIX
Electric Steel Kettle
1.7 Ltr PH-M17
Ks.15,000
13,500
MISUSHITA
Jar Pot
KP-260's
Ks.19,200
17,800
HANABISHI
Electric Fry Pan
HEP-12
Ks.18,200
17,300
NAKITA
Rice Cooker
NK-180 L (1.8 L)
Ks.28,300
25,500
City Mart Supermarket
Kitchen Inspiration
Mandalay Naan-Gyi-Thoke
Enjoy the demo,
grab a recipe and
try your own..!
Chef : Sunny Angelo
31st October, 2014 (Friday), 3:00 pm - 5:00 pm
AKK Shopping Center Promotion Area (Infront of City Mart)
Sponsored By:
MAMA
AUNG SAN ☎ 01-253022, 394765 (9:00AM to 9:00PM)
47th STREET ☎ 01-200026, 298746 (9:00AM to 9:00PM)
JUNCTION 8 ☎ 01-650778 (9:00AM to 9:00PM)
FMI CITY ☎ 01-682323 (9:00AM to 9:00PM)
YANKIN CENTRE ☎ 01-400284 (9:00AM to 9:00PM)
MYAY NI GHONE ☎ 01-510697 (9:00AM to 10:00PM)
ZAWANA ☎ 01-564532 (9:00AM to 9:00PM)
SHWE MYA YAR ☎ 01-294063 (9:00AM to 9:00PM)
CHINATOWN POINT ☎ 01-215560~63 (9:00AM to 10:00PM)
JUNCTION MAW TIN ☎ 01-218159 (9:00AM to 9:00PM)
THAMINE ☎ 01-654566 (9:00AM to 10:00PM)
JUNCTION SQUARE ☎ 01-527053 (9:00AM to 9:00PM)
STAR CITY (THANLYIN) ☎ 056-23150/51/52/53 (10:00AM to 9:00PM)
AKK (SHOPPING MALL) ☎ 01-8500515 (9:00AM to 9:00PM)
SOUTH DAGON ☎ 01-8100727 (9:00AM to 9:00PM)
marketplace
GOLDEN VALLEY ☎ 01-523840~43 (9:00AM to 10:00PM)
PARKSON FMI ☎ 01-246859, 240394 (9:00AM to 9:00PM)

အီတလီစီးရီးအေပွဲစဉ်(၁၀)

အေစီတို့ ရစ်သမ်မှန်နေတယ်

ဝဏ္ဏ(စမ်းချောင်း)

အမ်ပိုလီ – ဂျူဗင်တပ် (စနေ၊ ည ၁၁း၃၀)

ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ကက်ဂလီယာရီကို လေးဂိုးပြတ်ရှုံးခဲ့တဲ့ အမ်ပိုလီနောက်တန်းက လုံခြုံမှုမရှိတာကို ဖော်ပြနေတယ်။ ဂျူဗင်တပ်ကတော့ စီးရီးအေမှာ ခြေစွမ်းရော အတွေ့အကြုံသာမက စိတ်ဓာတ်ပါ အသာစီးရပြီး ပွဲတိုင်းကို ဖိဖိစီးစီးကစားလာတယ်။ အခုပွဲအဖြေက ဂျူဗင်တပ်လက်ထဲမှာရှိပြီး အားထည့် ကစားရင် ဂျူဗင်တပ် ဂိုးပြတ်နိုင်ပါလိမ့်မယ်။

ပါးမား – အင်တာမီလန် (တနင်္ဂနွေ၊ နံနက် ၂း၁၅)

တောက်လျှောက် စိုက်ဆင်းနေတဲ့ ပါးမားခြေစွမ်းကို ဘယ်လိုမှယုံစားလို့ မရတော့ဘူး။ အစောပိုင်းက ဂိုးသွင်းအားရှိခဲ့တဲ့ ပါးမားဟာ အောက်တိုဘာလထဲမှာ ဂိုးသွင်းအား ကျဆင်းသွားပြီး နောက်တန်း 'ပွင့်ထွက်'နေတယ်။ အင်တာမီလန်ကတော့ စီဆီနာကွင်းမှာ လူတစ်ယောက် အသာစီးရတာတောင် ကစားကွက် စီးစီးပိုင်ပိုင်မရှိဘဲ ဖိအားများပြီး ယုံကြည်မှု လျော့နည်းနေတယ်။ ဒါပေမဲ့ ကစားအားရှိတဲ့ အင်တာမီလန်ကို ရွေးချယ်သင့်တယ်။

ချီယေဗို – ဆက်စူလို (တနင်္ဂနွေ၊ ည ၈း၃၀)

သုံးပွဲဆက်တိုက် ရှုံးထားတဲ့ ချီယေဗိုဟာ တိုက်စစ်ပါ ပျောက်သလောက်ရှိသွားပြီး ခုနစ်ဂိုးသွင်းခံထားရလို့ ယေဘုယျအားဖြင့် တိုက်စစ်ရော၊ ခံစစ်ပါ အကျဖက် 'ယိုင်'နေတယ်။ ဆက်စူလိုကတော့ ပါးမားကွင်းမှာ ၃-၁ နဲ့နိုင်ခဲ့တဲ့ ခြေစွမ်းကို ဆက်ထိန်းနိုင်မယ်ဆိုရင် ပြန်ပြီး ဦးမော့လာနိုင်တယ်။ တိုက်စစ်မှူး ဖလိုကာရီ ခြေစွာလာပြီး ကွင်းလယ်နဲ့ အချိတ်အဆက်မိလာတယ်။ အသင်းလိုက် နားလည်မှုနဲ့ ကစားအားတိုးတက်လာတဲ့ ဆက်စူလိုကို ပိုကြိုက်တယ်။

ဆမ်ဒိုးရီးယား – ဖီအိုရင်တီးနား (တနင်္ဂနွေ၊ ည ၈း၃၀)

ရိုးမားကို ဂိုးမရှိသရေ ကစားသွားလို့ ဆမ်ဒိုးရီးယားခြေစွမ်းနဲ့ အသင်းလိုက် မာကျောမှုကို လျှော့တွက်လို့မရပါဘူး။ တန်ပြန်တိုက်စစ်ကောင်းပြီး ခံစစ်ကျစ်လျစ်တဲ့ ဆမ်ဒိုးရီးယားဟာ အလယ်အလတ်အသင်းတွေထဲမှာ အကောင်းဆုံး အနေအထားမှာရှိတယ်။ ဖီအိုရင်တီးနားကတော့ ပွဲပန်းနေပြီး ခြေစွမ်းက အကျဖက်မှာ မလွတ်သေးဘူး။ ဆမ်ဒိုးရီးယားကို ပိုကြိုက်တယ်။

တိုရီနို – အတ္တလန္တာ (တနင်္ဂနွေ၊ ည ၈း၃၀)

ယူရိုပါလိဂ်ဘက်ကို အာရုံစိုက်နေတဲ့ တိုရီနိုခြေစွမ်းက စီးရီးအေမှာ အနည်းငယ် တက်ရိပ်ပြလာတယ်။ အထူးသဖြင့် တိုက်စစ်ကစားပုံကောင်းလာပြီး ဂိုးသွင်းအား တိုးတက်လာတယ်။ အတ္တလန္တာကတော့ နောက်ဆုံးငါးပွဲမှာ ပါးမားကို ၁-၀ နဲ့ နိုင်လိုက်တာကလွဲလို့ ကျန်တဲ့ လေးပွဲရှုံးခဲ့ရာမှာ ရှစ်ဂိုးသွင်းခံရပြီး တစ်ဂိုးမှ ပြန်မသွင်းနိုင်ခဲ့ဘူး။ တိုက်စစ်၊ ခံစစ်၊ အိမ်ရှင်အားသာချက်တွေကို ချိန်ဆလိုက်ရင် အားပေးသင့်တာ တိုရီနိုပါ။

ယူဒီးနိစ် – ဂျီနိုအာ (တနင်္ဂနွေ၊ ည ၈း၃၀)

ပြီးခဲ့တဲ့ အိမ်ကွင်းမှာ အတ္တလန္တာကို နှစ်ဂိုးပြတ်နိုင်ပြီး တတိယနေရာတက်လာတဲ့ ယူဒီးနိစ်ဟာ အိမ်ကွင်းစွာတယ်။ အိမ်ကွင်းမှာ ကစားကွက်ရော၊ တိုက်စစ်ပါ ကောင်းမွန်ရုံသာမက အပြီးသတ်ဂိုးသွင်းရာမှာလည်း ထိရောက်မှုရှိတယ်။ ဂျီနိုအာကလည်း နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့လို့တက်ရိပ်ပြလာပေမယ့် အဲဒီသုံးပွဲမှာ ပြိုင်ဘက်တွေက ချီယေဗို၊ အမ်ပိုလီနဲ့ ပါးမားတို့ ဖြစ်နေလို့ ခြေစွမ်းအမှန်လို့ မယူဆသင့်ဘူး။ ယူဒီးနိစ်ကို ရွေးချယ်သင့်တယ်။

အေစီမီလန် – ပါလာမို (တနင်္လာ၊ နံနက် ၂း၁၅)

၄-၃-၃ ကစားကွက်နဲ့ အံဝင်လာတဲ့ အေစီမီလန်တိုက်စစ်က တိုးတက်မှုရှိလာတယ်။ ပါလာမိုကတော့ အသင်းကြီးတွေကို ခံကစားနိုင်တဲ့ ခြေစွမ်းမျိုးမရှိဘူး။ အထူးသဖြင့် ပါလာမိုနောက်တန်းက တိုက်စစ်အားကောင်းတဲ့အသင်းတွေကို ရင်ဆိုင်တဲ့အခါ စိတ်မချရဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိပြီး စီးရီးအေမှာ ဂိုးအများဆုံးသွင်းထားတဲ့ အေစီမီလန်ကို ပိုကြိုက်တယ်။

ဆီစီနာ – ဗီရိုနာ (အင်္ဂါ၊ နံနက် ၀၀း၃၀)

ရှုံးပွဲတွေဆက်လာတဲ့ စီဆီနာဟာ စိတ်ဓာတ်နဲ့ ကစားအားကောင်းပေမယ့် လတ်တလော ခြေစွမ်းက အကျဘက်ကို 'ယိုင်'နေတယ်။ ဗီရိုနာကတော့ အေစီမီလန်၊ နာပိုလီတို့လိုအသင်းကြီးတွေကို ဆက်တိုက် ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဂိုးသွင်းအားရှိတယ်။ အသင်းငယ်တွေကို ရင်ဆိုင်တဲ့အခါ ဗီရိုနာတိုက်စစ် အသာစီးရမယ်လို့ ယူဆရတယ်။ ဗီရိုနာဘက်က ရွေးချယ်သင့်တယ်။

လာဇီယို – ကက်ဂလီယာရီ (အင်္ဂါ၊ နံနက် ၂း၃၀)

လေးပွဲဆက်တိုက်နိုင်ထားတဲ့ လာဇီယိုတိုက်စစ်ဟာ သိသိသာသာ ကောင်းလာတယ်။ တိုက်စစ်မှူး ဂျော်ဂျီဗစ်ကို ပွဲထုတ်ပြီးတဲ့နောက် လာဇီယိုတိုက်စစ် ထက်မြက်လာတယ်။ ကက်ဂလီယာရီကတော့ ပြီးခဲ့တဲ့နှစ်ပွဲဆက်တိုက်မှာ ခြောက်ဂိုးသွင်းထားလို့ တိုက်စစ်ထက်မြက်လာတယ်။ ကိုလံဘီယာတိုက်စစ်မှူး ဗစ်တာအိုင်ဘာဘိုနဲ့ အီတလီတိုက်စစ်မှူး မာကိုစူးတို့ အတိုင်အဖောက်ညီပြီး အလုပ်ဖြစ်နေတယ်။ ဒါပေမဲ့ လာဇီယိုလို အသင်းကြီးကို ထိုးဖောက်နိုင်ဖို့တော့ သိပ်မလွယ်ဘူး။ အိမ်ရှင်အားသာချက်ရှိပြီး တိုက်စစ်ကောင်းတဲ့ လာဇီယိုကို ပိုကြိုက်တယ်။ ■

အီတလီ စီးရီးအေပွဲစဉ်(၈)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၈	၇	၁	၀	၁၆	၃	၂၂
ရိုးမား	၈	၆	၁	၁	၁၄	၄	၁၉
ယူဒီးနိစ်	၈	၅	၁	၂	၁၁	၆	၁၆
ဆမ်ဒိုးရီးယား	၈	၄	၄	၀	၉	၄	၁၆
အေစီမီလန်	၈	၄	၃	၁	၁၇	၁၁	၁၅
လာဇီယို	၈	၅	၀	၃	၁၅	၈	၁၅
နာပိုလီ	၈	၄	၂	၂	၁၆	၁၁	၁၄
အင်တာမီလန်	၈	၃	၃	၂	၁၄	၁၀	၁၂
ဂျီနိုအာ	၈	၃	၃	၂	၉	၈	၁၂
ဗီရိုနာ	၈	၃	၂	၃	၉	၁၄	၁၁
ဖီအိုရင်တီးနား	၈	၂	၄	၂	၆	၆	၁၀
တိုရီနို	၈	၂	၂	၄	၆	၉	၈
ကက်ဂလီယာရီ	၈	၂	၂	၄	၁၃	၁၁	၈
အမ်ပိုလီ	၈	၁	၄	၃	၉	၁၃	၇
ဆက်စူလို	၈	၁	၄	၃	၇	၁၄	၇
အတ္တလန္တာ	၈	၂	၁	၅	၃	၁၀	၇
ပါလာမို	၈	၁	၃	၄	၈	၁၇	၆
ဆီစီနာ	၈	၁	၃	၄	၆	၁၃	၆
ချီယေဗို	၈	၁	၁	၆	၆	၁၄	၄
ပါးမား	၈	၁	၀	၇	၁၂	၂၂	၃

အီတလီစီးရီးအေပွဲစဉ်(၈)

အမ်ပိုလီ	၀-၄	ကက်ဂလီယာရီ
ပါးမား	၁-၃	ဆက်စူလို
ဆမ်ဒိုးရီးယား	၁-၂	ရိုးမား
ချီယေဗို	၂-၀	ဂျီနိုအာ
ဂျူဗင်တပ်	၂-၀	ပါလာမို
ယူဒီးနိစ်	၂-၀	အတ္တလန္တာ
ဆီစီနာ	၀-၁	အင်တာမီလန်
လာဇီယို	၂-၁	တိုရီနို
နာပိုလီ	၆-၂	ဗီရိုနာ
အေစီမီလန်	၁-၁	ဖီအိုရင်တီးနား

သွင်းဂိုးအများဆုံး

ကယ်လီရွန် (နာပိုလီ)	၇ ဂိုး
တေဗက်ဇ် (ဂျူဗင်တပ်)	၆ ဂိုး
ဟွန်ဒါ (အေစီမီလန်)	၆ ဂိုး
ဖိုလစ် (လာဇီယို)	၅ ဂိုး
ဒီနာတယ်လီ (ယူဒီးနိစ်)	၅ ဂိုး



တိုရီနိုကစားသမား အိုမာ(ဝဲ)နှင့် နာပိုလီ တိုက်စစ်မှူး ဟီဂူအင်တို့ ဘောလုံးလုယူနေကြစဉ်။

ရိုးမားဘက်က အရဲစွန့်ပြီး နေသင့်တယ်

ဝဏ္ဏ(စမ်းချောင်း)

နာပိုလီ – ရိုးမား (စနေ၊ ည ၈း၃၀)

အောက်တိုဘာလ အနေအထားနှင့် ရလဒ်များပေါ်တွင် အခြေခံလိုက်ပါက နာပိုလီခြေစွမ်းသည် တရိပ်ရိပ် ပြန်တက်လာသည်။ ယူရိုပါလိဂ်ကို ဝင်ရောက်နေရင်းမှ တစ်ဖက်တွင် စီးရီးအေသုံးပွဲ၌ ခုနစ်မှတ်ရခဲ့သောကြောင့် နာပိုလီ၏ စွမ်းဆောင်ရည်သည် အားရလောက်သော အနေအထားတွင် ရှိသည်။

အောက်တိုဘာလထဲတွင် နာပိုလီသည် စီးရီးအေ ပွဲစဉ်များအဖြစ် တိုရီနို၊ အင်တာမီလန်၊ ဗီရိုနာတို့ကို ဆက်တိုက် ရင်ဆိုင်ခဲ့ရသည်။ ထိုသုံးသင်းစလုံးသည် ခြေစွမ်းအားဖြင့် အလယ်အလတ်အဆင့်ထက် မနိမ့်ကျသောအသင်းများ ဖြစ်ကြသည်။ အိမ်ကွင်းပွဲစဉ်များအဖြစ် နာပိုလီသည် တိုရီနိုကို ၂-၁၊ ဗီရိုနာကို ၆-၂ဖြင့် နိုင်ခဲ့သည်။ တစ်ဖန် အင်တာမီလန်ကွင်းတွင် ၂-၂ သရေကျခဲ့ရာ၌ ခြေစွမ်း၊ ထိုးဖောက်တိုက်စစ်ဆင်မှု အစရှိသော အပိုင်းများ၌ အသာစီးရခဲ့သည်။

အောက်တိုဘာလအတွင်း ကစားပြီးခဲ့သော သုံးပွဲပေါ်တွင် သုံးသပ်မည်ဆိုလျှင် နာပိုလီသည် စုစုပေါင်း ၁၀ ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တစ်ပွဲပျမ်းမျှ ဂိုးသွင်းနှုန်းသည် သုံးဂိုးအထက် ရောက်သွားသည်။ ထိုနှုန်းထားသည် အစောပိုင်းက စီးရီးအေ၌ သွင်းဂိုးအများဆုံး သုံးသင်းဖြစ်သည့် အေစီမီလန်၊ ဂျူဗင်တပ်နှင့် ရိုးမားတို့ထက် သာလွန်နေတာကို တွေ့ရသည်။ စပိန်တောင်ပံ တိုက်စစ်မှူး ဟိုဆေးကယ်လီဂျွန်သည် ဆက်တိုက် ခြေတက်လာပြီး အဆုံးသတ် ဂိုးသွင်းယူမှု သေသပ်လာသောကြောင့် ဂိုးမြူးလာသည်။

ဗီရိုနာကို ၆-၂ ဖြင့် နိုင်ခဲ့သောပွဲတွင် အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင် သုံးဂိုးသွင်းပြီး ဟက်ထရစ်ရခဲ့သောကြောင့် ၎င်း၏ potential ကိုလည်း ထည့်သွင်းတွက်ချက်ရတော့မည် ဖြစ်သည်။ တစ်ဖန် အသင်းခေါင်းဆောင် ကွင်းလယ်တိုက်စစ်သမား မာရက်ဟမ်ဆစ်လည်း ဗီရိုနာနှင့်ပွဲတွင် နှစ်ဂိုးသွင်းခဲ့သောကြောင့် နာပိုလီတိုက်စစ်အတွက် အားဆေးတစ်ခွက် ဖြစ်လာသည်။

၄-၂-၃-၁ ပုံစံဖြင့် တဖြည်းဖြည်း အသားကျလာသော နာပိုလီတွင် အသင်းခေါင်းဆောင် ဟမ်ဆစ်သာ ယခင်ခြေစွမ်းမျိုး ပြန်လည်ရရှိပါက ကွင်းလယ်တိုက်စစ်ကို ပြန်လည် အလေးပေး သုံးသပ်ရတော့မည် ဖြစ်သည်။ တစ်ဖန် နာပိုလီ တောင်ပံတိုက်စစ်သည် စီးရီးအေတွင် ထိပ်တန်းအဆင့်ရှိသောကြောင့် ဟမ်ဆစ်၏ စွမ်းဆောင်ရည် ထက်မြက်လာခြင်းက နာပိုလီကွင်းလယ်နှင့် တောင်ပံတိုက်စစ်အတွက် အပိုဆုတစ်ခု ဖြစ်လာသည်။

နာပိုလီခံစစ်ကြောင်းသည် အောက်တိုဘာလအတွင်း ကစားပြီးခဲ့သော သုံးပွဲ၌ ငါးဂိုးသွင်းခံရသောကြောင့် လုံခြုံမှုမရှိဟု ဆိုရမည်ဖြစ်သည်။ တိုက်စစ်ပိုင်းက ၁၀ ဂိုး သွင်းနိုင်သောကြောင့် ခံသာသော်လည်း သူတင်ကိုယ်တင် စွယ်စုံကောင်းသော အသင်းများကို ရင်ဆိုင်သောအခါ နာပိုလီ ခံစစ်ကြောင်းသည် 'ပျော့ကွက်'တစ်ခု ဖြစ်နေသည်။

> ရိုးမားကွင်းလယ် စွမ်းဆောင်ရည်ပိုင်း ထိုးဆင်းမသွားသော်လည်း လူအဝင်အထွက်၊ အပြောင်းအလဲများ၏ အကျိုးဆက်အနေဖြင့်
>
> ....

တစ်ဖက်တွင် ရိုးမားသည် ချန်ပီယံလိဂ်နှင့် စီးရီးအေ ပြိုင်ပွဲနှစ်ခုအကြား ပွဲကျပ်များ ဆက်တိုက်ကစားနေရသည်။ တစ်ဖန် ကွင်းလယ်နှင့် နောက်တန်းတွင် အဓိကလူများ ဒဏ်ရာရနေသောကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကို အပြည့်ထုတ်မသုံးနိုင်ဘဲ ပုံမှန်အောက် 'လျော့'နေတာကို တွေ့ရသည်။ နောက်တန်းတွင် ကာစတန်၊ ဒေးဗစ်အက်စတိုရီတို့ ဒဏ်ရာ များကြောင့် လွဲချော်ခဲ့ရာမှ အောက်တိုဘာ တတိယပတ်လောက်တွင် အီတလီလက်ရွေးစင် အက်စတိုရီ ပြန်လည်ပါဝင်လာသည်။

ရိုးမားကွင်းလယ်၌ နယ်သာလန် လက်ရွေးစင် ကီဗင်စထရုမင်းသည် ပြန်လည်ကစားနိုင်ခြင်း မရှိသေးပေ။ အစောပိုင်းကလည်း ဒီရော့စီ ဒဏ်ရာရသွားသောကြောင့် ဝါရင့်ကွင်းလယ်လူ ကီတာဖြင့် အစားထိုးခဲ့သော်လည်း ကီတာပါ ဒဏ်ရာရသွား၍ နည်းပြ ဂါစီယာ 'ခေါင်းကိုက်'သွားသည်။ သို့ရာတွင် မရှေးမနှောင်းပင် ဒီရော့စီ ပြန်ကစားနိုင်သောကြောင့် ရိုးမားကွင်းလယ် စွမ်းဆောင်ရည်ပိုင်း ထိုးဆင်းမသွားသော်လည်း လူအဝင်အထွက်၊ အပြောင်းအလဲများ၏ အကျိုးဆက်အနေဖြင့် ရိုးမားသည် ချန်ပီယံလိဂ်နှင့် စီးရီးအေတွင် သုံးပွဲတိတိ နိုင်ပွဲပျောက်သွားသည်။

ချန်ပီယံလိဂ်တွင် မန်စီးတီးကွင်း၌ ၁-၁ သရေ ကစားပြီးနောက် အပြန်လမ်းတွင် ဂျူဗင်တပ်ကွင်းသို့ သွားရောက်ကစားရာ၌ ၃-၂ဖြင့် အရေးနိမ့်သည်။ ချီယေဗိုနှင့်ပွဲတွင် သုံးဂိုးပြတ်နိုင်ခဲ့သောကြောင့် အသင်းကို အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ချက်ခြင်း ပြန်လည် 'ဆွဲတင်'နိုင်မည်ဟု ထင်ကြေးပေးခဲ့သော်လည်း ကြားရက်ထဲတွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူနစ်ကို အိမ်ကွင်း၌ ၇-၁ ဖြင့် အရေးနိမ့်ခဲ့သောကြောင့် ပရိသတ်များ၏ စိတ်ပျက်ခြင်းကို ခံခဲ့ရသည်။ ထို့နောက် သုံးရက်သာခြားပြီး ဆမ်ဒိုးရီးယားကွင်းသို့ သွားရောက်ကစားသောအခါ ဂိုးမရှိသရေကျသည်။ ဆမ်ဒိုးရီးယားသည် နည်းပြ မီဟိုင်းလိုဗစ်လက်ထက်တွင် ရစ်သမ်မိပြီး ခြေစွမ်းထက်မြက်လာသောကြောင့် ရိုးမားအနေဖြင့် ပွဲကျပ်နှင့် ရင်ဆိုင်ရပြန်သည်။

ရိုးမားအနေအထားကို ခြုံငုံကြည့်လျှင် ဒဏ်ရာများကြောင့် လူစုံမပါဝင်နိုင်ချိန်တွင် ပွဲကျပ်များနေသောကြောင့် 'ဒဏ်ရာနှင့် ပွဲကျပ်' တိုက်ဆိုင်စုဆုံသွားသည်ဟု ဆိုရမည်။ အထူးသဖြင့် ကွင်းလယ်နှင့် ဗဟိုခံစစ်တွင် ဒဏ်ရာများကြောင့် လူထုတ်ပုံ မတည်ငြိမ်ခြင်းသည် ရိုးမားစွမ်းဆောင်ရည်ပိုင်းကို အနည်းနှင့်အများ ထိခိုက်သွားစေသည်။

ဆိုရပါလျှင် ယခုပွဲတွင် နာပိုလီတိုက်စစ်ကို လျှော့မတွက်ရဲသော်လည်း နောက်တန်း 'ပွင့်ထွက်' နေသောအချက်ကို ထည့်သွင်းစဉ်းစားရမည်။ တစ်ဖန် ရိုးမားသည် ဒဏ်ရာများ ရှိနေလင့်ကစား အသင်းလိုက် ချိတ်ဆက်မှု၊ တောင်ပံတိုက်စစ်များတွင် ဖြန့်ကြက်ကစားနိုင်မှု၊ စီးရီးအေ ရှစ်ပွဲကစားပြီးရာ၌ လေးဂိုးသာ သွင်းခံရသောကြောင့် ခံစစ်ကျစ်လျစ်ခြင်း အစရှိသော အချက်များကို ထည့်တွက်ရမည် ဖြစ်သည်။

သို့ကလိုကြောင့်ရိုးမားဘက်က အရဲစွန့်သင့်ပြီး ဂိုးများသောပွဲ ဖြစ်လာနိုင်သည်ဟု ယူဆနိုင်သည်။ ■

WTA Tour Final ငါးထပ်ကွမ်းချန်ပီယံ ကမ္ဘာ့နံပါတ်(၁) ဆရီနာဝီလျံ

ကျော်ကျော်မင်း

၂၀၁၄ တင်းနစ်ပြိုင်ပွဲရာသီရဲ့ နှုတ်ဆက်ပွဲစဉ်လို့ ဆိုရမယ့် WTA Tour Final အမျိုးသမီး တင်းနစ်ပွဲစဉ်ကတော့ စင်ကာပူမြေမှာ တခမ်းတနား ကျင်းပပြီးစီးသွားခဲ့ပြီပဲဖြစ်ပါတယ်။ Singapore Indoor Stadium မှာ ကျင်းပသွားခဲ့တဲ့ (၄၄)ကြိမ်မြောက် WTAF တင်းနစ်ပွဲစဉ်ကို အောက်တိုဘာလ ၁၇ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး Hard Court မျက်နှာပြင်အမျိုးအစားမှာ ယှဉ်ပြိုင်ရတဲ့ ခက်ခဲတဲ့ပွဲစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ WTA Final ပွဲစဉ်ကို စင်ကာပူအနေနဲ့ အခု ၂၀၁၄ မှာ ပထမဆုံးအကြိမ် ကျင်းပခွင့်ရတာဖြစ်ပြီး WTAF ဂန္ထဝင်ချန်ပီယံစာရင်းမှာ ရှစ်ထပ်ကွမ်း ချန်ပီယံ နာဗရာတီလိုဗာ၊ ငါးထပ်ကွမ်း စတက်ဖီဂရပ်တို့နှစ်ဦးသာ ရှိခဲ့ပြီး အခုနှစ် ချန်ပီယံဖြစ်လာသူ ဆရီနာကလည်း ငါးထပ်ကွမ်း ချန်ပီယံဖြစ်သွားတာကြောင့် WTAF ဂန္ထဝင်စာရင်းမှာ တတိယမြောက် ငွေကြယ်ပွင့်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီပဲဖြစ်ပါတယ်။



၂၀၁၄ WTAF ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ ထိတ်ထိတ်ကြဲ တင်းနစ်မယ်ရှစ်ဦးကတော့ ဆရီနာ၊ ရှာရာပိုဗာ၊ ကီဗစ်တိုဗာ၊ ဆီမိုနာဟာလက်၊ ယူဂျင်နီ၊ ရဝမ်စကာ၊ အိုင်ဗန်နိုဗစ်နဲ့ ဝေါဇ်နီယက်စကီးတို့ဖြစ်ကြပြီး ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ခဲ့သူ စူပါစတားနှစ်ဦးကတော့ လေးထပ်ကွမ်းချန်ပီယံ ဆရီနာနဲ့ ရိုမေးနီးယား ငွေကြယ်ပွင့်သစ် ဆီမိုနာဟာလက်တို့ပါပဲ။ ကမ္ဘာ့နံပါတ်(၁)နေရာမှာ ရက်သတ္တပတ်ပေါင်း ၉၅ ပတ်ကျော် ရပ်တည်နိုင်ခဲ့သူ ဆရီနာကို ရိုမေးနီးယား တင်းနစ်မယ်ဟာ ဘယ်လိုမှ မယှဉ်သာခဲ့ဘဲ ပွဲကစားချိန် ၆၉ မိနစ်အကြာမှာ ၆-၃၊ ၆-၀ ရလဒ်နဲ့ အရေးနိမ့်ခဲ့ပြီး ချန်ပီယံဆုဖလားကို ဆရီနာထံ လွှဲပေးလိုက်ရခြင်းကိုလည်း ရိုမေးနီးယား ပရိသတ်တွေက နားလည်ပေးခဲ့ကြပါတယ်။ အခုနှစ်ပြိုင်ပွဲရာသီမှာ တောက်လျှောက်လက်စွမ်းပြနေသူ ဆရီနာဟာ ၂၀၁၂-၂၀၁၃-၂၀၁၄ သုံးနှစ်ဆက်တိုက် WTAF ချန်ပီယံဆုဖလား ရယူနိုင်ခဲ့တာကြောင့် မော်နီကာ ဆဲလက်စ်နောက်ပိုင်း ၂၂ နှစ်အကြာမှာမှ ပထမဆုံးပေါ်ထွက်လာခဲ့တဲ့ သုံးကြိမ်ဆက် ချန်ပီယံအဖြစ် မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ ပြန်ပါတယ်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် တွေ့ရှိရသည့် ဆရီနာဝီလျံ။

တင်းနစ်ကမ္ဘာမှာ ဂရင်းဆလမ်ဆုဖလားစုစုပေါင်း ၁၈ လုံးပိုင်ဆိုင်ထားသူ ဆရီနာဟာ ဆုကြေးစုစုပေါင်းဒေါ်လာသန်း ၆၀ ကျော် ပိုင်ဆိုင်ထားသူ တစ်ဦးတည်းသော ပြိုင်ဘက်ကင်း ဆုကြေးအများဆုံးဆုရှင်အဖြစ်နဲ့လည်း အားကစားကမ္ဘာမှာ ထင်ရှားသူဖြစ်ပါတယ်။ အိုလံပစ်ရွှေတံဆိပ်ဆုလေးဆု နိုင်ငံအတွက် ရယူပေးထားနိုင်သလို ဂရင်းဆလမ်ပြိုင်ပွဲ ဗိုလ်လုပွဲ ၂၂ ကြိမ် တက်ရောက်နိုင်ခဲ့ပြီး ၁၈ ကြိမ် ဗိုလ်စွဲနိုင်သူအဖြစ်နဲ့လည်း တင်းနစ်ပရိသတ်တွေကြားမှာ ရေပန်းစားသူ ငွေကြယ်ပွင့်တစ်ပွင့်ပါပဲ။ ဆုကြေးငွေ စုစုပေါင်း ဒေါ်လာခြောက်သန်းကျော် ချီးမြှင့်ခဲ့သည့် ဒီရာသီပိတ် WTAF ပြိုင်ပွဲမှာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သူ ဆရီနာဟာ အခုနှစ် ဂရင်းဆလမ်လေးပွဲမှာ ယူအက်စ်အိုးပင်း ဖလားတစ်လုံးတည်း ရယူနိုင်ခဲ့ပေမယ့် ကမ္ဘာ့နံပါတ်(၁)ထိုင်ခုံမှာ ရက်သတ္တပတ်ပေါင်း ၉၇ ပတ် ကြာမြင့်ခဲ့ပြီဖြစ်တာကြောင့် စတုတ္ထမြောက် အရှည်ကြာဆုံး World No.1 မှတ်တမ်းဝင်ခဲ့ရပြန်ပါတယ်။ အသက်အရွယ်အရ အကျပိုင်းရောက်လာပြီလို့ ဆိုနိုင်ပေမယ့် လူငယ်ငွေကြယ်ပွင့်သစ်တွေထက် ခေါင်းတစ်လုံးပိုမြင့်တယ်လို့ ဆိုနိုင်အောင် လက်စောင်းထက်ဆဲ ဆရီနာက "အခုလို ရာသီပိတ်ပြိုင်ပွဲမှာ သုံးကြိမ်ဆက် အောင်ပွဲခံခွင့်ရတာကို ကြည်နူးပီတိဖြစ်ရပါတယ်။ အာရှမြေ စင်ကာပူပရိသတ်ရှေ့မှောက်မှာ ပထမဆုံးချန်ပီယံဆုဖလားပိုင်ဆိုင်ခွင့်ရတာဟာလည်း ဘဝမှာ အမှတ်တရ ရှိနေမှာပါ။ ဆီမိုနာဟာ အလားအလာကောင်းတဲ့ ငွေကြယ်ပွင့်တစ်ပွင့်ပါ။ အတွေ့အကြုံ သမ္မာကွာခြားလို့သာ သူအရေးနိမ့်ခဲ့ရတာပါ။ လာမယ့် ၂၀၁၅ ပြိုင်ပွဲစဉ်တွေမှာလည်း အခုလို ပျော်ရွှင်ခွင့်ရအောင် ဆက်ကြိုးစားသွားပါမယ်"လို့ ဝမ်းမြောက် စကားဆိုသွားပါတယ်။ ရုရှားလှပျိုဖြူ ရှာရာပိုဗာရဲ့ ကမ္ဘာ့နံပါတ်(၁)တိုက်ပွဲဟာ ဆရီနာဗိုလ်စွဲခဲ့တာကြောင့် အခြေမလှခဲ့ပဲ ၂၀၁၄ ရာသီကုန်ဆုံးချိန်မှာ ဆရီနာက နံပါတ်(၁)၊ ရှာရာပိုဗာက (၂)အဆင့်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ လာမယ့် ပြိုင်ပွဲရာသီမှာ ဆရီနာကို ဘယ်သူဖြတ်ကျော်နိုင်မလဲဆိုတာကိုတော့. . . ။ ■

FIFA 11 FOR Health Training Course 1/2014 သင်တန်းဖွင့်ပွဲ ကျင်းပ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက် (၁၂) နှစ်အောက် ကလေးများကို ဘောလုံးအားကစားကို အခြေခံ၍ ကျန်းမာရေး အသိပညာများ ပို့ချပေးမည့် နည်းပြဆရာ၊ ဆရာမ သင်တန်း FIFA 11 FOR Health Training Course 1/2014 (Second Pilot Study For Country-wide Implementation) ဖွင့်ပွဲကို အောက်တိုဘာလ ၂၇ ရက်နေ့၊ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

FIFA 11 FOR Health Training Course သင်တန်းသို့ အမှတ် (၃) အခြေခံပညာ ဦးစီးဌာန၊ အခြေခံပညာကျောင်း ၁၂ ကျောင်းမှ ဆရာ၊ ဆရာမ ၂၄ ဦး တက်ရောက်မည်ဖြစ်သည်။ သင်တန်း နည်းပြ အဖြစ် FIFA-Medical Assessment and Research Center (FMARC) မှ Project Leader Prof. Colin Fuller နှင့် တွဲဖက် ဗီဖာနည်းပြများဖြစ်သည့် Mr. Ranjeev နှင့် Ms. Mary Joyce တို့ ဆောင်ရွက်သွားမည် ဖြစ်သည်။ သင်တန်းကာလမှာ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဖြစ်သည်။

ယခု သင်တန်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာကျောင်းများမှ အသက် ၁၂ အောက် ကလေးများကို ဘောလုံးအခြေခံ ၁၁ ချက်၊ ကျန်းမာရေးအခြေခံ ၁၁ ချက်တို့ကို ရက်သတ္တ ၁၁ ပတ်ကြာ သင်ကြားပို့ချမည့် အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ပင် ဖြစ်သည်။

မန္တလေးမြို့တွင်လည်း အဆိုပါသင်တန်း အပတ်စဉ် ၂/၂၀၁၄ ကို နိုဝင်ဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ထပ်မံဖွင့်လှစ်သွားမည် ဖြစ်သည်။ ယခုသင်တန်းများမှာ FIFA ၊ MFF ၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FIFA 11 FOR Health ၁၀ နှစ် စီမံကိန်း၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်သည်။ ■

Asia

ကမ္ဘောဒီးယားနိုင်ငံက တရားမဝင် ကျောက်ကပ်ရောင်းဝယ်မှု အန္တရာယ်
ASIA 56

ကင်မ်ဂျုံအန်း ခြေချင်းဝတ် ခွဲစိတ်မှုပြုလုပ်ခဲ့

ဆိုးလ် - မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းသည် မကြာသေးခင်က ပြည်သူတို့ မြင်ကွင်းမှ ရက်သတ္တ ခြောက်ပတ်ကြာ ပျောက်ကွယ်နေခဲ့ခြင်းမှာ ၎င်း၏ခြေကျင်းဝတ် ပြည်တည်နာကို ခွဲစိတ်မှုပြုလုပ်နေခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ထောက်လှမ်းရေးဌာနကယူဆကြောင်း ယွန်ဟတ်သတင်းဌာနက အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ သို့မဟုတ် အောက်တိုဘာ တစ်လလ၌ ခြေချင်းဝတ်တွင် ပြည်တည်နေသည်ကို ခွဲထုတ်ရန် နိုင်ငံခြားမှဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ ပြုံယမ်းသို့ အဆောတလျင်ပင် ရောက်ရှိခဲ့ကြကြောင်း အဆိုပါထောက်လှမ်းရေးဌာနက ပြောသည်။

ကင်မ်သည် စက်တင်ဘာလ အစောပိုင်းက ၎င်း၏ဇနီးနှင့်အတူ ဂီတဖျော်ဖြေပွဲတစ်ခုသို့ တက်ရောက်ခဲ့ပြီးနောက် အများရှေ့မြင်ကွင်းက ပျောက်ကွယ်ခဲ့ခြင်းဖြစ်သည်။

ကင်မ်၏ အချိန်အတော်ကြာ ဖြေရှင်းချက်မပေးဘဲ ပျောက်ကွယ်မှုကြောင့် ၎င်း၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ထင်မြင်ချက် အမျိုးမျိုး ထွက်ပေါ်ခဲ့သည့်အပြင် အဏုမြူလက်နက်ထုတ်လုပ်သည့် နိုင်ငံကို အာဏာဖြင့် သိမ်းယူလိုက်ပြီဆိုသည့် ကောလာဟလ သတင်းများပါ ထွက်ပေါ်ခဲ့သည်။

သို့သော် ကင်မ်သည်အောက်တိုဘာလလယ်တွင် အများပြည်သူရှေ့မှောက် ပြန်လည်ထွက်ပေါ်ခဲ့ပြီး ပြုံယမ်းရှိ အိမ်ရာသစ်များရှိရာ နေရာသို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေးနေစဉ် လမ်းလျှောက်တုတ်ဖြင့် သွားလာနေပုံကို သတင်းများတွင် ဖော်ပြခဲ့သည်။

၎င်းပုဂ္ဂိုလ် ပျောက်ကွယ်နေသည့်အပေါ် ထင်မြင်ယူဆချက်များမှာ အနားယူသည့်ကာလ ထပ်တိုးသည်ဆိုသည့် သတင်းမှသည် ခေါင်းဆောင်ပိုင်း အာဏာသိမ်းမှုအထိ ကျယ်ပြန့်စွာ ထွက်ပေါ်ခဲ့ပြီး ခြေချင်းဝတ် အဆစ်လွဲနေခြင်းကြောင့် အပယိက ဖျားနာမှု၊ အဆစ်ရောင်ရောဂါနှင့် ဆီးချိုရောဂါ အစရှိသည့် နာမကျန်းမှုမျိုးလည်းဖြစ်နိုင်သည်ဆိုသော သတင်းများလည်း ထွက်ပေါ်ခဲ့ သည်။

ဆေးလိပ်သောက်တတ်သူ ကင်မ်သည် ၎င်းအာဏာရသည့်အချိန်ကစပြီး တိုးလာသည့် ၎င်းခန္ဓာကိုယ်အလေးချိန်ကို ချနေသည့်ပုံပေါက်နေသလို စောစောပိုင်းက ၎င်းပျောက်နေသည်ကိုဖော်ပြခဲ့သော ရုပ်မြင်သံကြား အစီအစဉ်တွင်မူ လမ်းလျှောက်ပုံမှာ သိသိသာသာ ယိုင်နဲ့နေခဲ့သည်။ ■

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

အန်ဝါအီဘရာဟင်နှင့်ဇနီး ဝမ်အဇီဇာတို့က သူတို့အားထောက်ခံသူများကို တရားရုံးမဝင်မီ နှုတ်ဆက်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အန်ဝါအီဘရာဟင် နောက်ဆုံးကြားနာမှု စတင်

အန်ဝါအီဘရာဟင်သည် ၂၀၁၂ ခုနှစ်က တရားသေလွတ်သွားခဲ့သော်လည်း မတ်လ၌ အန်ဝါအီဘရာဟင်ကို ပြစ်ဒဏ်ချမှတ်ခဲ့သည့် အယူခံတရားရုံးတစ်ရုံးက အငြင်းပွားဖွယ်ရာ အပြစ်ရှိကြောင်း ပြောဆိုခဲ့

ပူထရာဂျာယာ (မလေးရှား) - ဝေဖန်ခြင်းများစွာခံရသည့် အန်ဝါအီဘရာဟင်အပေါ် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုအတွက် နောက်ဆုံးစီရင်ချက် ထွက်ရှိလာလိမ့်မည်ဟု မျှော်လင့်ရသည့် နှစ်ရက်ကြာမည့် ကြားနာမှုများကို အောက်တိုဘာ ၂၈ ရက်၌ မလေးရှားနိုင်ငံ၏ အမြင့်ဆုံးတရားရုံး၌ စတင်ခဲ့ရာ အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်သည် ဤအမှုကြောင့် ထောင်ကျသွားနိုင်သည်။

သူ၏လက်ထောက်ဟောင်း လူငယ်လေးတစ်ဦးကို ဓမ္မတာနှင့်ဆန့်ကျင်သည့် ကာမစပ်ယှက်မှု ကျူးလွန်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များက အန်ဝါအီဘရာဟင်သည် ၂၀၁၂ ခုနှစ်က တရားသေလွတ်သွားခဲ့သော်လည်း မတ်လ၌ အန်ဝါအီဘရာဟင်ကို ပြစ်ဒဏ်ချမှတ်ခဲ့သည့် အယူခံတရားရုံးတစ်ရုံးက အငြင်းပွားဖွယ်ရာ အပြစ်ရှိကြောင်း ပြောဆိုခဲ့သည်။

အန်ဝါ (၆၇ နှစ်)သည် ဤပြစ်မှုကို အယူခံဝင်နေရာ အစိုးရကလည်း တစ်ချိန်တည်းမှာပင် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ကို တိုးပေးရန် ကြိုးပမ်းလျက်ရှိသည်။

စီရင်ချက်ကို အောက်တိုဘာလ ၂၉ ရက်၌ သိရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဗဟိုတရားရုံးတွင် ကြားနာမှုများစတင်ချိန်၌ အန်ဝါအီဘရာဟင်က သူသည် ထောင်ချ မခံရလိုကြောင်း၊ သို့သော်လည်း အဓမ္မ အချခံရလျှင် ဤသတင်းဆိုးဖြင့် ကျော်ကြားနေသည့် အစိုးရကို ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အန်ဝါအီဘရာဟင် ထောင်ချခံရလျှင် သူ၏ အမတ်နေရာဆုံးရှုံးသွားမည်ဖြစ်သည်။

ဤစွဲချက်များသည် အာဏာရှင်ဆန်သည့်

> အန်ဝါအီဘရာဟင်က သူသည် ထောင်ချ မခံရလိုကြောင်း၊ သို့သော်လည်း အဓမ္မအချခံရလျှင် ဤသတင်းဆိုးဖြင့်ကျော်ကြားနေသည့် အစိုးရကို ဆက်လက်တိုက်ပွဲဝင်သွားမည်

အစိုးရက တာရှည်သည့် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြင့် သူ၏အလုပ်အကိုင်ကို ဖျက်လိုဖျက်ဆီးလုပ်ပြီး လျင်မြန်စွာတိုးလာသည့် အတိုက်အခံပါတီကို တန့်သွားရန် မဟုတ်မမှန်သည့် ဓမ္မတာနှင့်ဆန့်ကျင်သည့် ကာမစပ်ယှက်မှု စွဲချက်များဖြင့် နာမည်ပျက်ရန် ကြံစည်နေကြောင်း အန်ဝါအီဘရာဟင်က ပြောကြား ခဲ့သည်။ မွတ်စလင်အများစုနေထိုင်ကြသည့် မလေးရှားနိုင်ငံ၌ ဓမ္မတာနှင့်ဆန့်ကျင်သည့် ကာမစပ်ယှက်မှုသည် ဥပဒေနှင့် ဆန့်ကျင်သည်။

အဖွဲ့ဝင် ၁၇၈ ဦးပါဝင်သည့် နိုင်ငံတကာ လူ့အခွင့်အရေး ဖက်ဒရေးရှင်းက ဤကြားနာမှုများကို "မလေးရှားနိုင်ငံ တရားစီရင်ရေးအတွက် တိကျပြတ်သားသည့်စမ်းသပ်ချက်" ဟုပြောဆိုပြီး နိုင်ငံရေးစွက်ဖက်မှုမပါဘဲ တရားသည့် ပြဋ္ဌာန်းချက်ဖြစ်ပေါ်လာစေရန် တောင်းဆိုထားသည်။

လူကြိုက်များသည့် ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်မှာ ၁၉၉၈ ခုနှစ်က အာဏာရရှိရေးပြိုင်ပွဲတွင် အာဏာရ UMNO အဖွဲ့က ထုတ်ပယ်ခံရပြီး ယခင်က ဓမ္မတာနှင့် ဆန့်ကျင်သည့် ကာမစပ်ယှက်မှုနှင့် ခြစားမှု စွဲချက်များဖြင့် အကျဉ်းချခံခဲ့ရသည်။ ဤ စွဲချက်များမှာ အကွက်ဆင်ထားသည်ဟု အများက မြင်ကြသည်။

ဓမ္မတာဆန့်ကျင်သည့် ကာမစပ်ယှက်မှု စွဲချက်ပလပ်လိုက်သည့်အတွက် ခြောက်နှစ်အကြာ၌ အန်ဝါအီဘရာဟင် လွတ်မြောက်ခဲ့သည်။

မတ်လက အန်ဝါအီဘရာဟင်အပေါ် စွဲချက်သည် ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးလွတ်လပ်မှုတို့အပေါ် စိုးရိမ်မှုများဖြစ်စေခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အောက်တိုဘာ ၂၈ ရက်၌ အန်ဝါလိုလားသူများနှင့် အစိုးရလိုလားသူ ဆန္ဒပြသူများသည် တရားရုံးအပြင်ဘက်၌ စုရုံးခဲ့သော်လည်း အခြေအနေမှာ အေးအေးဆေးဆေးပင် ဖြစ်သည်။

မလေးရှားနိုင်ငံ၏ နိုင်ငံတော်ကို အကြည်အညိုပျက်အောင်လုပ်ခြင်း ဥပဒေကို စွဲကိုင်လျက် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်အစိုးရသည် အတိုက်အခံနှင့် အခြားဝေဖန်သူများကို နှိမ်နင်းလျက်ရှိရာ နိုင်ငံတကာ အခွင့်အရေးအဖွဲ့များ၊ ကုလသမဂ္ဂလူ့အခွင့်အရေး ကျွမ်းကျင်သူများနှင့် အမေရိကန် သံရုံးတို့၏ ဝေဖန်မှုများကို ခံနေရသည်။ ■ (အေအက်ဖ်ပီ)

သောင်းညွန့် ဘာသာပြန်သည်။

မမုန်ကန်တဲ့ အကြောင်းပြချက်တွေနဲ့ လက်နက်တွေ ရောင်းချခွင့်ပြုလိုက်
ASIA 56

ပါလက်စတိုင်း ယဉ်ကျေးမှုအမွေထိန်းသိမ်းမည့် မသန်စွမ်း ဓာတ်ပုံသတင်းထောက်
WORLD 62

တရုတ် ရေယာဉ်မှူးကို ဂျပန်ကမ်းခြေစောင့်တပ်က ဖမ်းဆီး

တိုကျို – နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အတွင်း၌တွေ့ရသော တရုတ် ငါးဖမ်းရေယာဉ်တစ်စင်းနောက်သို့ သဲကြီးမဲကြီး လိုက်ခဲ့ပြီးနောက် သန္တာကျောက်များကို ကျူးကျော်ရှာဖွေ ခိုးယူသည်ဟူသော မသင်္ကာမှုဖြင့် အဆိုပါရေယာဉ်၏ မာလိန်မှူးကို အောက်တိုဘာ ၂၇ ရက်က ဖမ်းဆီးခဲ့ကြောင်း ဂျပန် ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

တရုတ် ငါးဖမ်းရေယာဉ် ကျယ်လင်းယီွယွင် ၆၂၂ သည် တိုကျိုမြို့တောင်ဘက် ကီလိုမီတာ ၁,၀၀၀ ခန့် (မိုင် ၆၃၀) ၌ရှိသော အိုဂါဆာဝါရာ ကျွန်းစုများထဲမှ ကျွန်းစုတစ်ခု၏ ကမ်းလွန်ရေပြင်၌ ရပ်တန့်ပေးရန် ဂျပန် ကင်းလှည့်ရေယာဉ်တစ်စင်း၏ အမိန့်ပေးချက်ကို မလိုက်နာဘဲ ခုတ်မောင်းထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ကွေ့ပတ်မောင်းနှင်ထွက်ပြေးသော ငါးဖမ်းရေယာဉ်နောက်သို့ ၈၅ မိနစ်ကြာအောင်

> ကမ်းလွန်ပင်လယ်ပြင်တွင် ပြီးခဲ့သည့်လကစပြီး အနီရောင်သန္တာကျောက်များ ရှာဖွေခိုးယူသည့် တရုတ် ငါးဖမ်းရေယာဉ်အရေအတွက် မြင့်တက်နေ

နောက်မှလိုက်ခဲ့ပြီး ဂျပန်ကမ်းခြေစောင့်တာဝန်ရှိသူများက အသက် ၃၁ နှစ်အရွယ် ရေယာဉ်မှူး ကျဲင်းယုန်ကို ဖမ်းမိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်ရေယာဉ် ၁၀၀ ခန့်ကို ထိုဒေသ၌ တွေ့ခဲ့ရပြီးနောက်ပိုင်း ယင်းရေယာဉ်ပေါ်၌ ပါလာသော ဒါဇင်နှင့်ချီသည့် သင်္ဘောသားများကို သန္တာကျောက်များ ကျူးကျော်ခိုးယူသည်ဟူ၍ သံသယရှိနေသည်။

ကျဲင်းကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့၏ ရေယာဉ်ပေါ်၌ပြုလုပ်သော စစ်ဆေးမှုတစ်ရပ်အား ငြင်းပယ်ရန် ကြိုးစားသည့်စွဲချက်များဖြင့် ဖမ်းဆီးထားခြင်းဖြစ်သည်။ ပြစ်မှုထင်ရှားပါက ဂျပန်နိုင်ငံ ငါးဖမ်းဥပဒေအရ ထောင်ဒဏ်ခြောက်လအထိ၊ သို့မဟုတ် ဒဏ်ငွေ ယန်း ၃၀၀,၀၀၀ (ဒေါ်လာ ၂,၇၇၀) အထိ ကျခံရနိုင်သည်။

ဘိုနင် ကျွန်းစုများဟုလည်းခေါ်သော အိုဂါဆာဝါရာကျွန်းစုများ၏ ကမ်းလွန်ပင်လယ်ပြင်တွင် ပြီးခဲ့သည့်လကစပြီး အနီရောင်သန္တာကျောက်များ ရှာဖွေခိုးယူသည့် တရုတ် ငါးဖမ်းရေယာဉ်အရေအတွက် မြင့်တက်နေကြောင်း ဂျပန်သတင်းမီဒီယာများက ဖော်ပြကြသည်။ အဆိုပါ အနီရောင် သန္တာကျောက်များကို တရုတ်နိုင်ငံတွင် လက်ဝတ်ရတနာအဖြစ် ဈေးကောင်းပေးဝယ်ကြောင်း သိရသည်။

ကျဲင်းသည် ယခုလအတွင်း ကျွန်းစုများအနီးဖမ်းမိသည့် စတုတ္ထမြောက် တရုတ်ငါးဖမ်းရေယာဉ် မာလိန်မှူးဖြစ်ကြောင်း ယိုကိုဟားမား ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

"မာလိန်မှူးက သန္တာကျောက်တွေကို ရှာဖွေခိုးယူတာ ဟုတ် မဟုတ်ကို စုံစမ်းစစ်ဆေးနေပါတယ်" ဟု ၎င်းကပြောသည်။

အရှေ့တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုတစ်ခုနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကြား တင်းမာမှုများ ပေါ်ပေါက်နေသော်လည်း ယင်းကဲ့သို့ သန္တာကျောက် ရှာဖွေခိုးယူသည့် ဖြစ်ရပ်များကြောင့် ဂျပန်နှင့် တရုတ်နိုင်ငံတို့အကြား ပြဿနာအကြီးအကျယ် ဖြစ်ပွားမှုမရှိသလောက်ဖြစ်သည်။

ယခုလအစောပိုင်းက ပင်လယ်ဝါအတွင်း ထိပ်တိုက်တွေ့မှုတစ်ခုတွင် တရုတ်ငါးဖမ်းသင်္ဘောတစ်စင်းမှ မာလိန်မှူးတစ်ဦးကို တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့က ပစ်သတ်ခဲ့သောကြောင့် တရုတ်နိုင်ငံ၌ဆန္ဒပြပွဲတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

ဂျပန် ကမ်းခြေစောင့်သင်္ဘောအနီးတွေ့ရသည့် ဖမ်းမိထားသော တရုတ်ငါးဖမ်းသင်္ဘော။ ဓာတ်ပုံ - အေအက်ဖ်ပီ

မမှန်ကန်တဲ့ အကြောင်းပြချက်တွေနဲ့ လက်နက်တွေ ရောင်းချခွင့်ပြုလိုက်

ရော်ဂျာမစ်တန်
rogermitton@mmtimes.com

အစကတည်းက တချို့ကိစ္စတွေကို အရှိကို အရှိအတိုင်းပြောတာ ကောင်းပါတယ်။ ပထမဆုံးပြောရရင်တော့ အခုအချိန်မှာ ဒီဒေသရဲ့ အင်အားကြီးနိုင်ငံဟာ တရုတ်နိုင်ငံဖြစ်တယ်။

ဒါကို အမေရိကန်၊ ဂျပန်နဲ့ အိန္ဒိယနိုင်ငံတွေဟာ တစ်ဆိတ်ကလေးမျှ သဘောမကျနိုင်ကြဘူး။ ဒီတော့ ဒီသုံးနိုင်ငံတို့ဟာ နဂါးနီကြီးနဲ့ပတ်သက်လို့ သူတို့ရဲ့အလေးအနက်ပူပန်မှုတွေကို လျော့ပါးစေဖို့ ပူးပေါင်းဆောင်ရွက်နေကြတယ်။

အငြင်းပွားနေတဲ့ပိုင်နက်တွေကို တရုတ်ပြည်က သူပိုင်တယ်ဆိုပြီး သိမ်းယူဖို့ကြိုးပမ်းမှုတွေနဲ့ အဓိကဆက်နွှယ်နေပေမယ့် တခြား လုံခြုံရေးကိစ္စတွေလည်းပါတဲ့အပြင် တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုက ကြီးမားတဲ့လိုငွေပြနေတာတွေကိုလည်း လျော့သွားချင်တဲ့ ဆန္ဒတွေရှိကြတယ်။

ဒီသုံးနိုင်ငံ ပူးပေါင်းမှု ပိုပြီးကျစ်လျစ်ခိုင်မာလာလေ သူတို့ဟာ အရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံတွေကို သူတို့သုံးနိုင်ငံရဲ့ တရုတ်နိုင်ငံကို ကန့်သတ်ထိန်းချုပ်ရာမှာ ပါဝင်လာအောင် ကြိုးပမ်းနေကြတယ်။

ဒီအထဲမှာ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နှစ်နိုင်ငံတို့ဟာ အဆွယ်ခံရဆုံးဖြစ်တယ်။ ဒီနိုင်ငံတွေရဲ့ ဗျူဟာကျတဲ့အနေအထားနဲ့ တရုတ်နိုင်ငံနဲ့ ရှည်လျားတဲ့ နယ်နိမိတ်တွေရှိတာကြောင့် သဘောပေါက်နားလည်နိုင်ပါတယ်။ ဗီယက်နမ်နိုင်ငံနဲ့ နယ်နိမိတ်ဟာ ၁,၃၀၆ ကီလိုမီတာရှည်လျားပြီး မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ဟာ ၂,၂၀၄ ကီလိုမီတာ ရှည်ပါတယ်။

အခုအချိန်မှာတော့ တရုတ်နိုင်ငံရဲ့ အင်အားကြီးထွားလာမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် ဗီယက်နမ်နိုင်ငံဟာ သုံးနိုင်ငံတွဲဖက်မှုရဲ့ အရေးပေးမှုကို ရနေတယ်။

ဒါကိုလည်း နားလည်သဘောပေါက်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ ရှည်လျားတဲ့ ကမ်းရိုးတန်းဟာ တောင်တရုတ်ပင်လယ်နဲ့ ထိစပ်နေပြီး ကမ္ဘာပေါ်မှာ ပိုင်နက်အငြင်းပွားမှုတွေနဲ့ ဒုက္ခပေးနေရာ ဒီနေရာပဲရှိတယ်လို့ ပြောရလောက်အောင် ဖြစ်တယ်။

ငါးပေါတဲ့နေရာနဲ့ ကြွယ်ဝတဲ့ ရေအောက် ရေနံနဲ့ ဓာတ်ငွေ့တွင်းတွေအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင် အငြင်းပွားမှုတွေဟာ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံဆက်ဆံရေးဟာ အဆိုးဆုံးဖြစ်တယ်။

မေလတုန်းက ဗီယက်နမ်နိုင်ငံရဲ့ ရေပိုင်နက်အတွင်း တရုတ်ပြည်က ရေနံတူးစင်တစ်ခုလာထားပြီး တောင်တရုတ်ပင်လယ်ရဲ့ ၉၀ ရာခိုင်နှုန်းကို ပိုင်တယ်လို့ပြောခဲ့ရာက အခြေအနေမှာ အလွန်တင်းမာခဲ့တယ်။

ဗီယက်နမ်အစိုးရဟာ ယမ်းပုံမီးကျဖြစ်သွားပြီး အဲဒီနေရာကို ကင်းလှည့်သင်္ဘောတွေကို စေလွှတ်ခဲ့ပေမယ့် ဘာမှထူးခြားမလာဘဲ တရုတ်က ပြန်ယူမသွားမချင်း ရေနံတူးစင်ဟာ အဲဒီနေရာမှာပဲ ရှိနေခဲ့တယ်။ ဗီယက်နမ်က ပြင်ပအကူအညီကို တောင်းခံခဲ့တဲ့အခါ သုံးနိုင်ငံအဖွဲ့က သူ့အနားရောက်လာခဲ့တယ်။ ဒီသုံးနိုင်ငံအဖွဲ့ကလည်း ဗီယက်နမ်နိုင်ငံ တစ်နိုင်ငံတည်းကသာ တရုတ်နိုင်ငံကို ရင်ဆိုင်ရဲတဲ့သတ္တိရှိတယ်လို့ မြင်ကြတယ်။

၁၉၇၉ ခုနှစ်က နယ်စပ်တိုက်ပွဲအပါအဝင် ဗီယက်နမ်နိုင်ငံရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ တရုတ်နိုင်ငံနဲ့ အကြိမ်ကြိမ်တိုက်ခဲ့ဖူးတယ်။ စစ်ဘက်ဆိုင်ရာ ဆန်းစစ်သူအတော်များများကလည်း ဗီယက်နမ်စစ်တပ်

လူသေစေတဲ့ လက်နက်တချို့တစ်ဝက် ရောင်းဖို့ ဆုံးဖြတ်လိုက်တာဟာ စိတ်မချမ်းမြေ့ဖွယ်လုပ်ရပ်ပဲဖြစ်တယ်။ တရုတ်အစိုးရကလည်း သဘောပေါက်ပြီး လက်နက်အရောင်းအဝယ်တားဆီးမှုကို ဖယ်ရှားလိုက်တဲ့ ဝါရှင်တန်အစိုးရကို ဒေါသကြီးစွာနဲ့ ဝေဖန်ပြောဆိုခဲ့တယ်။

လက်နက်အရောင်းအဝယ် ပိတ်ပင်မှုကို ဖယ်ရှားလိုက်ခြင်းဟာ ဒေသတွင်းတည်ငြိမ်မှုကို ပျက်ပြားစေနိုင်ပြီး ပိုင်နက်အငြင်းပွားမှုတွေကို ပြေလည်စေဖို့ ဘာမှအထောက်အကူပြုမှာမဟုတ်ဘူးလို့ တရုတ်အစိုးရက ပြောခဲ့တယ်။

တရုတ်အစိုးရရဲ့ တရားဝင်သတင်းစာ ပြည်သူ့နေ့စဉ် (People's Daily) က ဆက်လက်ရေးသားရာမှာ အမေရိကန်ရဲ့ မူဝါဒဟာ တရားမျှတမှုမရှိကြောင်း၊ ဗီယက်နမ်နိုင်ငံအပေါ် လက်နက်ပိတ်ပင်မှု လျှော့ပေးပေမယ့် တရုတ်နိုင်ငံကို လက်နက်ရောင်းချခြင်း ပိတ်ပင်တားဆီးထားဆဲဖြစ်ကြောင်း အဆင့်မြင့်နည်းပညာ ပစ္စည်းတင်ပို့မှုကိုလည်း ကန့်သတ်ထားကြောင်းဆိုတယ်။

ဒီကိစ္စမှာ တရုတ်အစိုးရက မှန်တယ်လို့ဝန်ခံ

ဟာ ဒေသတွင်းမှာ အင်အားအကောင်းဆုံးလို့သတ်မှတ်ကြတယ်။

ဗီယက်နမ်နိုင်ငံရဲ့ အာဏာရကွန်မြူနစ်အစိုးရဟာ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိကာကွယ်ရေးအသုံးစရိတ်ကို ရာခိုင်နှုန်း ၁၃၀ အထိ သုံးစွဲခဲ့ပြီး စစ်လက်နက်ပစ္စည်း အများအပြားကို ရုရှားက ဝယ်ယူခဲ့ခြင်းဖြစ်တယ်။ ပြဿနာကတော့ ဟန္ွိုင်းရဲ့စစ်တပ်ဟာ ရေကြောင်းကာကွယ်ရေးအတွက် စစ်လက်နက်ပစ္စည်းတွေ အားနည်းလျက်ရှိတယ်။

မပူပါနဲ့။ သုံးနိုင်ငံလက်တွဲအဖွဲ့က ဗီယက်နမ်ရဲ့ ရေတပ်ကို အားဖြည့်ပေးဖို့ သဘောတူလက်မှတ်ထိုးတာတွေ လုပ်နေပါပြီ။

အရေးပါဆုံးအချက်တစ်ခုကတော့ ၁၉၇၅ ခုနှစ် ဗီယက်နမ်စစ်ပွဲပြီးဆုံးကတည်းက ပိတ်ပင်ထားတဲ့ လူသေစေနိုင်တဲ့လက်နက်တချို့ရောင်းခွင့်ကို အမေရိကန်အစိုးရက ယခုလအတွင်းက ဆုံးဖြတ်ခဲ့တာပဲဖြစ်တယ်။

ဗီယက်နမ်နိုင်ငံဟာ ကွန်မြူနစ်အာဏာရှင်စနစ်ဖြစ်ပြီး လူ့အခွင့်အရေးတွေကို အလေးမထားတာ၊ ပါတီစုံဒီမိုကရေစီလမ်းကိုလည်း လျှောက်ဖို့ ရည်ရွယ်ချက်မရှိတဲ့ အပြင်ရမှာကိုက ရှက်စရာကောင်းပါတယ်။ ပိုပြီး ရှက်စရာကောင်းတာကတော့ အမေရိကန်အစိုးရရဲ့ လုပ်ရပ်ဟာ တရုတ်နိုင်ငံကို ဟန့်တားနိုင်မှာမဟုတ်သလို ဗီယက်နမ်နိုင်ငံက ထွန်းကားခါစ ဒီမိုကရေစီလိုလားတဲ့ လှုပ်ရှားမှုကိုလည်း မျှော်လင့်ချက်ပေးမှာ မဟုတ်ဘူး။

တကယ်ပါပဲ။ လက်နက်ရောင်းချခြင်း တားမြစ်တာကိုလည်း ဖယ်ရှားလိုက်ပြီးတဲ့နောက်မှာ တရုတ်အစိုးရဟာ တောင်တရုတ်ပင်လယ်ထဲမှာ ဟန္ွိုင်းအစိုးရက ပိုင်တယ်လို့ဆိုထားတဲ့ ကျွန်းတွေမှာ လေယာဉ်ကွင်းတစ်ခုဆောက်လုပ်တာ အပါအဝင် မြေယာဖော်ယူတဲ့ စီမံကိန်းတွေကို အားသွန်ခွန်စိုက် ဆက်လက်လုပ်ဆောင်လာခဲ့တယ်။

ပြောရရင်တော့ ဝါရှင်တန်ရဲ့ မဆင်မခြင်လုပ်ရပ်ဟာ ဒီဒေသတွင်းမှာ စစ်ရေးပဋိပက္ခပေါ်ပေါက်လာဖို့ အလားအလာပိုလာတာထက် တခြားဘာမှပြောင်းလဲမသွားဘူး။ ■

ဤဆောင်းပါးသည် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။

The Myanmar Times

သောင်းညွန့် ဘာသာပြန်သည်။

တရုတ်ပြည်တွင် မာကျောက်ကစားခြင်း ချုပ်ငြိမ်းတော့မည်

ပေကျင်း - တရုတ်ကွန်မြူနစ်ပါတီ၏ အာဘော်သတင်းစာတွင် ဆောင်းပါးရှင်တစ်ဦးက အစိုးရအရာရှိများ အတိတ်ခေတ်က လောင်းကစားနည်းတစ်မျိုးဖြစ်သော မာကျောက်ကစားခြင်းကို ရှောင်ရှားကြရန် တိုက်တွန်းရေးသားခဲ့ရာ ယခုအခါ အဆိုပါ တရုတ်ရိုးရာ မာကျောက်ကစားခြင်းသည် နိုင်ငံပိုင်မီဒီယာများက တရားဝင် ပြစ်တင်ရှုတ်ချခံရတော့မည့် နောက်ဆုံးပေါ် အသုံးအဖြုန်းကြီးမှုတစ်ရပ်ဖြစ်လာခဲ့သည်။

တရုတ်လူမျိုးများသည် မာကျောက်တုံးကလေးများဖြင့် ရာစုနှစ်များစွာကစားလာရာ အချို့က ထိုကစားနည်း တီထွင်သူသည် ရှေးပညာရှိ ကွန်ဖြူးရှပ်ဖြစ်သည်ဟု ယူဆကြသည်။ ပြည်သူ့နေ့စဉ် သတင်းစာတွင်ပါသော ကောက်နုတ်တင်ပြချက်အရ အစိုးရတာဝန်ရှိသူ အရာရှိများသည် ၎င်းတို့၏ ဝါသနာအရ အသုံးအဖြုန်းကြီးမှု လုပ်ရပ်တွင်ပါဝင်သော မာကျောက်ကစားနည်းကို ကစားကြသည်ဆို၏။ ■ (အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

ကျောက်ကပ်ထုတ်ယူခံရသူ ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကမ္ဘောဒီးယားနိုင်ငံက တရားမဝင် ကျောက်ကပ်ရောင်းဝယ်မှု အန္တရာယ်

ဖနွမ်းပင် - မိသားစု၏ကြွေးမြီများကို ဆပ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း နောက်ဆုံး၌ ပြန်တွေ့တိုင်း အပြစ်ရှိသလို စိတ်မသိုးမသန့် ခံစားရစေသော ခုနစ်လက်မရှိသည့် အမာရွတ်တစ်ခုက ခွဲစိတ်မှုတစ်ခု၏ သေရာပါအမှတ်အသားအဖြစ် ချာဟေး၏ရင်ဘတ် ဝဲဘက်အပိုင်းတွင် ကန့်လန့်ဖြတ် နေရာယူလျက်ရှိသည်။

အသက် ၁၈ နှစ်အရွယ်ရှိ ချာဟေးက တရားမဝင် သဘောတူရောင်းဝယ်မှုတစ်ခုတွင် ၎င်း၏ကျောက်ကပ်ကိုဒေါ်လာ ၃,၀၀၀ ဖြင့်ရောင်းချခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်းပင်၏ ဆင်ခြေဖုံးဒေသ၌ရှိသော ခနော်နီခနော်နဲ့ အိမ်ကလေးမှ အိမ်နီးချင်းထိုင်းနိုင်ငံရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။

၎င်းနှင့် အခြား ညီအစ်ကိုနှစ်ဦးတို့ကို ကျောက်ကပ်ဆေး နေရသော ကမ္ဘောဒီးယား လူချမ်းသာများအတွက် ကျောက်ကပ်များရောင်းချပေးရန် အိမ်နီးချင်းတစ်ဦးက စည်းရုံးသိမ်းသွင်းခဲ့ကြောင်း မိသားစုဝင်ကိုးဦးနှင့်အတူ နေထိုင်သော ချာဟေးက ပြောကြားခဲ့သည်။

ရွယ်တူကလေးများ ဘောလုံးကန်နေသည်ကို ဘေးကထိုင်ကြည့်နေရသော ခွဲစိတ်မှု နှစ်နှစ်ကြာပြီဖြစ်သည့် ချာဟေးက ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလိုခံစားနေရပြီး ယနေ့အထိ ဝေခွဲမရ ဖြစ်နေသည်။ "ကျွန်တော့်လို ကျောက်ကပ် ထုတ်မပစ်လိုက်ဖို့ တခြားသူတွေကို ပြောချင်ပါတယ်။ အဲဒီအတွက် နောင်တရနေရတယ်။ အခုဆို အလုပ်ကြမ်းမလုပ်နိုင်တော့သလို လမ်းလျှောက်တာတောင်မှ ပင်ပန်းနေတယ်" ဟု ဆိုသည်။ ၎င်းသည် အထည်အလိပ်စက်ရုံတစ်ရုံ၌ ဇူလိုင်လကစ၍ အလုပ်ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ အဖြစ်အပျက်မျိုးများမှာ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ရှိ ဆင်းရဲသားရပ်ကွက်များတွင် ယခင်ကတည်းက ဖြစ်ပွားနေကျဖြစ်ပြီး တစ်နှစ်တစ်နှစ် ကမ္ဘာတစ်ဝန်းပြုလုပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသမှု ၁၀,၀၀၀ အထိ၊ သို့မဟုတ် ၁၀ ရာခိုင်နှုန်းမှာ တရားမဝင် ကိုယ်အင်္ဂါရောင်းချမှုဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ခန့်မှန်းချက်အရသိရသည်။

ထို့ပြင် ကျောက်ကပ်အလှူရှင်များက ငွေကြေးရယူပြီး ထုတ်ပေးလိုက်သော ကျောက်ကပ်များအတွက် ပွဲစားများက ကျောက်ကပ်တစ်လုံးလျှင် ဒေါ်လာ ၁၀,၀၀၀ ရယူနေကြောင်း သိရှိရ၍ အမှုဖွင့်တိုင်တန်းမှုများလည်း ဖြစ်ပွားလာသည်။

ကျောက်ကပ်အလှူရှင် ညီအစ်ကိုနှစ်ဦး၏ ဝမ်းကွဲအစ်မ တော်သူဟုယူဆရသူ အသက် ၂၉ နှစ်အရွယ်ယမ်အဇီဆားဟ်နှင့် ၎င်း၏ပထွေးဖြစ်သူ အသက် ၄၀ အရွယ် ဖယ်လာတို့ကို ဖနွမ်းပင်မြို့ ရဲတပ်ဖွဲ့က ဇူလိုင်လတွင် လူကုန်ကူးမှုဖြင့် စွဲချက်တင်ခဲ့သည်။

ယင်းနည်းလမ်းက ငွေအမြောက်အမြားရရန်လွယ်ကူသောကြောင့် အမြတ်ထုတ်ခံရမည်ကို စိုးရိမ်နေရပြီး အမှုဖွင့်တရားစွဲဆိုခြင်းမရှိသည့် ထိုင်းနိုင်ငံသို့ ခေါ်သွားခံရသော အခြား ကမ္ဘောဒီးယားအလှူရှင်များ နှစ်ဦးထက်မနည်း ရှိနေသေးကြောင်း ပရမ်က ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။


Quality for
Safety,
Saving and
Satisfaction
AGE Transformer များထုတ်လုပ်ရာတွင် အသုံးပြုသော Raw Material များ
Kraft Paper (Germany)
Pressboard (Germany)
Laminated Wood (Germany)
Diamond Dotted Paper (Germany)
Duct Spacing (Germany)
Copper Foil (Germany)
Nippon Steel M4/HI-B (Japan)
Enamelled Wire (Korea)
High Voltage Bushing (ABB Sweden)
Low Voltage Bushing (Italy)
High Voltage Bushing (Italy)
On Load Tap Changer (MR, Germany)
Integrated Safety Director (Italy)
Protective Relay (French)
ASIA GENERAL ELECTRIC CO., LTD.
SGS
UKAS
HEAD OFFICE: No.69, Room 1106/1107,
11st Floor, Yuzana Tower, Shwe Gone Daing,
Kabar Aye Pagoda Road, Bahan Township,
Yangon 11201. Myanmar.
Tel/Fax : (95 1) 551896, 551897
www.age.com.mm
Transformer, Panel, Cubicle & Switchgear Production

World

ပါကစ္စတန်နိုင်ငံက ပိုလီယို အာဇာနည် ဆမ်ဘာလ်
WORLD 60

အာကာသလွှတ်တင်သည့် ဒုံးပျံ စက္ကန့်ပိုင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့

ဝါရှင်တန် - နိုင်ငံတကာ အာကာသစခန်း (ISS) သို့ ထောက်ပံ့ရေးပစ္စည်းများဖြည့်ဆည်းပေးရန် လွှတ်တင်ခဲ့သည့် အာကာသသိပ္ပံအဖွဲ့၏ ဒုံးပျံတစ်စင်းသည် အောက်တိုဘာ ၂၉ ရက်က အာကာသသို့ လွှတ်တင်ခဲ့ပြီးနောက် စက္ကန့်ပိုင်းအတွင်းမှာပင် မီးလောင်ပေါက်ကွဲခဲ့ကာ ကြီးမားသည့် မီးလုံးကြီးဖြစ်ပေါ်ပြီး မြေပြင်သို့ ပြန်လည်ထိုးကျခဲ့ကြောင်းသိရသည်။

အာကာသထဲသို့ တစ်ကြိမ်သာ ပို့လွှတ်ရန် ဖန်တီးတည်ဆောက်ထားသည့် Antares စနစ်သုံး rocket အမျိုးအစားဖြစ်သည့် ယင်းဒုံးပျံမှာ မတော်တဆမှုတစ်ခုကြောင့် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ဗာဂျီးနီးယားပြည်နယ်၊ ဝေါလက်ပ်ကျွန်း၌ ဖြစ်ပွားခဲ့သော အဆိုပါဒုံးပျံ မီးလောင်ပေါက်ကွဲမှုကြီးမှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်း မဟုတ်သည့် ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ကြောင်း ဟော့စတန်မြို့ရှိ နာဆာ ဒုံးပျံလွှတ်တင်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ယင်းဒုံးပျံမှာ နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူး ခြောက်ဦးအတွက် ထောက်ပံ့ရေးပစ္စည်း တန်ချိန်ပေါင်း ပေါင် ၅,၀၀၀ (ကီလိုဂရမ် ၂,၂၀၀) ကို သယ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲပျက်စီးသွားသော ဒုံးပျံနှင့် ထောက်ပံ့ရေးပစ္စည်းများ၏တန်ဖိုးမှာ ဒေါ်လာသန်း ၂၀၀ ကျော်ရှိကြောင်းနှင့် ယင်းပျက်စီးဆုံးရှုံးမှု ငွေပမာဏထဲတွင် မြေပြင်က ထိခိုက်ပျက်စီးမှုများ မပါဝင်ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

လုံခြုံရေးအရ အရေးကြီးပစ္စည်းများ ဒုံးပျံနှင့်အတူ ပါရှိသွားခြင်းကြောင့် စုံစမ်းစစ်ဆေးသူများက ထိုဒေသ၏ အနားဝန်းကျင် နေရာများကို လုံခြုံရေး အလျင်အမြန်တင်းကျပ်ခဲ့ပြီး မျက်မြင်သက်သေများ၊ သို့မဟုတ် ဝန်ထမ်းများကို ပြင်ပ၌ တွေ့ဆုံမေးမြန်းခြင်းများကိုလည်း ပိတ်ပင်ခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၂ မိနစ်တွင်ဖြစ်ပွားခဲ့သော ထိုပေါက်ကွဲမှုမှာ တစ်စုံတစ်ရာ မှားယွင်းလွဲချော်ခဲ့ခြင်းဖြစ်ပြီး အဖြေကိုသိရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာကာသသိပ္ပံ စီမံခန့်ခွဲရေးဒုဥက္ကဋ္ဌ ဖရန့်ခ် ကူလ်ဘတ်ဆန်က ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိသော်လည်း ဒုံးပျံလွှတ်တင်

ဗာဂျီးနီးယားပြည်နယ် ဝေါလပ်ကျွန်း ဒုံးပျံစခန်း၌ ပေါက်ကွဲစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရာနေရာ၌ ကြီးကြီးမားမား ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ဒုံးပျံလွှတ်တင်ချိန်တွင်လည်း ချောချောမောမော အောင်မြင်စွာ လွှတ်တင်နိုင်ပြီး မလွှတ်တင်မီ အချိန်ကလည်း စက်ပိုင်းဆိုင်ရာ ပြဿနာရှိခြင်းမျိုး မတွေ့ရကြောင်း အင်ဂျင်နီယာများက ပြောကြားခဲ့သည်။ "ချို့ယွင်းမှုဖြစ်နိုင်တဲ့ ကြိုတင်နိမိတ်လက္ခဏာ တစ်ခုတလေမှလည်း မရှိပါဘူး"ဟု ကူလ်ဘတ်ဆန်က ပြောသည်။ ၂၀၁၃ ခုနှစ်တွင် Antares ဒုံးပျံကို ISS သို့ ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။ ■ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။

စီးပွားရေးလုပ်ရန် အကောင်းဆုံး စင်ကာပူ
ASIA 56

အနုပညာရှင်တွေကို မကြောက်ပါနဲ့
WORLD 62

သတင်းတို

အိမ်ဖြူတော် ကွန်ပျူတာ ကွန်ရက် ချိုးဖောက်ခံရ

ဝါရှင်တန် - အမေရိကန်သမ္မတ အိမ်ဖြူတော်၏ လျှို့ဝှက်ကွန်ပျူတာ ကွန်ရက်စနစ်ကို မကြာသေးမီက ဟက်ကာများ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း အမေရိကန် အရာရှိတစ်ဦးက အောက်တိုဘာ ၂၉ ရက်က ပြောကြားခဲ့ပြီး အမေရိကန် ဝါရှင်တန်ပို့စ်သတင်းစာကမူ ယင်းသို့ဆောင်ရွက်မှုတွင် ရုရှားအစိုးရက နောက်ကွယ်မှ ပါဝင်ပတ်သက်မှု ရှိသည်ဟုယူဆရကြောင်း ရေးသားဖော်ပြထားသည်။ ထိုသို့ထိုးဖောက်ဝင်ရောက်မှုကြောင့် အိမ်ဖြူတော်ရှိ ကွန်ရက်အသုံးပြုသူများ ခေတ္တအဆက်အသွယ် ပြတ်တောက်သွားကြောင်းသိရသည်။ လျှို့ဝှက်ကွန်ရက်၏ အချို့အပိုင်းများထိခိုက်ခဲ့သော်လည်း ကွန်ပျူတာများနှင့် ကွန်ပျူတာစနစ်များ ပျက်စီးမသွားကြောင်း အဆိုပါအရာရှိက ပြောခဲ့သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

ဇမ်ဘီယာသမ္မတ ကွယ်လွန်

လူဆာကာ - လန်ဒန်ရှိ မီးရထားစကြီးများ ရှင်းလင်းရေး သန့်ရှင်းရေးလုပ်သားဘဝမှသည် ၎င်း၏ နိုင်ငံတွင်းရှိ အဆင့်အမြင့်ဆုံးရုံးခန်း၌ နိုင်ငံ့အရေးကိစ္စများအထိ တိုးတက်ကောင်းမွန်စေရန်ဆောင်ရွက်ခဲ့သော ဇမ်ဘီယာနိုင်ငံ သမ္မတ မိုက်ကယ်ဆာတာသည် အသက် ၇၇ နှစ်တွင် ကွယ်လွန်ခဲ့သည်။ ၎င်းသည် နိုင်ငံရှိ အဆင့်အမြင့်ဆုံးရုံးများတွင် အကျင့်ပျက်ခြစားမှုများ ဖယ်ရှားရှင်းလင်းပစ်ရန် သန္နိဋ္ဌာန်ချလုပ်ဆောင်ခဲ့သူလည်းဖြစ်သည်။ ■ (အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

အီရတ်၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ကို အိုင်အက်စ်တို့ ခြိမ်းခြောက်

ဆွန်နီ အစွန်းရောက်များသည် အီရတ်၏ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဖျက်ဆီးနေခြင်းဖြစ်

ဘဂ္ဂဒက် - အိုင်အက်စ်အဖွဲ့က အီရတ်နှင့် ဆီးရီးယား ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ရက်စက် ကြမ်းကြုတ်မှုများ၊ ခေါင်းဖြတ်သတ်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် ပြန်ပေးဆွဲထားသည့် မိန်းကလေးများကို ကျွန်အဖြစ် ရောင်းစားသည့် အနိဋ္ဌာရုံသတင်းများမှာ မကြားချင် မမြင်ချင်သည့် အဆုံးဖြစ်သည်။ လူသိမများလှသည့် သတင်းတစ်ခုကတော့ ဆွန်နီ အစွန်းရောက်အဖွဲ့သည် အီရတ်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ပျက်စီးဆုံးရှုံးသွားရန် လုပ်နေခြင်းပင်ဖြစ်သည်။ ယေရှုခရစ်မမွေးဖွားမီ နှစ်ပေါင်းထောင်ချီကတည်းက မက်ဆိုပိုတေးမီးယားက လူများသည် ပထမဆုံး ရေးသားမှုစနစ်၊ သင်္ချာဘာသာရပ်၊ နက္ခတ်တာရာဘာသာရပ်၊ စာပေနှင့် ဥပဒေစသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်ခဲ့သူများ ဖြစ်ကြသည်။

သို့သော်လည်း အီရတ်၏ အတိတ်ကို ပစ္စုပ္ပန် အခြေအနေ၏ အိပ်မက်ဆိုးက ခြိမ်းခြောက်လျက်ရှိသည်။ အိုင်အက်စ်အဖွဲ့သည် အီရတ်နိုင်ငံနှင့် စစ်ဖြစ်နေရုံတင်သာမကဘဲ အီရတ်နိုင်ငံ၏ ထင်ရှားသည့် ဝိသေသ လက္ခဏာများနှင့်ပါ စစ်ဖြစ်နေသည်။ ဘာသာရေးအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာဇစ်ဒီ၊ ခရစ်ယာန်နှင့် တူရကီလူနည်းစုများကို သတ်ဖြတ်ခြင်း၊ ကျွန်အဖြစ်သွတ်သွင်းခြင်းနှင့် ရန်သူများကို ကွပ်မျက်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ရုပ်ကြွထုလုပ်ထားသည့်အရာဝတ္ထုများကိုဖြတ်ယူပြီး ရာဇဝတ်ကောင်များနှင့် ရှေးဟောင်းပစ္စည်း ရောင်းဝယ်သူများထံ ရောင်းချကြောင်း၊

စစ်ဒဏ်ကြောင့် ဆင်ဝင်ပျက်စီးသွားခဲ့ရသည့် အီရတ်အမျိုးသားပြတိုက်။ အေအက်ဖ်ပီ

များသောအားဖြင့် ဈေးပိုရသည့် ခေါင်းများကို ဖြတ်ယူကာ ခြေထောက်များကို ချန်ထားခဲ့ကြကြောင်း အီရတ်ပြတိုက်များ၏ ညွှန်ကြားရေးမှူးချုပ် ကာအစ်ဟူစိန် ရာရှစ်က စီအင်န်အင်န်သတင်းဌာနကို ပြောခဲ့သည်။

အီရတ်နိုင်ငံ၏ မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သည့် မိုးဆူးလ်တစ်ဝိုက်ရှိ နေရာများမှာ ရှေးဟောင်း အပျက်အစီးများနှင့် ပြည့်နှက်နေသည်။ ဇွန်လက အိုင်အက်စ်အဖွဲ့သည် အီရတ်စစ်သားများကို ထိုဒေသမှ တိုက်ထုတ်ခဲ့သည်။ အိုင်အက်စ်လက်ထဲ ရောက်သွားသည့် ထိုဒေသမှာ အန္တရာယ်ရှိနေပြီဖြစ်သည်။ ရှေးဟောင်းမြို့ပျက်ဖြစ်သည့် ဟာထရာကို ထိန်းသိမ်းထားနိုင်မှုအတွက် ရာရှစ်သည် အထူးစိုးရိမ်မကင်းဖြစ်နေသည်။ ဟာထရာမှာ မိုဆူးလ်မြို့၏ တောင်ပိုင်း၌ ဘီစီ ၃၀၀ ကပင် ရှိနေခဲ့သည်။

၎င်းနေရာကို အိုင်အက်စ်သည် လွန်ခဲ့သည့် လအနည်းငယ်က သိမ်းခဲ့ပြီး လက်နက်နှင့် ခဲယမ်းမီးကျောက်များ သိုလှောင်ထားကာ တိုက်ခိုက်ရေးသမားများကို သင်တန်းပေးခြင်းနှင့် အကျဉ်းသားများကွပ်မျက်ရာတွင် အသုံးပြုသည်။

၎င်းမြို့သည် ရောမအင်ပါယာ၏ တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံခဲ့ပြီး အေဒီ ၃၀၀ ၌ ပါရှန်း ဆာဆာနစ် အင်ပါယာလက်အောက် ကျရောက်သွားခဲ့သည်။ မြို့၏ နံရံအတွင်း အပြင်တို့၌ မျှော်စင်များစွာရှိပြီး ဗိသုကာ ရတနာအများအပြားသည် ၎င်းမြို့၏ ရှည်ကြာပြီး ထွေပြားသည့်သမိုင်းကို ရောင်ပြန်ဟပ်လျက်ရှိသည်။ နန်းတော်များ၊ ဘုရားကျောင်းများနှင့် ရုပ်တုများအကြား အိုင်အက်စ်အဖွဲ့သားများနေထိုင်နေကြသည့်အတွက် ဖျက်လိုဖျက်ဆီးလုပ်မည်ကို ရာရှစ်က စိုးရိမ်ပူပန်လျက်ရှိသည်။ မိုဆူးလ်ပြတိုက်မှာလည်း အိုင်အက်စ်လက်ထဲ ကျရောက်သွားပြီဖြစ်ရာ ဂျီဇယာကောက်ခံရန် ရုံးလုပ်ထားသည်။ ဂျီဇယာသည် မွတ်စလင် မဟုတ်သူများထံမှ ကောက်ခံသည့် အခွန်အတုတ်ဖြစ်သည်။ ထိုပြတိုက်ရှိ ရှေးဟောင်း ပစ္စည်းများ၏ ကံကြမ္မာကို မသိရသေးပေ။

အီရတ်၌ရှိသည့် ဟာထရာနှင့် အခြားရှေးဟောင်းနေရာများကို ထိန်းသိမ်းထားခြင်းသည် အနာဂတ် ငြိမ်းချမ်းရေးတွင် အခန်းကဏ္ဍတစ်ခုက ပါဝင်မှာဖြစ်ကြောင်း ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က သတိပေးပြောကြားခဲ့သည်။

လူများ၏ အသက်အန္တရာယ်ကို ကာကွယ်ခြင်း၊ လူတို့၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဝိသေသ လက္ခဏာများကို ကာကွယ်ခြင်းတို့သည် ဒွန်တွဲလျက်ရှိကြောင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အီရီနာ ဘိုကိုဗာက ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သည့် အရေးပေါ်အစည်းအဝေး၌ ပြောကြားခဲ့သည်။

ယူနက်စကိုသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ အကူအညီကိုယူပြီး အီရတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ယဉ်ကျေးမှုပစ္စည်း တရားမဝင် ရောင်းဝယ်ခြင်းကို အလေးအနက်ထား နှိမ်နင်းမည်ဖြစ် ကြောင်း အီရီနာ ဘိုကိုဗာက ကတိပေးခဲ့သည်။ ■ (အေအက်ဖ်ပီ)

သောင်းညွန့် ဘာသာပြန်သည်။

ပါကစ္စတန် ကလေးငယ်တစ်ဦးကို ပိုလီယိုကာကွယ်ဆေးတိုက်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပါကစ္စတန်နိုင်ငံက ပိုလီယို အာဇာနည် ဆမ်ဘာလ်

ဘာဒါဘာ - နဒီယာခန်က အစ်မဖြစ်သူ ဆမ်ဘာလ်၏ ဓာတ်ပုံနှစ်ပုံကို အလွန်မြတ်နိုးတန်ဖိုးထားသည်။ တစ်ပုံမှာ တောက်ပသော မျက်လုံးများဖြင့် အပြုံးပန်းပွင့်နေသည်။ နောက်တစ်ပုံကတော့ စစ်သွေးကြွများ ပစ်သတ်သွား၍ ခံစားမှုလုံးဝမရှိတော့သည့် မျက်နှာကလေး။ သို့သော် သည်မျက်နှာက ပါကစ္စတန်နိုင်ငံအတွင်း အသည်းအသန် ပြင်းထန်စွာ ဆင်နွှဲနေသော ပိုလီယိုခေါ် အကြောသေရောဂါပပျောက်ရေး စီမံချက်က အာဇာနည်တစ်ဦး၏ မျက်နှာလည်းဖြစ်သည်။

၂၀၁၃ ခုနှစ်၊ မေလက ပါကစ္စတန် အနောက်မြောက် စစ်သွေးကြွများရှိရာ ဘာဒါဘာရွာ၊ ရွှံ့အုတ်ဖြင့်ဆောက်လုပ်ထားသည့် အိမ်တစ်အိမ်အတွင်း ကလေးများကို ပိုလီယိုကာကွယ်ဆေး ထိုးနှံပေးနေသည့် ဆမ်ဘာလ်နှင့် သူငယ်ချင်းဖြစ်သူ ရှီရာဖက်တို့ကို မော်တော်ဆိုင်ကယ်စီး စစ်သွေးကြွနှစ်ဦးက ပစ်ခတ်သွားသည်။ ရှီရာဖက် ပွဲချင်းပြီး သေဆုံးပြီး ဆမ်ဘာလ်မှာ ဆေးရုံတွင် ၁၀ ရက်ခန့် ဒဏ်ရာဖြင့် မေ့မြောနေပြီးနောက် သေဆုံးသွားရှာသည်။

ပါကစ္စတန်သည် ကပ်ရောဂါအသွင်ဖြင့် ပိုလီယိုရောဂါဖြစ်ပွားနေဆဲ ကမ္ဘာ့ သုံးနိုင်ငံစာရင်းတွင် အာဖဂန်နစ္စတန်နှင့် နိုက်ဂျီးရီးယားနိုင်ငံတို့နှင့်အတူ ပါဝင်နေသည်။ ပိုလီယိုရောဂါအမြစ်ပြတ် သုတ်သင်ရေး ကာကွယ်ဆေးထိုးနှံပေးနေသူများလည်း ဆမ်ဘာလ်ကဲ့သို့ အသတ်ခံနေရဆဲဖြစ်သည်။

၂၀၀၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ပိုလီယို လုံးဝကင်းစင်ရန် မျှော်မှန်းထားသော ပါကစ္စတန်နိုင်ငံတွင် ယူနက်စကိုစာရင်းအရ ၁၉၉၃ ခုနှစ်က ပိုလီယိုဖြစ်ပွားသူ ၁၈,၀၀၀ ရှိရာက ၂၀၀၅ ခုနှစ်တွင်ဖြစ်ပွားသူ ၂၈ ဦးသာ ရှိတော့သည်။ ၂၀၀၈ မှစ၍ ဖြစ်ပွားသူ ပိုမိုများပြားလာရာ ၂၀၁၄ တွင် ၁၅ နှစ်အတွင်း ဖြစ်ပွားသူ အများဆုံး ၂၁၀ အထိ တိုးလာသည်။ ယင်းပမာဏမှာ ကမ္ဘာတစ်ဝန်း ပိုလီယိုဖြစ်ပွားသူအားလုံး၏ ၈၀ ရာခိုင်နှုန်းပင် ဖြစ်နေကြောင်း ယူနက်စကိုက ဆိုသည်။

တာလီဘန်သောင်းကျန်းသူတို့ အခြေစိုက်ဒေသဖြစ်သော ပါကစ္စတန် အနောက်မြောက်ပိုင်းသည်လည်း ပိုလီယိုရောဂါ အများဆုံး ဖြစ်ပွားရာဒေသဖြစ်နေ၍ ဒေသအဓိကမြို့ဖြစ်သည့် ပက်ရှာဝါကိုပင် ‘ကမ္ဘာ့ပိုလီယိုမြို့တော်’ (World Capital of Polio) အဖြစ်လည်းခေါ်တွင်လျက်ရှိသည်။ အာဖဂန်နယ်စပ်ရှိ မြောက်နှင့် တောင်ဝါဇီရစ္စတန် မျိုးနွယ်စုများနေထိုင်ရာ ဒေသများတွင်လည်း ပိုလီယိုကာကွယ်ဆေးထိုးနှံမှုကို တာလီဘန်တို့က ပိတ်ပင်ထားသဖြင့် ကလေးများ ထောင်ချီ၍ ပိုလီယို ဖြစ်ပွားလာနိုင်ဖွယ်ရှိနေကြသည်။

ပိုလီယိုကာကွယ်ဆေးတွင် ဝက်ဆီများ ပါဝင်ကြောင်း၊ ယင်းကာကွယ်ဆေးများသည် မွတ်စလင်လူမျိုးများ သားသမီးမထွန်းကားအောင် အနောက်နိုင်ငံများ၏ စီမံချက်ဖြစ်ကြောင်း ကောလာဟလသတင်းများကို ဗဟုသုတနည်းပါးသော ဒေသခံများက ယုံကြည်ကြ၍ အခြေအနေ ပိုဆိုးလာသည်။

> ပိုလီယိုကာကွယ်ဆေးတွင် ဝက်ဆီများ ပါဝင်ကြောင်း၊ ယင်းကာကွယ်ဆေးများသည် မွတ်စလင်လူမျိုးများ သားသမီး မထွန်းကားအောင် အနောက်နိုင်ငံများ၏ စီမံချက်ဖြစ်ကြောင်း

အယ်လ်ကေဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကို ထောက်လှမ်းရန်အတွက် စီအိုင်အေက ပါကစ္စတန်ဆရာဝန်တစ်ဦးကို ၂၀၁၁ ခုနှစ်က အသည်းရောင်ရောဂါကာကွယ်ဆေးထိုးနှံရေး စီမံချက်တွင် အသုံးချခဲ့ခြင်းကလည်း ပိုလီယိုရောဂါကာကွယ်ဆေးအပေါ် သံသယများ ပိုမိုတိုးပွားစေခဲ့သည်။

ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် ပိုလီယိုကာကွယ်ဆေးထိုးနှံသူပေါင်း ၃၀ ထက်မနည်း ပါကစ္စတန်တွင် အသတ်ခံခဲ့ရသည်။ ၎င်းတို့ကို စောင့်ရှောက်ကာကွယ်ပေးသည့် ရဲတပ်ဖွဲ့ဝင်နှင့် ကိုယ်ရေးလုံခြုံရေး ၃၀ နီးပါးတို့လည်း အသတ်ခံကြရသည်။

နဒီယာခန်သည် ဆမ်ဘာလ် သေဆုံးပြီးနောက် ပိုလီယိုကာကွယ်ဆေးထိုး စီမံချက်မှ ထွက်ရန် မိဘများက တားမြစ်သော်လည်း အစ်မ၏လုပ်ငန်းများ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆိုလိုက်သည်။ ဆမ်ဘာလ်ကဲ့သို့ပင် ၂၈ နှစ်အရွယ် ရှီရာဖက်ဘီဘီဆိုသော လက်ထပ်မည့်ဆဲဆဲ မိန်းကလေးတစ်ဦးလည်း ပစ်သတ်ခြင်းခံရသေးသည်။

သူက သတို့သားဘက်သို့ ပေးရမည့် မင်္ဂလာကြေးရရှိဖို့အတွက် ပိုလီယိုကာကွယ်ဆေးစက်တိုက်ကျွေးသည့် အဖွဲ့နှင့်လိုက်ပါ၍ နေ့စဉ် ခြောက်ဒေါ်လာနှုန်းရရှိသည့် ငွေများကိုပင် တခုတ်တရ စုဆောင်းထားခဲ့သည်။

ရှီရာဖက်ဘီဘီ သေဆုံးခြင်းအတွက် မိသားစုအား သက်ဆိုင်ရာက လျော်ကြေးငွေပေးခဲ့သည့်အပြင် အစ်ကိုဖြစ်သူ ဘိုင်လာကို ညီမလုပ်ငန်း၌ ဆက်လုပ်ခွင့်ပေးခဲ့သည်။

ဘိုင်လာသည်လည်း အကြောက်တရားကို မေ့ထားပြီးနောက် ဒေသခံများက ခေါ်တွင်နေကြသော ‘ပိုလီယိုရောဂါတိုက်ဖျက်ရေး အသေခံအဖွဲ့’ဟူသော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် အတူတကွ ဆင်းရဲနွမ်းပါးသော ကျေးရွာများသို့ လိုက်ပါအကျိုးဆောင်နေပြန်သည်။

ပိုလီယိုတိုက်ဖျက်ရင်း အသတ်ခံရသော ကျန်းမာရေးလုပ်သားများနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကို ပါကစ္စတန်နိုင်ငံတွင် ‘အာဇာနည်များ’အဖြစ် အထူးအလေးပြုဂုဏ်တင်လျက်ရှိသည်။ ■ (အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။

စီးပွားရေးလုပ်ရန် အကောင်းဆုံး စင်ကာပူ

ဝါရှင်တန် - နိုင်ငံငယ်သော်လည်း စီမံခန့်ခွဲမှုကောင်းသည့် စင်ကာပူ၊ နယူးဇီလန်နှင့်ဟောင်ကောင်တို့သည် ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေဆုံးနေရာများဖြစ်လာပြီး ကမ္ဘာပေါ်တွင် စီးပွားရေးအရ အင်အားကြီး နိုင်ငံများဖြစ်သော တရုတ်၊ ဘရာဇီးလ်နှင့် အိန္ဒိယနိုင်ငံတို့မှာ အဆိုပါစာရင်းနှင့် အလှမ်းဝေးသည့် အဆင့်သို့ ကျဆင်းသွားကြောင်း ကမ္ဘာ့ဘဏ်ကပြောသည်။

နိုင်ငံကြီးများ မဟုတ်သော်လည်း ပစိဖိတ်ဒေသတွင်း၌ စီးပွားရေးကောင်းသည့်နိုင်ငံများက ကမ္ဘာ့ဘဏ်၏ Doing Business နှစ်စဉ် အစီရင်ခံစာတွင် ထိပ်ဆုံးက ဦးဆောင်ခဲ့သည်ဟု အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံအလိုက်ရရှိသည့် အမှတ်များမှာ ကုမ္ပဏီတစ်ခုကို အဆင်ပြေချောမွေ့စွာဖြင့်မည်သို့မည်ပုံ စတင်နိုင်မှု၊ ပိုင်ဆိုင်မှုများကို မည်ကဲ့သို့ လွှဲပြောင်းနိုင်မှုနှင့် စီးပွားရေးဆိုင်ရာပြဿနာများ ဖြေရှင်းနိုင်မှုတို့ အပါအဝင် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှုတို့ကို တိုင်းတာဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ တိုင်းတာမှုများရှိသော်လည်း စင်ကာပူနိုင်ငံသည် မကြာသေးမီနှစ်များအတွင်းက ရမှတ်မှာ ၈၈ ဒသမ ၂၇ မှတ်အထိရှိခဲ့ပြီး နယူးဇီလန်သည် ၈၆ ဒသမ ၉၁ သာရှိခဲ့သည်။ အဆိုပါစစ်တမ်းသည် စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိုးရ၏ ကြားဝင်စွက်ဖက်မှုအတိုင်းအတာနှင့် ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း ကမ္ဘာ့ဘဏ်အကြီးအကဲဖြစ်သူ စီးပွားရေးပညာရှင် ခူးရှစ်ဘာဆူးက ပြောကြားခဲ့သည်။

“စီးပွားရေးလုပ်ငန်းမှာ အဆင်ပြေပြေ လုပ်ကိုင်နိုင်ပြီး ထိပ်ဆုံးကိုရောက်လာတဲ့ နိုင်ငံပေါင်း ၃၀ မှာ များသောအားဖြင့် အစိုးရစနစ်က စီးပွားရေးမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်တဲ့ နိုင်ငံတွေဖြစ်တယ်” ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အောင်မြင်မှု၏သော့ချက်မှာ အလုပ်လုပ်ကိုင်နိုင်စေရန် ဆုံးဖြတ်ချက်များချမှတ်ရာတွင် မြန်ဆန် တိကျစွာဆောင်ရွက်နိုင်သည့် ကောင်းမွန်သောနည်းစနစ်ရှိရန်မှာ ပိုမိုအရေးကြီးသည်ဟုဆိုသည်။ ■ (အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

TISSOT
SWISS WATCHES SINCE 1853

TISSOT LUXURY AUTOMATIC
UP TO 80 HOURS OF POWER RESERVE

TISSOT.CH

SALES & SERVICE CENTRE
WORLDTIME : #0105, PARKSON FMI CENTER,380, BOGYOKE AUNG SAN ROAD, PABEDAN TOWNSHIP, YANGON, MYANMAR. TEL: 094-2202712 EMAIL: WORLDTIME MMJKALAXINTERNATIONAL.COM

OFFICIAL RETAILER :
GAMONE PWINT : KEBAR AYE PAGODA ROAD, MAYANGONE TOWNSHIP, YANGON, MYANMAR. TEL : 01-653 653
SAN YING TIMEPIECE STORE : B6 & C6, 1ST FLOOR YUZANA PLAZA, YANGON, MYANMAR. TEL : 01-200 747 EXT. 2256
SEIN GAY HAR DEPARTMENTAL STORE : 44 PYAY ROAD, DAGON TOWNSHIP, YANGON, MYANMAR. TEL : 01-254 446, 01-373 773
SWISS TIME SQUARE : NO. 99 KABARAYE PAGODA ROAD, BAHAN TOWNSHIP, YANGON, MYANMAR
ALBA STORE : NO. 385, 81ST STREET, BETWEEN 30TH & 31ST STREET, MANDALAY, MYANMAR. TEL : 02-64377
SAN YING TIMEPIECE STORE : NO. 204, 29TH STREET, BETWEEN 80TH AND 81ST STREET, MANDALAY, MYANMAR.
TEL : 02-65579, 02-6801898

စုလျားရစ်ပတ် ထိမ်းမြား မင်္ဂလာနှင့် မင်္ဂလာ ညှော်ခံပွဲ ၊ မင်္ဂလာ ညစာစားပွဲ
" ကျေးဇူးတင်လွှာ "

၉.၁၀.၂၀၁၄ ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သော စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပွဲ အခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ခြင်းနှင့်ရေစင်သွန်းလက်ထပ်ပေးပါသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် နှင့် ဇနီး ဒေါ်မြတ်ငွေအားလည်းကောင်း၊မင်္ဂလာ လက်ထပ် လက်စွပ် ချီးမြှင့်ပေးပါသော သရေစည်သူ ဦးခင်ဇော် နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ နှင့် ၎င်းတို့၏ ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နှင့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများ နှင့် ၎င်းတို့၏ ဇနီးများ ၊ ပြည်တွင်းပြည်ပမှ စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ၊ (၁၆.၁၀.၂၀၁၄) ရက်တွင် Oriental House ၌ကျင်းပခဲ့သောမင်္ဂလာညှော်ခံပွဲအခမ်းအနားတွင်မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသောအလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွဋ် နှင့် ဇနီး ဒေါ်နီလာစိန် အားလည်းကောင်း၊မင်္ဂလာ လက်ထပ် လက်စွပ် ချီးမြှင့်ပေးပါသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အုံ့ဇော် နှင့် ဇနီး ဒေါ်ကေသွယ်မျိုးတင် အားလည်းကောင်း၊ (၁၆.၁၀.၂၀၁၄)ရက်တွင် Mandalay Hill Resort Hotel ၌ ကျင်းပခဲ့သော မင်္ဂလာ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်း ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဝေဝေခိုင် အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အားလည်းကောင်း၊ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊အခမ်းအနားမှူး ဦးအောင်မြင့် ၊ မင်္ဂလာ အခါတော်ပေးသီဆိုပေးပါသော သမီး စောင်းမှုမှုသိန်း နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေသက်ခိုင်၊ မအေးချမ်းမိုးအောင်၊ မင်္ဂလာပန်းကလပ် သယ်ဆောင်ပေးပါသော မကေသွယ်လင်း၊ မင်္ဂလာ လက်စွပ် သယ်ဆောင်ပေးပါသော မအေးသီရိကျော်၊ သတို့သားအရံ မောင်သန့်စိန် (AR)၊ မောင်အောင်နိုင်ဝင်း၊ သတို့သမီးအရံ မသန္တာ၊ မလှိုင်စုငုံ၊ အခမ်းအနားမှူး မတင်မိုးလွင်၊ မြို့မတေးဂီတ၊ တေးသံရှင် ဟေမာနေဝင်း၊ ဗိုးသောကြာ၊ Shell တီးဝိုင်းနှင့်အဖွဲ့သားများ၊ တေးသံရှင်Rဇာနည်၊ နီနီခင်ဇော်၊ ဦးချိုလေးနှင့်Dream Lover အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မအေးချမ်းမိုးအောင်၊ မင်္ဂလာ ပန်းကုံး သယ်ဆောင်ပေးပါသော မရွှန်းမြနဒီ၊ မင်္ဂလာ လက်စွပ် သယ်ဆောင်ပေးပါသော မအိဖြူဖြူသန့်ဇော်၊ သတို့သား အရံ အဖြစ် ကူညီဆောင်ရွက်ပေးကြသော မောင် ဝေယံမြင့်သူ၊ ဒေါက်တာစိုးမိုးသူ၊ မောင်ထင်အောင်လင်း၊ မောင်ကျော်ကျော်ထွေး၊ သတို့သမီး အရံအဖြစ် ကူညီဆောင်ရွက်ပေးကြသော မဥမ္မာညွန့်၊ ဒေါက်တာချယ်ရီမြင့်၊ မနင်းနံ့သာ၊ မပန်းအိဖြူ၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးပါသော သားငယ် စိုင်းဟိန်းသီဟဆွေ၊မင်္ဂလာ ပန်းကြဲပေးပါသော သမီးငယ် မကေရီမိုး၊ မထက်သဥ္ဇာထွန်း၊ မင်္ဂလာသတို့သားအရံ ဖြစ်ကြသော မောင်သန့်စိန် (AR)၊ မောင်ထက်လှိုင်မိုး၊ မောင်ကောင်းမြတ်သူ(၁)၊ မောင်အောင်ပါစေသက်ဦး၊ မောင်ကျော်ကျော်ထွေး၊ မောင်ကောင်းမြတ်သူ နှင့် မင်္ဂလာ သတို့သမီးအရံများဖြစ်ကြသော မမျိုးသီရိ၊ မဖြိုးဇာနည်သိန်း၊ မကြည်သာထူးလွင်၊ မစီစီလျားရွယ်ပါ၊မအိအိမျိုး၊ သတို့ သား သတို့သမီး အရံတို့၏ မိတ်ကပ်ဆံပင် နှင့် ဝတ်စုံ ဖက်ရှင်ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်နှင့်အဖွဲ့၊ မင်္ဂလာ ဝတ်စုံ များ စီမံဆောင်ရွက်ပေးပါသော အန်တီစုးမာဖက်ရှင် (euphoria) ၊ ဒီဇိုင်နာ မင်းသက်စံ၊ မင်္ဂလာပွဲအားလုံးအတွက် မေတ္တာဖြင့် စီစဉ်ပေးသော ဦးတင်မောင်ဝင်း + အန်တီတိုး (ရွှေနဂါးဖိနပ်)၊ မေတ္တာဖြင့် စိတ်ရောကိုယ်ပါအစစအရာရာ ကူညီပေးပါသော မမကြီး နှင့် မမဆုလေး (ခင်မဒီပိုးထည်တိုက်)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း + သီဟသုဓမ္မသီရီ ဒေါ်သွင်သွင် (သစ္စာစေတနာရောင်းဝယ်ရေး)၊ဦးမျိုးသိန်း + အန်တီချို (မျိုးသိန်းအီလက်ထရောနစ်)၊ ဦးတင်လတ် + သုဓမ္မသီရီဒေါ်မာလာမြင့် (ငွေကျားတိုက်)၊ ဦးမိုးကျော် + ဒေါ်ရီရီငွေး (မြမြ-အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးဇော်မိုးအောင် + မခိုင် (စိုးစိုးမုန့်တီ)၊ ဦးကျော်မျိုးထွန်း + ဒေါ်ရီရီ (သုခသစ္စာဆေးပစ္စည်း)၊ သဒ္ဓမ္မဇောတိကဓဇဦးကျော်ဝေ + သီရိသုဓမ္မသီရီ ဒေါ်ဆွေသင် (အောင်ကောင်းကျော် Co.,Ltd)၊ ဦးစောငြိမ်း + ဒေါ်မိုးမိုးဝေ (အောင်မြင်သူ)၊ ဦးမင်းနိုင်ဆွေ + မယဉ်မျိုးသီ(မေမျိုးမောင်ကုမ္ပဏီ)၊ ကိုသားငယ် + မခင်ချိုဆင့် (ချိန်ခါမီ)၊ ဒေါ်မြင့်မြင့်ဦး (See U again) ဗီဒီယို၊ မှတ်တမ်းတင် ဓါတ်ပုံ ရိုက်ကူးပေးပါသော ကိုမျိုးအောင် (စိန်မိုယ်း ဗီဒီယိုအဖွဲ့) နှင့် မဗိုနာ၊ Pre-Wedding ဓာတ်ပုံများ ရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure) နှင့်အဖွဲ့၊ မင်္ဂလာ အခမ်းအနား နှင့် ပန်းအလှဆင် မာမီကင်းနှင့်အဖွဲ့၊ အချိန်နှင့်တစ်ပြေးညီ စိတ်တိုင်းကျ ဆောင်ရွက်ပေးပါသော သီရီရွှေဝါပိုးထည်တိုက်မိသားစု၊ ရွှေဂျိုးသာ၊ မသန္တာ၊မဥမ္မာ(ရွှေဆင်တိုင်း ပိုးထည်တိုက်)၊စိန်ယဏ္ဍန်း၊ ရွှေယမင်း ပိုးထည်တိုက်၊ အချိန်နှင့် တစ်ပြေးညီ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက် ၊ ထပ်တိုးဖိတ်စာများ အချိန်မှီ ရိုက်နှိပ်ပေးပါသော တရုတ်ကြီး Handmade Cards အား လည်းကောင်း စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ Oriental House မှ Chairman ဒေါက်တာဦးကိုကိုလေး + ဒေါ်ခင်စောဦးနှင့် ဝန်ထမ်းများ၊ Mandalay Hill Resort Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ Great Diamond Gems & jewellery မှ မင်္ဂလာ လက်ဝတ်ရတနာများပြုလုပ်ဖန်တီးပေးပါသော ပန်းထိမ်ဆရာများ၊ ဝန်ထမ်းများ၊ ၉၉၉(ကိုးသုံးလုံး)အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ ၊ ပြည်တွင်းပြည်ပမှ မင်္ဂလာပွဲသို့ တကူးတကာ ကြွရောက်ချီးမြှင့်ပေးပါသော လုပ်ငန်းရှင်ကြီးများ၊ မင်္ဂလာပွဲ အစအဆုံး ကူညီပေးပါသော ငယ်သူငယ်ချင်းများ၊ မိတ်ဆွေများ ၊ မင်္ဂလာပွဲသို့ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာ လက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဖုန်း၊ အီးမေးလ် ၊ ဖက်စ်တို့ဖြင့်ဝမ်းမြောက်စကားပြောဆိုပေးပါသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာပွဲအားလုံး ခမ်းနားလှပစွာ ကျင်းပနိုင်ရေးအတွက် အသေးစိတ် စီစဉ်ဆောင်ရွက်ပေးပါသောညီမငယ် မအိအိသိမ့်အောင် အားလည်းကောင်း၊ ဖိတ်ကြားမှု၊ ကြိုဆိုဧည့်ခံကျွေးမွေးမှု ၊ လိုအပ်ချက်တစ်စုံ တစ်ရာ ရှိခဲ့ပါက သည်းခံပေးပါရန် မေတ္တာရပ်ခံလျက် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မော်ကွန်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သော မိဘများနှင့်

မောင်သန့်စင် + မအေးအေးငြိမ်းအောင် @ဘေဘီ

မော်ကွန်းတင် ထိမ်းမြား မင်္ဂလာညှော်ခံပွဲ " ကျေးဇူးတင်လွှာ "

၂၄.၁၀.၂၀၁၄ ရက် Sedona Hotel (Grand Ball Room)၌ ကျင်းပပြုလုပ်ခဲ့သည့် မော်ကွန်းတင်ထိမ်းမြား မင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ နှင့် ဇနီး ဒေါ်ခင်သက်ငွေ အားလည်းကောင်း၊မင်္ဂလာလက်ထပ် လက်စွပ်ချီးမြှင့်ပေးပါသော မြို့တော်ဝန် ဦးလှမြင့် နှင့်ဇနီး ဒေါ်ခင်အေးနွယ် တို့အားလည်းကောင်း၊ မင်္ဂလာ မော်ကွန်းတင် လက်မှတ်ရေးထိုးရာတွင် နာယကကြီးအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီး ဒေါ်နန်းနင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးဝင်းနိုင် နှင့် ဒေါ်ဝေဝေမွန် (ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ)၊ ဦးသိန်းဝင်းဇော် နှင့် ဒေါ်တင်လတ်မင်း (ရွှေပိုင်းဖြူကုမ္ပဏီ)၊ မင်္ဂလာ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာ အခါတော်တေးသီဆိုပေးပါသော မဟေမာနေဝင်း၊ မင်္ဂလာတေးများဖြင့် ဖျော်ဖြေပေးကြပါသော နိုင်ငံကျော် တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ်ဆောင်ရွက်ပေးပါသော သိမ့်ဝင်းထက်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မေသိမ့်နွယ်အားလည်းကောင်း၊ မင်္ဂလာ အောင်စံပယ်ကုံး ကိုင်ဆောင်ပေးပါသော နင်းရတနာ၊ မင်္ဂလာ လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော နန်းမျိုးသန္တာဝင်း၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်စိုပြေမြင့်၊ မောင်အောင်မျိုးမြင့်၊ မောင်သိန်းအုပ်အောင်ပိုင်၊ မောင်ရဲရင့်သူ၊ သတို့သမီး အရံများအဖြစ် ကူညီပေးပါသော မပိုးမဒီတင်လတ်၊ မနန်းစန္ဒီမြင့်ဝင်း၊ မအိဖြူသန့်ဇော် ၊မမေသင်းကြူ တို့အားလည်းကောင်း၊ သတို့သား သတို့သမီး နှင့် မင်္ဂလာအရံများ အတွက် မင်္ဂလာဝတ်စုံ နှင့် မိတ်ကပ်စီစဉ်ပေးပါသောမိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာဦးဆွမ်းကျွေးတွင် မိတ်ကပ်စီစဉ်ပေးပါသော မေဦးမောင်၊ ဓါတ်ပုံနှင့် မှတ်တမ်းတင် ဗီဒီယိုများရိုက်ကူးပေးပါသော ကိုဝဏ္ဏခွါနီး၊ Pre-wedding ဓါတ်ပုံများအား ရိုက်ကူးပေးပါသော နိုင်နိုင်ထွန်း (Exposure)၊ ပန်းအလှပြင်ဆင်ပေးပါသောအန်တီနီလာ (Eternal Flowers)၊ မင်္ဂလာပွဲအတွက် ကူညီ ပေးပါသော ဦးကျော်ဇေယျ နှင့် ဒေါ်နန္ဒာဝေဒီ (Home Galaxy Interior Mall)၊မေတ္တာဖြင့် မင်္ဂလာ လက်ဖွဲ့ကမ်းပစ္စည်းများ စီစဉ်ပေးပါသော Viriya (Cards & Gift) အား လည်းကောင်း၊စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ ၊ မင်္ဂလာပွဲအစီအစဉ်အား တာဝန်ယူဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦး၊ ဦးရိုကြီး (Royal Stars Event Planner Group) နှင့် ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ၂၂.၁၀.၂၀၁၄ ရှမ်းမြွေရိပ်သာ ကျောင်းတွင်ပြုလုပ်သော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်ငွေးမြင့်၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ နှင့် မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ရပ်ဝေးရပ်နီးမှ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ ၊ သူငယ်ချင်းများ နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ....

နှစ်ဖက်သော မိဘများနှင့်

မောင်သန့်စင် + မအေးအေးငြိမ်းအောင် @ဘေဘီ

ပါလက်စတိုင်း ယဉ်ကျေးမှုအမွေထိန်းသိမ်းမည့် မသန်စွမ်း ဓာတ်ပုံသတင်းထောက် ဘဝပြန်စ

ရာမာလာ (ပါလက်စတိုင်းနယ်မြေ) - သေနတ်မှန်၍ ဒုက္ခိတဖြစ်ခဲ့ရသောပါလက်စတိုင်းလူမျိုး အိုစမာဆီလ်ဝါဒီသည် စစ်မြေပြင်ဓာတ်ပုံသတင်းထောက်ဘဝမှ အနားယူခဲ့ရသော်လည်း ယခုအချိန်တွင် ပါလက်စတိုင်းပြည်သူများ တန်ဖိုးထားရာ တိုင်းပြည်အမွေအနှစ်များကို ဘီးတပ်ကုလားထိုင် အကူအညီဖြင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးနေသည်ကို တွေ့မြင်နေရသည်။

ပါလက်စတိုင်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမည့်ဓာတ်ပုံသတင်းထောက် အိုစမာဆီလ်ဝါဒီ။ ဓာတ်ပုံ - အေအက်ဖ်ပီ

၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်တွင်တစ်ကြိမ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်တွင် တစ်ကြိမ် အစ္စရေးတို့ ကျူးကျော်မှုများကို ဆန့်ကျင်ခဲ့ကြရာ ဆူပူအုံကြွမှုများမှာ ပြင်းထန်ပြီး ပထမနှင့် ဒုတိယအကြိမ်ကြား ၁၅ နှစ်နီးပါးကြာမြင့်ခဲ့သည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင် ပါလက်စတိုင်း သေနတ်သမားတို့ ပစ်ခတ်လိုက်သည့် ကျည်သင့်ခဲ့ရသည့် အချိန်မှစပြီး ဆီလ်ဝါဒီမှာ ဝတ္ထုဇာတ်လမ်းသဖွယ်ဖြစ်ပျက်ခဲ့သည်။ ထိုအချိန်က အသက် ၃၃ နှစ်ရှိပြီဖြစ်သော ဆီလ်ဝါဒီသည် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်း ရာမာလာရှိ၎င်း၏ရုံးခန်းတွင်း၌ ရှိနေပြီး အသုဘအခမ်းအနားလှည့်လည်နေချိန်အတွင်း သေနတ်သမားတို့၏ ပစ်ခတ်သံများကို ကြားသိခဲ့သည်ဟုဆိုသည်။

၎င်း၏ဝမ်းဗိုက်ကို ကျည်ဆန်နှစ်တောင့်ထိမှန်ပြီး တစ်တောင့်မှာ သရက်ရွက်ကိုဖောက်ထွက်ကာ ကျန်တစ်တောင့်မှာ ကျောရိုးတွင်းသို့ဖောက်ဝင်ခဲ့သည်။ ရက်ပေါင်း ၄၀ ကြာမေ့မြောနေခဲ့ပြီးသတိရချိန်တွင် ၎င်းမှာ လမ်းလျှောက်နိုင်တော့မည် မဟုတ်ဟု ဆရာဝန်ကပြောကြားခဲ့သည်။ သမီးသုံးယောက်ရှိပြီး ဘီးတပ်ကုလားထိုင် အသုံးပြုနေရဆဲ သတင်းထောက်ကြီးသည် တစ်နေ့နေ့တွင် ၎င်းပြန်လည် လမ်းလျှောက်နိုင်မည်ဟု ယုံကြည်နေဆဲဖြစ်ပြီး ယခုကဲ့သို့ ဒုက္ခိတဖြစ်နေသည်ကို စိတ်ပျက်မနေဘဲ ဝါသနာပါရာ ဓာတ်ပုံရိုက်ကူးသည့်အလုပ်ကို ဆက်လက် လုပ်ကိုင်နေသည်။ "ခုလိုမဖြစ်ခင်ကထက်တောင်မှ အလုပ်တွေကို ပိုကောင်းအောင် လုပ်နိုင်လာတယ်" ဟု ၎င်းကဆိုသည်။

"အသက်ဆုံးရှုံးတော့မလို ဖြစ်ခဲ့ပြီးတော့ သေမလားရှင်မလား မသေချာတဲ့အချိန်တွေက ကျွန်တော့်ကို စိတ်ပိုင်းဆိုင်ရာအရ ပိုပြီးကြံ့ခိုင်စေခဲ့တယ်။ ကျွန်တော့်ရဲ့ဘဝနေထိုင်မှုပုံစံကိုလည်း လုံးဝ ပြောင်းလဲအောင် လုပ်ပေးလိုက်တယ်။ ဒီလိုဖြစ်လာတာ ကျွန်တော့်အတွက် အရမ်းကောင်းတယ်ဗျာ" ဟု ဆီလ်ဝါဒီက ပြောသည်။

၎င်းဒဏ်ရာရချိန်တွင် ဆီလ်ဝါဒီသည် ဆုများချီးမြှင့်ခံခဲ့ရသည့် အေအက်ဖ်ပီ သတင်းဌာနတွင် လုပ်ကိုင်ခဲ့သည့်အပြင် နိုင်ငံတကာမှသတင်းဌာန အတော်များများအတွက် ဓာတ်ပုံသတင်းထောက်အနေဖြင့် ၁၄ နှစ်ကြာ လုပ်ကိုင်ခဲ့ပြီးဖြစ်သည်။

အလုပ်ကို စေ့စပ်သေချာစွာ လုပ်ကိုင်တတ်သည့် ၎င်းကြိုးစားမှုကြောင့် ကုလသမဂ္ဂ၏ ယဉ်ကျေးအမွေအနှစ်များ ထိန်းသိမ်းရေးဌာန ယူနက်စကိုတွင် ဒစ်ဂျစ်တယ်ဖြင့် ဓာတ်ပုံများ ထိန်းသိမ်းရေး အတိုင်ပင်ခံအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

ဆီလ်ဝါဒီသည် ၎င်းအိပ်ရာထဲမလဲမီ ၁၉၉၇ ခုနှစ်၌ ပါလက်စတိုင်း အမျိုးသမီးများအကြောင်း ဖော်ပြထားသည့် Constant Giving and Creativity နှင့် ၂၀၀၅ ခုနှစ်တွင် လူမှုဘဝတွင် နေ့စဉ် ဖြစ်ပျက်နေသည့် အကြောင်းအရာများအကြောင်း စုစည်းဖော်ပြထားသည့် Here We Are စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

"အစ္စရေးတွေ ကောင်းစားဖို့အတွက် ပါလက်စတိုင်း ပြည်သူတွေမှာ ရှိသမျှအရာတွေကို ခိုးယူခံနေရတယ်လို့ ကျွန်တော်မြင်တယ်" ဟု ဆီလ်ဝါဒီက ပြောကြားခဲ့သည်။ "နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဓာတ်ပုံတွေရိုက်ယူပြီး အဲဒီအကြောင်းအရာတွေနဲ့ပတ်သက်လို့ လူအများသိအောင် ကြိုးစားလုပ်ဆောင်ခြင်းသည်သာ ပါလက်စတိုင်းလူမျိုးတွေအနေနဲ့ သူတို့ရဲ့ အမွေအနှစ်ပစ္စည်းတွေကို ကာကွယ်ထိန်းသိမ်းရာမှာ အရေးကြီးတဲ့အရာတစ်ခုဖြစ်တယ်လို့ ကျွန်တော်ထင်တယ်" ဟု ၎င်းကပြောသည်။

> အသက်ဆုံးရှုံးတော့မလို ဖြစ်ခဲ့ပြီးတော့ သေမလားရှင် မလား မသေချာတဲ့အချိန် တွေက ကျွန်တော့်ကို စိတ်ပိုင်းဆိုင်ရာအရ ပိုပြီးကြံ့ခိုင်စေခဲ့တယ်
> ....

ရာမာလာအနီး ဘီအာဇီယက်တက္ကသိုလ်မှ ပါမောက္ခဟောင်းဖြစ်ပြီး ပါလက်စတိုင်း ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဌာနမှပညာရှင် ရှာရစ်ဖ် ကာနာနာက "သူ့ရဲ့လက်ရာတွေက အံ့သြစရာကောင်းတယ်။ တစ်ကယ့် ပါရမီရှိတဲ့လက်ရာမြောက် ဓာတ်ပုံတွေလို့လည်းပြောလို့မရဘူး။ ဒါပေမဲ့ သူ့ရဲ့လက်ရာတွေကို တန်ဖိုးမထားဘဲ မထိန်းသိမ်းပဲနေလို့တော့မရဘူး" ဟု ဆိုသည်။

"ကျွန်တော်လုပ်ဆောင်ခဲ့တာတွေ အားလုံးဟာ ကျွန်တော်တို့နိုင်ငံရဲ့အမွေအနှစ်တွေကို လေးစားဂုဏ်ယူစွာနဲ့ နိုင်ငံသား တစ်ယောက်လုပ်ဆောင်သင့်တဲ့တာဝန်ကို လုပ်ဆောင်ခြင်းဖြစ်ပါတယ်" ဟု ဆီလ်ဝါဒီကပြောသည်။ ■

(အေအက်ဖ်ပီ)
သဲသဲထွေး ဘာသာပြန်သည်။

အနုပညာရှင်တွေကို မကြောက်ပါနဲ့

အစ္စတန်ဘူလ် - ထင်ရှားကျော်ကြားသော တူရကီစန္ဒရားဆရာနှင့် တေးရေးစာဆို ဖာဇီလ်စေးက ၎င်း၏ အနုပညာလက်ရာများကို သမ္မတအိမ်တော်ညှော်ခံဖျော်ဖြေရေး သံစုံတီးဝိုင်း၏ တင်ဆက်မှုတစ်ရပ်မှ ချန်လှပ်ထားခြင်းခံခဲ့ရပြီးနောက် အနုပညာရှင်များကို မကြောက်ပါနဲ့ဟု တူရကီအစိုးရအား အောက်တိုဘာ ၂၃ ရက်က မေတ္တာရပ်ခံပြောကြားခဲ့သည်။

မကြာမီရောက်ရှိလာမည့် ဖျော်ဖြေရေးရာသီအတွက် စီစဉ်ထားသော သမ္မတအိမ်တော် ညှော်ခံဖျော်ဖြေရေး တေးသွားစပ်ဆိုမှု အစီအစဉ်မှ ၎င်း၏ အနုပညာလက်ရာများကို ဖယ်ရှားခံခဲ့ရခြင်းဖြစ်ကြောင်း အစ္စလမ္မစ်ရှေးရိုးစွဲဝါဒ အမြစ်တွယ်နေသော တူရကီအစိုးရနှင့် သဘောထားကွဲလွဲသူ စေးက ပြောကြားခဲ့သည်။ "တစ်ကမ္ဘာလုံး ဒေါသထွက်ပြီး ထိတ်လန့်တကြားဖြစ်စေတဲ့ ခင်ဗျားတို့ရဲ့ ဖိနှိပ်ချုပ်ချယ်တဲ့ သဘောထားကိုပြောင်းလိုက်ပါ" ဟု ဒေသတွင်း မီဒီယာ၌ဖော်ပြခဲ့သည့် ၎င်း၏ပေးစာထဲ၌ စေးကရေးထားသည်။

"ဒီဖိနှိပ်မှုတွေကို တစ်ကမ္ဘာလုံးက ပြစ်တင်ရှုတ်ချနေပါတယ်။ အနုပညာနဲ့ အနုပညာရှင်တွေကို မကြောက်ပါနဲ့။ ကျွန်တော်တို့က စစ်တပ်မဟုတ်ပါဘူး။ ကျွန်တော်တို့က ဂီတသမားတွေ၊ သရုပ်ဆောင်တွေ၊ ကပြဖျော်ဖြေသူတွေဖြစ်ပြီး သာမန်လူသားတွေ ဖြစ်ပါတယ်" ဟု ၎င်း၏စာထဲတွင် ဖော်ပြထားသည်။

စေး၏အနုပညာလက်ရာများ ချန်လှပ်ထားခဲ့သည်ဟူသော စွပ်စွဲမှုများမှာ အမှန်တကယ် ဟုတ်မဟုတ်ကို အဓိက အတိုက်အခံပါတီဖြစ်သော ရီပတ်ဘလီကန်ပြည်သူ့ပါတီ (CHP)၏ ဥပဒေပြုလွှတ်တော် အမတ်နှစ်ဦးက အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့သော ပါလီမန်အစည်းအဝေး၌ မေးခွန်းများ တင်သွင်းမေးမြန်းခဲ့ကြသည်။ ■

(အေအက်ဖ်ပီ)
ဝင်းသော်တာ ဘာသာပြန်သည်။

BOSS
HUGO BOSS

ကမ္ဘာကျော် HUGO BOSS အမှတ်တံဆိပ်များအား မြန်မာနိုင်ငံတွင် ပထမဦးဆုံး Shop-in-Shop စနစ်ဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း အောက်တိုဘာလ ၂၆ ရက်နေ့တွင် HUGO BOSS Group မှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ HUGO BOSS အမှတ်တံဆိပ်များကို မြန်မာနိုင်ငံ၏ နာမည်ကျော်လူသိများသော THE AVENUE ဖက်ရှင်ဆိုင်တွင် ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ BOSS အမှတ်တံဆိပ်များသည် သေသပ်သော ဒီဇိုင်းအသွင်အပြင်၊ အကောင်းဆုံးချည်သားများဖြင့် ဖန်တီးချုပ်လုပ်ထားပြီး အဆင့်မြင့်အထက်တန်းကျသည့် လုပ်ငန်းခွင်နှင့် အထူးသင့်လျော်သည့် ဝတ်စုံများဖြစ်ပါသည်။ THE AVENUE ဖက်ရှင်ဆိုင်မှ BOSS အမှတ်တံဆိပ် အဝတ်အစားများ၊ အားကစား ဝတ်စုံများ၊ Accessories များကိုလည်း မြန်မာဖက်ရှင်ချစ်သူများသို့ မိတ်ဆက်ပေးခဲ့ပြီးပါသည်။

HUGO BOSS အမှတ်တံဆိပ်သည် ကမ္ဘာပေါ်ရှိ အမျိုးသား၊ အမျိုးသမီးဝတ်အဆင့်မြင့် ဖက်ရှင်အမှတ် တံဆိပ်များထဲတွင် ထင်ရှားသည့်အမှတ်တံဆိပ်တစ်ခုလည်းဖြစ်ပါသည်။ HUGO BOSS အမှတ်တံဆိပ်အဝတ်အစားများအနေဖြင့် အဆင့်မြင့် အလုပ်ခွင် အဝတ်အစားများ၊ အထက်တန်းကျသည့် ညနေခင်းပွဲတက် ဝတ်စုံများ၊ အားကစားဝတ်စုံများ၊ ဖိနပ်များ၊ Accessories များနှင့် တရားဝင် အသိအမှတ်ပြုထားသော ရေမွှေး၊ မျက်မှန်၊ နာရီများကိုလည်း အထူးဖန်တီးထုတ်လုပ်ထားပါသည်။ HUGO BOSS Group အနေဖြင့် တကမ္ဘာလုံးတွင် သိသာထင်ရှားသည့် အဖွဲ့တစ်ခုအဖြစ် အမြေစိုက်ရပ်တည်နိုင်နေပြီဖြစ်ပါသည်။ BOSS အမှတ်တံဆိပ်ကို မြန်မာပြည်သို့ အထူးကြိုဆိုသည့် Cocktail Event တစ်ခုကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့ပြီး နာမည်ကျော် အနုပညာရှင်များနှင့် HUGO BOSS ချစ်သူများ တက်ရောက် အားပေးခဲ့ကြပါသည်။ Boss Fall/Winter 2014 Collection များကို ဥရောပမြောက်ပိုင်း Scandinavian Style အထက်တန်းကျသည့် ဟန်ပန်ဒီဇိုင်းများဖြင့် အသေးစိတ် ဖန်တီးချုပ်လုပ်ထားခြင်းဖြစ်သည်။ ပေါ့ပါးသက်သာတဲ့ အထိအတွေ့ကို အထူးခံစားရစေနိုင်ပြီး ခန္ဓာကိုအမျိုးအစားအားလုံးနှင့် လိုက်ဖက်ညီသည့် အားသာချက်များဖြင့် ဖန်တီးထားပါသည်။ ဝယ်ယူနိုင်သည့် အမျိုးအစားများအနေဖြင့် Double-breast Boxy jacket, Pinstrip suit, Brown Turtleneck, Printed Tuxedo Jacket များကိုလည်းရရှိနိုင်ပါသည်။ သဘာဝဆန်တဲ့ ခံစားချက်များကို ပိုင်ဆိုင်စေနိုင်ဖို့အတွက် အာတိတ်စက်ဝန်းမှ သဘာဝ အရောင်များဖြင့်သာ ဖန်တီးထားရှိပါသည်။ ဝတ်စုံများအားလုံးနှင့် အထူးလိုက်ဖက်ညီစေရန်အတွက် Accessories များကိုလည်း ဖန်တီးထားပါသည်။

HUGO BOSS အဝတ်အစားများကို THE AVENUE ဖက်ရှင်ဆိုင်တည်ရှိရာ အမှတ် (၁၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း (ကမ္ဘာအေးဘုရားလမ်း) မှာ ဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်များကို www.hugoboss.com မှာ ဝင်ရောက် လေ့လာနိုင်ပြီး မေးခွန်းများ မေးမြန်းလိုပါက THE AVENUE ဖက်ရှင်ဆိုင် ဖုန်းနံပါတ် ၀၁ - ၈၆၀၃၃၃၇ သို့ ဆက်သွယ်နိုင်ပါပြီ။

HEARTBEAT OF THE NATION

မြန်မာတိုင်းမ်

MYANMARTIMES

Connect with us @ SMS 09 5000 613 email newsroom@mmtimes.com facebook facebook.com/themyanmartimes twitter @TheMyanmarTimes

BACK PAGE BEATS

DELIVERED BY J-ME

အဆီအနှစ်

စိတ်အရင်းအတိုင်းပေးရရင် ခင်ဗျားတို့ ဒါတွေ ဖတ်ရမှာ မဟုတ်ဘူး။ ဒီထက်ပို လွဲလွဲချော်ချော်တွေ ခံစားရဖို့ များတယ်။ ပြောချင်တာက အရှိကို အရှိအတိုင်း မသိမဝ့ကဘဲ ရေးတာများတဲ့ ကျွန်တော်က နောက်ပိုင်းမှာ ပိုပြီးဆင်ခြင်တတ်လာတယ်ပဲ ဆိုပါတော့။ အမှန်တိုင်းပြောရရင် ကျွန်တော် လက်လွတ်စပယ်မလုပ်ရက်တော့ဘဲ ရင်ထဲက စကားအတိုင်းဆို လူကြီးမင်းတို့ကို တအားရိုသေလေးစားကြောင်း ပြသချင်လို့ပဲလို့ ပြောချင်ပါတယ်။ ကဲသိပ်နောက်မကျခင် ကျွန်တော်တို့ မြည်းစမ်းကြည့်လိုက်ကြရအောင်။

ကျွန်တော်တို့တွေ 'ဂိန်'နေတုန်းက သယ်န်းကျွန်း ဝေဇယန္တာလမ်းမကြီးပေါ်ကနေ သွားရင် ရောက်တဲ့လမ်းထဲက Studio မှာ သီချင်းသွားလုပ်ဖူးတယ်။ Lunch Break မှာ ထမင်းစားဖို့ကို အဝေးကြီးလမ်းလျှောက်ရတယ်။ တော်တော်လှမ်းတယ်။ ပြောရင် ရှေ့တစ်ပြ ရှေ့တစ်ပြနဲ့ မနည်းလျှောက်မှ ရောက်တယ်။ အေး . . . မလျှောက်ချင်ရင် ညောင်ပင်အောက်ဆိုက်ကားဂိတ်က ထမင်းဆိုင်မှာ စားရတယ်။ ဆီကတော့ တဝင်းဝင်းနဲ့ စားချင်စဖွယ်

စာမျက်နှာ ၄ သို့

IN PICTURES

ဓာတ်ပုံ– အေအက်ဖ်ပီ

တိုယိုတာ မီနီဗန်ကားသစ် မိတ်ဆက်

လင်းနို့လူသားဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးက တိုယိုတာ၏ မော်တော်ကားသစ်ဖြစ်သည့် Esquire မီနီဗန်ကားကို အောက်တိုဘာ ၂၉ ရက်က တိုကျိုမြို့၌ မိတ်ဆက်ပြသနေစဉ်။ အဆိုပါကားသစ်ကို ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်မှ စတင်ရောင်းချနေပြီဖြစ်သည်။

Mandalay

အပ်ကား ဈေးကွက်၌
ဂျစ် ဝယ်လိုအားများနေ
MANDALAY 4

ကိုပါကြီး အမှုမှန်ဖော်ထုတ်ပေးရေးအတွက် ဖယောင်းတိုင်မီးထွန်း ဆန္ဒဖော်ထုတ်နေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ကိုပါကြီးအသတ်ခံရမှုအမှုမှန်ဖော်ထုတ်ပေးရေး ဆန္ဒပြသူ ၂၀ ဦးကို ပုဒ်မ ၁၈ ဖြင့် တရားစွဲထား

စည်သူလွင်
sithulwin.mmtimes@gmail.com

အလွတ်တန်းသတင်းထောက် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှု အမှုမှန်ဖော်ထုတ်ပေးရေးအတွက် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆ လမ်းနှင့် လမ်း ၈၀ ထောင့်ကျုံးမြို့ရိုးပလက်ဖောင်းပေါ်တွင် ယခုလ ၂၇ ရက်နေ့ ညပိုင်းအချိန်က ဖယောင်းတိုင်မီးထွန်းဆန္ဒဖော်ထုတ်ခဲ့သူများထဲမှ နိုင်ငံရေးလှုပ်ရှားသူ ကိုသိန်းအောင်မြင့်အပါအဝင် ၂၀ ဦးကို အမှတ်(၅) မြို့မ ရဲစခန်းမှ ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သက်ဆိုင်ရာရဲစခန်းမှ သိရသည်။

သက်ဆိုင်ရာရဲစခန်းမှ ပုဒ်မ ၁၈ ၊ (ပ) ၄၁၁/ ၂၀၁၄ ဖြင့်အမှုဖွင့်အရေးယူထားသော်လည်း ကာယကံရှင်များမှာ မသိရှိသေးကြောင်း ယခုလ ၂၈ ရက်နေ့ကပြောသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းအတွက် တရားစွဲပါက ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ယင်းဆန္ဒပြပွဲကို ဦးဆောင်ခဲ့သော နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူ ကိုအေးသိန်းက ယခုလ ၂၇ ရက်နေ့က ပြောသည်။

"မတရားမှုအတွက် အမှုမှန်ဖော်ထုတ်ပေးဖို့အတွက် တောင်းဆိုတာပါ။ အခုလို မတရားမှုတွေကို လက်ပိုက်ကြည့်နေမယ်ဆိုရင် ဒီထက်မက ဆိုးလာမယ်။ သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ကိုလည်း တရားဝင်အကြောင်းကြားစာ ပေးပို့ထားပါတယ်။ ခွင့်ပြုတာ၊ မပြုတာကတော့ သူတို့အပိုင်းပါပဲ။ အခုလိုဆန္ဒဖော်ထုတ်လို့ တရားစွဲမယ်ဆိုရင်လည်းရင်ဆိုင်သွားမယ်" ဟု ကိုအေးသိန်းက ပြောသည်။

ကိုပါကြီး အသတ်ခံရမှု အမှုမှန်ပေါ်ပေါက်ရေးနှင့် ဖော်ထုတ်ပေးရေးအတွက် မန္တလေးမြို့ရှိ နိုင်ငံရေးအင်အားစုများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ ပြည်သူလူထုများ ပူးပေါင်းပါဝင်ခဲ့ကြပြီး၊ မုံရွာ၊ တောင်ကြီးနှင့် လားရှိုးမြို့များမှ နိုင်ငံရေးအင်အားစုများလည်း ပူးပေါင်းပါဝင်ခဲ့ကြကြောင်း ဆန္ဒပြတောင်းဆိုပွဲတွင် ပါဝင်ခဲ့သူများထံမှသိရသည်။

"အကြောင်းကြားစာတင်တာကတော့ ဟုတ်ပါတယ်။ တရားဝင်ခွင့်ပြု မပေးပါဘူး။ တရားဝင် မဟုတ်ပဲ ဆန္ဒပြတောင်းဆိုခြင်းအတွက် အမှုဖွင့်အရေးယူမယူဆိုတာကတော့ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ညွှန်ကြားချက်ကိုစောင့်နေပါတယ်" ဟု ဆန္ဒပြနေရာတွင် အောင်မြေသာစံမြို နယ်ရဲမှူးက ဆိုသည်။

ဆန္ဒပြတောင်းဆိုနေခြင်းကို မြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက တားဆီးမှုများပြုလုပ်ခဲ့သော်လည်း ဆန္ဒပြခြင်းကိုပြီးဆုံးသည်ထိ ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

"စစ်အာဏာရှင်လူတစ်စုက သတ်ဖြတ်ခဲ့တဲ့ ကိုပါကြီးအတွက်တင်မဟုတ်ပါဘူး။ ပြည်သူလူထု၊ ရဟန်းရှင်လူ၊ ကျောင်းသားတွေအားလုံးအတွက် တရားဥပဒေစိုးမိုးမှုရရှိဖို့ ဆန္ဒဖော်ထုတ်နေရခြင်း ဖြစ်ပါတယ်" ဟု ကိုအေးသိန်းက ပြောသည်။

ကိုပါကြီးအမှုမှန်ဖော်ထုတ်ရေးအတွက် အထက်မြန်မာပြည်ရှိနိုင်ငံရေးအင်အားစုများကလည်း အရှိန်အဟုန်မြင့်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးအင်အားစုများက ဆိုသည်။

ကိုပါကြီးသေဆုံးမှုအတွက် ၁၉၉၀

မန္တလေးစာမျက်နှာ ၄ သို့

၂၀၁၅ တွင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဝင်ပြိုင်မည်

လှိုင်ကျော်စိုး
hlaingkyawsoe85@gmail.com

လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ကချင်ပြည်နယ်ရှိ မြို့နယ် ၁၈ မြို့နယ်စလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

ကေအိုင်အေ (ကချင်လွတ်မြောက်ရေးတပ်မတော်) ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဒေါက်တာတူးဂျာ ဦးဆောင်သော ကချင်ပြည်နယ်ဒီမိုကရေစီပါတီကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၃၀ ရက်နေ့က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပါတီတည်ထောင်ခွင့်ပြုခဲ့သည်။

"မဂျားရန်နဲ့ ဆွန်ပရာဘွန် (မဲဆန္ဒနယ်မြေ ၂) မြို့နယ်နှစ်ခုကတော့ အခက်အခဲရှိလောက်တယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတုန်းကလည်း ရွေးကောက်ပွဲမလုပ်နိုင်တဲ့ နေရာတွေ ဖြစ်တယ်။ လူငယ်တွေကို အဓိကဦးစားပေးသွားမှာပါ။ ပြီးတော့ အမျိုးသမီးတွေကိုလည်း နိုင်ငံရေးမှာ ပါစေချင်တယ်"ဟု ၎င်းကပြောသည်။

လူငယ်များကို အသက် ၂၅ နှစ်ကျော်ပြီးပါက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးသွားမည်ဖြစ်ပြီး အမျိုးသမီးများကိုလည်း အမျိုးသားများနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာကော်မတီများကိုလည်း မြို့နယ်အလိုက်ဖွဲ့စည်းထားကြောင်း ၎င်းကပြောသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ ကချင်ပြည်နယ်အတွင်းရှိ ပါတီများနှင့်ပေါင်းစည်းရေးအတွက် တံခါးဖွင့်ထားပြီး ပေါင်းစည်းနိုင်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်နေသော်လည်း ၂၀၁၅ ရွေးကောက်ပွဲအမီ ပေါင်းစည်းနိုင်တော့မည်မဟုတ်သည့်အတွက် ညီအစ်ကိုပါတီများအဖြစ် ဆက်ဆံသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီက ဒီမိုကရေစီထွန်းကားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးတန်းတူ ရရှိရေးနှင့် ဒေသဖွံ့ဖြိုးမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ■

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ပညာပေးမည်

သန်းနိုင်စိုး
thennaingsoe@gmail.com

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရေဝတီမြစ်ကြောင်း ဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ရွေ့လျားအဖွဲ့များသည် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ နိုဝင်ဘာတစ်လလုံး ပညာပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ပညာပေးကာလမှာ လိုင်စင်မပါ အကောက်ခွန်မဲ့တင်သွင်းလာတဲ့ ပစ္စည်းတွေကို ခေတ္တသိမ်းဆည်းပြီးတော့သက်ဆိုင်ရာ အကောက်ခွန်ဌာနတွေမှာ အခွန်ပြန်ဆောင်စေပါမယ်။ ထိုက်တန်တဲ့ဒဏ်ကြေးကို ပေးဆောင်ရင် ပစ္စည်းကို ပြန်ထုတ်ပေးပါမယ်"ဟု ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောသည်။

သို့သော် ပညာပေးကာလတွင် နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ထားသော အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်မပါသော ပစ္စည်းများနှင့် အခြားတည်ဆဲဥပဒေအရ တားမြစ်ပိတ်ပင်ထားသောပစ္စည်းများကို သိမ်းဆည်းသွားမည်ဖြစ်သည်။

"ကျွန်တော်တို့လုပ်တဲ့ ရည်ရွယ်ချက်က နိုင်ငံတော်အတွက် အခွန်အခရရှိပြီး ကုန်သည်တွေလည်း လမ်းကြောင်းမှန်ပေါ်ကိုရောက်ဖို့ ဖြစ်ပါတယ်" ဟု ဦးသိန်းဝင်းက ပြောသည်။ ■

MANDALAY NEIGHBOURS

ခင်မင်ရပါသော မန္တလေးသူ မန္တလေးသားများ

ခင်ဆုဝေ
jasminekhin@gmail.com



မြန်မာနိုင်ငံအကူးအပြောင်း စပ်ကူးမတ်ကူး ကာလတွေမှာ အများဆုံးကြားနေရတဲ့အသံကတော့ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ရေးဆိုတဲ့ အသံပဲဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့ ဆိုတာက ရှေ့နေရှေ့ရပ်တွေရဲ့ အရည်အချင်းကို အားကောင်းအောင် ဆောင်ရွက်ဖို့လိုသလို၊ ရဲ၊ တရားရေးဝန်ထမ်းကနေ တရားသူကြီးအထိ အားလုံးဟာ အရည်အချင်း မြင့်မားဖို့လိုတယ်လို့ ပြောသူကတော့ မန္တလေးရှေ့နေများအသင်းရဲ့ နာယကတစ်ဦးဖြစ်တဲ့ ဝါရင့်တရားလွှတ်တော်ရှေ့နေ ဦးလှကိုပဲ ဖြစ်ပါတယ်။

"ရှေ့နေက ထိထိမိမိ မတင်ပြနိုင်ဘူးဆိုရင် တရားသူကြီး အရည်အချင်းတွေပါ ကျသွားတယ်။ တစ်ခါ တရားသူကြီးက ဒီအမှုကို သူ့အရည်အချင်း မမီလို့ မှားလုပ်လိုက်မိတာ။ အဲဒါ လာဘ်စားတယ်လို့ စွပ်စွဲခံရတာတွေလည်း ရှိတယ်။ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ဖို့ကတော့ တရားရေးဝန်ထမ်းတွေကအစ တရားသူကြီးအဆုံး အရည်အချင်း တိုးတက်ဖို့ လိုပါတယ်"လို့ ဦးလှကိုက ပြောပြပါတယ်။

ဦးလှကိုဟာ မြန်မာဥပဒေအထောက်အကူပြုကွန်ရက်ရဲ့ အလှည့်ကျဥက္ကဋ္ဌအနေနဲ့ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့ စာတမ်းကို ၂၀၁၅ မှာ လွှတ်တော်ကို တင်ပြဖို့လည်း ဆောင်ရွက်လျက်ရှိနေပါတယ်။

မန္တလေးမှာ နေထိုင်ရတာလည်း နှစ်သက်သလို မန္တလေးသူ မန္တလေးသားတွေကို ရိုးသားလို့ သဘောကျပါတယ်ဆိုတဲ့ ဦးလှကိုက ရှေ့နေတွေဟာ ငွေကြေးမတတ်နိုင်တဲ့သူတွေကို အမှုဘယ်လိုကူညီလိုက်ပါ ဆောင်ရွက်ရမလဲ ဆိုတဲ့စာတမ်းကို တတိယအကြိမ်မြောက် အာရှကွန်ဖရင့်မှာ တက်ရောက်ပြောဆိုခဲ့ပြီး မန္တလေးမှာ စတုတ္ထအကြိမ်မြောက်ကျင်းပဖို့ အလံလွှဲပြောင်းပေးအပ်ခြင်းခံရခဲ့ပါတယ်။

တရားစီရင်ရေးလောကကို ၁၉၆၆ ခုနှစ်ကတည်းက ဝင်ရောက်ခဲ့သူတစ်ဦးလည်းဖြစ်ပြီး တရားရေးမဏ္ဍိုင် အားကောင်းလာဖို့အတွက် အစဉ်တစိုက်ကြိုးစားနေသူ၊ တရားစီရင်ရေးစနစ် အပြောင်းအလဲအချိုးအကွေ့တွေကို များစွာ ကြုံတွေ့ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

၁၉၄၄ ခုနှစ်မှာ မန္တလေးမြို့၊ တံတားဦးမြို့နယ် ပေါက်တောရွာမှာမွေးခဲ့တဲ့ ဦးလှကိုဟာ ၁၉၆၅ မှာ မန္တလေးတက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရခဲ့ပါတယ်။ ၁၉၆၆ ကနေ ၁၉၇၂ အထိ လက်ထောက်မြို့ပိုင်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်ပေါ် လာတော့ တရားရေးဝန်ထမ်း အဆင့် ၄ ကနေစပြီး တရားရေးဌာနကို ပြောင်းခဲ့ပါတယ်။ တရားရေးဝန်ထမ်းအနေနဲ့ သနပ်ပင်မြို့နယ်နဲ့ တပ်ကုန်းမြို့နယ်တရားရေးဌာနမှာ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၇၆ ဒီဇင်ဘာ ၃၁ ရက်နေ့မှာ အထက်လူကြီးရဲ့ သဘောတူညီချက်နဲ့ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ပြီး တပ်ကုန်းမြို့နယ်မှာ ကြံ၊ မြေပဲ စိုက်ပျိုးရေးလုပ်ပြီး တစ်ဖက်ကလည်း ရှေ့နေလုပ်ခဲ့တာပါ။

"အမှန်တော့ အဆင်မပြေဖြစ်လို့ပါပဲ။ ပြည်သူ့တရားစီရင်ရေးစနစ်ပေါ် ပေါက်လာတော့ ကျွန်တော်တို့က အကြံပေးဖြစ်ပြီး အရပ်သားတွေက တရားသူကြီးတက်ဖြစ်တော့ တရားသူကြီးတွေထဲ ကျောင်းဆရာပါသလို စာရေးစာချီပါတော့ ဥပဒေနဲ့အညီ အကြံပေးတာကိုပဲ ဆန့်ကျင်ဘက် အထင်လွဲတာလေ။ အဲဒါနဲ့ထွက်ဖြစ်လိုက်တာပါ" လို့ ဦးလှကိုက ပြောပါတယ်။

တရားစီရင်ရေးကို အရပ်သားတွေ တရားသူကြီးအဖြစ် တက်လုပ်လာခဲ့သလို နဂိုတရားရေးဌာနက ဝန်ထမ်းတွေက အကြံပေးအဖြစ်သာ နေရာရသွားခဲ့တာကြောင့် တရားရေးမဏ္ဍိုင် ယုတ်လျော့မှုဟာ အဲဒီကတည်းက စတင်တယ်လို့ ပြောလို့ရပါတယ်။ အရပ်သားတွေ တရားသူကြီး ခန့်ခဲ့တာဟာ တောက်လျှောက်တော့ မဟုတ်ပါဘူး။ ၁၉၈၈ ဝန်းကျင်မှာ ဥပဒေတတ်ကျွမ်းတဲ့သူတွေကိုပဲ တရားသူကြီးအဖြစ် ပြန်လည်ခန့်ထားပြီး တစ်ဦးထိုင် တရားသူကြီးစနစ် ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့လို့လည်း "အရပ်သားတွေ တရားသူကြီးတက်ဖြစ်တုန်းက ဥပဒေကိုနားမလည်လို့သာရှိတယ်၊ လာဘ်ပေးလာဘ်ယူ နည်းတာပေါ့။ ၁၉၇၇ ကနေပြီးတော့ ၁၉၈၈ လောက်ထိ လာဘ်ပေးလာဘ်ယူကိစ္စနည်းတယ်။ တစ်ဦးထိုင်တရားသူကြီး ဖြစ်လာကတည်းက လာဘ်ပေးလာဘ်ယူများလာတယ်" လို့ သူကဆိုပါတယ်။

ဒီလို တရားစီရင်ရေး အပြောင်းအလဲတွေဟာ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့ လိုအပ်ချက်တွေ ဖြစ်လာခဲ့ပါတယ်။

"အခု ဥပဒေပညာရပ်ကို သင်ကြားတဲ့နှစ်ကာလ တိုးမြှင့်တာလည်း ကြိုဆိုတယ်။ အဲဒီအပြင် ဥပဒေကျောင်းသားတွေကို စာတွေ့တင်မဟုတ်ဘူး။ လက်တွေ့ပါ သင်ကြားဖို့ လုပ်နေတာ။ တက္ကသိုလ်က ဆရာတွေက သီအိုရီတွေ သင်တယ်။ နှစ်ပတ်ကို တစ်ကြိမ်လောက် အပြင်က ဝါရင့်ရှေ့နေတွေ လာရောက်သင်ဖို့လည်း ဆောင်ရွက်နေတယ်" လို့ ပြောပါတယ်။

ဦးလှကိုဟာ တရားရေးဌာနက မိတ်ဆွေသူငယ်ချင်း ငါးယောက်နဲ့အတူ ၁၉၈၈ ခုနှစ်မှာ လိုင်စင်မှတ်ပုံတင် တည်ထောင်ခဲ့တဲ့ Mandalay Law Firm ဟာ အခုဆိုရင် အဖွဲ့ဝင်ပေါင်း ၃၀ ကျော်နဲ့ လည်ပတ်နေပါတယ်။ ပြီးတော့သူက မန္တလေးက ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းမှာတော့ အခြားဝါရင့်ရှေ့နေ ၁၀ ယောက်နဲ့အတူ စနေ၊ တနင်္ဂနွေနေ့တိုင်း ဥပဒေပညာရပ်တွေကို သင်ကြားပေးနေသလို ဥပဒေစာအုပ်လည်း ရှစ်အုပ်တိတိ ရေးခဲ့ပြီးပါပြီ။ ရှေ့နေလုပ်ငန်းမှာ လျင်မှု၊ ကျော်ဖြတ်မှု၊ ပါးနပ်မှု ရှိမှလို့ အများကဆိုကြပေမယ့် သူ့အနေနဲ့ ရိုးသားမှုနဲ့ ကြိုးစားမှုက အဓိကကျတယ်လို့ ယူဆတယ်လို့ ပြောကြားခဲ့တဲ့ တရားလွှတ်တော်ရှေ့နေ ဦးလှကိုရဲ့ မျက်နှာသွင်ပြင်ကတော့ ခပ်ပြုံးပြုံးနဲ့ ကြိုးစားရမှာ ခုချိန်ထိ မမောပန်းတဲ့အသွင် ဆောင်နေပါတယ်။ ■

IN PICTURES

သတင်းနှင့် ဓာတ်ပုံ
စည်သူလွင်

ကချင်ဒေသဓာတ်ပုံများ ပြပွဲကျင်းပ

Northern Burma အမည်ဖြင့် ကချင်ဒေသ၏ပုံရိပ်များကိုထင်ဟပ်စေသည့် ဓာတ်ပုံများကို ၁၉ နှစ်အရွယ် ဓာတ်ပုံဆရာခွန်းလတ်မှ တစ်ကိုယ်တော်ပြပွဲအဖြစ် ယခုလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့ထိ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၉ လမ်းရှိ အလင်းတံခါး ပန်းချီ၊ ပန်းပုကျောင်းတွင် ပြသခဲ့သည်။ ပြပွဲတွင် ကချင်ဒေသအတွင်း စစ်ဘေးရှောင်စခန်းများ၊ ကေအိုင်အေတပ်သားများ၏ ပုံရိပ်များ၊ ဘိန်းစိုက်ခင်းများနှင့် ဘိန်းစွဲနေသော ဒေသခံများ၏ပုံရိပ်များ၊ စုစုပေါင်းဓာတ် ပုံ ၈၀ ကျော်ကိုပြသခဲ့ကြောင်း ဓာတ်ပုံဆရာခွန်းလတ်က ပြောသည်။

ကချင်ပြည်နယ် မူးယစ်ဖမ်းဆီးမှု၌ လူထုပူးပေါင်းပါဝင်မှု ပိုမိုရရှိလာ

လှိုင်ကျော်စိုး
hlaingkyawsoe85@gmail.com

ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးမှု၌ လူထုပိုမိုပူးပေါင်းပါဝင်လာပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမှု၏ ငါးပုံတစ်ပုံသည် လူထုပူးပေါင်းပါဝင်ခြင်းကြောင့် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြည်နယ်ရဲမှူးကြီး ဦးစန်းယုက ပြောသည်။

ယခုနှစ်ဆန်းမှ အောက်တိုဘာ ၁၈ ရက်နေ့အထိ မူးယစ်ဆေးဝါးမှု ၁,၅၀၉ မှု ဖမ်းဆီးရမိထားသည့်အထဲမှ ငါးပုံတစ်ပုံသည် လူထုပူးပေါင်း ပါဝင်မှုဖြစ်သည်ဟု ၎င်းကပြောသည်။

"ပြည်သူတွေ ပါဝင်လာတဲ့အတွက် ဖမ်းဆီးမှုတွေများလာပါတယ်။ အချုပ်ခန်းတွေမှာ အချုပ်သားတွေ များလာတဲ့အတွက် အချုပ်ခန်းကို တိုးချဲ့ရမယ့် အနေအထားဖြစ်နေပါတယ်။ တစ်ခါသုံးစွဲတာပဲဖြစ်ဖြစ်၊ နှစ်ခါသုံးစွဲတာဖြစ်ဖြစ် ဥပဒေအတိုင်းပဲ ဆောင်ရွက်ပါတယ်" ဟု ၎င်းက ပြောသည်။

အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးမှုဖြင့် နေ့စဉ် ခုနစ်ယောက်မှ ဆယ့်ငါးယောက်အထိ ဖမ်းဆီးရမိသည်ဟုဆိုသည်။

မူးယစ်ဆေးဖမ်းဆီးမှုတွင် ရဲတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များ ဖမ်းဆီးမှုအပြင် ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါး ရောင်းဝယ်သူများ၊ သုံးစွဲသူများကိုတွေ့ရှိပါက မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး ဆိုင်းဘုတ်များတွင် ပေးထားသည့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဆက်သွယ်သတင်းပေးလာမှုကြောင့် ပိုမိုဖမ်းဆီးလာနိုင်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် လဂွျန်ငန်ဆိုင်းက ပြောသည်။

"သတင်းပေးတဲ့အခါ သတင်းပေးသူရဲ့ နာမည်ကို ပြောပြစရာမလိုပါဘူး။ နေရာအတိအကျ ပြောရင်ရပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ ကျောင်းတွေမှာ မူးယစ်ဟောပြောပွဲတွေလည်း လုပ်ပေးနေပါတယ်။ မိမိအိမ်ပတ်ဝန်းကျင်မှာ ဘယ်သူဘာလုပ်တယ်ဆိုတာသိကြပါတယ်။ ဒါပေမဲ့ အားနာပြီး မတိုင်ကြားဘဲမနေပါနဲ့ ဘယ်သူရောင်းတယ်ဆိုတာ အတိအကျပြောပါ ဖမ်းပေးပါတယ်"ဟု ၎င်းကပြောသည်။

> ကချင်ပြည်နယ်၏ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့်အမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ၂၀၁၄ ခုနှစ်
> ....

ကချင်ပြည်နယ်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလူထုကော်မတီလည်း ပူးပေါင်းပါဝင်လျက်ရှိပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ သုံးစွဲသူများကို ဆေးဖြတ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကော်မတီမှ အတွင်းရေးမှူး အင်ခွမ်တန်ဂွန်းကပြောသည်။

"အောက်ခြေမှာ အဓိကဖြစ်တဲ့ရပ်ကွက် ကျေးရွာတွေမှာ ကော်မတီတွေ ဖွဲ့စည်းထားတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ရပ်ကွက်ကျေးရွာကအသိဆုံးပါ။ ၁၀ အိမ်ကို တစ်အုပ်စုနဲ့ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားတယ်။ ပြည်သူလူထုအားလုံးကိုလည်း မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို နားလည်သဘောပေါက်အောင် ဟောပြောပွဲတွေ လုပ်ပေးတယ်။ ပြည်သူတွေ ပါဝင်လာအောင် လုပ်ဆောင်ပေးပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါအဖွဲ့သည် မူးယစ်ဆေးရောင်းဝယ်ဖြန့်ဖြူးသူများကို လုပ်ငန်းစွန့်လွှတ်ရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးဖြတ်ရန် စည်းရုံးမှုများပြုလုပ်နေပြီး ဆေးဖြတ်ချင်သည့် လူငယ်များကိုလည်း အကူအညီပေးနေကြောင်း အင်ခွမ်တန်ဂွန်းက ပြောသည်။

"မြို့ပေါ်မှာတော့ သုံးစွဲသူတွေလျော့နည်းနေပါပြီ။ ၁၀ ရာခိုင်နှုန်းလောက်တော့ လျော့နည်းလာပြီလို့ ပြောလို့ရပါတယ်။ ပြည်သူတွေရဲ့အသိနဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ တာဝန်တွေ အများကြီးလိုအပ်ပါတယ်" ဟု ၎င်းကပြောသည်။

ကချင်ပြည်နယ်၏ မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည့်အမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့ထိ ၁,၅၀၉ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁,၅၀၂ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁,၁၃၈ မှုတို့ဖမ်းဆီးရမိထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများသည် မူးယစ်ဆေးဝါးသုံးစွဲမှု အများဆုံးဒေသဖြစ်ကြောင်း အင်ခွမ်တန်ဂွန်းကပြောသည်။ ■

မန္တလေးကျောက်ဝိုင်းကို ယခုလ ၁၃ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - မောင်ဇော်

မန္တလေးကျောက်ဝိုင်း ဈေးကွက် လက်ရှိအချိန်ထိ အရောင်းအဝယ်အေး

မောင်ဇော်
mgzaw.mmtimes@gmail.com

တရုတ်ပြည်ဘက်က ကျောက်လုပ်ငန်းရှင်များ လာရောက်မှုမရှိသဖြင့် မန္တလေးကျောက်ဝိုင်းမှာ ယနေ့အချိန်ထိ အရောင်းအဝယ်အေးနေသည်ဟု ကျောက်ဝိုင်းက လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်ချိုက အောက်တိုဘာလနှောင်းပိုင်းကပြောသည်။

"အခုရက်ပိုင်းမှာကတော့ အရောင်းအဝယ်ဆိုတာမဖြစ်ဘူး။ ကျောက်ဝိုင်းတစ်ခုလုံးပဲ။ အရောင်းအဝယ်က မနှစ်ကနဲ့ယှဉ်ရင် တော်တော်ကိုအေးတယ်။ ပြည်ပက လုပ်ငန်းရှင်တွေ မလာတာလည်းပါတယ်။ ကျောက်ဝိုင်းမှာလုပ်ကိုင်နေတဲ့ အရောင်းအဝယ်တွေ အကုန်လုံးကို အေးတာပါ" ဟု ဦးအောင်ချိုက ပြောသည်။

မန္တလေးကျောက်ဝိုင်းတွင် အရောင်းအဝယ်အေးနေသည်မှာ အချိန်ကြာမြင့်လာပြီဟုသိရပြီး ယမန်နှစ် အောက်တိုဘာလကမူ အရောင်းအဝယ်ကောင်းမွန်သည်ဟု သိရသည်။

"လက်ရှိအချိန်မှာတော့ ကျောက်ဝိုင်းမှာ ကျောက်အဝင်လည်းမရှိဘူး။ ရှိတဲ့ကျောက်တွေနဲ့ လည်ပတ်နေတယ်။ ပြီးတော့ လုပ်ငန်းရှင် အကြီးစားတွေကိုယ်တိုင် တရုတ်ပြည်ကနေ ဆင်းမလာတာလည်းပါတယ်။ လုပ်ငန်းရှင်အသေးစားတွေပဲလာတော့ အရောင်းအဝယ်က မဖြစ်စလောက်ပဲ ရှိနေတယ်" ဟု ကျောက်ပွဲစား ဦးမင်းနိုင်က ပြောသည်။

> မန္တလေးကျောက်ဝိုင်း၌ တန်ဖိုးနည်းကျောက်များသာ အရောင်းအဝယ် ဖြစ်နေသည်ဟုသိရပြီး ကျောက်အရောင်းအဝယ်မှာ ပြည်တွင်း၌သာ လည်ပတ်မှုရှိနေ

မန္တလေးကျောက်ဝိုင်းရှိလုပ်ငန်းအများစုမှာ တရုတ်ပြည်ကျောက်ဈေးကွက်ကို မှီခိုအားထားနေရကြောင်း၊ တရုတ်ပြည်က အဝယ်မရှိပါက ကျောက်ဈေးကွက်မှာ အရောင်းအဝယ်လည်ပတ်မှု မရှိသလောက်ဖြစ်သွားကြောင်း သိရသည်။

"ဒီကျောက်ဈေးကွက်မှာ အရောင်းအဝယ်အေးစက်နေတာက တရုတ်ပြည်မှာလည်း အရောင်းအဝယ်တွေအေးလို့ဖြစ်မှာပါ။ တရုတ်ပြည်ဘက်မှာ အရောင်းအဝယ်တွေကောင်းရင်တော့ မန္တလေး ကျောက်ဈေးကွက်လည်း လိုက်ကောင်းပါတယ်" ဟု ဦးအောင်ချိုကပြောသည်။

လက်ရှိအချိန်တွင် မန္တလေးကျောက်ဝိုင်း၌ တန်ဖိုးနည်းကျောက်များသာအရောင်းအဝယ် ဖြစ်နေသည်ဟုသိရပြီး ကျောက်အရောင်းအဝယ်မှာ ပြည်တွင်း၌သာ လည်ပတ်မှုရှိနေသည်ဟု သိရသည်။ မန္တလေးကျောက်ဝိုင်းတွင် လက်ကောက်လိုင်း၊ အချပ်လိုင်း၊ အပွင့်လိုင်း၊ ပုတီးလိုင်းနှင့် ခွင်လိုင်းဟူသော လုပ်ငန်းအမျိုးအစားငါးမျိုးရှိသည်ဟုသိရကာ ငါးမျိုးစလုံး အရောင်းအဝယ်အေးနေသည်ဟု သိရသည်။ ■

ပဲသစ်ပေါ်ခါနီး ကုလားပဲဈေးပြန်ကျ

ကြေးမုံဝင်း
kyaymonewin@gmail.com

ယခုနှစ်ကုလားပဲပေါ်သည့် ရာသီအစဖြစ်သော ဇန်နဝါရီလခန့်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်လေးသောင်းခွဲနှင့် ငါးသောင်းနီးပါးအထိ ဈေးမြင့်ခဲ့သော ဘီတူးနှင့် ထိုင်ဝမ်ကုလားပဲများမှာ အသစ်ပေါ်ချိန်နီးသဖြင့် ရာသီပေါ်စဈေးထက် ကျပ်တစ်သောင်းခန့် ကျဆင်းသွားကြောင်း မန္တလေးကုန်စည်ဒိုင် ပြန်ကြားရေးအဖွဲ့မှ သိရသည်။

"ကုလားပဲအသစ်တွေက နောက်နှစ်လလောက်နေရင် ပေါ်တော့မှာ ဖြစ်တဲ့အတွက် အဟောင်းတွေက ဈေးကျလာတယ်။ လွန်ခဲ့တဲ့ တစ်လခွဲ နှစ်လလောက်ကတည်းက တဖြည်းဖြည်းကျလာတာ လက်ရှိပေါက်ဈေးက ရာသီအစဈေးနဲ့ဆိုရင် တစ်သောင်းလောက် ကွာသွားတယ်။ ဒီလက လှောင်ထားတဲ့လူတွေက အသစ်ပေါ်မယ့်ပဲကို ဝယ်ဖို့ ကိုယ့်မှာရှိတဲ့ အဟောင်းကို ပြန်ရောင်းထုတ်တဲ့အချိန်ဆိုတော့ ဈေးကွက်ထဲမှာလည်း ပစ္စည်းပေါ်နေတယ်။ အဲဒါကြောင့် ဈေးကျတာလည်း ပါတယ်။ ဒီပုံစံနဲ့ဆို ဒီနှစ်ထွက်တဲ့ပဲကို ပြည်တွင်းမှာ သုံးလို့မကုန်တော့ဘူး။ ဒီနှစ်က ပဲအထွက်များသလို အိတ်စ်ပို့ကလည်း မထွက်လိုက်တော့ ဈေးပြန်တက်ဖို့ မလွယ်လောက်ဘူး။ မနှစ်က ဒီလိုအချိန်မှာတော့ တစ်အိတ်ကို ကျပ် ငါးသောင်းအထက်မှာ ရှိခဲ့ပါတယ်"ဟု လူရည်ချွန်ပဲခွဲစက်မှ ဦးသက်ထွန်းက မြန်မာတိုင်းမ်(မ်)ကို ပြောသည်။

အသစ်ပေါ်မည့်အချိန်တွင် အိတ်စ်ပို့ဝယ်ယူမှု ရှိလာလျှင်သော်လည်းကောင်း၊ ပြည်တွင်းဝယ်လိုအား များလျှင်သော်လည်းကောင်း လာမည့်ရာသီတွင်မူ ကုလားပဲဈေးမှာ ယခုပေါက်ဈေးထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း ၎င်းကပြောသည်။

"၂၀၁၂ ခုနှစ်ရာသီက ပြည်ပကို ကုလားပဲအိတ်စ်ပို့ များများထွက်လိုက်တော့ ၂၀၁၃ ရာသီမှာ အိတ်စ်ပို့မထွက်ပေမယ့်လည်း ဈေးကောင်းတော့ရလိုက်တယ်။ ဒီနှစ်ကျတော့ မနှစ်ကလည်း အိတ်စ်ပို့ မတင်ရဘူး၊ ဒီနှစ်လည်း မတင်ရဘူးဆိုတော့ ပြည်တွင်းမှာတင် ပစ္စည်းကပုံပြီး ဈေးကလည်း တစ်အိတ် ကျပ်ငါးသောင်းကျော်အထိ မရောက်လိုက်တော့ဘူး"ဟု မန္တလေးမြို့မှ ကုလားပဲကုန်သည်တစ်ဦးကလည်း ဆိုသည်။

ရာသီအစက ဘီတူးအမျိုးအစား တစ်အိတ်လျှင် ကျပ် ၄၈,၀၀၀ ဝန်းကျင်နှင့် ထိုင်ဝမ်တစ်အိတ်လျှင် ကျပ် ၄၅,၀၀၀ ဝန်းကျင်အထိရှိပြီး အောက်တိုဘာလ ၂၇ ရက်နေ့က ဘီတူး တစ်အိတ်လျှင် ကျပ် ၃၉,၅၀၀ နှင့် ထိုင်ဝမ်တစ်အိတ်လျှင် ကျပ် ၃၈,၅၀၀ အထိပေါက်ဈေးရှိခဲ့သည်။ ■

မန္တလေး ဆန်လုပ်ငန်းရှင်များ ကုမ္ပဏီတည်ထောင်မည်

သန်းနိုင်စိုး
thennaingsoe@gmail.com

တရုတ်နိုင်ငံသို့ ဆန်တရားဝင်တင်ပို့ရောင်းချနိုင်ရေးအတွက် မန္တလေးမြို့ရှိ ဆန်လုပ်ငန်းရှင်များ စုပေါင်း၍ ကုမ္ပဏီတည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမှာရှိတဲ့ ဆန်အသင်းတွေကို ကိုယ်စားပြုတဲ့ကုမ္ပဏီဖြစ်အောင်တော့ ခေါင်းစဉ် တည်ထားတယ်။ ဒါပေမဲ့ ဒါရိုက်တာအဖွဲ့မှာပါတဲ့သူတွေကတော့ ဆန်လုပ်ငန်းရှင်တွေဖြစ်မှာပါ။ အဓိကဦးတည်ချက်က တရုတ်ပြည်နဲ့အရောင်းအဝယ်လုပ်တဲ့အခါ အသင်းတွေအနေနဲ့ လုပ်လို့အဆင်မပြေဘူး။ ဒါကြောင့်ကျွန်တော်တို့မှာ ကုမ္ပဏီတစ်ခုရှိရမှာ။ ဒီလိုအပ်ချက်ကြောင့် ကုမ္ပဏီထောင်သွားမှာပါ"ဟု မန္တလေးဆန်ကုန်စည်ဒိုင် အတွင်းရေးမှူးဦးမင်းထက်အောင်က ပြောသည်။

လက်ရှိတွင် ကုမ္ပဏီတစ်ခုကို အရင်လျှောက်ထားပြီး ကုမ္ပဏီမှတ်ပုံတင်ကျပြီးပါက ဒါရိုက်တာအဖွဲ့ဝင် အရေအတွက်နှင့် အစုရှယ်ယာတန်ဖိုးများကို နောက်ပိုင်းတွင် အစည်းအဝေးထိုင်ကာ ဆုံးဖြတ်သွားမည် ဖြစ်ကြောင်း ၎င်းကပြောသည်။

အောက်တိုဘာလ ၂၅ ရက်နေ့က မန္တလေး ဆန်ကုန်စည်ဒိုင်တွင် ဆန်လုပ်ငန်းရှင်များ အစည်းအဝေးလုပ်ပြီး ကုမ္ပဏီတည်ထောင်ရန် စိတ်ဝင်စားသူစာရင်းကောက်ခံခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလထဲတွင် တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံက ဆန်တန်ချိန် တစ်သိန်းနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် ဆန်တန်ချိန်တစ်သိန်း ဝယ်ယူရန်ရှိနေသည်။

"ကုမ္ပဏီထောင်ထားမှသာ မန္တလေးအနေနဲ့ ဆန်တန်ချိန်ခွဲတမ်းရမှာပါ" ဟု မန္တလေးတိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းထွန်းကပြောသည်။ ■

တရုတ်ဝယ်ယူမှုကြောင့် မြေပဲဆန်ဈေးကောင်းရပြီး အရောင်းသွက်နေ

ကြေးမုံဝင်း
kyaymonewin@gmail.com

တရုတ်နိုင်ငံက နှစ်လဆက်တိုက် ဝယ်ယူမှုများရှိနေသဖြင့် မန္တလေးဈေးကွက်တွင် မြေပဲဆန်များ ဈေးကောင်းရပြီး အရောင်းသွက်နေကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

"ဒီနှစ် မိုးလယ်ခေါင်တော့ မကွေး၊ နတ်မောက်၊ ပြည်နဲ့ ကျောက်ပန်းတောင်းဘက်က မြေပဲတွေက ဒီနှစ်အထွက်လျော့တယ်။ ဒီကြားထဲ တရုတ်ကလည်း မြေပဲဆန်ကို ဆက်တိုက်ဝယ်နေတာ နှစ်လခွဲလောက်ရှိနေတော့ သူတို့မဝယ်ခင်ကထက် တစ်ပိဿာကို ကျပ် ၃၀၀၊ ၃၅၀ လောက် တက်သွားတယ်။ အဲဒီမတိုင်ခင်ကဆို အမျိုးအစားအကောင်းဆုံးမှ တစ်ပိဿာကို ကျပ် ၁,၆၀၀ လောက်ပဲရှိတယ်။ ဒီလထဲမှာ နယ်စုံက မြေပဲဆန်တွေ ဈေးကွက်ထဲဝင်နေပြီဆိုတော့ ဈေးနှုန်းကတော့ ဘယ်လိုဖြစ်ဦးမယ် မပြောတတ်ဘူး။ တရုတ်ဘက်ကတော့ အဝယ်ရပ်မယ့်အနေအထားတော့မရှိဘူး။ ဆက်ဝယ်မှာပဲ။ မြေပဲဆန်ရာသီတိုင်း တရုတ်ဘက်ကဝယ်နေတာ သုံးနှစ်ရှိပြီ။ တစ်နှစ်ထက် တစ်နှစ် ပမာဏကပိုများလာတယ်။ ဒီနှစ်က အများဆုံးပဲ"ဟု မန္တလေးကုန်စည်ဒိုင် ပြန်ကြားရေးအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

အောက်တိုဘာလ ၂၇ ရက်နေ့က မန္တလေးဈေးကွက်တွင် မြေပဲဆန် အနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂,၂၅၀ မှ ကျပ် ၂,၄၀၀ နှင့် အဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂,၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်ကမူ အနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂,၅၅၀ ထိ မြင့်တက်ခဲ့ဖူးကြောင်း ၎င်းကပြောသည်။

"မြေပဲဆန်က လောလောဆယ်ဈေးကွက်ထဲမှာ အရောင်းသွက်နေတဲ့သီးနှံတစ်မျိုးပါ။ ပစ္စည်းကလည်း အခုနယ်စုံက တောက်လျှောက်ဝင်နေတယ်။ နောက်ပြီး တရုတ်က ဆက်တိုက်ဝယ်တာလည်း ကြာနေပြီဆိုတော့ ဈေးကတော့ အခုနောက်ပိုင်း နည်းနည်းပြန်အေးမယ်လို့ ခန့်မှန်းတယ်။ မြေပဲဆန်ဈေးတက်တဲ့အတွက် ဆီဈေးတွေလည်း တက်ပါတယ်"ဟု ဝါရင့်ကုန်သည်တစ်ဦးဖြစ်သည့် ဦးမောင်ဌေးကပြောသည်။

လတ်တလောတွင် မန္တလေးဈေးကွက်သို့ နွားထိုးကြီး၊ မြင်းခြံ၊ ရွှေဘို၊ တံတားဦးနှင့် ရှမ်းပြည်နယ်ဘက်က မြေပဲဆန်များလည်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကုန်ကြမ်းဈေး မြင့်တက်သည့်အတွက် မြေပဲဆီဈေးမှာလည်း ပဲဆီရိုးရိုးတစ်ပိဿာလျှင် ကျပ် ၃,၂၀၀ မှ ၃,၆၀၀ အထိ ပေါက်ဈေးရှိပြီး ပဲဆီအသန့်တစ်ပိဿာလျှင် ကျပ် ၄,၀၀၀ မှ ၄,၈၀၀ အထိ ဈေးရှိနေကြောင်းနှင့် ပဲဖတ်ဈေးမှာ ကျပ် ၈၀၀ ကျော်မှ ယခု ကျပ် ၁,၀၀၀ ကျော်သို့ မြင့်တက်သွားကြောင်းလည်း ဆီစက်လုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။

မန္တလေးဈေးကွက်တွင် ပဲတီစိမ်းမှာလည်းအရောင်းသွက်နေပြီး ပဲတီစိမ်းအသစ်တစ်အိတ်လျှင်ကျပ်၁၁၃,၀၀၀ အထိရှိနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။ ■

EITI လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် ကနဦး စတင်ဆောင်ရွက်မည်

ခင်ဆုဝေ
jasminekhin@gmail.com

သဘာဝအရင်းအမြစ် သယံဇာတတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းမှရရှိသော အခွန်ဘဏ္ဍာများကို အစိုးရ၊ ကုမ္ပဏီ၊ ပြည်သူအကြား ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သော နိုင်ငံတကာစံနှုန်း ဖြစ်သည့် EITI လုပ်ငန်းစဉ်အား တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် အစိုးရ၊ အလုပ်ရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်သည့် ကနဦးသုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့များ ဖွဲ့စည်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံအဆင့် ညွှန့်ပေါင်းအဖွဲ့တွင်ပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် ဒေါ်မိုးမိုးထွန်းက အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြောသည်။

နေပြည်တော်၌ အောက်တိုဘာ ၆ ရက်နေ့ကပြုလုပ်သည့် ခြောက်ကြိမ်မြောက် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် အဆိုပါ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုတွင် ဆောင်ရွက်ရခြင်းသည် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေနံပိုက်လိုင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာနေရာဖြစ်နေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ မရှိသည့်နေရာဖြစ်နေခြင်းတို့ကြောင့် ရွေးချယ်ခဲ့ခြင်း ဖြစ်နိုင်သည်ဟု ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်မှ EITI လုပ်ငန်းစဉ် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးခိုင်ကောင်းစံက ယခုနှစ်နှောင်းပိုင်းတွင် အဆိုပါ သဘာဝသယံဇာတ တူးဖော်ရေးလုပ်ငန်းတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့နေသော မာဘယ်ကျောက် ထုတ်လုပ်ခြင်းအတွက် အဆိုပါမြို့နယ်ရှိ လူမှုအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်မည်ဟု ဆိုသည်။

“ကျွန်တော်တို့ဆီမှာလည်း သဘာဝသယံဇာတ ထုတ်ယူတဲ့ သတ္တုတွင်းပိုင်းမှာတော့ မင်းဘူး၊ ရေနံချောင်း၊ ချောက်တို့က ရေနံမြေတွေရှိသလို မုန်းချောင်း ရေဝရေလဲ ဒေသတွေမှာလည်း ခရိုမီယမ် ထုတ်တာတွေ ရှိတယ်။ နောက်ပြီး ငဖဲ၊ မင်းလှ၊ စေတုတ္တရာဒေသတွေမှာ ကျောက်မီးသွေးထုတ်ယူဖို့ ဆောင်ရွက်နေတယ်။ ကျွန်တော်တို့အနေနဲ့ တချို့လုပ်ငန်းရှင်တွေနဲ့ ပြောဆိုဆွေးနွေးတာတွေတော့ ရှိပါတယ်” ဟု မကွေးတိုင်း ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ကိုအိုလာက ဆိုသည်။

ပြည်နယ်နှင့် တိုင်းအသီးသီးရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ သုံးသပ်တိုက်တွန်းချက်ကို အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ၌ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ အစိုးရဌာနများနှင့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်တွင် EITI လုပ်ငန်းစဉ်များအပေါ် သိရှိနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းများကြောင့် ဖြစ်ပေါ်နေသော ပြဿနာများအတွက် EITI ဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန်ဖော်ပြခဲ့သည်။

“EITI နဲ့ ပတ်သက်ပြီး အစိုးရပိုင်းအနေနဲ့ မြို့နယ်အဆင့်၊ တိုင်းအဆင့်တွေကို ထုတ်ပြန်မထားဘူး ဖြစ်နေတယ်။ မန္တလေးမှာ ကျွန်မတို့ သုံးပွင့်ဆိုင်တွေ့ခဲ့ကြတော့ ကျွန်မတို့ သတ္တုတွင်းလုပ်ငန်းရှင်အသင်းနဲ့ ချိတ်ဆက်ပြီးတော့ သပိတ်ကျဉ်းက ရွှေလုပ်ငန်းတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ ဝက်သေကျေးရွာရောက်တော့ ရွှေလုပ်ငန်းလုပ်တာကို အင်းလုပ်ငန်း လုပ်တယ်လို့ထင်နေကြတယ်။ ကျွန်မတို့အဖွဲ့ကြည့်တော့ အဲဒီကုမ္ပဏီက မန်နေဂျာက ထွက်လာပြီး ဓာတ်ပုံမရိုက်ဖို့ ပြောပါတယ်။ ကျွန်မတို့က EITI အကြောင်း ရှင်းပြတဲ့အခါ နောက်တစ်ခါလာမယ်ဆိုရင် ကြိုတင်အကြောင်းကြားဖို့လိုတယ်။ ကျွန်တော်တို့တစ်ခုခုဖြစ်ရင် တာဝန်မယူနိုင်ဘူးဆိုတဲ့ ခြိမ်းခြောက်တာတွေ့ခဲ့ရတယ်။

“ကျွန်မတို့က နိုင်ငံအဆင့်ပိုင်းမှာ အဆင်ပြေပေမယ့် တိုင်းဒေသအဆင့်မှာ အဆင်မပြေဘူး။ အစိုးရပိုင်းမှာလည်း မြို့နယ်အဆင့်တွေမှာ EITI သင်တန်းပို့ချဖို့ ဆောင်ရွက်တဲ့အခါမှာလည်း မလိုအပ်ဘူး၊ မလုပ်နဲ့လို့ အကြောင်းပြန်တာရှိသလို လုပ်ငန်းရှင်ဘက်ကလည်း ခြိမ်းခြောက်တာတွေ ရှိပါတယ်။

နောက်ပြီး ဥပမာအနေနဲ့ ရှမ်းပြည်နယ်မှာ EITI အသိပညာပေးတာတွေ လုပ်တယ်။ လုပ်ငန်းရှင်ဘက်က ဘာပြန်ပြောလဲဆိုတော့ EITI က ပဋိပက္ခတွေ ဖြစ်အောင် လုပ်တယ်လို့ ပြောလာတယ်။ မွန်ပြည်နယ်မှာဆိုရင် EITI အသိပညာပေး လုပ်လို့ကို မရဘူး” ဟု ဒေါ်မိုးမိုးထွန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

EITI တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်လောင်းအဖြစ် ယခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် လက်ခံခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသော ဝင်ငွေများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်ပြန်ပေးရန် လိုအပ်လာမည်ဖြစ်ကာ ၂၀၁၆ ဇန်နဝါရီလတွင် အခင်းအကျင်း ကောင်းပြီး အများပြည်သူ လက်ခံအတည်ပြုနိုင်သည့် EITI အစီအရင်ခံစာ ပေးပို့ရမည် ဖြစ်သည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်အဖွဲ့များအနေဖြင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အဟန့်အတားများ၊ ခြိမ်းခြောက်ခံရခြင်းများရှိနေခြင်းအပေါ် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများက တရားဥပဒေအရ အကာအကွယ်ပေးရန် လိုအပ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းမှာ (EITI အကောင်အထည်ဖော်ရေး)ဆောင်ရွက်တဲ့ အဖွဲ့ပေါင်း ၁၀ ဖွဲ့လောက်ပါတယ်။ ကျွန်တော်တို့ ချင်းတွင်းလူငယ်ကွန်ရက်အနေနဲ့လည်း အစိုးရအဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ သစ်မှောင်ခိုဖော်ထုတ်အရေးယူမှုတွေကို ဒီနှစ်ဧပြီလကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ သတ္တုတွင်းလုပ်ငန်းရှင်တွေနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းမှာ အစိုးရအဖွဲ့ဆောင်ရွက်နေတဲ့ အပိုင်းမှာ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုမရှိတာကြောင့် ကျွန်တော်တို့ လုပ်ကိုင်ရခက်ခဲမယ်လို့ ထင်ပါတယ်” ဟု အထက်ချင်းတွင်း လူငယ်ကွန်ရက်မှ ကိုကျော်သက်ဝင်းက ပြောသည်။ ■

အပ်ကား ဈေးကွက်၌ ဂျစ် ဝယ်လိုအား များနေ

ဖြိုးဝေကျော်
pwkyaw@gmail.com

ကားဟောင်းဖျက်သိမ်းပြီး ကားသစ်သွင်းရန် အပ်နှံခွင့်ပြုထားသည့် ကားဟောင်းဈေးကွက်၌ လက်ရှိတွင် ဂျစ်ကားမှာ အခြားကားများထက် ဝယ်လိုအားပိုများနေကြောင်း ဈေးကွက် သတင်းများအရ သိရသည်။

စက်မှုဇုန်ထုတ် အဆိုပါ ဂျစ်ကားများကို ယခုနှစ်တွင် ပြီးခဲ့သော ဇူလိုင်လလယ်မှစ၍ ဖျက်သိမ်းခွင့်ပြုခဲ့ရာ၌ ကားဟောင်းအပ်ခွင့်ပြုမည့် သတင်းစထွက်ချိန်တွင် ယခင်က ကျပ် ၃၅ သိန်းဝန်းကျင်သာရှိခဲ့သော ဂျစ်ကားဈေးနှုန်းမှာ ကျပ် ၅၅ သိန်းအထိ နှစ်ရက်အတွင်း ရောက်ရှိခဲ့သည်။

သို့ရာတွင် နောက်ပိုင်း၌ ကျပ် ၄၅ သိန်း၊ ထိုမှ ကျပ် ၃၇ သိန်းအထိ တအိအိဈေးပြုတ်ကျခဲ့သော်လည်း ယခုလပိုင်းတွင် ကျပ် ၄၃ သိန်းပတ်ချာလည်သို့ ပြန်ရောက်ခဲ့ကာ အခြားကားများထက် ဝယ်လိုအားပိုများနေဆဲဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများထံက သိရသည်။

“အခု ဂျစ်ကားက တခြားအပ်ကားတွေဖြစ်တဲ့ ၁က၊ ၂က ကားတွေထက် ဝယ်လိုအားပိုများနေပါတယ်။ ဂျစ်ကားအပ်ပြီး ဒေါ်လာ ၁၅,၀၀၀ နဲ့အောက် တင်သွင်းလို့ရတဲ့ ကားတွေက များနေတာကြောင့်လည်း ဒီလိုဝယ်လိုအားများလာတာပါ။ ၁က၊ ၂က အကွာရာ ကားတွေက ဈေးနှုန်း ၅၇ သိန်းပတ်ချာလည်မှာရှိတယ်။ ဒါပေမဲ့ ဒီဈေးနှုန်းတွေက ဒီထက်ပိုမတက်နိုင်တော့ဘူးလို့ ထင်တယ်၊ အပ်နှံခွင့်ပြုထားတဲ့ သက်တမ်းကလည်း နောက်ထပ်နှစ်လလောက်ပဲ ကျန်တော့တယ်”ဟု ဝါရင့်ကားဝယ်ရောင်း ဦးဝင်းမြင့်က ယခုလ ၂၈ ရက်တွင် ပြောသည်။

အပ်နှံခွင့်ပြုဦးမည့်ကာလနှင့် ဈေးကွက်အတွင်းရှိမည့်စီးရေကို မှန်းဆချိန်ထိုးကြည့်ပါကလည်း ဈေးထပ်တက်နိုင်တော့မည်မထင်ကြောင်း အခြားဝယ်ရောင်း တချို့ကပြောသည်။

လက်ရှိ ယာဉ်ဟောင်းဖျက်သိမ်းပြီး ယာဉ်သစ်တင်သွင်းရာ၌ သတ်မှတ်ချက်အလိုက် မှတ်ပုံတင်ခလျှော့ပေါ့ကောက်ခံခြင်းပြုထားသော်လည်း လာမည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတစ်ရက်မှစတင်ခါ ယာဉ်ဟောင်းအပ်နှံပြီး အစားထိုးယာဉ်တင်သွင်းသည့် ယာဉ်အမျိုးအစားအားလုံးကို ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်းမပြုတော့ဟု သိရသည်။ ■

ကိုပါကြီးအသတ်ခံရမှု. . .

မန္တလေးစာမျက်နှာ ၁ မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ညီညွတ်သောအမျိုးသားဒီမိုကရေစီအဖွဲ့တို့က တောင်းဆိုချက်များနှင့်အတူ သဘောထား ကြေညာချက်တို့ကိုလည်း ယခုလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့ စက်လမ်းဝ၌ ကိုပါကြီးကို စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အောက်တိုဘာလ ၄ ရက်နေ့တွင် စစ်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သော်လည်း အောက်တိုဘာလ ၂၃ ရက်နေ့မှ ကိုပါကြီး သေဆုံးကြောင်း စစ်တပ်မှ သတင်းထုတ်ပြန်ပေးခဲ့သည်။ ■



INTERVIEW

တွေ့ဆုံဆွေးနွေးမှုတွေအတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်လာသည့် ပဋိပက္ခ

ခင်ဆုဝေ

jasminekhin@gmail.com

ဒေါက်တာတက်ဆူရှိအရိုင်သည် ဂျပန်နိုင်ငံမှ ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်ပြီး ပဋိပက္ခဖြေရှင်းမှုနှင့် ဆက်စပ်၍ ပါရဂူဘွဲ့တစ်ခု ရရှိထားကာ အမေရိကန်ရှိ The School for International Training (SIT) Graduate Institute၌ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပဋိပက္ခပြောင်းလဲရေးဆိုင်ရာ တွဲဖက်ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကန် ပြည်ထောင်စုများတွင် ညှိနှိုင်းဖျန်ဖြေသူနှင့် လေ့ကျင့်သင်ကြားပေးသူအဖြစ် ကျယ်ပြန့်သည့် လက်တွေ့အတွေ့အကြုံရှိသူ ဖြစ်သည်။ ၂၀၀၃ ခုနှစ် မှ စတင်ကာ မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတော်တော်များများကိုလည်း ဦးစီးဆောင်ရွက်ခဲ့သည်။ အောက်တွင်ဖော်ပြထားသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများအကြား ဖြစ်ပွားသည့် ပဋိပက္ခများနှင့် ထိမ်းမြားလက်ထပ်မှုဆိုင်ရာ ဥပဒေအပေါ်၎င်း၏ ရှုမြင်သုံးသပ်ချက်များကို မြန်မာတိုင်း(မ်)က သတင်းအယ်ဒီတာ ခင်ဆုဝေက မေးမြန်းထားခြင်း ဖြစ်သည်။

*** မြန်မာနိုင်ငံက လူမှုအဖွဲ့အစည်းတွေကြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ဖြစ်ပွားရတဲ့အကြောင်းတရားတွေကို ဘယ်လိုသုံးသပ်ပါသလဲ။**

မြန်မာနိုင်ငံမှာက တကယ့်ကို မတူညီတဲ့ လူမှုပဋိပက္ခတွေရှိပါတယ်။ ဒီပဋိပက္ခတွေရဲ့ အကြောင်းတရားတွေဟာ ဒေသတစ်ခုနဲ့ တစ်ခု ကြီးကြီးမားမားကို ကွဲပြားကြတယ်။ ဒီလို ကွဲပြားခြားနားမှုရှိနေပေမယ့် ဒီကနေ့ ဖြစ်ပျက်နေတဲ့ ဒီပဋိပက္ခတွေရဲ့ အကြောင်းရင်းဖြစ်စေတဲ့ သိပ်သတိမထားမိကြတဲ့ လူမှုရေးရာ အခြေအနေနှစ်ခုရှိပါတယ်။

ပထမတစ်ခုကတော့ သမိုင်းတစ်လျှောက် ဆင့်ကဲပြောင်းလဲလာတဲ့ မြန်မာအမျိုးသားရေးဝါဒနဲ့ မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးနဲ့ ဘာသာတရားအလေ့အကျင့်တွေအပေါ် ဒီပြောင်းလဲမှုရဲ့ အားကြီးတဲ့ သက်ရောက်မှုပါပဲ။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ်ဝါဒကို အစပျိုး မိတ်ဆက်မှု၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုနဲ့ ၁၉၈၈ ခုနှစ် အကျပ်အတည်းအပါအဝင် လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံရဲ့ တွေ့ကြုံခဲ့ရတဲ့ အခြေအနေတွေရဲ့ တစ်စတစ်စ အားကောင်းလာတဲ့ အကျိုးသက်ရောက်မှုဟာ လူမျိုးစုနဲ့ ဘာသာရေး သန့်စင်မှုအပေါ် ဗဟိုအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုကို သိသိသာသာ ကြီးထွားလာစေခဲ့တယ်။ ဒီအမျိုးသားရေးဆိုင်ရာ နှစ်မြှုပ်လုပ်ဆောင်မှုက အတော်အတန်များပြားတဲ့ ဗမာ၊ ဗုဒ္ဓဘာသာသာမဟုတ်တဲ့သူတွေကို ပထုတ်ဖယ်ခွာစေမယ့် နည်းလမ်းတစ်ခုအနေနဲ့ ကြီးထွားလာစေခဲ့တယ်။ ကျွန်တော်တွေ့ခဲ့ရတဲ့ များစွာသော မြန်မာ့နိုင်ငံရေး၊ ဘာသာရေးနဲ့ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်တွေဟာ အမျိုးသားရေး၊ ဘာသာရေးနဲ့ ဆက်နွယ်နေတဲ့ ဒီအတွေ့အကြုံတွေရဲ့လူမှုစိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုကို ဆန်းစစ်မှု၊ သတိပြုမိမှု ရှိပုံမရပါဘူး။ အစဉ်တစိုက်ဖြစ်တည်လာခဲ့တဲ့ တစ်သီးတစ်သန့် အမျိုးသားရေးဝါဒတည်ဆောက်မှုပုံစံက ၂၀၁၂ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဘာသာတရားနဲ့ လူမျိုးစုအချင်းချင်း ဖြစ်ပွားတဲ့ ပဋိပက္ခကို ပေါက်ပွားစေခဲ့ပြီး ဒီနေ့ထိ ဆက်လက်ရှင်သန်စေခဲ့တာပါပဲ။

ဒုတိယ တစ်ချက်ကတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဘာသာရေးနဲ့မျိုးနွယ်စု ကွဲပြားမှုကို ပြောဆိုရေးသားမှုတွေ ရေပန်းစား တွင်ကျယ်လာတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မိတ္ထီလာနဲ့တခြားပဋိပက္ခကြောင့် ထိခိုက်ခဲ့ကြတဲ့ လူမှုအစုအဖွဲ့တွေမှာ ကျွန်တော်တို့ တွေ့မြင်ပြီးခဲ့ကြတဲ့အတိုင်း ပျံ့နှံ့ဖြစ်တည်နေတဲ့ အကြမ်းဖက်မှုဟာ အတူတကွ နေထိုင်ခဲ့ကြဖူးတဲ့လူတွေကို ပြင်းပြင်းထန်ထန်နဲ့ တကွဲတပြားစီ ဖြစ်စေတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ကျွန်တော်တို့ တွေ့မြင်ခဲ့ရတဲ့ ခက်ထန်တဲ့ ပဋိပက္ခတွေဖြစ်ပြီးနောက်မှာ မီဒီယာအဖွဲ့

> ဘာသာတရားနဲ့ မျိုးနွယ်စုကွဲပြားမှုကို ဒီပဋိပက္ခတွေကို မောင်းနှင်တဲ့အဓိက အကြောင်းတရားနဲ့ အချက်အလက်အဖြစ် မီးမောင်းထိုးပြကြတယ်။ သို့ပေမဲ့
> ....

အစည်းတွေနဲ့ အစိုးရအာဏာပိုင်တွေ အပါအဝင် များစွာသော ထိခိုက်ခံရတဲ့ လူမှုအစုအဖွဲ့တွေက ဘာသာတရားနဲ့ မျိုးနွယ်စုကွဲပြားမှုကို ဒီပဋိပက္ခတွေကို မောင်းနှင်တဲ့ အဓိက အကြောင်းတရားနဲ့ အချက်အလက်အဖြစ် မီးမောင်းထိုးပြကြတယ်။ သို့ပေမဲ့ ဘာသာတရားနဲ့ မျိုးနွယ်စုအပေါ် ယေဘုယျအလေးပေးမှုက လူမှုစီးပွားအတန်းအစား၊ လိင်သဘာဝ၊ အသက်အရွယ် (လူငယ်နဲ့ လူကြီးမျိုးဆက်)၊ ဒေသတည်ရှိမှု အနေအထား (မြို့ပြနဲ့ကျေးလက်၊ ဗဟိုနဲ့ အစွန်အဖျား)၊ ပြီးတော့ မြန်မာ့လူ့အသိုင်းအဝိုင်းကို ခွဲခြားထားတဲ့ အခြားသော ပြဿနာတွေကို အရိပ်မိုးထားခဲ့ပါတယ်။ ဒီလို ဘာသာရေးနဲ့ လူမျိုးစုဆိုင်ရာ ပဋိပက္ခတွေရဲ့ အကြောင်းရင်းအဖြစ်ပြောဆိုနေတဲ့ ပေါ့ပျက်ပျက်ပုံရိပ်တွေကို ကျွန်တော်တို့ ခုခံတွန်းလှန်ဖို့လိုပြီး သူတို့ရဲ့ ဇာစ်မြစ်တွေကိုပိုပြီးခြုံငုံမိစေနိုင်တဲ့ ဘက်ပေါင်းစုံမှ နားလည်သိမြင်မှုတစ်ရပ်ကို ပြန်လည်ဖော်ထုတ်ပေးဖို့လည်း လိုအပ်လှပါတယ်။ ဒါကိုဆောင်ရွက်ဖို့အတွက် အဲဒီလိုမျိုး ပေါ့ပျက်ပျက် ပုံရိပ်တွေကို မပျက်မစီး တည်တံ့အောင် ကူညီပေးတဲ့ တစ်သီးတစ်သန့် အမျိုးသားရေးဝါဒ တည်ဆောက်မှုပုံစံ အမြစ်တွယ်နေမှုကို ကျွန်တော်တို့ ရင်ဆိုင်ကြရပါမယ်။

*** ဒီပဋိပက္ခတွေကိုဖြေရှင်းဖို့ ဘာတွေလုပ်နိုင်မလဲ။**

စောစောက ကျွန်တော်တို့ဖော်ပြခဲ့တဲ့ လူမှုရေးရာအခြေအနေနှစ်ခုကို ဂရုတစိုက် ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းက အခြေခံကျတဲ့ အကြံပြုချက်တစ်ရပ်ပါပဲ။ ပြည်သူလူထု သတိပြုမိလာအောင် ဖော်ထုတ်တင်ပြပြီး အဲဒီအချက်အလက်တွေအပေါ်မှာ ပွင့်လင်းတဲ့ အပြန်အလှန် ဆွေးနွေးမှု၊ အလေ့အကျင့် တွေ့ဆုံဆွေးနွေးမှုပုံစံတွေကို အားကောင်းလာအောင် လုပ်ရပါမယ်။ ဒီလိုမျိုး ဆွေးနွေးမှုတွေရဲ့ အရေးကြီးတဲ့ အခြေခံသဘောတရားတစ်ခုကတော့ လူတန်းစားအလွှာ၊ လိင်သဘာဝ၊ အသက်အရွယ်နဲ့ ပါဝင်ဆွေးနွေးသူတွေရဲ့ စုပေါင်းဖြစ်တည်နေတဲ့ အသိတရားထဲက မြင်နိုင်ခဲတဲ့ အခြားအချက်အလက်တွေကို အစပြုမိတ်ဆက်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဗဟိုချုပ်ကိုင်မှု လွှန်ကဲတဲ့ မြန်မာနိုင်ငံရဲ့လက်ရှိနိုင်ငံတည်ဆောက်ပုံသဘာဝကြောင့် အစိုးရထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ ဘာသာရေး ခေါင်းဆောင်တွေဟာ ဒီလူမှုရေးရာအခြေအနေတွေအပေါ် သူတို့ရဲ့ သတိပြု စိတ်ဝင်စားမှုနဲ့ လူထုအခြေပြုဆွေးနွေးမှုတွေမှာ အဓိက ပါဝင်ရမှာဖြစ်ပါတယ်။

ပြည်သူလူထုထဲမှာ ဒီအသိပညာတိုးလာအောင် လုပ်ဆောင်မှုနဲ့ အားလုံးပါဝင်တဲ့ ဆွေးနွေးမှုတွေကို တည်ဆောက်တဲ့နေရာမှာ ရေရှည်နဲ့စနစ်တကျ ကြိုးပမ်းအားထုတ်မှု တစ်ရပ်ကို ကျွန်တော်တို့ ခိုင်ခိုင်မာမာထောက်ခံပြီး ဒေသတွင်း လူမှုအဖွဲ့အစုအဖွဲ့များ ချက်ချင်း ပါဝင်ဆောင်ရွက်နိုင်တဲ့ ပဏာမအခြေအနေတွေကိုလည်း မီးမောင်းထိုးပြချင်ပါသေးတယ်။ ဘာသာရေးတရားများဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုကော်မတီများ တည်ဆောက်စေခြင်းဟာ အစပျိုးခြေလှမ်းတစ်ခုပါပဲ။ ဒီလိုဥပမာကောင်းတွေကို မကြာသေးခင်က ရန်းရင်းဆန်ခတ်ဖြစ်ခဲ့တဲ့ မန္တလေးဖြစ်စဉ်အနေအထားမျိုးမှာ ကျွန်တော်တို့ တွေ့မြင်ရပြီး ဖြစ်ပါတယ်။ ဖြစ်နိုင်ခြေအလားအလာရှိတဲ့ ထိခိုက်နစ်နာစေနိုင်တဲ့ ကောလာဟလတွေရဲ့ မှန်ကန် တိကျမှုကို အတည်ပြုဖို့ ဒီကော်မတီတွေဟာ မဖြစ်ခင်ကတည်းက ကြိုတင်ရှာဖွေစူးစမ်းတယ်၊ ဆန့်ကျင်ဘက် အုပ်စုနှစ်ခုကြားမှာ ပေါင်းကူးတံတားတည်ဆောက်သူတစ်ဦးဖြစ်လာပြီး ပဋိပက္ခအဖွဲ့တွေကြားမှာ ဖျန်ဖြေရေး ဆွေးနွေးမှုအတွက် လုံခြုံပြီး စာနာနားလည်မှုရှိတဲ့ နေရာတစ်ခုကိုလည်း ဖန်တီးကူညီပေးပါတယ်။ သို့ပေမယ့် ဒီကော်မတီတွေကြားမှာ ကျွန်တော်တွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတစ်ခုကတော့ ကော်မတီအဖွဲ့ဝင်တွေဟာ ရုန်းရင်းဆန်ခတ်မှုတွေမှာ ပါဝင်ပတ်သက်နေကြတဲ့ ဘာသာရေးခေါင်းဆောင်တွေနဲ့ ခပ်ခွာခွာနေလေ့ရှိကြတာ ဖြစ်ပါတယ်။ ဒီကော်မတီတွေဟာ အမှန်တကယ် ပဋိပက္ခဖြစ်ကြသူ အုပ်စုတွေဆီ ကျွမ်းကျင်လိမ္မာစွာ ထိတွေ့ရောက်ရှိနိုင်မယ့် နည်းလမ်းကောင်းတစ်ရပ်ကို ရှာတွေ့နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

မျိုးနွယ်စု အားလုံးဟာ သူတို့ရဲ့ ကိုယ်ပိုင်နည်းလမ်းတွေနဲ့လည်း ဘာသာရေးမတူသူတွေ အချင်းချင်းတွေကြား ဆွေးနွေးမှုတွေ ပြုလုပ်နိုင်တယ်။ မတူကွဲပြားတဲ့ မြန်မာ့လူ့အသိုက်အမြုံတွေထဲမှာ ကျွန်တော်အသုံးပြုခဲ့တဲ့ ရိုးရှင်းပြီး အသုံးတည့်တဲ့ချဉ်းကပ်မှုတစ်ခုကတော့ မတူညီတဲ့ ဘာသာရေးနောက်ခံတွေရှိတဲ့လူတွေကြားက ပြောင်းပြန်အနေအထားတစ်ရပ်ဖြစ်ပါတယ်။ ဒီချဉ်းကပ်မှုက ဗုဒ္ဓဘာသာဝင်တွေကို သူတို့ကိုယ်တိုင် အစ္စလာမ်ဘာသာဝင်တွေရဲ့နေရာကို ဝင်ကြည့်ခိုင်းပြီး အစ္စလာမ်ဘာသာဝင်တွေကိုလည်း ဗုဒ္ဓဘာသာဝင်တွေနေရာမှာဝင်ကြည့်စေပါတယ်။ လူတွေကို မတူညီတဲ့ အခန်းကဏ္ဍတွေမှာနေစေပြီး သူတို့ဝင်ရောက်လေ့လာရတဲ့ ဘာသာတရားရဲ့ အလှပဆုံး သွင်ပြင်လက္ခဏာအပေါ် သူတို့တွေးထင်တဲ့အရာကို တင်ပြဆွေးနွေးကြဖို့ အုပ်စုတစ်စုစီရဲ့အဖွဲ့ဝင်တွေကို မေးပါတယ်။ သူတို့ရဲ့ ကိုယ်ပိုင် ဘာသာတရား သွင်ပြင်လက္ခဏာအပေါ် တင်ပြဖို့နဲ့ သူတို့ရဲ့ ကိုယ်ပိုင်လက္ခဏာတွေအပေါ်အခြေခံပြီး အုပ်စုဖွဲ့ကြဖို့လည်း ပါဝင်ဆွေးနွေးသူတိုင်းကို တောင်းဆိုပါမယ်။

> အခြားတစ်ဖက်မှာတော့ ဆင်းရဲမွဲတေမှုနဲ့ ပညာမတတ်မြောက်မှုက လူဦးရေတိုးပွားမှုကို တွန်းပို့ပေးတယ်လို့ ပြနိုင်တဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားရှိပါတယ်။
> ....

ဒေါက်တာ တက်ဆူရှိ အရိုင်။

*** အဆိုပြုထားတဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေအပေါ် ရှင့်ရဲ့ထင်မြင်ချက်က ဘာဖြစ်မလဲ။**

ကျွန်တော့်အနေနဲ့ ထင်ရှားတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်တွေနဲ့ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တွေကို တွေ့ဆုံဖို့ အခွင့်ကောင်းတစ်ရပ်ရရှိခဲ့ပြီး ဒီအကြောင်းအရာအပေါ် သူတို့ရဲ့ အမြင်ရှုထောင့်တွေကိုလည်း လေ့လာသိရှိခွင့် ရခဲ့ပါတယ်။ များစွာသော ဗုဒ္ဓဘာသာခေါင်းဆောင်တွေကို ဥပဒေကို ထောက်ခံဖို့ စိတ်အားထက်သန်စေတဲ့ လေးနက်တဲ့ အကြောင်းတရားတွေကို မြင်တွေ့ရပါတယ်။ ဒါပေမဲ့ ချိုးဖောက်သူတွေကို ချမှတ်မယ့် ပြစ်ဒဏ်တွေနဲ့အတူ ဘာသာကူးပြောင်းမှု၊ ထိမ်းမြားလက်ထပ်ခြင်း၊ တစ်လင်တစ်မယားစနစ်နဲ့ လူဦးရေထိန်းချုပ်မှုအပေါ် အဆိုပြုထားတဲ့ ဥပဒေကြမ်းဟာ သူတို့ပူပင်နေတဲ့ အကြောင်းတရားရဲ့ ဇာစ်မြစ်ကိုဖြေရှင်းနိုင်ခြေရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ နည်းလမ်းကိုတော့ ကျွန်တော်မတွေ့ရပါဘူး။ တစ်နည်းပြောရရင် ဥပဒေကို ထောက်ခံအားပေးသူတွေ ရည်ရွယ်ထားတာနဲ့ အဆုံးသတ်ကြားက ကြီးမားတဲ့ကွာဟချက်တစ်ရပ်ကို ကျွန်တော်တွေ့နေရပါတယ်။

ဥပမာအနေနဲ့ လူဦးရေထိန်းချုပ်မှုအပေါ် သတ်မှတ်ပုံဖော်ထားတဲ့ ရည်မှန်းချက်ကို ကြည့်ပါ။ ကျွန်တော်သိသလောက် ပြောရရင် မယားပြိုင်ယူတဲ့ဓလေ့ ဒါမှမဟုတ် ဘာသာခြားအချင်းချင်း လက်ထပ်ထိမ်းမြားတာကပင်ကိုအားဖြင့် လွန်လွန်ကဲကဲ လူဦးရေတိုးပွားမှုအပေါ် တာဝန်ရှိတယ်လို့ လက်တွေ့ပြသဖို့ ပြည့်စုံခိုင်လုံတဲ့ သက်သေအထောက်အထား မရှိပါဘူး။ အခြားတစ်ဖက်မှာတော့ ဆင်းရဲမွဲတေမှုနဲ့ ပညာမတတ်မြောက်မှုက လူဦးရေတိုးပွားမှုကို တွန်းပို့ပေးတယ်လို့ ပြနိုင်တဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားရှိပါတယ်။ လက်တွေ့မျက်မြင်အပေါ် အခြေခံတဲ့ ဒီအချက်ကို ထည့်သွင်းစဉ်းစားမယ်ဆိုရင် လက်ထပ်ထိမ်းမြားခြင်းဥပဒေကို လှုံ့ဆော်ခြင်းအပေါ် အသုံးပြုတဲ့ အရေးပါတဲ့ အရင်းအမြစ်တွေနဲ့ နိုင်ငံရေးဆိုင်ရာ အရင်းအမြစ်တွေကို ဘာသာခြားအချင်းချင်း လက်ထပ်မှုက အကြောင်းကိစ္စတစ်ရပ်ဖြစ်နေတဲ့ ဒေသတွေမှာ အစပြုလို့ အခြေခံပညာရေးကို တိုးချဲ့ပြီး ဆင်းရဲမှုကို သိသိသာသာ လျှော့ချတဲ့ နှစ်ရှည်ပဏာမခြေလှမ်းအဖြစ် ပြန်လည်ခွဲဝေသတ်မှတ်မယ်ဆိုရင် ဘာဖြစ်လာမလဲလို့ ကျွန်တော်တွေးမိပါတယ်။

အရင်က ပညာမတတ်တဲ့ လူဦးရေရဲ့ အတော်အတန် များပြားတဲ့ ပမာဏတစ်ခုဟာ အခြေခံပညာရေးနဲ့ အသက်မွေးမှုဆိုင်ရာ အခွင့်အရေးကောင်းတွေကို လက်ခံရရှိလာတဲ့အခါ ပျိုရွယ်တဲ့မိန်းကလေးတွေနဲ့ သူတို့ရဲ့ မိသားစုတွေက သူတို့ရဲ့ လက်ထပ်ခြင်းနဲ့ ဘာသာရေးအလေ့အကျင့်တွေနဲ့ ပတ်သက်

မန္တလေးစာမျက်နှာ ၆ သို့

ရောင်း၊ ဝယ်မှား ဖြစ်ခဲ့သူများက တန်ဖိုးနည်းတိုက်ခန်းများကို မဝယ်ယူနိုင်၍ လက်ရှိနေရာတွင် ဆက်နေထိုင်မည်ဟုဆို

စည်သူလွင်

sithulwin.mmtimes@gmail.com

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်၊ ကံကြီးကုန်းကျေးရွာအုပ်စုအတွင်း နေထိုင်ကြသူများမှာ ၎င်းတို့အတွက် ဆောက်လုပ်ပေးထားသော တိုက်ခန်းများကို ဝယ်ယူနိုင်ခြင်းမရှိသည့်အတွက် လက်ရှိနေထိုင်နေသော အဆိုပါကျေးရွာတွင်သာ ဆက်လက် နေထိုင်လိုကြကြောင်း ယခုလ ၂၆ ရက်နေ့က ပြုလုပ်နေသောသတင်းစာရှင်းလင်းပွဲ၌ အိမ်ထောင်စု ၅,၀၀၀ တို့က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မြရည်နန္ဒာရပ်ကွက်နှင့် ဇီးအုပ် ကံကြီးကုန်း ကျေးရွာအုပ်စုတို့တွင် ရောင်းမှား ဝယ်မှားဖြစ်၍ နေထိုင်နေကြသောသူများအတွက် မြရည်နန္ဒာတွင် တန်ဖိုးနည်းတိုက်ခန်းများ တည်ဆောက်ပေးပြီးဖြစ်ရာ မကြာခင်အချိန်တွင် တိုက်ခန်းများကို ရောင်းချတော့မည်ဖြစ်သည်။

"ကျွန်မတို့အတွက် ဆောက်ပေးထားတယ်ဆိုတဲ့ ဒီတိုက်ခန်းတွေကို မဝယ်နိုင်သလို နေလည်းမနေချင်ကြဘူး။ ဒီတိုက်ခန်းကျဉ်းလေးက နေလို့ပဲရမယ်။ ဒါပေမဲ့ ဘာစီးပွားရေးမှ လုပ်လို့မရဘူး။ အိမ်မိုးကပ်ရက်တဲ့သူတွေ၊ ဆိတ်မွေး၊ သိုးမွေးလုပ်တဲ့သူတွေအတွက်လည်း ဘယ်လိုမှအဆင်မပြေဘူး။ ငွေကြေးမတတ်နိုင်လို့မှ အခုလို ကျောတစ်ခင်းစာလေးကို ငွေတိုးနဲ့ ချေးပြီးဝယ်ခဲ့ရတာ။ အခုတိုက်ခန်းဝယ်ဖို့ ပိုက်ဆံအတိုးချေးပြီး ဝယ်မယ်ဆိုရင်လည်း အတိုးပေါ်အတိုးထပ်ပြီး နောက်ဆုံးတိုက်ပေါ်က ဆင်းရမှာပဲ" ဟုဇီးအုပ်ကျေးရွာနေ ဒေါ်သန်းလှဆွေက မြန်မာတိုင်း(မ်)ကိုပြောသည်။

အောက်တိုဘာလ ၂၀ ရက်နေ့မှ စတင်

မူလနေရာတွင် နေထိုင်ကြမည့်အကြောင်းပြောကြားနေသော ကံကြီးကုန်း၊ ဇီးအုပ်ဒေသခံများကိုတွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ခါ ဆောက်လုပ်ပြီးစီးသွားသော တိုက်ခန်းပေါင်း ၁,၃၄၄ ခန်းကို ရောင်းမှားဝယ်မှားဖြစ်သူများအတွက် ဦးစားပေး ရောင်းချသွားမည်ဖြစ်ပြီး ကျန်ရှိသောအခန်းများကို ပင်စင်စားများ၊ နိုင်ငံတော်အတွက် အသက်နှင့်ခန္ဓာကိုယ် စွန့်လွှတ်အနစ်နာခံခဲ့သော ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ ကို ဒုတိယဦးစားပေးအဖြစ် ရောင်းချသွားမည်ဖြစ်ကြောင်း မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက သိရသည်။

အဆိုပါ မြေကွက်များကို ၂၀၀၅ ခုနှစ်ကတည်းက အရောင်းအဝယ်ပြုလုပ်ခဲ့ကြစဉ် စည်ပင်သာယာရေးကော်မတီက တားမြစ်ခြင်းမျိုးမရှိခဲ့ဘဲ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဦးစီးမှူးတို့က အိမ်ထောင်စုဇယား၊ အိမ်နံပတ်များပေး၍ အသိအမှတ်ပြုနေထိုင်ခွင့်ပေးခဲ့ကြပြီး၊ ၂၀၁၂ ခုနှစ်အတွင်း ရောင်းမှား၊ ဝယ်မှားဟုဆိုကာ စာရင်းကောက်ယူချိန်တွင် အိမ်ထောင်စု ၅,၀၀၀ ကျော်ရှိသည့်အနက် ၁,၀၀၀ ကျော်ကိုသာ ကောက်ယူခဲ့သော်လည်း လက်လွှဲအဆင့်ဆင့် ရောင်းဝယ်မှုများရှိခဲ့ရာ ကနဦးပိုင်ရှင်အချို့ကို တိုက်ခန်း ဝယ်ယူခွင့်များ ပေးထားသည်ကိုလည်း တွေ့ရကြောင်း ကံကြီးကုန်းကျေးရွာနေ ဒေသခံများက ဆိုသည်။

"ကျွန်မတို့ကလည်း ပြည်သူထဲက ပြည်သူပါပဲ။ ပြည်သူတွေကို မျက်ကွယ်ပြုမနေသင့်ပါဘူး။ ပြည်သူကိုမျက်ကွယ်ပြုရင် ၂၀၁၅ ရွေးကောက်ပွဲက ဘယ်လိုဖြစ်လာမလဲ။ ပြည်သူတွေ လမ်းဘေးရောက်နေခဲ့ရင်တောင်မှ အာဏာပိုင်အဖွဲ့အစည်းတွေက နေရာထိုင်ခင်းပေးပြီး စောင့်ရှောက်ပေးဖို့ တာဝန်ရှိပါတယ်။ အခုအိမ်ထောင်စု ၅,၀၀၀ လောက် လမ်းဘေးရောက်ရမယ့်အရေးဖြစ်နေတယ်။ တိုက်ခန်းတွေကို ဝယ်ဖို့လည်း မတတ်နိုင်ပါဘူး။ နေလည်းမနေချင်ပါဘူး။ လက်ရှိနေထိုင်နေတဲ့ နေရာလေးမှာပဲ အေးအေးချမ်းချမ်းနဲ့ နေချင်ကြပါတယ်" ဟု ကံကြီးကုန်းကျေးရွာနေ ဒေါ်မြဆင့်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

> အခုအိမ်ထောင်စု ငါးထောင်လောက် လမ်းဘေးရောက်ရမယ့် အရေးဖြစ်နေတယ်။ တိုက်ခန်းတွေကို ဝယ်ဖို့လည်း မတတ်နိုင်

တိုက်ခန်းတန်ဖိုးများမှာ အနည်းဆုံး ကျပ်သိန်း ၆၀ မှ အများဆုံးကျပ် သိန်း ၁၂၀ အထိ ရှိပြီး လက်ငင်းငွေချေစနစ်ဖြင့် လည်းကောင်း၊ ဘဏ်ချေးငွေစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ရာ ဘဏ်ချေးငွေဖြင့် ဝယ်ယူပါက တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာဘဏ်သို့ ဦးစွာပေးသွင်းရမည်ဖြစ်ပြီး လစဉ် ငွေသွင်းရမည့်နှုန်းထားများကို သက်ဆိုင်ရာဘဏ်က သတ်မှတ်ထားသည့်အတိုင်း ပေးသွင်းရမည်ဖြစ်သည်။

ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူရာတွင် မြန်မာအရှေ့တိုင်းဘဏ်၊ ရတနာပုံဘဏ်၊ အိုးအိမ် ဖွံ့ဖြိုးရေးဘဏ်တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သည်။

တိုက်ခန်းဈေးနှုန်းများ ကစားခြင်းကို ကာကွယ်နိုင်ရန်အတွက် တိုက်ခန်းဝယ်ယူခွင့် ရရှိထားသူသည် ကိုယ်တိုင်နေထိုင်ရမည်ဖြစ်ပြီး ငါးနှစ်အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုလုပ်ခွင့်ရမည်မဟုတ်ဘဲ၊ သတ်မှတ်ကာလ ကျော်လွန်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုလုပ်လိုပါက စည်ပင်သာယာရေးကော်မတီသို့ တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ လွှဲပြောင်းခြင်း၊ ရောင်းချခွင့်ရရှိမည်ဖြစ်သည်။

တန်ဖိုးနည်းတိုက်ခန်းဟုဆိုသော်လည်း အခန်းဖွဲ့စည်းမှုမှာ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ အိမ်သာ၊ရေချိုးခန်းများဖွဲ့စည်းပါရှိမည်ဖြစ်သည်။ အခန်း(အေ)အမျိုးအစားတွင် ၄၈၄ စတုရန်းပေရှိ ၅၄၀ ခန်း၊ အခန်း(ဘီ) အမျိုးအစားတွင် ၅၇၂ စတုရန်းပေကျယ်ဝန်းသော ၃၂၄ ခန်းနှင့် အကျယ်အဝန်း တစ်ခန်းလျှင် ၅၄၅ ဒသမ ၅ စတုရန်းပေကျယ်ဝန်းသည့် အာရ်စီလေးခန်းတွဲ လေးထပ်အဆောက်အအုံ ၃၀ လုံး၊ အခန်းပေါင်း ၄၈၀ တို့ကို ဆောက်လုပ်ခဲ့ရာ အခန်းစုစုပေါင်း ၁,၃၄၄ ခန်းအထိ ပြီးစီးခဲ့ပြီဖြစ်သည်။ ■

တွေ့ဆုံဆွေးနွေးမှုတွေအတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်လာသည့် . . .

မန္တလေးစာမျက်နှာ ၅ မှ

ပြီး ပိုမိုကောင်းမွန်တဲ့ ရွေးချယ်မှုတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အစ္စလာမ်လူမှုအစုအဖွဲ့ရဲ့ မိသားစုစီမံကိန်းဆိုင်ရာ လက်ရှိကျင့်သုံးမှုက ဗုဒ္ဓဘာသာဝင်တွေကို စိုးရိမ်မှုဖြစ်စေတယ်ဆိုရင် ထိရောက်တဲ့ မိသားစုစီမံကိန်းနည်းလမ်းနဲ့ အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး အစ္စလာမ်အိမ်ထောင်စုတွေကို ပညာပေးဖို့၊ ဗုဒ္ဓဘာသာခေါင်းဆောင်တွေက အစ္စလာမ်ခေါင်းဆောင်တွေနဲ့ ကျန်းမာရေးပညာရှင်တွေကို ဖျောင်းဖျနားချပြီး ထောက်ပံ့ပေးနိုင်ပါတယ်။ နှစ်ဖက်စလုံးက ဘာသာရေးထိပ်ပိုင်းခေါင်းဆောင်တွေမှာ အခြားတစ်ဖက်ရဲ့ ခြိမ်းခြောက်လာမှုနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့ အကြောက်တရားရင်းမြစ်တွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့ မျက်နှာချင်းဆိုင်လာကြရမှာဖြစ်ပြီး အောက်ခြေလူတန်းစားအလွှာအထိ အဲဒီလိုပြုလုပ်ကြဖို့ လူမှုအစုအဖွဲ့တွေကို အားပေးတိုက်တွန်းရမှာ ဖြစ်ပါတယ်။

ဒီစိတ်ကူးစိတ်သန်းတွေကို သိမြင်သဘောပေါက်မှုဟာ ဒီနေ့ မြန်မာနိုင်ငံမှာ အင်မတန်ခက်ခဲလွန်းပါတယ်။ ဒါပေမဲ့ အဲဒီထက်ပိုမိုခက်ခဲတာက အမြဲတစေ နက်ရှိုင်းစူးဝင်နေတဲ့ လူမှုရေးတင်းမာမှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့နဲ့ သူရဲ့ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်တဲ့ အဆိုပြုထားတဲ့ ဥပဒေပြဋ္ဌာန်းမှုကို အသက်သွင်းဖို့သေချာနေတာတွေပဲဖြစ်ပါတယ်။ ထိုးထွင်းတီထွင်ပြီး ပြဿနာဖြေရှင်းမှုပြုနိုင်တဲ့ ယဉ်ကျေးမှု ရပ်ဝန်းသစ်တစ်ခုကို တည်ဆောက်ဖို့ အခွင့်ကောင်းတစ်ရပ်အဖြစ် လက်ရှိအဆိုပြုထားတဲ့ ဥပဒေအပေါ်မှာ စဉ်ဆက်မပြတ် ဝေဖန်ဆွေးနွေးမှုတွေကိုမြန်မာ့လူ့အဖွဲ့အစည်းက အသုံးပြုကြလိမ့်မယ်လို့ ကျွန်တော်ရိုးသားစွာ မျှော်လင့်မိပါတယ်။ ■

HOUSE OF THE WEEK

ဓာတ်ပုံ – မောင်ဇော်

လိပ်စာ	–	၂၆ လမ်း၊ ၂၇ လမ်းကြား၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ သဇင်လမ်း
ဈေးနှုန်း	–	သိန်း ၄,၀၀၀။
ဆက်သွယ်ရန်	–	၀၉ ၉၁၀၀၉၈၈၈။

ခြံဝင်းကျယ်ကျယ် နေလိုသူများအတွက် နှစ်ထပ်တိုက်လေး

မောင်ဇော်
mgzaw.mmtimes@gmail.com

ဒီအပတ်မှာတော့ ခြံဝင်းကျယ်ကျယ်နဲ့ နေလိုတဲ့သူများအတွက် ချမ်းအေးသာဇံမြို့နယ်ထဲက နှစ်ထပ်တိုက်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီနှစ်ထပ်တိုက်လေးကတော့ ချမ်းအေးသာဇံမြို့နယ် ၂၆ နဲ့ ၂၇ လမ်းကြား၊ ၅၇ လမ်းနဲ့ ၅၈ လမ်းကြားက သဇင်လမ်းမှာ တည်ရှိတာဖြစ်ပါတယ်။

ဒီတိုက် ဘေးဝန်းကျင်ဘေးမှာရှိတဲ့ အခြားအဆောက်အအုံတွေကလည်း ခြံဝင်းကျယ်ကျယ်တွေဖြစ်တဲ့အတွက် အေးချမ်းမှုရှိပါတယ်။ လမ်းမကြီးတွေနဲ့ ချိတ်ဆက်နေတဲ့လမ်းဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးလည်း အတော်ကောင်းမွန်ပါတယ်။

ခြံဝင်းရဲ့အကျယ် မျက်နှာစာက ပေ ၄၀ ရှိပြီး အနောက်ကတော့ ပေ ၉၀ ရှိပါတယ်။ အဆောက်အအုံကိုတော့ပေ၃၀×၅၀အကျယ်နဲ့ ဆောက်ထားပါတယ်။ ဒါကြောင့်လည်း ခြံဝင်းထဲမှာ မြေလွတ်တွေကျန်သေးတဲ့အတွက် လုပ်ငန်းတစ်ခု၊ ဒါမှမဟုတ် အဆောက်အအုံတစ်လုံး ဆောက်လုပ်နိုင်ပါသေးတယ်။

ဒီတိုက်ရဲ့အောက်ထပ်မှာတော့ အခန်းငါးခန်းပါရှိပါတယ်။ အပေါ်ထပ်မှာကတော့နှစ်ခန်းပါရှိပါတယ်။ ရေမီးလည်းပြည့်စုံပါတယ်။ ■

အငှားပိုသွက်နေတဲ့ အိမ်ခြံမြေ ဈေးကွက်

ဖြိုးဝေကျော်
pwkyaw@gmail.com

မန္တလေးအိမ်ခြံမြေဈေးကွက်မှာ လတ်တလော အငှားဈေးကွက်ဟာ အလုပ်လုပ်ရတာ ကောင်းမွန်နေပြီး အရောင်းအဝယ်ဈေးကွက်ထက် အားထားလုပ်နေကြရကြောင်း ဈေးကွက်သတင်းတွေအရ သိရပါတယ်။

ဝါကျွတ်ကာလ ရောက်လာတာကြောင့် အိမ်ငှားဈေးကွက်မှာ နေရာဟောင်းက ပြောင်းရွှေ့ပြီး နေရာသစ်ရှာလိုသူတွေရှိသလို အခုမှ နေရာသစ်ရှာလိုသူတွေနဲ့လည်း အငှား ဈေးကွက်ဟာ အရင်လတွေနဲ့နှိုင်းယှဉ်ရင် သွက်လက်နေကြောင်း အိမ်မြေအကျိုးဆောင်တွေက ပြောပါတယ်။

အငှားဈေးကွက်သွက်ရာမှာ မြို့တွင်းရော မြို့သစ်ပိုင်းမှာပါ သွက်လက်တယ်လို့ ပြောနိုင်ပါတယ်။ မြို့တွင်းပိုင်းဟာ လုပ်ငန်းလုပ်ကိုင်လိုသူတွေအတွက် အဓိကဈေးကွက်ဖြစ်ပြီး မြို့သစ်ပိုင်းကတော့ လမ်းသာတဲ့ဘက်မှာဆိုရင် လုပ်ငန်းလုပ်ဖို့အပြင် အတွင်းပိုင်းလမ်းတွေမှာ နေထိုင်ဖို့အတွက်လည်း ငှားရမ်းကြတယ်လို့သိရပါတယ်။

ငှားရမ်းရာမှာ မြို့တွင်းပိုင်းဆိုရင် ဈေးနှုန်းတန်းအနေနဲ့ တစ်လကို ကျပ် ၁၀ သိန်းပတ်ချာလည်ကို ရှာဖွေကြတာ အများဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ၁၀ သိန်းထက် ပိုမသုံးချင်ရင်တော့ မြို့တွင်းမှာ နေရာကောင်းကိုရှာဖို့ခက်တယ်လို့ အိမ်မြေအကျိုးဆောင်တွေက ဆိုပါတယ်။ နေရာကျယ်ဝန်းပြီး လုပ်ငန်းလုပ်ကိုင်လို့ရတဲ့၊ နေရာကောင်းမှာရှိတဲ့ အဆောက်အအုံမျိုးဆိုရင် အဆောက်အအုံအနေအထားပေါ်မူတည်ပြီး တစ်လကို ပျမ်းမျှ ကျပ် ၁၅ သိန်းကနေ ၂၅ သိန်းဝန်းကျင် ဈေးခေါ်နေကြတယ်လို့ ပြောပါတယ်။

တကယ့်နေရာကောင်းပေါ်တင်ရင်တော့ ငှားရမ်းလိုသူက အလုပ်ဖြစ်နေတဲ့သူဆိုရင် နေရာကျယ်မြေညီထပ်တစ်ထပ်တည်းကိုပဲ တစ်လကို ကျပ် ၂၅ သိန်းနဲ့ငှားရမ်းနေရတာတွေ ရှိတယ်လို့လည်း ဈေးကွက်သတင်းတွေအရ သိရပါတယ်။ မန္တလေးမှာ နေရာကောင်းရင် အဆောက်အအုံမပါပေမယ့် မြေအလွတ်သက်သက်ကို ကျပ်သိန်း ၂၀ လောက်ပေးကာ ငှားရမ်းပြီး စားသောက်ဆိုင်၊ ကော်ဖီဆိုင်ဖွင့်တာတွေလည်းရှိတယ်လို့ အိမ်မြေအကျိုးဆောင်တချို့က ပြောပါတယ်။

ဒါဟာ လုပ်ငန်းလုပ်လိုသူတွေအတွက်ဖြစ်ပြီး နေထိုင်ဖို့အတွက်ဆိုရင်တော့ တစ်လကို ကျပ်သုံးသိန်းနဲ့ ကျပ်ငါးသိန်းကြားကို ရှာဖွေငှားရမ်းကြတာများတယ်လို့ ဆိုပါတယ်။ မြို့တွင်းပိုင်း နေရာအသင့်အတင့်ကောင်းတဲ့နေရာတွေက လုံးချင်းတိုက်လေးတွေ၊ တိုက်ခန်းတွေအများစုက ဒီဈေးနှုန်းတန်းမှာ ဈေးခေါ်ကြကြောင်း သိရပါတယ်။

မြို့သစ်ပိုင်းမှာလည်း တကယ်စည်ကားတဲ့ လမ်းကောင်းပေါ်တင်ပြီး အဆောက်အအုံဟာ အလုပ်လုပ်ကိုင်လို့ရတဲ့အကျယ်အဝန်းနဲ့ ပတ်ဝန်းကျင်အနေအထားရှိရင် တစ်လကို ကျပ် ၁၀ သိန်းဝန်းကျင် ဈေးခေါ်နိုင်ကြကြောင်း သိရပါတယ်။ အတွင်းပိုင်းကြားလမ်းတွေမှာလည်း အဆောက်အအုံကောင်းရင် ကျပ်ငါးသိန်းနဲ့အထက် ဈေးခေါ်နိုင်သလို နေထိုင်လို့ဖြစ်တဲ့ အဆောက်အအုံ အနေအထားဆိုရင်ပဲ ကျပ်နှစ်သိန်းပတ်ချာလည် ပေါက်ဈေးရှိနေတယ်လို့ အကျိုးဆောင်တွေက ပြောပါတယ်။

အငှားဈေးကွက်သွက်နေတာကြောင့် အရောင်းအဝယ်ဈေးကွက်ကတော့ အေးနေတာမျိုး မဟုတ်ပါဘူး။ အရောင်းအဝယ်ဈေးကွက်ဟာ အသွက်လက်ကြီးမဟုတ်ပေမယ့် ပုံမှန်လည်ပတ်နေပြီး ဝါကျွတ်ကာလဖြစ်တာကြောင့် အရောင်းအဝယ်ထက် အငှားကိုပိုအားထားအလုပ်လုပ်ဖြစ်နေတာဖြစ်ကြောင်းလည်း အကျိုးဆောင်တချို့ကဆိုပါတယ်။ ■

အရောင်းအငှားဈေးကွက်တွင် စိတ်ဝင်စားကြသော ၅၉ လမ်းအနီး မြို့သစ်အတွင်းမှ အိမ်မြေအနေအထားကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

စားသောက်ဆိုင်သစ်ဖွင့်ပွဲ

Mr Philippe Eckert

၈၂ လမ်း၊ လမ်း ၃၀ နဲ့ ၃၁ လမ်းကြားမှာ ဖွင့်လှစ်ခဲ့တဲ့ Bistro@82nd Restaurant ရဲ့ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၆ ရက်နေ့က တက်ရောက်ဖြစ်ခဲ့ပါတယ်။

Mrs Jintana and
Mr Michael Rudenmark


Mr Chad Van
Den Hoek

Mr Martin Pun, Mr Renato and
Mrs Adorn Pun

a|u;rKif

စီစဉ်သည်။

ဒီတစ်ပတ်ကတော့ ထူးထူးခြားခြား ဆိုင်သစ်ဖွင့်ပွဲတွေ၊ ဟိုတယ်သစ်ဖွင့်ပွဲတွေချည်းပဲ တက်ရောက်ခဲ့ရတဲ့ ရက်သတ္တပတ်လေးဖြစ်ပါတယ်။ ခြေလှမ်းသစ်စတင်တဲ့ လုပ်ငန်းရှင်တွေကို အားပေးဂုဏ်ယူတဲ့အနေနဲ့ ဒီတစ်ပတ်ဆိုရှယ်မှာ ဝေဝေဆာဆာကြီး ဖော်ပြပေးလိုက်ပါတယ်နော်။

ပီဇာဆိုင်ဖွင့်ပွဲ

စိုင်းဝဏ္ဏအောင်

မဖန်းဖန်းနဲ့ မဝတ်ရည်ဦး   မပန်းအိဖြူ

ကိုကျော်နိုင်နဲ့ ကိုညီညီအောင်

အောက်တိုဘာ ၂၆ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ဆိုင်လေးကတော့ Pizza အဓိကရောင်းချမယ့် Pizza Express ဖြစ်ပါတယ်။ ဒိုင်းမွန်းပလာဇာ စတုတ္ထထပ်မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

ဟိုတယ်ဖွင့်ပွဲ

ဦးဇော်ဦး

ဦးမောင်မောင်ဝင်း နဲ့ ဒေါ်မင်းမင်းဟန်

ဒီလဆန်းပိုင်းက ၄၁ လမ်း၊ ၈၃ လမ်းနဲ့ ၈၄ လမ်းကြားမှာ ဖွင့်လှစ်ခဲ့တဲ့ Win Star ဟိုတယ်ဖွင့်ပွဲလေးကို အရင်တစ်ပတ်က မဖော်ပြဖြစ်ခဲ့တာမို့ ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

တက်ရောက်လာသူများ

ဆိုင်သစ်ဖွင့်ပွဲ

မယဉ်ယဉ်ထွန်း

မကြူကြူဝင်းနဲ့ ဒေါ်သန်းသန်းရွှေ

မယုယုသင်းနဲ့ မအေးအေးမြင့်

အောက်တိုဘာလ ၁၈ ရက်နေ့မနက်ပိုင်းက လမ်း ၈၀၊ ၃၂ လမ်းနဲ့ ၃၃ လမ်းကြားမှာ Tea Element နာမည်နဲ့ Snack & Drink ဆိုင်သစ်လေးကို ဖွင့်လှစ်ခဲ့ပါတယ်။

ဦးရာဇာ

ဒေါ်နီနီ

ဦးထွန်းသိန်းနဲ့ ဦးအောင်ကြွယ်

စားသောက်ဆိုင်သစ်ဖွင့်ပွဲ

အိမ်သူထွန်း၊ မချိုဇင်ထွန်း၊ မခိုင်ဇာဝင်းနဲ့ မမြတ်သူဇာမောင်

မန္တလေးမြို့ရဲ့ အချက်အချာကျတဲ့ ၇၁ လမ်းနဲ့ ၂၈ လမ်းထောင့်မှာ ဖွင့်လှစ်ထားတဲ့ Ginki Bar & Restaurant ဖွင့်ပွဲလေးကိုတော့ အောက်တိုဘာလ ၁၈ ရက်နေ့က ညနေပိုင်းက ပြုလုပ်ခဲ့ပါတယ်။

အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ဖွင့်ပွဲ

ဦးမျိုးထွေး

မအေးအေးဟန်

ညီနန္ဒ

ဦးအောင်မောင်း

မမေမွန်သူနဲ့ Ms Sunisa

အိမ်တစ်လုံးဆောက်ဖို့အတွက် ပစ္စည်းတွေကို တစ်နေရာတည်းမှာ အစုံအလင်ဝယ်ယူနိုင်တဲ့ Pro1 Home Centre အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ရဲ့ ဒုတိယမြောက်ဆိုင်ခွဲကို မန္တလေးမြို့မှာ အောက်တိုဘာလ ၁၈ ရက်နေ့က သိပ္ပံလမ်း၊ ၆၂ လမ်းနဲ့ ၆၃ လမ်းကြားမှာ ဖွင့်လှစ်ခဲ့ပါတယ်။

ဦးအောင်ဝင်းခိုင်

HEARTBEAT OF THE NATION

MDY Extra

မြန်မာတိုင်းမ် MYANMAR TIMES

www.mmtimes.com

အတွဲ -၃၅၊ အမှတ်-၆၉၆ (၃၁၊ ၁၀ - ၆၊ ၁၁၊ ၂၀၁၄)

တစ်နိုင်ငံလုံးက မြန်မာ့ရိုးရာ သိုင်းပညာရှင်များ ပါဝင်သည့် ညီလာခံကို ၂၀၁၅ ခုနှစ်တွင် ကျင်းပနိုင်ရန် စီစဉ်နေ

ကျော်ကိုကို

kyawkoko.mdy991@gmail.com

ယခုနှစ် စက်တင်ဘာလက မန္တလေးတိုင်း ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာ့သိုင်းသရုပ်ပြနေသော လူငယ်များကိုတွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

မြန်မာ့ရိုးရာသိုင်းပညာရပ်များ ပိုမိုတိုးတက်ပြန့်ပွားလာနိုင်စေရေးအတွက် သိုင်းပညာရှင်များ ပါဝင်သည့် ညီလာခံတစ်ရပ်ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားတိုးတက်ရေးအဖွဲ့ မြန်မာသိုင်းဆပ်ကော်မတီမှ သိရသည်။

မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားတိုးတက်ရေးအဖွဲ့ မြန်မာသိုင်းဆပ်ကော်မတီ (မန္တလေး) အနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ရိုးရာသိုင်းပညာရှင်များကို ဖိတ်ခေါ်ပြီး အနာဂတ်မြန်မာ့သိုင်းလောက ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်ရှိနိုင်ငံတော်အသိအမှတ်ပြုပညာရပ်တစ်ခုဖြစ်လာစေရန် ညီလာခံတစ်ရပ်ကျင်းပသွားမည်ကြောင်း၊ ညီလာခံခေါ်ယူနိုင်ရေးအတွက် လာမည့် ၂၀၁၅ အစောပိုင်းတွင် ကျင်းပနိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းသိုင်းပညာဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

အဆိုပါ ညီလာခံကျင်းပနိုင်စေရေးနှင့် ပတ်သက်ပြီး ရခိုင်၊ ရှမ်း၊ ကချင်ပြည်နယ်တို့ကို ဆက်သွယ်အကြောင်းကြားစာပို့ထားပြီးဖြစ်ကာ ကျန်ပြည်နယ်နှင့် တိုင်းများကိုလည်း ဆက်သွယ်သွားမည်ဟုဆိုသည်။

"ကျွန်တော်တို့ တချို့ပြည်နယ်တွေကိုတော့ ဆက်သွယ်အကြောင်းကြားစာပို့ထားပါတယ်။ ဒါပေမဲ့ တချို့ပြည်နယ်က ဆရာတွေကို ဆက်သွယ်ဖို့ကျတော့ အခက်အခဲလေးတွေ ရှိပါတယ်။ နောက်ညီလာခံကျင်းပမယ်ဆိုရင် ဆရာတွေကို ကျန်မနေခဲ့အောင် သေချာပြင်ဆင်ရမှာပါ။ လက်ရှိ အစိုးရအဖွဲ့တွေကလည်း နိုင်ငံခြားထွက်ပြိုင်တဲ့ အားကစားတွေကိုပဲအဓိကထား လုပ်ဆောင်နေရတာဆိုတော့ ကျွန်တော်တို့က ကိုယ့်ဘာသာပဲ လုပ်ဆောင်သွားရမှာပါ" ဟု ဦးကိုကိုထွေးက ပြောသည်။

အဆိုပါညီလာခံသို့ နိုင်ငံတစ်ဝန်းရှိ သိုင်းပညာရှင် ၂၀၀ ဝန်းကျင်ခန့် တက်ရောက်နိုင်ရန် လုပ်ဆောင်သွားမည်ဟု ဆိုသည်။

တိုင်းဒေသကြီးသိုင်းဆပ်ကော်မတီအဖွဲ့သည် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် တိုင်းကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့ရိုးရာ ဗန်တို၊ ဗန်ရှည်သိုင်းပညာရပ်များသည် ပထမ၊ ဒုတိယ နှင့် တတိယမြန်မာနိုင်ငံတော် တည်ဆောက်ခဲ့စဉ်ကာလကတည်းက လက်နက်မဲ့သိုင်းပညာရပ်တစ်ခုအဖြစ် တည်ရှိခဲ့သော မြန်မာ့ရိုးရာပညာရပ်တစ်ခုဖြစ်ခြင်းကြောင့် ရိုးရာယဉ်ကျေးမှုတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်သင့်ကြောင်း အဆိုပါကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။ ■

ဥပဒေကျောင်းသားများအား ဒုတိယအကြိမ် တရားခွင် တရားစီရင်ရေး သရုပ်ပြ သင်ကြား

မောင်ဇော်

mgzaw.mmtimes@gmail.com

ဥပဒေကျောင်းသားများအား တရားခွင်တရားစီရင်ရေးနှင့် ပတ်သက်ပြီး ရတနာပုံတက္ကသိုလ်နှင့် Royal Myanmar Fund တို့ ပူးပေါင်းကာ ယခုလ ၂၅ ရက်နေ့တွင် မန္တလေးရတနာပုံ တက္ကသိုလ်၌ ဒုတိယအကြိမ်သရုပ်ပြသင်ကြားပေးခဲ့သည်။

"ရတနာပုံကျောင်းမှာ ဒါကဒုတိယအကြိမ်သင်ကြားပေးခဲ့တာပါ။ ဒီလိုသင်ကြားပေးရတဲ့အတွက် ဥပဒေကျောင်းသားတွေအတွက်တော့ အတွေ့အကြုံနဲ့ တရားခွင်အကြောင်းသိစေမယ်လို့ မျှော်လင့်ပါတယ်။ သရုပ်ပြသင်ကြားပေးတဲ့ အမှုကလည်း အပြင်မှာ တကယ်ဖြစ်ခဲ့တဲ့အမှုပါ။ ဒါမှ ကလေးတွေအတွက် အမှုတစ်ခုခုဖြစ်လာရင် မေးခွန်းတွေမေးတတ်မှာပါ" ဟု ရှေ့နေများ ကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သရုပ်ပြသင်ကြားမှုကို ယခုလ ၂၄ ရက်နေ့က မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည် တက္ကသိုလ်တွင်လည်း သင်ကြားပေးခဲ့သည်။ အဆိုပါဥပဒေသရုပ်ပြသင်ကြားပေးခြင်းကို တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများက သင်ကြားပေးခြင်းဖြစ်သည်ဟုသိရသည်။

"ကျွန်တော်တို့ကို အခုလိုသင်ကြားပေးတဲ့အတွက် အရမ်းကျေးဇူးတင်တယ်။ ကျွန်တော်တို့အတွက် အရမ်းကို အထောက်အကူဖြစ်စေတယ်။ ကျွန်တော်တို့ဆိုရင် ဥပဒေကျောင်းသားဖြစ်ပေမယ့် တရားရုံးအကြောင်း၊ တရားစီရင်ရေးအကြောင်းဘာမှမသိဘူး။ ဥပဒေနဲ့ပတ်သက်ပြီးစာတွေပဲရှိတယ်။

"အခုလိုသင်ကြားပေးခြင်းအားဖြင့် တရားရုံးတွေသွားရမှာလည်း ကြောက်စရာမရှိတော့ဘူး။ အရင်ကဆို ကိုယ်ကဥပဒေကျောင်းသားဖြစ်ပေမယ့် တရားရုံးသွားရမှာကြောက်တယ်" ဟု ရတနာပုံတက္ကသိုလ်ဥပဒေကျောင်းသားတစ်ဦးဖြစ်သည့် ကိုဇေယျာဝင်းနိုင်က ပြောသည်။

အဆိုပါ သရုပ်ပြသင်ကြားခြင်းကို ရတနာပုံတက္ကသိုလ် အားကစားခန်းမတွင် အောက်တိုဘာလ ၂၅ ရက်နေ့၊ နံနက် ၁၁ နာရီကျော်မှ မွန်းလွဲ ၁ နာရီဝန်းကျင်အထိပြသခဲ့ပြီး ယခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ကလည်း ပထမအကြိမ် ပြသခဲ့ပြီးဖြစ်သည်။ ■

ရတနာပုံတက္ကသိုလ်တွင် တရားခွင် တရားစီရင်ရေး သရုပ်ပြသင်ကြားနေသည်ကို စက်တင်ဘာလက တွေ့ရစဉ်။ ဓာတ်ပုံ - မောင်ဇော်

သီရိအနုပညာပြခန်းတွင် ပန်းချီပြပွဲနှင့် တယောထိုးဖျော်ဖြေမှုကို ပူးတွဲတင်ဆက်နေစဉ်။ ဓာတ်ပုံ - ကျော်ကိုကို

ပန်းချီပြပွဲများကို ထူးခြားသော တင်ဆက်မှုပုံစံဖြင့် ပြသသွားမည်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

မန္တလေးမြို့ 'မင်္ဂလာမန္တလေး' စီမံကိန်းဧရိယာအတွင်းရှိ သီရိအနုပညာပြခန်းတွင် ပန်းချီပြပွဲများကို တစ်ပွဲနှင့်တစ်ပွဲ အမြင်မတူအောင် ဆန်းသစ်သော တင်ဆက်မှုပုံစံဖြင့် လစဉ်ပုံမှန်ပြသရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပန်းချီပြပွဲများကို စီစဉ်ဆောင်ရွက်ပေးနေသည့် သီရိအနုပညာပြခန်းပိုင်ရှင် ကိုပုညဆွေက ပြောသည်။

အဆိုပါ ပန်းချီပြခန်းကို သိပ္ပံလမ်းတောင်ဘက်၊ ၇၃ လမ်းပေါ်ရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်းရှိ အနုပညာလမ်းပေါ်တွင် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တစ်လလျှင် ပုံမှန်နှစ်ပွဲနှုန်းဖြင့် ပန်းချီပြပွဲများကိုပြသလျက်ရှိကာ ပြပွဲများတွင် ပြသမှုနှင့် တင်ဆက်မှုများကို ထူးခြားအောင် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း ပြခန်းပိုင်ရှင် ကိုပုညဆွေက ယခုလ ၂၅ ရက်နေ့တွင်ပြောသည်။

"အခုတလောပြသနေတဲ့ ပန်းချီပြပွဲတွေကတော့ သီရိအနုပညာပြခန်းက ထောက်ပံ့ပေးပြီးတော့ ပြသဖြစ်တာတွေကများပါတယ်။ ကျွန်တော်ကတော့ တစ်လကိုနှစ်ပွဲနှုန်းနဲ့ ပန်းချီပြပွဲတွေကို ပြသဖို့ စီစဉ်ထားပါတယ်။ တခြားပြသချင်သူတွေကလည်း ခန်းမငှားပြီးပြသချင်တယ်ဆိုရင်လည်း လက်သင့်ခံပြသပေးသွားမှာပါ။ ကျွန်တော်တို့ မြို့တွင်းက ပန်းချီဆရာတွေတင် မဟုတ်ပါဘူး၊ တခြားကပန်းချီဆရာတွေလည်း ဆက်သွယ်ပြသနိုင်ပါတယ်" ဟု ကိုပုညဆွေက ပြောသည်။

"ကျွန်တော် တရုတ်က ပြန်လာတော့ သူ(ကိုပုညဆွေ)နဲ့ တိုင်ပင်ပြီးတော့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ။ ပြပွဲမှာ လာရောက်သူတွေကို တယောထိုးပြီး ဖျော်ဖြေပေးတာတော့ ပြခန်းကစီစဉ်ပေးတာပါ။ ကျွန်တော် ပန်းချီကား စုစုပေါင်း ၆၇ ကားပြသတာပါ။ တရုတ်ပြည်မှာနေတုန်းက ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေပါ။ အများဆုံးကတော့ ရှုခင်းပုံတွေပါတယ်" ဟု သီရိအနုပညာပြခန်း၌ ယခုလ ၂၅ ရက်နေ့တွင် ပြပွဲကျင်းပခဲ့သည့် ကိုတင်ဌေးအောင်က ပြောသည်။ ■

စာအုပ်စင်ကဏ္ဍ

နှစ်ပေါင်း ၄၀ ခရီးသွားကဗျာပေါင်းချုပ်

ဖြိုးဝေကျော်
pwkyaw@gmail.com

၁၉၇၄ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း သွားဖြစ်ခဲ့တဲ့ ခရီးအသွယ်သွယ်မှာ တွေ့မြင်ငြိတွယ်ခဲ့ရတဲ့ လူထုထဲက ပုံရိပ်အစုံစုံကို အမှတ်ရဖွယ်၊ နှစ်လိုဖွယ်ကောင်းအောင် ရေးဖွဲ့ထားတဲ့ စာရေးဆရာ၊ ကဗျာဆရာမောင်သွေးသစ်ရဲ့ ကဗျာပေါင်းချုပ် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

ဒီကဗျာတွေဟာ ခရီးအနီးအဝေးကို မကြာခဏသွားရင်း ခရီးသွားစဉ်မှာ တွေ့ရတဲ့ မြို့အလှ၊ တောအလှ၊ တောင်အလှ၊ ဘုရားကျောင်းကန်အလှ၊ မိန်းကလေးတွေအလှစတာတွေကိုဖွဲ့ရင်း၊ အရှိကို မရှိလုပ်၊ မရှိကို အရှိလုပ်ရင်း ရေးဖွဲ့ထားတဲ့ ကဗျာတွေမဟုတ်ပါဘူး။ ကဗျာရေးသူ သွားဖြစ်ခဲ့တဲ့ ခရီးတွေထဲမှာ လူတွေထဲမှာတွေ့ကြရတဲ့ တကယ့်ဘဝအလှ၊ ပင့်သက်မော၊ အလွမ်း၊ ရယ်သံ၊ ငိုကြွေးနာကြည်းသံ စတာတွေကို ကဗျာအလှနဲ့ သိမ်မွေ့လှပစွာ ရက်ဖောက်ထားတဲ့ ကဗျာကောင်းတွေလို့ပဲ ဆိုပါရစေ။

မောင်သွေးသစ်ရဲ့ ကဗျာတွေနဲ့ပတ်သက်ပြီး ဟိုအရင် ၁၉၈၄ ခုနှစ်မှာ အမှာပြောထားတဲ့ ဆရာမြသန်းတင့်ကတော့ 'မောင်သွေးသစ်က သူ့ကဗျာများကို ခရီးသွားကဗျာ ဟု အမည်စပေးတုန်းက ကျွန်တော် ဘဝင်မကျချင်'လို့ အစမှာဆိုထားပေမယ့် နောက်ပိုင်းမှာ 'တလုံးတစည်းတည်း ဖတ်ဖြစ်လိုက်ရသည့်အခါတွင်မှ ခရီးသွားကဗျာဟု သူဘာကြောင့် ခေါ်ကြောင်းကို ကျွန်တော်လေးနက်သွားသည်။ ဟုတ်သည်။ မောင်သွေးသစ်သည် ခေတ်ပေါ်ကဗျာတွင် အမျိုးအစားသစ်တစ်ခုကို တီထွင်သူဟု ဆိုနိုင်သည်'လို့ မှတ်ချက်ပြုထားပါတယ်။

နောက်ထပ် ဆက်ပြောထားတာက 'မောင်သွေးသစ်၏ ခရီးသွားကဗျာများသည် ခရီးအကြောင်းကိုဖွဲ့သည့် တောလား၊ ရေလား၊ တိမ်လား၊ တောင်လား ကဗျာမည်ကာမတ္တမဟုတ်။ ခရီးသွားရင်း ကဗျာဆရာ၏ ရင်တွင်းတွင် ငြိတွယ်လာသည့် အာရုံရိပ်များကို စီပြထားသည့် နိမိတ်ပုံများဖြစ်သည်'တဲ့။

ဒီလိုဆိုထားတဲ့ကဗျာတွေကို ၅၈ ပုဒ်တိတိ ဖတ်ကြရမှာပါ။ ခရီးသွားရင်း ကဗျာဆရာ ညို့ငင်ခံလိုက်ရတဲ့မြင်ကွင်းတွေက စုံလင်လှသလို သူပြန်ခံစားရေးဖွဲ့ထားပုံကလည်း ရသစုံလင်ပြီး နှစ်သက်စရာကောင်းလှပါတယ်။ ကဗျာဆရာရဲ့ မြင်ကွင်းထဲကို ရောက်လာတာတွေထဲမှာ ဆရာမြသန်းတင့်ရဲ့အမှာနဲ့ပြောရရင် မြစ်ကြီးနား ခေါက်ပြန်ပေါ်မှ ဆံတိုကုပ်ဝဲ ကယ်ရီယာမကလေး၊ ကချင်ပလွေသံ၊ လင်းဇင်းဆည်ဝမှ အပြိုင်ငါးဖမ်းနေကြသော ကလေးတစ်သိုက်၊ ဗျိုင်းတစ်အုပ်၊ မော်တင်ကမ်းခြေမှ ညနှောင်း၊ ငါးပက်နေသော ကျောင်းအုပ်ဆရာကြီး၊ နန့်ကောင်းချောင်းပေါ်မှ တံတားပျက်' စတာတွေနဲ့အတူ လီဒိုလမ်းမကြီးပေါ်မှာ ကလေးနှစ်ယောက် ငါးသေးသေးလေးသုံးကောင်လုကောက်ရင်း လုံးထွေးသတ်ပုတ်နေတာ၊ မြစ်ကြီးနားရထားအလာကို နှင်းတောထဲစောင့်ရင်း မီးမဖွားနိုင်လို့အသက်ဆုံးသွားတဲ့ မိန်းမငယ်စတဲ့ မြင်ကွင်းအဖွဲ့တွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

'လူ (လူထု)နှင့် နီးစပ်သော ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်အဘိဓမ္မာ၊ ကိုယ်ပိုင်တင်စားချက်များ ပါဝင်သော ခရီးသွားကဗျာများကိုသာ ကျွန်တော်တို့ ရိုးသားစွာရေးခဲ့ကြပါသည်'လို့ ကဗျာရေးသူက ဆိုထားတဲ့ဒီစာအုပ်ကို ရွှေဟင်္သာစာပေကနေ ၂၀၁၄၊ အောက်တိုဘာလမှာ အုပ်ရေ ၅၀၀ ထုတ်ဝေထားပြီး တန်ဖိုး ၁,၅၀၀ ကျပ်ဖြစ်ပါတယ်။ ■

လိုင်စင်မဲ့၊ ဆင်ဆာမဲ့အခွေများကို မြို့နယ်အလိုက် စိစစ်အရေးယူ ဆောင်ရွက်သွားမည်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

မန္တလေးတိုင်းဒေသကြီး၏ မြို့နယ်ငါးမြို့နယ်ရှိ ဗီဒီယိုခွေ အငှားဆိုင်များနှင့် လမ်းဘေးများတွင် ရောင်းချနေသည့် ခိုးကူးခွေဆိုင်များကို တိုင်းဒေသကြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက နိုဝင်ဘာလ ၃ ရက်နေ့မှ စတင်ခါ စိစစ် အရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ထံက သိရသည်။

တရားမဝင်လိုင်စင်မဲ့၊ ဆင်ဆာမဲ့ခိုးကူးခွေများကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်း စိစစ်အရေးယူရန် ရည်မှန်းခဲ့သော်လည်း မြို့တွင်းရှိ တရားဝင်လိုင်စင်ဖြင့် ဖွင့်လှစ်ထားသည့် အခွေအငှားဆိုင်များ ထိခိုက်နစ်နာမှုမရှိအောင် အသိပေးကာလအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သို့သော် လက်ရှိအချိန်တွင် သတ်မှတ်ကာလ ကျော်လွန်လာပြီဖြစ်သည့်အတွက် စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေက ယခုလ ၂၁ ရက်နေ့တွင်ပြောသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီး ဗီဒီယိုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ နိုဝင်ဘာလ ၃ ရက်နေ့ကနေ စပြီးတော့ တရားမဝင်လိုင်စင်မဲ့လုပ်ကိုင်နေတာတွေ၊ တရားမဝင်ဆင်ဆာမဲ့ ဗီစီဒီ၊ ဒီဗီဒီ (ကော်ပီချပ်၊ ပွားချပ်)တွေကို ငှားရမ်းလုပ်ကိုင်နေတာတွေကို စိစစ်ပြီးတော့ တရားဥပဒေအရအရေးယူဆောင်ရွက်သွားမှာပါ။ နောက် လမ်းဘေးတွေမှာ ချရောင်းနေတဲ့ လိုင်စင်မဲ့ခိုးကူးခွေတွေကိုလည်း အရေးယူဆောင်ရွက်သွားမှာပါ။ မြို့နယ်ငါးမြို့နယ်မှာရှိတဲ့ တရားဝင်အခွေငှားဆိုင်တွေကိုလည်း အကြောင်းကြားစာပို့ပေးထားပါတယ်" ဟု ဦးသိန်းရွှေက ပြောသည်။

ယခုလက်ရှိအချိန်တွင် မြို့နယ်ငါးမြို့နယ်တွင်သာ ဆောင်ရွက်သွားမည်ဖြစ်ကာ ခရိုင်အလိုက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် ဗီဒီယိုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များအပြင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်မည်ဖြစ်ပြီး ငှားရမ်းရေးလုပ်ငန်းရှင်များသည် မိမိတို့၏ အခွေအငှားဆိုင်များတွင် တရားဝင်လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ငန်းလုပ်ကိုင်ရန်နှင့် တရားဝင်ဆင်ဆာပါရှိသော မူရင်းမာစတာအခွေများကိုသာ ငှားရမ်းလုပ်ကိုင်ရန် လိုအပ်ကြောင်း ဦးသိန်းရွှေကပြောသည်။

"မြန်မာဗီဒီယိုလောက တိုးတက်လာရေးနဲ့ ပြုတ်ကျမသွားအောင် တားဆီးကာကွယ်တဲ့ သဘောအနေနဲ့ အဓိကလုပ်ဆောင်တာပါ။ တရားမဝင် ခိုးကူးခွေတွေ ပပျောက်သွားမယ်ဆိုရင် အခုလက်ရှိဖြစ်နေတဲ့ ဗီဒီယိုခွေအငှားဆိုင်တွေ လျော့နည်းသွားတာကိုလည်း ထိန်းသိမ်းရာရောက်ပါမယ်။ အခွေငှားဆိုင်တွေက အခွေမငှားရင် မရပ်တည်နိုင်ပါဘူး။ အဓိကပြဿနာကလည်း ခိုးကူးခွေတွေကြောင့် ဒီလိုတွေဖြစ်နေတာပါ။ ကျွန်တော်တို့ ဒါတွေကိုသေချာတားဆီးသွားရမှာပါ။ ဗီဒီယိုခွေတွေမှာ ဆင်ဆာတံဆိပ်ပါမှ အခကြေးငွေယူပြီးငှားရမ်းပိုင်ခွင့်ရှိတာပါ" ဟု စည်းကမ်းထိန်းသိမ်းရေးအတွင်းရေးမှူး ဦးစောလင်းထင်က ပြောသည်။

မန္တလေးမြို့ရှိ ဗီဒီယိုအခွေငှားဆိုင်များကြားတွင်ဖြစ်ပေါ်နေသည့် ဈေးကွက်ဝင်မင်းသားနှင့် ဈေးကွက်မဝင်သည့်မင်းသားအခွေများကို တွဲဖက်ရောင်းချပေးနေမှုကိုလည်း ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း၊ အငှားဆိုင်များကို စိစစ်ခြင်းဖြင့် ဗီဒီယိုဈေးကွက်ကို မထိခိုက်နိုင်ဟုတိုင်းဒေသကြီးဗီဒီယိုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကဆိုသည်။

ခိုးကူးခွေပြုလုပ်ပါက ဗီဒီယိုဆင်ဆာအက်ဥပဒေ ၃၂ (က)၊ (ခ)၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ ၃၃ (ခ) နှင့် အရေးယူနိုင်ပြီး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သည်။ ■

ကုန်တန်ချိန်တစ်သိန်းကျော် ရောင်းဝယ်နေတဲ့ မုံရွာကုန်စည်ဒိုင်

စည်သူလွင်
sithulwin.mmtimes@gmail.com

မုံရွာ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်နေသော အသင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ - မုံရွာကုန်စည်ဒိုင်ပြန်ကြားရေး

မြို့တစ်မြို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မယ်ဆိုရင် ကုန်စည်လည်ပတ်စီးဆင်းတာကိုကြည့်ရုံနဲ့ သိနိုင်မှာဖြစ်ပါတယ်။ ကုန်စည် လည်ပတ်စီးဆင်းမှု ရပ်တန့်သွားပြီဆိုတာနဲ့ အဲဒီမြို့ရဲ့ စီးပွားရေးဟာ တဖြည်းဖြည်း ကျဆင်းသွားမှာ ဖြစ်တဲ့အပြင် စီးပွားရေးကျဆင်းတဲ့ နောက်ဆက်တွဲ ဆိုးကျိုး ဒုက္ခတွေရဲ့ ထိုးနှက်ချက်တွေကို ခံစားလာရမှာ မလွဲဧကန်မုချပါပဲ။

မြို့ရဲ့စီးပွားရေးလည်ပတ်တာကို တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးနေပြီး အညာဒေသထွက် ဆီထွက်သီးနှံတွေကို တွင်တွင်ကျယ်ကျယ် ရောင်းဝယ်ဖောက်ကား လည်ပတ်စီးဆင်းနိုင်ဖို့ ဆုံချက်နေရာလေးတစ်ခုအဖြစ် သတ်မှတ်ထားတာကတော့ မုံရွာတောင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနဲ့ ပြည်ထောင်စုလမ်းကြား၊ ကားလေးကွင်းအနီးမှာရှိတဲ့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း မုံရွာ (ကုန်စည်ဒိုင်) ပါပဲ။

အဲဒီအသင်းကြီးဟာဆိုရင် ၁၉၇၀ ပြည့်နှစ်ကစ အခြေပြုလို့ ကုန်စည်အရောင်းအဝယ်အတွက် အသင်းနေရာ အတည်တကျမရှိဘဲ ရောင်းဝယ်လုပ်ခဲ့ကြပေမယ့် ၁၉၉၀ ပြည့်နှစ်အရောက်မှာတော့ အလုပ်အမှုဆောင် ရွေးချယ် တင်မြှောက်ပြီး အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အတူ ဖွဲ့စည်းခဲ့ကြတယ်လို့ လက်ရှိအသင်းမှာ အရောင်းအဝယ်လုပ်ဆောင်နေသူတွေက ဆိုပါတယ်။

ယနေ့ မျက်မှောက်ခေတ် ကာလမှာ မုံရွာကုန်စည်ဒိုင်ရဲ့ စိုက်ပျိုးသီးနှံ အရောင်းအဝယ် လည်ပတ်မှုကတော့ တစ်နှစ်ပျှမ်းမျှ သီးနှံ တန်ချိန် ၁၂၀,၀၀၀ နီးပါးထိ အရောင်းအဝယ်ဖြစ်နေပြီလို့ အသင်းတာဝန်ရှိသူ တစ်ဦးကဆိုပါတယ်။

“ဒိုင်မှာ ဂျုံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ အရောင်းအဝယ်လုပ်တယ်။ နေ့စဉ်ကတော့ စစ်ကိုင်း၊ မကွေးနဲ့ ချင်းပြည်နယ်ဒေသထွက် ကုန်စည်တွေ အရောင်းအဝယ်လုပ်ကြတယ်။ ဒိုင်က အမြတ်အစွန်း လုံးဝမယူဘဲနဲ့ သီးနှံအရောင်းအဝယ်ဖြစ်ဖို့၊ ကုန်စည်လည်ပတ်စီးဆင်းဖို့၊ မြို့ရဲ့စီးပွားရေး ကောင်းဖို့အတွက် အရောင်းအဝယ်ဆုံချက်အဖြစ် သတ်မှတ်ထားတဲ့ နေရာလေးတစ်ခုပါပဲ၊ တစ်နှစ်ပျှမ်းမျှ ကုန်တန်ချိန် ၁၂၀,၀၀၀ နီးပါးထိအရောင်းအဝယ်ဖြစ်တယ်” လို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း မုံရွာ (ကုန်စည်ဒိုင်) ဥက္ကဋ္ဌ ဦးသိန်းဦးကဆိုပါတယ်။

၂၀၀၅-၀၆ ခုနှစ်မှာ အသင်းသား ၇၀၀ ကျော်ထိရှိခဲ့ပေမယ့် အခုအချိန်မှာ သီးနှံအမှန်တကယ် အရောင်းအဝယ် လုပ်နေတဲ့ ကုန်သည် အသင်းဝင် ၁၅၀ ကျော်၊ ပွဲစား၊ ပွဲရုံပိုင်ရှင် အသင်းဝင် ၂၄၀ ကျော်နဲ့ စက်ပိုင် လုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင် အသင်းသား ၁၈၀ ကျော်၊ စုစုပေါင်းအသင်းသား ၅၈၀ ကျော်နဲ့ လည်ပတ်နေတဲ့ အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နေပါတယ်။ အသင်းအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်တာကိုတော့ နှစ်နှစ်တစ်ကြိမ်အဖြစ် အသင်းသားတွေက ပြန်လည်ရွေးချယ်တင်မြှောက်ကြပါတယ်။

“သီးနှံပေါ်တဲ့အချိန် အများဆုံးကတော့ တစ်လပိုင်းကနေ ရှစ်လပိုင်းလောက်ထိ အရောင်းအဝယ်ကောင်းတယ်။ အရောင်းအဝယ်က အနီးက မြို့ကြီးတွေရဲ့ ကုန်စည်ဒိုင် ဈေးနှုန်းတွေကိုလည်း အခြေခံတယ်။ ဒေသတွင်းလိုအပ်ချက်တွေကို အခြေခံပြီးမှ ရောင်းဝယ်ဈေးနှုန်း သတ်မှတ်ကြတယ်။ ဒေသဝယ်လိုအားကလည်း အရောင်းအဝယ်နဲ့ ဈေးနှုန်းတွေကို အခြေခံနေပါတယ်။ အကျိုးအမြတ်မယူဘဲ ကုန်သည်၊ ပွဲစားတွေ စည်းကမ်းတကျဖြစ်ဖို့၊ စုစုစည်းစည်းဖြစ်ဖို့အတွက် သတ်မှတ်ထားတဲ့ နေရာလေးတစ်ခုပါပဲ” လို့ ဦးသိန်းဦးက ပြောပါတယ်။

ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ဈေးနှုန်းသတ်မှတ်ချက်မျိုးမရှိဘဲ လွတ်လပ်စွာ အရောင်း အဝယ်ပြုလုပ်နေကြပေမယ့် ဆီထွက်သီးနှံတွေကို နိုင်ငံခြားတင်ပို့ဖို့ ကြိုးစားရာမှာတော့ အခက်အခဲအမျိုးမျိုး ရှိနေတယ်လို့ သီးနှံအရောင်းအဝယ်လုပ်သူတွေကပြောပါတယ်။

> ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ဈေးနှုန်းသတ်မှတ်ချက်မျိုးမရှိပဲ လွတ်လပ်စွာ အရောင်းအဝယ် ပြုလုပ်နေကြပေမယ့် ဆီထွက်သီးနှံတွေကို နိုင်ငံခြားတင်ပို့ဖို့ ကြိုးစားရာမှာတော့

“သွားလာရေး အခက်အခဲတွေ ရှိသလို၊ နေရာအခက်အခဲတွေလည်း ရှိနေတယ်။ အိန္ဒိယဘက်ကို ကုန်စည်စီးဆင်းမှုကနည်းတယ်။ အိန္ဒိယဘက်ကို မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံတွေက ပဲမျိုးစုံ ပို့မယ်ဆိုရင် နိုင်ငံခြားကနေတစ်ဆင့်ပို့ရင် အခွန်လျှော့ကောက်တယ်။ ဒီဘက် နယ်စပ်ကပို့ရင် အခွန်သက်သာခွင့်မရဘူး။ ဒါတွေကလည်း အခက်အခဲတွေပါ” လို့ ကုန်စည်ဒိုင် ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးဝင်းထူးက ပြောပါတယ်။

စီးပွားရေးကို အဓိကထား အရောင်းအဝယ်ဖြစ်ဖို့ ဆုံချက်နေရာသတ်မှတ်ပြီး ဖွဲ့စည်းခဲ့တဲ့ အသင်းဆိုပေမယ့် ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း မုံရွာဆိုတဲ့အတိုင်း ကထိန်သင်္ကန်းအလှူ၊ ဆုတောင်းပြည့်ဘုရားကြီး ဆွမ်းလုံးကပ်အလှူ၊ အသင်းဝင်မိသားစုတွေရဲ့ သာရေး၊ နာရေးကိစ္စအဝဝ ပံ့ပိုးကူညီမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်တဲ့ နေရာတွေကိုလည်း ပံ့ပိုးကူညီမှုတွေ၊ လှူဒါန်းမှုတွေ နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေကြတဲ့ အသင်းဆိုရင်လည်း မမှားပါဘူး။

